www.burmeseclassic.com

၄၀ အုပ်မြောက်ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

# ရိရိငွေး

# နှင်းဝိညာဉ်မြို့ဟောင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| အခန်း(၁) | ထူးဆန်းသော အိပ်မက်ရှင် | ၇ |
| အခန်း(၂) | စိတ္တဇညများ၏ ရင်ခုန်သံ | ၂၇ |
| အခန်း(၃) | ချစ်သော ဒေါက်တာလပဝါ | ၄၄ |
| အခန်း(၄) | နှင်းပွင့်ကေရီနှင့် တွေ့ဆုံခြင်း | ၆၁ |
| အခန်း(၅) | ရဝမ်မလေး ဂျာရယ် | ၇၈ |
| အခန်း(၆) | နှင်းပွင့်မြို့တော်၏ နိဒါန်းအစ | ၉၇ |
| အခန်း(၇) | မျက်ရည်များနှင့်ခွဲသွားသူ | ၁၂၄ |
| အခန်း(၈) | မောင်မောင်လာဖို့ အချိန်ကျပြီ | ၁၄၈ |
| အခန်း(၉) | ပူတောင်း (သို့မဟုတ်) အဘိုးမျှော်တောင် | ၁၆၆ |
| အခန်း(၁၀) | မြစ်များရောအ၏အစ အင်မိုင်ခ | ၁၈၀ |
| အခန်း(၁၁) | ရင်ကွဲရေခဲမြစ်နှင့်အတူ | ၁၉၇ |
| အခန်း(၁၂) | နတ်ကျောက်ဂူမှ ဆရာကြီး လွမ်းချို | ၂၁၅ |
| အခန်း(၁၃) | အင်ဆန်းမိုင် (သို့မဟုတ်) နှင်းပွင့်မြို့တော် | ၂၃၃ |
| အခန်း(၁၄) | ဝိညာဉ်များ၏ ကယ်တင်ရှင် | ၂၅၆ |


# အခန်း(၁)

## ထူးဆန်းသော အိပ်မက်ရှင်

အာကာကို လျှာပုံပြုပါလို့ မေယုကိုတဲ့ စုတ်တံချီကာ။ ဤကမ္ဘာမြေမဟီက ဖြစ်ရပ်ဆန်းများအကြောင်းကို စာရေးသူများက ဉာဏ်ကွန့်မြူး၍ အထူးထူးကို စာစီကာ ရေးဖွဲ့ခဲ့မည်ဆိုလျှင်တောင် ဤမျှဆန်းကြယ်သည့်ဖြစ်ရပ်ကို ရေးဖွဲ့နိုင်လိမ့်မည် မဟုတ်ဟု ကျွန်ုပ် ယုံကြည်မိသည်။

တစ်ခါတစ်ရံမှာ ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များမှာ ရှေ့ဉာဏ်ရှင်များ ဉာဏ်ကွန့်မြူးကာ ရေးသားပုံဖော်ထားသည်ထက် အဆပေါင်းများစွာ နှိုင်းယှဉ်၍မရလောက်အောင် သည်လောကကြီးထဲမှာ ထူးခြားဆန်းကြယ်မှုတွေနဲ့ ပြည့်နှက်နေတယ်ဆိုတာ အစက ကျွန်ုပ် မသိခဲ့ပါ။

လူတစ်သန်းတွင် တစ်ယောက် ဖြစ်ခဲလှသည့် အများနှင့်မတူ တစ်မူထူးခြားသော အကြောင်းအရာတို့နှင့် အချိန်ကိုက်၊ နာရီကိုက် နဖူးတွေ့၊ ဒူးတွေ့ ကံကြုံကြိုက်သိရှိလာသောအခါ ကျွန်ုပ်ကိုယ် ကျွန်ုပ်ပင် မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့လောက ဓမ္မတာတွင် လူသားတို့ကို မွေးဖွားပြီးနောက် ဘဝတစ်ခုအဖြစ် ရှင်သန်ခဲ့ကြသည်။ ထို့နောက် ချစ်ခြင်း၊ မုန်းခြင်းတို့ဖြင့် ရစ်ပတ်နှောင်ဖွဲ့ကာ ကြည်နူးချမ်းမြေ့မှု၊ ဝမ်းနည်းပူဆွေးမှုများနှင့် တွေ့ဆုံပြီးနောက် မရဏတည်းဟူသော သေခြင်းဖြင့် ဘဝတစ်ခုကို နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ကြသည်။

သေခြင်းတရား၏ နောက်ကွယ်တွင် မည်သည့်အရာ ရှိပါသနည်း။

ဗုဒ္ဓတရားတော် အလိုအရ နိဗ္ဗာန်သို့မရောက်မချင်း လူသားတို့ သေဆုံးပြီးလျှင် သုံးဆယ့်တစ်ဘုံတွင် ကျင်လည်ကာ သံသရာဝဲသြဃကြီးတွင် အဖန်ဖန်လည်ကြကုန်၏ဟု ဆိုပါသည်။ သံသရာတွင် ကျင်လည်ရင်း ချစ်ခြင်း၊ မုန်းခြင်းတို့ဖြင့် ရစ်ပတ်နှောင်ဖွဲ့မှုကြောင့် ပူဆွေးဝမ်းနည်းဖွယ် ဖြစ်ရပ်များ၊ ကြည်နူးပျော်ရွှင်ဖွယ်ဖြစ်ရပ်များနှင့်အတူ လွန်စွာဆန်းကြယ်သော 'နှင်းပွင့်မြို့တော်'သို့ ရောက်ခဲ့ဖူးသူတစ်ယောက် ဖြစ်ခဲ့သည်ဟုဆိုလျှင်…

❑ ❑ ❑

နှင်းကမ္ဗလာ လွှမ်းခြုံနေသော မိုးမလင်းတလင်း အရုဏ်ကျင်းသည့် နံနက်ခင်းကလေး။

ရန်ကုန်ဆောင်းပင် ဖြစ်သော်လည်း သည်နံနက်ခင်းတွင်





ကန့်လန့်ကာ ဖြန့်ကြက်သည့်နှယ် မြူနှင်းတို့ဝေ့ကာ ပတ်ဝန်းကျင်တခွင်လုံး ဝိုးတဝါးဖြစ်နေချိန်တွင်…

ကျွန်ုပ် နန္ဒကျော်စွာသည် တက္ကသိုလ်လက်ရွေးစင်အပြေးသမားတစ်ဦးဖြစ်သည်နှင့်အညီ နံနက်စောစော အပြေးလေ့ကျင့်ရန် ပြင်ဆင်ခဲ့သည်။

အဝါနုရောင် စပို့ရှပ်နှင့် အညိုနုရောင် ဘောင်းဘီတိုကို ဝတ်ဆင်ပြီး အဖြူတွင် အပြာရောင်လိုင်းပါရှိသည့် 'အဲဒီတပ်' အားကစားဖိနပ်ကိုစီးကာ အင်းလျားလမ်းရှိ ကျွန်ုပ်၏နေအိမ်မှ အပြေးကလေး ထွက်ခွာလာခဲ့သည်။ ကျွန်ုပ်သည် တာဝေးအပြေးသမားတစ်ယောက်ဖြစ်သည်နှင့်အညီ တာရှည်အမောခံနိုင်မှု သက်လုံကောင်းစေရန်နှင့် စံချိန်သစ်တင်နိုင်ရေးအတွက် ပွဲမဝင်မီ အပြင်က ကျင်းပဆိုသကဲ့သို့ ဤသို့ နံနက်တိုင်း အပြေးလေ့ကျင့်ခဲ့သည်။

ကျွန်ုပ်သည် တက္ကသိုလ် ပထမနှစ်မှ ယခု စတုတ္ထနှစ်သို့ တိုင်ခဲ့ပြီ။ ပထမနှစ်မှ တတိယနှစ်အထိ တာဝေးချန်ပီယံဘွဲ့ကို ဆွတ်ခူးထားသူဖြစ်၍ ယခုနောက်ဆုံးနှစ်တွင် စံချိန်ကျိုးကာ ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်ရမည်ဟူ၍ သန္နိဋ္ဌာန်ချထားသူဖြစ်သည်။

ထို့ကြောင့် လာမည့်မတ်လတွင် ကျင်းပမည့် အားကစားပြိုင်ပွဲအတွက် ကျွန်ုပ် အထူးလေ့ကျင့်နေခြင်းဖြစ်သည်။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ အားကစားအရာတွင် လွန်စွာဝါသနာပါရုံသာမက တက္ကသိုလ် လက်ရွေးစင်မှ မြန်မာ့လက်ရွေးစင်အဖြစ်သို့ ရောက်ရှိပြီး မြန်မာ့အားကစား ကမ္ဘာ့ကိုလွှမ်းရမည်ဟူသည့် ဆောင်ပုဒ်အတိုင်း ကမ္ဘာ့လက်ရွေးစင်ဖြစ်သည်အထိ ရည်မှန်းထားသူတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် သက်လုံကောင်းစေရန် လေ့ကျင့်ခန်းကို ပြည့်အဝယူခဲ့သည့် ကျွန်ုပ်သည် စံချိန်ယူကာ ပြေးနေသည့်အတွက် သွက်လက်သောခြေလှမ်းများဖြင့် ပြေးနေခဲ့သည်။

ထိုသို့ပြေးရင်း လမ်းချိုးတစ်ခုသို့အရောက်တွင် ကျွန်ုပ်သည် ခြေလှမ်းကျဲကြီးဖြင့် ပြေးဝင်လိုက်စဉ်...

'ဒိုး...' 'အမလေးဗျ...'

ထိုအသံများနှင့်အတူ ကျွန်ုပ် တစ်ကိုယ်လုံး မြောက်တက်သွားခဲ့သည်။ ကျွန်ုပ်ကို ကားတစ်စီး အရှိန်ပြင်းစွာ ဝင်တိုက်သွားသည်။

ကျွန်ုပ် သိသည့်အချိန်တွင် လွန်စွာနောက်ကျသွားခဲ့ပြီ။

အဘယ်ကြောင့်ဆိုမူ ကျွန်ုပ်၏ ခန္ဓာကိုယ်ကလေးသည် အရှိန်ပြင်းစွာ ဝင်တိုက်သွားသည့်အတွက် အပေါ်သို့ မြောက်တက်သွားပြီး အောက်သို့ပြန်အကျ ကျွန်ုပ်၏ ဦးခေါင်းနှင့် ကတ္တရာလမ်းမှာ ပြင်းထန်စွာရိုက်မိပြီး ကမ္ဘာလောကကြီးတစ်ခုလုံး မှောင်မိုက်ကျသွားခဲ့သည်။

□ □ □





'အမေ'

'အမေ'

'သား... သားလေး အမေ ရှိပါတယ်'

ကျွန်ုပ် စတင်သတိရလျှင် ရချင်း အမေ့ကို တမ်းတမ်းတတ ခေါ်လိုက်မိသည်။

သည်တွင် အနီးတွင်ရှိသော အမေက ပြန်ထူးလိုက်သဖြင့် ကျွန်ုပ်မှာ လွန်စွာစိတ်အေးသွားခဲ့သည်။

သည်တွင် အမေက...

'သားလေး... သတိရလာပြီလား'

'ဟုတ်ကဲ့ အမေ၊ သားသတိရပြီ'

'သား သတိမေ့နေတာ နှစ်ရက်တောင်ရှိသွားပြီ၊ အမေဖြင့် စိုးရိမ်လွန်းလို့ သား အနားက တစ်ဖဝါးမှမခွာဘူး'

'ဟင်... ဟုတ်လား၊ သား သတိမေ့နေတာ နှစ်ရက်တောင်ရှိပြီ ဟုတ်လား'

'ဟုတ်တယ်၊ သား အပြေးလေ့ကျင့်နေတုန်း သားကို ကားတိုက်သွားလို့'

အမေက ဤသို့ပြောလိုက်မှ ကျွန်ုပ် စဉ်းစားလိုက်ရာ အတွေးထဲတွင် တရေးရေးပေါ်လာခဲ့သည်။

'အမေ... သားကိုတိုက်သွားတဲ့ကားကို ဖမ်းမိလား'

'အခုအထိတော့ မမိသေးပါဘူး သားရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား အမေ'

'ဟုတ်တယ်၊ အဲဒီကားက သားကိုတိုက်ပြီး ထွက်ပြေးသွားတယ်၊ မနက်မိုးလင်းမှ အဲဒီနားက လူတွေက သားကိုတွေ့ပြီး ဆေးရုံပို့လိုက်တယ်၊ အဲဒီနားက လူတစ်ယောက်က သားကိုသိလို့ အမေတို့ဆီ အကြောင်းကြားမှ အမေရော အဖေပါ ဆေးရုံကို လိုက်လာခဲ့တာ၊ ဆေးရုံရောက်တော့ သားက သတိလစ်နေလို့ အမေရော အဖေပါ တော်တော်စိတ်ပူနေတာ၊ အခုမှပဲ စိတ်အေးရတော့တယ်'

'ဒါနဲ့ အဖေရော'

'မင်းအဖေ အိမ်ကိုခဏပြန်သွားတယ်၊ ညနေကျရင် လာလိမ့်မယ်'

အမေ ပြောသည့်အတိုင်းပင် ညနေစောင်းသောအခါ ကျွန်ုပ်ဆီသို့ အဖေ ရောက်လာခဲ့သည်။

'ငါ့သားကြီး သတိရပြီလားကွယ့်'

'ဟုတ်ကဲ့ အဖေ'

'ငါ့သား သတိပြန်ရတာ ဝမ်းသာသကွယ်၊ ဒါကြောင့် အမေကြီးကိုလည်း သားလေး နေကောင်းလာမှာပါလို့ ပြောထားရတယ်၊ သားအမေက အတော်စိတ်ပူပြီး တငိုငိုနဲ့'

'ဒါပေါ့ အဖေကြီးရယ်၊ ကျွန်မတို့မှာ ပြေးကြည့်မှ ဒီသားလေးတစ်ယောက်တည်း ရှိတာဆိုတော့ စိတ်ပူရတာပေါ့'





'အေးပေါ့ကွာ… မင်းက အခုမေဆိုတော့ ပိုပြီးစိတ်ပူတာပေါ့'

အဖေနှင့် အမေက မည်မျှပင် စိတ်ပူပင်ခဲ့ကြောင်း ပြောနေသည့်အတွက် ကျွန်ုပ်မှာ မနေသာတော့ဘဲ…

'သား သတိရလာပြီပဲ၊ အဖေတို့ အမေတို့ စိတ်မပူပါနဲ့တော့'

ကျွန်ုပ်က ဤသို့ပြောလိုက်သည်။

ထိုစဉ် ကျွန်ုပ်ဆီသို့ အတန်းတူသူငယ်ချင်းလည်းဖြစ်၊ ကစားဖော် ကစားဖက်များလည်းဖြစ်သော သူငယ်ချင်းများဖြစ်သည့် ကိုနိုင်ကြီး၊ ဝင်းဆွေနှင့် ဆန်နီတို့ ရောက်ရှိလာခဲ့ကြသည်။

'ကျော်စွာ… မင်း သတိရပြီနော်'

ထိုသို့ နှုတ်ဆက်စကားလေးဖြင့် ကိုနိုင်ကြီးက စတင်နှုတ်ခွန်းဆက်လိုက်သည်။

'အေးကွ… မနက်ကမှ သတိရတာ'

'အေး… မင်း သတိပြန်ရတာတွေ့ရမှပဲ စိတ်ချမ်းသာတော့တယ်'

'အေးကွာ… မင်းတို့ကိုတွေ့တော့ ငါလည်း ဝမ်းသာတာပေါ့'

'ငါတို့လည်း မင်း သတင်းကြားကြားချင်း ဆေးရုံကို လာခဲ့တာ၊ မင်း သတိလစ်နေလို့ ငါတို့ ပြန်သွားခဲ့ရတယ်၊'



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မှ မင်းအဖေ ဖုန်းဆက်ပြီးပြောလို့ မင်း သတိရမှန်းသိတာ'

'အေးကွာ… ငါ့ဆီကို တကူးတက သတင်းလာမေးလို့ ကျေးဇူးတင်ပါတယ်'

'ဟောကောင်ရာ.. မင်းနဲ့ ငါတို့ဟာ သေခြင်းပေါင်း ရှင်ခြင်းပေါင်း သူငယ်ချင်းတွေပါကွ၊ ကျေးဇူးဆိုတဲ့ စကား ပြောစရာမလိုပါဘူး'

'အေးကွာ… မင်းတို့ ငါတို့ဟာ သေခြင်းပေါင်း ရှင်ခြင်းပေါင်း သူငယ်ချင်းတွေပါကွ၊ ကျေးဇူးဆိုတဲ့စကား ပြောစရာ မလိုပါဘူး'

'အေးကွာ… မင်းတို့ပြောတာလည်း ဟုတ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် မင်းတို့သုံးယောက်ဟာ ငါ့ရဲ့ သူငယ်ချင်းအရင်း တွေပဲ၊ မင်းတို့လာတော့ ငါ အားရှိတာပေါ့ကွာ'

'အေးပါကွာ… မင်း အားရှိအောင် မင်း ဆေးရုံက မဆင်းမချင်း လာခဲ့ပါ့မယ်'

'အေးပါကွာ'

သည်တွင် သူနာပြုဆရာမလေး ရောက်လာပြီး…

'ကိုကျော်စွာ… ဘယ်လိုနေသေးလဲ'

'ခေါင်းနည်းနည်းမူးသေးတယ်'

'ဒီမှာ ရှင်သောက်ဖို့ ဆေးတွေပေးခဲ့မယ်'

'ဟုတ်ကဲ့ပါ'





'ရှင့်ကို ကျွန်မ ဆေးတစ်လုံးထိုးပေးခဲ့မယ်'

'ကောင်းပါပြီ'

သူနာပြုဆရာမလေးက ဆေးတစ်လုံးထိုးပေးပြီးနောက်-

'မနက်ဖြန်ကျရင် ဦးခေါင်းကို 'အက်ကိုး'ရိုက်ရမယ်လို့ ဆရာဝန်ကြီးက ပြောသွားတယ်'

'ဟုတ်ကဲ့'

ကျွန်ုပ်မှာ သတိရလာပြီဖြစ်၍ ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။ နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်၏ ဦးခေါင်းကို အက်ကိုး ရိုက်ခဲ့သည်။ အက်ကိုးရိုက်သည် ဆိုသည်မှာ ဦးခေါင်းထဲရှိ ဦးနှောက်တွင် မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကို သိရှိရန်အတွက် အလွှာတစ်လွှာချင်းရိုက်ကာ စစ်ဆေးခြင်းဖြစ်ပါသည်။

ထိုနေ့နံနက်က ဦးခေါင်းကို အက်ကိုးရိုက်ပြီးနောက် နေ့လယ်တွင် အက်ကိုး၏အဖြေကို ရရှိခဲ့သည်။

'အမေ အက်ကိုးအဖြေရပြီလား'

'ရပြီ'

'ဒါဆိုရင် ဆရာဝန်ကြီးက ဘာပြောသလဲ အမေ'

'အင်း… အင်း…'

'အမေ ဘာဖြစ်လို့ အင်း… အင်း… ဖြစ်နေတာလဲ၊ အဖြေက မကောင်းလို့လား'

ကျွန်ုပ်မှာ အမေ၏ မျက်နှာရိပ် မျက်နှာကဲကို အခြားရ



www.burmeseclassic.com

www.burmeseclassic.com



များထက် ပိုသိရာ အမေ့၏ အေးစက်စက်အမူအရာကြောင့် ဤသို့ မေးလိုက်သည်။

'မဟုတ်ပါဘူး သားရယ်၊ အဖြေက ကောင်း… ကောင်း ပါတယ်'

အမေ၏ အဖြေကို ကျွန်ုပ် များစွာမကျေနပ်ပါ။ သို့သော် အမေ့ကို ထို့ထက်ပိုပြီးမေး၍မရမှန်းသိသဖြင့် မည်သို့မျှမပြော တော့ဘဲ ခပ်ဆိတ်ဆိတ်နေလိုက်သည်။

နောက်တစ်နေ့တွင် ကျွန်ုပ်အား ကုသသည့် ဆရာဝန်ကြီး လှည့်၍ စစ်ဆေးချိန်တွင်…

'ဒေါက်တာ… ကျွန်တော့်ခေါင်းကို အက်ကိုးရိုက်တာ ဘယ်လိုအခြေအနေရှိပါသလဲ'

'သြော်… ဒါလား၊ ဦးနှောက်ထဲမှာ သွေးနည်းနည်းခဲနေ တာ တွေ့ရတယ်၊ မပူပါနဲ့၊ သွေးခဲကို ပျော်သွားစေတဲ့ဆေး ထိုးပေးထားတယ်၊ အခုရော ဘယ်လိုနေသေးလဲ၊ နေကောင်းရဲ့ လား'

ဆရာဝန်ကြီးက ကျွန်ုပ်ကို ကြင်နာစွာမေးလိုက်သည်။ ထိုစဉ် ကျွန်ုပ်မှာ ခေါင်းအနည်းငယ်မူးနေသဖြင့်…

'ဒေါက်တာ ကျွန်တော် ခေါင်းနည်းနည်းမူးသေးတယ်'

'အိမ်း… ဒီလောက်တော့ ရှိဦးမှာပေါ့၊ သိပ်မူးရင် ဆရာမကို ပြောပြပါ'





'ဟုတ်ကဲ့ ဒေါက်တာ'

ဆရာဝန်ကြီးက ကျွန်ုပ်အတွက် ထိုးဆေး၊ သောက်ဆေး များရေးပေးပြီး ထွက်ခွာသွားခဲ့သည်။ သည်တော့မှ အမေ ဘာကြောင့် မျက်နှာညှိုးတယ်ဆိုတာကို ကျွန်ုပ် မှန်းလို့ရခဲ့သည်။

'အမေရယ်… ဦးနှောက်ထဲ သွေးခဲတာ ဘာမှမပူနဲ့၊ သူတို့က အဲဒီသွေးခဲကို ပျော်သွားစေတဲ့ဆေးကို ထိုးပေးထားပြီပဲ'

'ဒါတော့ ဒါပေါ့ သားရယ်'

'အမေရယ်… မပူပါနဲ့၊ သား နေကောင်းသွားမှာပါ'

'အေးပါ သားလေးရယ်၊ သား နေကောင်းအောင် အမေ ဆုတောင်းပေးပါတယ်'

မိဘ၏အရိပ်မှာ အေးမြလိုက်သည်ဖြစ်ခြင်း။

ကျွန်ုပ်မှာ ခေါင်းမူးသည်ဟုဆိုသော်လည်း မိဘအစုံ အလင်ရှိပြီး မိဘနှစ်ဦး၏ အားပေးမှုကြောင့် ဝေဒနာတစ်ဝက် သက်သာခဲ့ရသည်။

သို့ဖြင့် တစ်ပတ်ခန့်အကြာတွင် ကျွန်ုပ် ဆေးရုံမှ ဆင်း ခွင့်ရခဲ့သည်။

အဖေနှင့် အမေသည် ကျွန်ုပ်အား ကလေးတစ်ဦးသဖွယ် အရိပ်တကြည့်ကြည့်နှင့် လွန်စွာဂရုစိုက်ခဲ့သည်။

'အမေရယ်… သားကို ဒီလောက်ဂရုမစိုက်ပါနဲ့၊ သား နေကောင်းပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါကွယ်'

ကျွန်ုပ်ကား အမေ့ကို သည်သို့ပြောသော်လည်း ဆေးစာအရ ကျွန်ုပ်မှာ အားကစားခြင်းကို အကန့်အသတ်မရှိ အနားယူရန် ညွှန်ကြားခြင်းခံခဲ့ရသည်။

ကျွန်ုပ်သည် သုံးနှစ်ဆက်တိုက် ချန်ပီယံဘွဲ့ထူးကို ရထားသူပီပီ ယခု နောက်ဆုံးနှစ်တွင်လည်း လေးနှစ်ဆက်တိုက် ချန်ပီယံဘွဲ့ထူးကို လိုချင်လှသည့်အတွက် နံနက်စောစော ထပြေးခြင်းဖြစ်သည်။

သို့သော် ကံကြမ္မာက ကျွန်ုပ်ဘက်တွင် အလေးမသာခဲ့ပေ။

ထိုင်နေရင် အကောင်းသား ထသွားမှကျိုးမှန်းသိဆိုသည့် ကိန်း ဆိုက်ချေသည်။ ဦးနှောက်တွင် သွေးခဲနေသည်ဟုဆိုတုန်းက စိတ်အကြီးအကျယ်မညစ်ခဲ့သော်လည်း အားကစား မကစားရဟု အကန့်အသတ်မရှိ ချုပ်ချယ်ခြင်းခံရသောအခါ ကျွန်ုပ်၏ စိတ်တွင် ပြင်းပြစွာ နာကျင်ခြင်းဝေဒနာကို ခံစားခဲ့ရသည်။

ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ရလေမလား။

ကျွန်ုပ်အား မဆင်မခြင် ပေါ့ဆစွာ မောင်းသည့်ကားကိုပဲ အပြစ်တင်ရလေမလား။

'တောက်...'

ကျွန်ုပ် ခံပြင်းစွာတောက်ခေါက်လိုက်မိသည်။





'ငါ့အဖြစ်ကလည်း ဆိုးပါတယ်၊ ငါ့ဘာသာ တက္ကသိုလ်ဘောလုံးကွင်းမှာ အပြေးကျင့်ခဲ့ရင် ဒီလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံမှာမဟုတ်ဘူး၊ ငါ့ရဲ့ ကံကြမ္မာကိုက ကံဆိုးမိုးမှောင်ကျတာပဲ'

ကျွန်ုပ်မှာ လှည့်စားတတ်သည့် ကြမ္မာရှိုင်းအတွက် လွန်စွာခံပြင်းသော ဝေဒနာကို ခံစားခဲ့ရသည်။

နေ့စဉ်ပင် တနုံ့နုံ့တွေးတောကာ တောက်တခေါက်ခေါက်ဖြင့် ကျွန်ုပ်၏ဘဝကြီးကို မကျေမနပ်ဖြစ်နေမိသည်။

ထိုသို့ စိတ်မကျေနပ်မှု၊ ခံပြင်းမှုတို့ဖြင့် ရောပွမ်းကာ စဉ်းစားတိုင်း ခေါင်းမှာ မူးဝေနောက်ကျိလာပြီး အရုပ်ကြိုးပြတ်သည့်နှယ် ဖြစ်ခဲ့ရသည်။ နံနက်တိုင်း အပြေးလေ့ကျင့်ခန်း လုပ်နေကျဖြစ်သော်လည်း ယခု မလုပ်ရသဖြင့် ထိုအချိန်ကို ကျွန်ုပ်က စာရေး၊ စာဖတ်၊ စာကျက်ခြင်းတို့ လုပ်ဆောင်ခဲ့သည်။

ကျွန်ုပ်သည် သမိုင်းအဓိကဘာသာရပ်ဖြင့် နောက်ဆုံးနှစ်ကျောင်းသားတစ်ဦးဖြစ်၍ နောက်ဆုံးနှစ်တွင် မဟာဝိဇ္ဇာတန်းသို့ဝင်ရန် စာကို ကြိုးစားကျက်မှတ်ခဲ့သည်။

သို့သော် တစ်ချက်တစ်ချက် ခေါင်းမှာ မူးဝေထုံထိုင်းသွားသလို စိတ်ကလည်း အဝေးဆီသို့ ပြေးထွက်သွားသလိုလို စိတ်ဂနာမငြိမ် ဖြစ်ခဲ့သည်။ ဆေးရုံသို့ တစ်ပတ်တစ်ကြိမ် ပြန်ပြနေခဲ့ရသည်။ ကျွန်ုပ်၏ စိတ်ရော ခန္ဓာကိုယ်ပါ တစ်ခုခုလိုအပ်နေသကဲ့သို့ ရှိချေသည်။ စိတ်မှာလည်းပုံ့လွင့်နေပြီး တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကို လွမ်းဆွေးတမ်းတမိသလိုလို စိတ်နှလုံးညှိုးနွမ်းနေပါသည်။

အိမ်ပြန်ရောက်သော်လည်း ယခင်ကကဲ့သို့ ရွှင်လန်းခြင်း မရှိဘဲ စိတ်မှာ မကြည်မလင်ဖြစ်နေသည်။ အိမ်သို့ရောက်ပြီး တစ်ပတ်ခန့်အကြာ·ယနေ့ညတွင် ခေါင်းတစ်ခုလုံး မူးဝေနောက် ကျိကာ မိန်းမောသလိုဖြစ်ပြီး ငိုက်မျဉ်းသွားစဉ် နီးတစ်ဝက် အိပ်တစ်ဝက် အိပ်မပျော်တပျော်အချိန်တွင် အိပ်မက်တစ်ခု မြင် မက်ခဲ့သည်။

ဤသည်ကား နှင်းပွင့်နှင်းခဲများ ဖုံးလွှမ်းနေသည့် နှင်း မြို့တော်တစ်ခု။

နှင်းမြို့တော်ထဲမှ စုလစ်မွန်းချွန်း အဆောက်အအုံများ၊ တိုက်တာအိမ်ခြေများကို နှင်းပွင့်နှင်းခဲများအချို့တစ်ဝက် ဖုံးလွှမ်းနေ သည်ကို မြင်တွေ့ရသည်။ ထိုမြို့တော်၏လမ်းများတွင် သားမွေး အင်္ကျီ ဘောင်းဘီများ ဝတ်ဆင်ထားသည့် လူအများအပြားသည် သည်မှဟိုဟို လျှောက်သွားနေကြသည်။

အချို့မှာ ခွေးအများဆွဲသည့် စွပ်ဖားခေါ် လှည်းများကို မောင်းကာ သွားလာနေကြသည်။ တချို့မှာလည်း ခြေကျင်သွား လာနေကြသည်။ ထိုလူများမှာ နှင်းတဖွဲဖွဲကျနေသည့်အတွက် သားမွေးဦးထုပ်များကို ဆောင်းထားကြသည်။ အမျိုးသားမှာမူ ကား သိုးမွေးခေါင်းစွပ်ကဲ့သို့ ဦးထုပ်ကိုဆောင်းထားပြီး သိုးမွေး ချပ်များဖြင့် နားရွက်ကို ဖုံးအုပ်ထားသည်။ အမျိုးသမီးများ၏





သိုးမွေးဦးထုပ်မှာ အမျိုးသားများ၏ ဦးထုပ်နှင့် မတူ။ တစ်မူ ထူးခြားလှပေသည်။

ယခုခေတ် လသားအရွယ် မိန်းကလေးငယ်များဆောင်း သည့် နားရွက်ပါလုံသည့် အဝိုင်းပုံဦးထုပ်ဖြစ်ပြီး ပိုးကြိုးဖြင့် မေးစေ့တွင် သိုင်းချည်ထားသည်။ ထိုအဝိုင်းလေး၏ ထိပ်များတွင် သိုးမွေးများ တပ်ဆင်ထားရာ ထိုဦးထုပ်ဆောင်းသူမှာ မိန်းကလေး များပင်ဖြစ်သည်ကို ကြည့်ရုံနှင့်သိနိုင်သည်။

တချို့ အမျိုးသမီးများမှာ အဖြူရောင်သိုးမွေးခြုံထည် အရှည်ကြီးကို ခြုံထားကြသည်။ သူတို့၏ မျက်နှာကလေးများမှာ ဖြူစင်သောအသားအရေရှိပြီး နှုတ်ခမ်းကလေးများ နီထွေးထွေး နှင့် လှန်းစွာကြည့်ကောင်းလှပေသည်။

ထိုမြို့တော်၏ အနောက်ဘက်တွင် နှင်းခဲများ ဖုံးလွှမ်းနေ သော တောင်ကြီးကို လှမ်းတွေ့လိုက်ရသည်။ နှင်းခဲများဖုံးလွှမ်း နေသောတောင်ကြီးမှာ မြင့်မားစွာရှိနေပြီး တောင်ခြေတစ်လျှောက် မှာ ဆင်ခြေလျှောများဖြစ်နေသည်။ ထိုစဉ် နှင်းပွင့်များဖုံးလွှမ်းနေ သော တံတိုင်းအပြင်ဘက်သို့ သားမွေးဝတ်စုံများ ဝတ်ဆင်ထား သည့် ကလေးငယ်နှစ်ဦး ပြေးထွက်လာခဲ့သည်။

ထိုကလေးငယ်နှစ်ဦးမှာ သားမွေးဦးထုပ်များကို ကိုယ်စီ ဆောင်းထားကြသည်။ သားမွေးဦးထုပ်၏ ပုံသဏ္ဌာန်ကို ကြည့် ခြင်းဖြင့် တစ်ဦးမှာ ယောကျာ်းလေး၊ ကျန်တစ်ဦးမှာ မိန်းကလေး ဖြစ်မှန်း သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏အသက်မှာ ဆယ်နှစ်ဝန်းကျင်ခန့် ရှိပေမည်။ သူတို့နှစ်ဦးမှာ လက်ချင်းတွဲကာ အပြေးကလေးထွက်လာသည့်ပုံကို ကြည့်ခြင်းဖြင့် သူငယ်ချင်းများ ဖြစ်ပုံရသည်။

သူတို့နှစ်ဦး၏ နုနယ်သောမျက်နှာကလေးများတွင် အပြုံးကိုယ်စီနှင့်။ မြို့ရိုးတံတိုင်းမှ ကျော်လာပြီး အနောက်ဘက်နှင်းဖုံးတောင်သို့ ဦးတည်၍သွားနေပါသည်။

တောင်ခြေရှိ ဆင်ခြေလျှောနေရာတွင် သူတို့နှစ်ဦးမှာ ထိုနေရာသို့တက်ကာ ခြေထောက်နှစ်ချောင်းကို ရှေ့သို့ပစ်ကာ ထိုင်လိုက်ပြီး လျှောဆင်းကစားနည်းအတိုင်း ကစားနေပါတော့သည်။

သည်တွင် ကောင်မလေး၏ မျက်နှာကို ကောင်လေးက နှင်းခဲများနှင့်ပေါက်ပြီး အားရပါးရ ရယ်မောနေသည်။ ကောင်မလေးကလည်း ကောင်လေး၏ မျက်နှာကို နှင်းခဲများနှင့်ပြန်ပေါက်ပြီး ပျော်ရွှင်မြူးထူးနေပါသည်။ ထို့နောက် ကောင်လေးက ကောင်မလေးနောက်သို့လိုက်ရာ ကောင်မလေးနှင့် လွင်ပြင်ကျယ်ကြီးထဲသို့ ထပြေးလေသည်။

သူတို့နှစ်ဦးမှာ နှင်းလွင်ပြင်ကျယ်ကြီးအတွင်း ပျော်ရွှင်မြူးထူးစွာ လိုက်တမ်းပြေးတမ်း ကစားနေခဲ့ကြသည်။

ထိုစဉ် နန်းမြို့ရိုးဆီမှ တောင်ကြီးဆီသို့ စွပ်ဖားတစ်စီးလာနေသည်ကို တွေ့လိုက်ရသည်။ တဖြည်းဖြည်းနီးလာမှ ခွေးအ





တစ်ဖက်ကို ငါးကောင်စီဆွဲသော စွပ်ဖားတွင် အဖြူရောင်သိုးမွေးခြုံလွှာခြုံထားသည့် ကောင်မလေးတစ်ဦး မောင်းလာမှန်း သိလိုက်ရသည်။

ထိုမိန်းကလေးမှာ ထိုကလေးများထက် သုံး၊ လေးနှစ်ခန့် ကြီးမည်ဟု ခန့်မှန်းရသည်။ သူမ၏အသက်မှာ ဆယ့်သုံးနှစ်ဝန်းကျင်ခန့် ရှိပေလိမ့်မည်။ ထိုမိန်းကလေးမှာ သူတကာလိုသိုးမွေးခေါင်းဆောင်းဦးထုပ်ကို ဝတ်ဆင်ထားခြင်းမရှိဘဲ သရဖူကဲ့သို့ ပြောင်လက်သည့် သတ္တုတစ်ခုကို ဆောင်းထားသည်။

သူမ၏လက်ထဲတွင် ခွေးအများကိုမောင်းသည့် ကြာပွတ်ကဲ့သို့သော နှင်တံကို ကိုင်ဆောင်ထားပါသည်။

သူမသည် စွပ်ဖားလှည်းကို ကစားနေသည့် ကောင်မလေးနှင့်ကောင်လေးရှိရာနေရာသို့ မောင်းလာပြီး သူတို့နှစ်ယောက်ရှေ့တွင် ရပ်တန့်လိုက်သည်။

စောစောက ပျော်ရွှင်မြူးထူးစွာ ကစားနေသည့် ကောင်လေးနှင့် ကောင်မလေးမှာ ထိုမိန်းကလေးကို မြင်သည်နှင့် မီးကိုရေနှင့်ငြိမ်းသတ်သကဲ့သို့ ကိုယ်ရှိန်သတ်ပြီး ထိုမိန်းကလေးရှေ့မှောက်၌ ဒူးထောက်ကာ အရိုအသေပေးလိုက်သည်။

သရဖူဆောင်းထားသည့်မိန်းကလေးမှာ သူတို့နှစ်ယောက်စလုံးကို မကျေနပ်သည့်အလား လှန်စွာစိတ်ဆိုးသည့် မျက်နှာဖြင့်တစ်စုံတစ်ရာကို အော်ဟစ်ပြောဆိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးရော ကောင်မလေးပါ ခေါင်းငုံ့ပြီးနားထောင်နေခဲ့သည်။ ထို့နောက် သရဖူဆောင်းထားသည့် မိန်းကလေးက ဒူးထောက်နေသည့် ကောင်မလေးကို ဒေါသတကြီးနှင့် ပြောဆိုလိုက်ပြီးနောက် သူမ၏နှင်တံနှင့် အချက်ပေါင်းများစွာ ရိုက်နှက်လေသည်။

ကောင်မလေးမှာ ထိုမိန်းကလေးကို လွန်စွာကြောက်ရွံ့ပုံရကာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေသည်။

ထိုအခါ နံဘေးနားရှိ ကောင်လေးမှာ ထိုမိန်းကလေးအား တောင်းပန်တိုးလျှိုးကာ အမျိုးမျိုးပြောနေ၏။ သို့သော် သရဖူနှင့်ကောင်မလေးကား ရိုက်နှက်ခြင်းကိုမလျှော့ဘဲ တိုး၍လုပ်ဆောင်ရာ ကောင်လေးသည် ကောင်မလေးကို တွန်းဖယ်ကာ သရဖူနှင့်ကောင်မလေး၏ ရိုက်ချက်ကို ကိုယ်စားဝင်၍ခံခဲ့သည်။

'ရွှမ်း…'

'ရွှမ်း…'

'ရွှမ်း…'

ကောင်လေး၏ ကျောပြင်သို့ နှင်တံ၏ရိုက်ချက် တရွှမ်းမ်းနှင့် ရိုက်နှက်ရာ ကောင်လေး၏ ကျောကလေးမှာ နာကျင်ှန်း၍ ကော့ခနဲ ကော့ခနဲဖြစ်သွားခဲ့သည်။

အိပ်မက်မှာ ဤသို့ဖြစ်သော်လည်း ထိုကောင်လေးကိုက်တိုင်း ကျွန်ုပ်၏ကျောပြင်မှာ အရိုက်ခံရသည်နှင့် နာကျင်စွာစားရပြီး ကျောကော့သွားခဲ့သည်။





'ရွှမ်း…'

'ရွှမ်း…'

'အမလေးဗျ…'

ရွှမ်း… ရွှမ်း… ဟူသော သရဖူရှင်ကောင်မလေး၏ နှင်တံရိုက်ချက်ဖြစ်ပြီး အမလေးဗျ ဆိုသည်မှာ ကျွန်ုပ်မှာ နှင်တံဒဏ်ကို မခံနိုင်၍ လန့်အော်ကာ အိပ်မက်မှ လန့်နိုးလာခဲ့သည်။

'ဟင်… ငါက ဘာဖြစ်လို့ လန့်အော်ရတာလဲ'

ကျွန်ုပ်ကိုယ်ကျွန်ုပ် မေးခွန်းထုတ်မိသည်။

သို့သော် အဖြေကား ရှင်းပါ၏။ အိပ်မက်ထဲက ကောင်လေး အရိုက်ခံရခြင်းနှင့်မခြား ကျွန်ုပ်ကိုယ်တိုင် အရိုက်ခံရသကဲ့သို့ ခံစားရသည့်အတွက် လန့်အော်ခြင်းဖြစ်ပေသည်။ အိပ်မက်မှ လန့်နိုးသည့်တိုင်အောင် ကျွန်ုပ်၏ကျောပြင်တွင် စပ်ဖျင်းဖျင်း အထိအတွေ့ အငွေ့အရိပ်တို့ ကျန်နေဆဲ။

'ဟိုကောင်လေးကိုရိုက်တာ ငါက ဘာဖြစ်လို့ ကြားထဲက နာကျင်မှုဝေဒနာကို ခံစားနေရတာလဲ'

'သူ ငါနဲ့ ဘယ်လိုဆက်စပ်မှုရှိလို့လဲ'

ဤအတွေးများမှာ ကျွန်ုပ်၏ ဦးခေါင်းထဲသို့ ရုတ်ခြည်းဝင်ရောက်လာခဲ့သည်။

ကျွန်ုပ် အိပ်ရာမှနိုးထချိန်တွင် ကျောကုန်းမှာ အရိုက်ခံထားရသကဲ့သို့ နာကျင်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် နှင်းမြို့တော်သို့ရောက်စဉ် ချမ်းစိမ့်သကဲ့သို့ ကျွန်ုပ် နိုးလာချိန်၌လည်း လွန်စွာချမ်းတုန်နေခဲ့သည်။

'ငါ အနွေးထည်မဝတ်ဘဲ အိပ်မိလို့ ချမ်းနေတာကိုး'

ကျွန်ုပ် ဤသို့တွေးရင်း တစ်ကိုယ်တည်း ပြုံးမိသည်။

'ဆောင်းတွင်းအိပ်မက် ကယောက်ကယက်ဆိုသလို မက်ချင်တာ မက်နေတာလား'

'ဒါဆိုရင် ငါ့ရဲ့ကျောပြင်က ဘာကြောင့်နာကျင်နေရသလဲ'

ထိုသို့တွေးရင်း အနွေးထည်ဝတ်ပြီး စောင်ကို ခေါင်းမြီးခြုံကာ ပုစွန်တုပ်ကွေး ကွေးရင်း ပြန်အိပ်လိုက်သည်။

သို့သော် အိပ်မပျော်ဘဲ နှင်းပွင့်မြို့တော်ဆီသို့သာ တရစ်ဝဲဝဲ မြင်ယောင်လျက်ရှိပေသည်။ ကျွန်ုပ်၏ဘဝတွင် အတွေးထဲ၌ပင် မရှိခဲ့ဖူးသည့် ထူးဆန်းသည့် နှင်းပွင့်မြို့တော်ကို စတင်အိပ်မက်မက်ခြင်း ခရီးအစပင် ဖြစ်ပါတော့သည်။

❑ ❑ ❑



## အခန်း(၂)
## စိတ္တဇညများ၏ ရင်ခုန်သံ

'ကျော်စွာရေ… ကျော်စွာ'

'ဩော်… ကိုနိုင်ကြီးပါလား'

'မင်း အဆင်သင့်ဖြစ်ရင် ကျောင်းသွားကြစို့'

'အဆင်သင့်ပါပဲ ကိုနိုင်ကြီး'

'ဒါဆို သွားကြမယ်၊ ကျောင်းဝင်းထဲရောက်မှ လက်ဖက်ရည်သောက်ကြတာပေါ့'

'ကောင်းပါတယ်ကွာ'

ကိုနိုင်ကြီးနှင့် ကျွန်ုပ်မှာ တစ်လမ်းတည်းနေသူဖြစ်ပြီး ကျွန်ုပ် ကားတိုက်ခံရပြီးကတည်းက ကျောင်းသို့ အတူတူသွားဖြစ်ခဲ့သည်။

ထို့နောက် ကျောင်းဝင်းထဲသို့ရောက်လာရာ နာမည်ကြီး ဦးချစ်လက်ဖက်ရည်ဆိုင်၌ ထိုင်ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီဆိုင်ကပဲ ဝင်းခွေနဲ့ ဆန်နီကို စောင့်ကြစို့'

'ကောင်းပါတယ်'

'ဒါနဲ့ မင်းမျက်နှာကိုကြည့်ရတာ အိပ်ရေးမဝသလိုပဲ၊ မင်း နေကောင်းရဲ့လား'

ကိုနိုင်ကြီးက ကျွန်ုပ်ကိုကြည့်ပြီး ဤသို့မေးလိုက်သည်။

'နေတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ညက အိပ်ရေးပျက်လို့လား မသိဘူး၊ ခေါင်းထဲမှာ မူးနောက်နောက်နဲ့'

'မင်း ဆေးသောက်လာခဲ့တယ် မဟုတ်လား'

'သောက်ခဲ့ပါတယ် ကိုနိုင်ကြီး'

'အေးလေ… ဆေးမှန်မှန်သောက်ရင်းနဲ့ နေကောင်းသွားမှာပါ'

'အင်း… ကောင်းတာတော့ ကောင်းသွားမှာပါ၊ အခု လောလောဆယ်တော့ ကျောအောင့်နေတယ် ကိုနိုင်ကြီး'

'ဟော့ကောင်ရေ… ကျောအောင့်ရအောင် ဘာတွေလုပ်ထားလို့လဲ'

'အရိုက်ခံထားရလို့'

'ဟေ… မင်းမှာ ဒီလောက် နေမကောင်းဖြစ်နေတာ ဘယ်သူက လာရိုက်တာလဲ'

ကျွန်ုပ်မှာ ဤမေးခွန်းကို မဖြေဘဲ ငူငူကြီးထိုင်နေရာ ကိုနိုင်ကြီးမှာ အားမလိုအားမရဖြစ်ပြီး…





'ကျော်စွာ မင်း ပြောကွာ၊ မင်းကို ဘယ်သူက လာရိုက်တာလဲ'

ကျွန်ုပ်၏ပခုံးကို လှုပ်ယမ်းကာ မေးလိုက်သည်။ မဖြေ၍ မရသည့်အဆုံးတွင် ကျွန်ုပ်က…

'အိပ်မက်ထဲမှာ အရိုက်ခံရတာပါ'

ဤသို့ဖြေလိုက်ရာ ကိုနိုင်ကြီးက…

'ဟာကွာ… အကောင်းမှတ်လို့ နားထောင်နေတာ၊ ငါ့ကို မနောက်ပါနဲ့'

သက်ပြင်းတစ်ချက်ချပြီး ထိုသို့ပြောလိုက်သည်။

သည်တွင် ကျွန်ုပ်က…

'ကိုနိုင်ကြီး ကျွန်တော် တကယ်မနောက်ဘူး၊ အိပ်မက်ထဲမှာ ကောင်လေးတစ်ယောက်က အရိုက်ခံရတာ၊ သူ့ကိုရိုက်တိုင်း ကျွန်တော့်ရဲ့ကျောတစ်ပြင်လုံး နာသွားတယ်၊ အိပ်ရာကနိုးတာတောင် နာနေတုန်းပဲ'

'မင်းဥစ္စာကကွာ၊ လူကြားလို့မှ မကောင်း၊ အိပ်မက်ထဲမှာ အရိုက်ခံရတာ ကျောတစ်ပြင်လုံး နာရတယ်လို့ ဖြစ်နိုင်တာက တော့ မင်း အိပ်တုန်းမှာ ကျောအောက်ထဲကို စောင်အခေါက်လိုက် ရောက်နေလို့များလား'

'မသိပါဘူး ကိုနိုင်ကြီးရာ'

'ဒါနဲ့ မင်းကို ဘယ်သူက ဘာကြောင့်ရိုက်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ပြောရမယ်ဆိုရင်တော့ ကျွန်တော်ဟာ တစ်ခါမှမကြားဖူးတဲ့ နှင်းပွင့်မြို့တော်ဆီကို ရောက်သွားတယ်'

'ဒါဆိုရင် စံနီးပိုက်နဲ့ရော မတွေ့ခဲ့ဘူးလား'

ကိုနိုင်ကြီးက တမင်ရွဲ့၍မေးမှန်း သိလိုက်သည်။

'ဟာဗျာ... ကိုနိုင်ကြီးကလည်း တစ်မျောင့်ပါလား၊ အိပ်မက်ထဲမှာတွေ့တာ ဘယ်လိုနာမည်မေးရမှာလဲ၊ နောက်ပြီး အရိုက်ခံရတဲ့ကောင်လေးက ကျွန်တော် မဟုတ်ဘူး၊ ဒါပေမဲ့ အဲဒီကောင်လေးကိုရိုက်တိုင်း ကျွန်တော့်ရဲ့ ကျောပြင်မှာ နာနေတယ်'

'မင်းဟာကလည်း တစ်မျိုးကြီးပါလား၊ ငါလည်း တစ်ခါမှမကြားဖူးဘူး၊ ဒီတော့ မင်းရဲ့ အိပ်မက်ကို တစ်ပိုင်းတစ်စ ဖြတ်ပြောနေလို့ ငါလည်း နားမလည်ဘူး၊ မင်းရဲ့အိပ်မက်ကို အစအဆုံး ပြောပေတော့'

'ဒါဆိုလည်း ပြောမယ်ဗျာ'

ထိုသို့ဖြင့် ကျွန်ုပ်က ကျွန်ုပ်၏ အိပ်မက်အကြောင်း အပြည့်အစုံကို ပြောပြလိုက်သည်။ ကျွန်ုပ်၏ စကားအဆုံးတွင်...

'ဒါဆို မင်းအိပ်မက်က တော်တော်ထူးဆန်းတာပဲ'

ကိုနိုင်ကြီးက ဤသို့ပြောနေစဉ် ဝင်းဆွေနှင့် ဆန်နီက ကျွန်ုပ်ရှိရာဝိုင်းသို့ ဝင်လာပြီး...

'ဟေ့လူတွေ ဘာတော်တော်ထူးဆန်းတာလဲ၊ ကျွန်တော်





တို့လည်း အထူးအဆန်းဆိုရင် မျှောက်ပွဲတောင် လိုက်ကြည့်ချင်တာဗျ'

'မျှောက်ပွဲကြည့်မယ်ဆိုရင် နောက်မှလိုက်ကြည့်ပါကွာ၊ အခု အရင် လက်ဖက်ရည်သောက်ကွာ၊ မင်းတို့ ကြိုက်တာမှာ။ ငါ ဒကာခံမယ်'

'ဒါဆိုရင် လက်ဖက်ရည်ကျကျ နှစ်ခွက်'

ကျွန်ုပ်တို့သည် လက်ဖက်ရည်သောက်ပြီးနောက် စာသင်ဆောင်ဘက်သို့ သွားခဲ့ကြသည်။ ကျွန်ုပ်၏ အိပ်မက်ကို ကိုနိုင်ကြီးမှလွဲ၍ ကျန်နှစ်ယောက်ကို မပြောပြခဲ့ပေ။

ညနေ ကျောင်းဆင်းချိန်တွင် အိမ်သို့တန်းမပြန်ဘဲ တက္ကသိုလ်ဘောလုံးကွင်းသို့ သွားခဲ့သည်။ မတ်လတွင် ယှဉ်ပြိုင်ရမည့် အားကစားပွဲတော်အတွက် ဘောလုံးကွင်းထဲတွင် အားကစားသမားများ လေ့ကျင့်နေသည်ကို တွေ့ရသည်။

သူတို့က ကျွန်ုပ်ကို မြင်သောအခါ လာရောက်နှုတ်ဆက်ကြသည်။

'ကိုကျော်စွာကြီး... နေကောင်းသွားပြီလား'

'အေးကွာ... တော်တော်တော့ ကောင်းသွားပါပြီ'

'ဒါဆိုရင် ပြိုင်ပွဲအတွက် လေ့ကျင့်ခန်း လာဆင်းဦးလေ'

သူတို့က ကျွန်ုပ်၏အကြောင်းကို မသိသဖြင့် ဤသို့ဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်မှာလည်း ကိုယ့်အကြောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်။ ဦးခေါင်းက ဒဏ်ရာမကောင်းသေးလို့ အားကစားပြိုင်ပွဲ ဝင်ရန် အကန့်အသတ်မရှိ ပိတ်ပင်ထားခြင်းခံရသည်ဟု ထုတ်ပြောရန် မဖြစ်သဖြင့် ခပ်ပြုံးပြုံးလေးကြည့်ရင်း နှုတ်ဆိတ်နေခဲ့သည်။

ထို့နောက် ကျွန်ုပ်နှင့်အတူ တာဝေးပြေးဘက်လည်းဖြစ်၊ ယှဉ်ပြိုင်ဘက်လည်းဖြစ်သော ကိုသီဟကြီးက ပြေးကွင်းမှ ကျွန်ုပ်ဆီသို့ အပြေးလာပြီး နှုတ်ဆက်ခဲ့သည်။

'ဟေး... ကိုကျော်စွာကြီး၊ ဘယ်လိုလဲ... နေကောင်းသွားပြီလား'

'ကောင်းသွားပြီ ဆိုပါတော့'

'ဘယ်လိုလဲ၊ မတ်လပြိုင်ပွဲဝင်နိုင်မယ် မဟုတ်လား'

သူကလည်း ပြိုင်ဘက်ဖြစ်သူ ကျွန်ုပ်၏ အခြေအနေကို သိလို၍ မေးလိုက်ခြင်းဖြစ်သည့်အတွက် ကျွန်ုပ်လည်း အမှန်အတိုင်း ပြောလိုက်သည်။

'ကိုသီဟကြီး... ကျွန်တော်ကတော့ ဒီပြိုင်ပွဲမှာ မဝင်နိုင်တော့ဘူး၊ ဒီတော့ တာဝေးချန်ပီယံဘွဲ့ကို ကိုသီဟကြီး ရအောင်သာယူပေတော့'

'ဟာကွာ... ညီလေးရာ၊ အစ်ကို တကယ်ပဲ စိတ်မကောင်းပါဘူး'

'ဘယ်တတ်နိုင်မလဲ၊ ကျန်းမာရေးမှ မကောင်းသေးတာ'





'အေးပါကွာ... ကျန်းမာရေးကောင်းမှ အားကစားလုပ်နိုင်မှာဆိုတော့လည်း တစ်ပွဲတော့ နားလိုက်ပါ၊ တိုင်းနဲ့ပြည်နယ် ပြိုင်ပွဲမှာ ဆက်ပြိုင်ပြီး မြန်မာ့လက်ရွေးစင်ဖြစ်အောင် ကြိုးစားကြတာပေါ့'

'ဒါပေါ့ဗျာ... ဒါပေါ့... ဒါပေါ့...'

ကျွန်ုပ်က အလိုက်အထိုက်ပြန်ပြောကာ ဘောလုံးကွင်းထဲမှ ထွက်လာခဲ့သည်။

အပြန်ခရီးတွင် ကျွန်ုပ်တစ်ဦးတည်း ပြန်လာခဲ့သည်။ ကိုနိုင်ကြီးတို့အုပ်စုမှာ ဘောလုံးကွင်းထဲ၌ ကျန်နေခဲ့သည်။ အိမ်သို့ပြန်လာရသော်လည်း ကျွန်ုပ်၏ရင်ထဲမှာ တနုံ့နုံ့ခံစားနေရသည်။

ကျွန်ုပ်သာ ကားတိုက်မှုမဖြစ်ခဲ့ရင် သည်ပွဲစဉ်တွင် ကျွန်ုပ် အနိုင်ရမည်မှာ မလွဲဧကန်ပင် ဖြစ်ချေသည်။

ဘာကြောင့်မှန်း မသိ။ ကျွန်ုပ်မှာ ငယ်စဉ်ကတည်းကပင် အရွယ်နှင့်မလိုက်အောင် လွန်စွာအပြေးသန်သူတစ်ဦး ဖြစ်သည်။ ယခု တာဝေးပြိုင်ပွဲတွင်လည်း ပြိုင်ဘက်များအပေါ် အပြတ်အသတ်အနိုင်ယူကာ ချန်ပီယံဘွဲ့ကို ရရှိထားသူဖြစ်သည်။

ကိုသီဟကြီးမှာ ကျွန်ုပ်နှင့်ပြိုင်လျှင် ကျွန်ုပ်ကို တစ်ခါမှ နိုင်ခဲ့ဖူးချေ။ ယခုမူ ကျွန်ုပ်သည် ကျန်းမာရေးအခြေအနေကြောင့် ချန်ပီယံဆုနှင့် အလွဲကြီးလွဲခဲ့ပြီ။

ရင်ထဲမှာ တဆစ်ဆစ်နာကျင်မိသည်။ ကျွန်ုပ်၏ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်ဖြစ်မိသည်။ ထို့ကြောင့် ထမင်းပင်မစားတော့ဘဲ အိပ်ခန်းအတွင်းသို့ဝင်ကာ အခန်းအောင်းနေလိုက်သည်။ အမေက ကျွန်ုပ်၏အကြောင်းကို သိသည့်အတွက် မမေးတော့ဘဲ ဆိတ်ဆိတ်သာနေလိုက်သည်။

သည်ညမှာလည်း စိတ်မတည်ငြိမ်။ စုစည်းမှုမရဘဲ စိတ်အစဉ် လွင့်မျောသွားခဲ့သည်။

ကျွန်ုပ်၏ နိုးတစ်ဝက်အိပ်မက်။

ဟိုတစ်နေ့ကလိုပင် ကျွန်ုပ်သည် နှင်းပွင့်မြို့တော်ဆီသို့ ရောက်ရှိသွားခဲ့သည်။ ပျော်ရွှင်မြူးထူးနေသည့် ကောင်လေးနှင့် ကောင်မလေးကို ထပ်မံတွေ့ရှိရပြန်သည်။

နောက်တော့ သရုပ်ဆောင်းထားသည့် ကောင်မလေးကိုလည်း တွေ့ရပြန်သည်။

'ရွှမ်း…'

'ရွှမ်း…'

'ရွှမ်း…'

အဖြစ်အပျက်များက ပထမနေ့ကအတိုင်း တစ်သဝေမတိမ်း။ ကျွန်ုပ်မှာ ကောင်လေးကိုရိုက်တိုင်း ကိုယ်တိုင်အရိုက်ခံရသည့်သဖွယ် နာကျင်သောဝေဒနာကို ခံစားရကာ ကျောကော့သွားစမြဲ။

ကျွန်ုပ် အိပ်မက်မှ လန့်နိုးခဲ့ပြန်ပြီ။





ရင်မှာ တလှပ်လှပ်တုန်ယင်နေသဖြင့် သောက်ရေတစ်ခွက်သောက်ပြီး ထိုင်နေခဲ့သည်။ ကျွန်ုပ်သည် အတွေးများဖြင့် ယောက်ယက်ခတ်နေသည်။

'ဘာကြောင့် ဒီအိပ်မက်အတိုင်း မက်ရတာလဲ'

'ဟိုကောင်လေးကိုရိုက်တိုင်း ဘာကြောင့် ငါ့မှာ နာကျင်ရသလဲ'

ကျွန်ုပ်မှာ ဤသို့သော ထူးခြားမှုကြောင့် စဉ်းစားခန်းရှည်ကြီးဖြင့် အတွေးတွေ ဖြာဝေလာခဲ့သည်။

နံနက်လင်းလုလုသို့တိုင် အိပ်မပျော်တော့ဘဲ အတွေးများက နှိပ်စက်နေခဲ့သည်။

နံနက်ရှစ်နာရီအချိန်ခန့်တွင် ထုံးစံအတိုင်း ကိုနိုင်ကြီးက လာခေါ်သဖြင့် ကျောင်းသို့ အတူတူသွားခဲ့ကြသည်။

လမ်းခရီး တစ်ဝက်ခန့်တွင် ကိုနိုင်ကြီးက…

'ကျော်စွာ မင်းကြည့်ရတာ ဒီနေ့လည်း အိပ်ရေးမဝပြန်ဘူးနဲ့တူတယ်'

'ဟုတ်တယ် ကိုနိုင်ကြီးရာ၊ ဒီညကလည်း ဟိုအိပ်မက်ကို ထပ်မက်ပြန်ပြီ'

'ဟေ… ဟုတ်လား၊ ဒါဆို ဟိုကောင်လေးလည်း အရိုက်ခံရတုန်းပဲလား'

'ဟုတ်တယ် ကိုနိုင်ကြီး၊ ကောင်လေးလည်း အရိုက်ခံ



www.burmeseclassic.com

www.burmeseclassic.com



တုန်းပဲ၊ ကျွန်တော့်ကျောပြင်လည်း အခုထိတောင် နာနေတုန်းပဲ'

'အိပ်မက်ဆိုတာတော့ ဒီလိုပါပဲကွာ၊ မက်ချင်တာ မက်တာပဲ၊ မင်းကျောနာတာကတော့ အိပ်မက်နဲ့မဆိုင်ဘူးနဲ့ တူပါတယ်ကွာ၊ အိပ်တဲ့နေရာမှာ ကွေးကွေးကောက်ကောက် အိပ်တာတို့ မွေ့ရာမညီတာတို့ကြောင့်လည်း ဖြစ်နိုင်တာပဲ'

ကိုနိုင်ကြီးက ကျွန်ုပ်ကို စိတ်ဖြေအောင် တမင်ပြောမှန်း သိလိုက်သည်။ သို့ပေမဲ့ 'ကိုယ့်ဝမ်းနာ ကိုယ်သာသိ' ဆိုသကဲ့သို့ ကျွန်ုပ်၏ အိပ်မက်အကြောင်းကို ကျွန်ုပ်သာသိသူဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်လည်း အိပ်မက်အကြောင်းမပြောတော့ဘဲ နှုတ်ဆိတ်စွာနေခဲ့သည်။ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်တွင် ဝင်းဆွေနှင့် ဆန်နီကို စောင့်ခဲ့သည်။ သူတို့နှင့်တွေ့ဆုံပြီးနောက် လက်ချာခန်းထဲသို့ သွားခဲ့ကြသည်။

ထိုအိပ်မက်အတိုင်း ကျွန်ုပ်မှာ လန်းဆန်းတက်ကြွခြင်း မရှိဘဲ အားပြတ်သလို နုံးခွေနေခဲ့သည်။ လက်ချာခန်းတွင် လက်ချာများကို လိုက်၍ရေးမှတ်နေရသော်လည်း စိတ်ဝင်စားမှု လျော့နည်းနေသည်။

ထိုသို့ အမည်မဖော်နိုင်သည့် ဝေဒနာကို ရင်မှာပိုက်ကာ နေခဲ့ရာ နောက်တစ်ပတ်အကြာတွင် ဤအိပ်မက်ကို ထပ်မံမက်ပြန်သည်။ သည်တစ်ချီ မက်သည့် အိပ်မက်တွင် ဧကရီမဖုရား၏ ရိုက်ချက်မှာ ယခင်နေ့များထက် ပိုပြီးပြင်းထန်သည်။





'ရွှမ်း…'

'ရွှမ်း…'

'ရွှမ်း…'

ရိုက်ချက်ပြင်းလေလေ ကျွန်ုပ်မှာ ပို၍နာကျင်လေလေ၊

မခံနိုင်သည့်အဆုံးတွင် ကျွန်ုပ်မှာ အသံကုန်အော်ဟစ်လိုက်သည်။

'အား…'

ကျွန်ုပ်၏အသံမှာ မည်မျှကျယ်လောင်သွားသည် မသိ၊ ကျွန်ုပ်၏အော်သံကြောင့် မိဘနှစ်ပါး နိုးလာပြီး ထိတ်လန့်စွာဖြင့် ကျွန်ုပ်၏ အိပ်ခန်းတံခါးကို ထုပြီး…

'သား… ကျော်စွာ၊ ဘာဖြစ်လို့လဲ'

'တံခါးဖွင့်စမ်း သား'

'ဒုန်း…' 'ဒုန်း…'

ကျွန်ုပ်လည်း အိပ်ခန်းတံခါးထုသံကြားသဖြင့် တံခါးဖွင့်ပေးလိုက်သည်။ သည်တွင် အမေက…

'သား ဘာဖြစ်လို့အော်တာလဲ'

စိုးရိမ်မကင်းမေးလိုက်ရာ ကျွန်ုပ်က…

'အိပ်မက်မက်လို့ အော်လိုက်တာပါ အမေ'

'သားတစ်ကိုယ်လုံးမှာလည်း ချွေးတွေနဲ့ပါလား၊ အမေကြီး သုတ်ပေးလိုက်ပါဦး'



www.burmeseclassic.com

www.burmeseclassic.com



အဖေက အမေ့ကို ဤသို့လှမ်းပြောလိုက်ရာ အမေသည် တန်းပေါ်တွင်တင်ထားသည့် မျက်နှာသုတ်ပဝါကို လှမ်းယူပြီး ကျွန်ုပ်အား သုတ်ပေးခဲ့သည်။ ဤတွင် အမေက...

'သား ဘာအိပ်မက်ဆိုးတွေ မက်နေလို့လဲ'

'ဘာရယ်လို့တော့ မဟုတ်ပါဘူး'

'သား ဘာမှဖုံးကွယ်မနေပါနဲ့၊ အမေ့ကို ဟိုတစ်နေ့ကပဲ မောင်နိုင်ကြီး ပြောပြသွားတယ်'

'ကိုနိုင်ကြီးက ဘာပြောသွားလဲ အမေ'

ထိုသို့ မေးလိုက်စဉ် အဖေက...

'အဖေလည်း သားကို ပြောစရာရှိတယ်၊ လာ... ဧည့်ခန်းကိုသွားကြစို့'

'ဟုတ်ကဲ့ အဖေ'

ကျွန်ုပ်တို့ မိသားစုဝင်သုံးဦးသား ဧည့်ခန်းထဲသို့ သွားခဲ့ကြသည်။

အဖေကစပြီး...

'သား အိပ်မက်ထဲမှာ အရိုက်ခံရတယ်ဆို၊ အဲဒီကိစ္စ အဖေ့ကို ရှင်းပြပါလား'

အစက ပြောမည်ဟု မရည်ရွယ်ထားသော်လည်း ကိုနိုင်ကြီးက မည်သို့ သာသာထိုးထိုးပြောထားမှန်းမသိ၍ အမှန်အတိုင်း ဖွင့်ပြောပြခဲ့သည်။





'အဖေ... သားဟာ အိပ်မက်ထဲမှာ နှင်းပွင့်မြို့တော်ကို ရောက်သွားတယ် အဖေ'

'အေး... ဆက်ပြော'

ကျွန်ုပ်မှာ အိပ်မက်ကို အစအဆုံး ပြောပြခဲ့သည်။

သည့်တွင် အမေက...

'နေပါဦး သားရဲ့၊ အိပ်မက်ထဲက ကောင်လေးကိုရိုက်တိုင်း သားက နာကျင်တဲ့ဝေဒနာကို ခံစားရတယ်ဆိုတော့ အတော်ထူးဆန်းနေပါလား'

'ဟုတ်တယ် အမေ၊ ဒီညလည်း အဲဒီကောင်လေးကို ရိုက်တာ သားမှာ အရမ်းနာလာလို့ အော်လိုက်ရင်း လန့်နိုးသွားတာ'

'ကိုဘအောင်ရေ... ဒါဆို မဖြစ်ဘူး၊ ဆရာဝန်ကြီးနဲ့ ပြန်ပြမှ ဖြစ်မယ်'

အမေက စိုးရိမ်မကင်းဖြစ်ကာ ဤသို့ပြောလိုက်သည်။

'ဟုတ်တယ်၊ ဒါက ဦးနှောက်နဲ့ အာရုံကြောနဲ့ သက်ဆိုင်တယ်'

အဖေနှင့် အမေမှာ ကျွန်ုပ်အတွက် စိုးရိမ်ကာ အချီအချ ပြောနေခဲ့ကြသည်။

'အဖေရာ... ဒီလောက်လည်း မဟုတ်ပါဘူး၊ အိပ်မက်မက်တာလေးကိုပဲ ဇာချဲ့နေတယ်လို့ ထင်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဤသို့ ပါဝင်ဆွေးနွေးသော်လည်း အမေက...

'သားရယ်... အခုလည်း နှစ်ပတ်တစ်ခါ ပြန်ပြနေရတာပဲ၊ အထူးအဆန်း ဖာချဲ့နေတာ မဟုတ်ဘူး၊ ဒီတစ်ခါ ဆေးခန်းပြရင် အဲဒီအကြောင်းကို ပြောပြကြတာပေါ့'

'အမေ့သဘောအတိုင်းပါပဲ'

ကျွန်ုပ်က အမေ၏ ဆန္ဒကို မလွန်ဆန်ဘဲ လိုက်လိုက်လျောလျော ပြောခဲ့သည်။

ထိုသို့ဖြင့် နောက်တစ်နေ့ညနေတွင် ဦးနောက်နှင့် အာရုံကြောအထူးကုဆရာဝန်ကြီး ဦးစံသာနှင့် ပြသခဲ့သည်။ ဒေါက်တာ ဦးစံသာမှာ ကျွန်ုပ် ဆေးရုံတက်စဉ်ကတည်းက ကုသလာသည့် ဆရာဝန်ကြီးဖြစ်၍ ကျွန်ုပ်၏ ရောဂါအကြောင်းကို အစမှအဆုံး သိသူဖြစ်သည်။

အမေက စိုးရိမ်တကြီးဖြင့် ဦးစံသာထံသို့ ကြိုတင်ဖုန်းဆက်ထားသည့်အတွက် ဦးစံသာမှာ ကျွန်ုပ်၏ အိပ်မက်အကြောင်းကို အတော်အတန် သိထားခဲ့သည်။ ကျွန်ုပ်သည် သူ့ထံသို့ ရောက်သွားသောအခါ ပုံမှန်လုပ်နေကျ စမ်းသပ်မှုများ လုပ်ဆောင်ပြီးနောက်...

'မောင်ကျော်စွာ... မင်း အိမ်မှာနေစဉ်မှာ ထူးထူးခြားခြား ဘာတွေဖြစ်သလဲ'





ကျွန်ုပ်မှာ အမေ ဖုန်းဆက်ပြောထားမှန်း သိသဖြင့် အိပ်မက်အကြောင်းကို မကွယ်မဝှက်ဘဲ ပြောပြခဲ့သည်။

'ကျွန်တော် အိပ်မက်မက်တယ်၊ အဲဒီအိပ်မက်ကလည်း အခုအချိန်အထိ ထပ်တူထပ်မျှ အကြောင်းအရာတွေချည်းပဲ၊ သုံးကြိမ်တိုင်တိုင် မက်တယ်၊ အဲဒီအိပ်မက်ထဲမှာ ကောင်လေးတစ်ယောက်ကို ကောင်မလေးတစ်ယောက်က နှင်တံနဲ့ တအားလွှဲရိုက်တယ်၊ အဲဒီလိုရိုက်တိုင်း ကျွန်တော့်ရဲ့ကျောပြင်ကို ရိုက်သလို နာတယ်၊ အိပ်မက်က နိုးတော့လည်း ကျောထဲက အောင့်သလိုလို ခံစားရတယ်'

ဆရာဝန်ကြီးဦးစံသာမှာ ကျွန်တော်၏စကားကို သေသေချာချာနားထောင်ပြီး ကျောတွေ၊ ရင်တွေကို နားကြပ်ဖြင့် သေချာစွာထောက်ပြီး စမ်းသပ်ကြည့်သည်။

ထို့နောက်...

'ဆရာ မင်းရဲ့ဦးခေါင်းကို အက်ကိုးပြန်ရိုက်ကြည့်မယ်'

'ဟုတ်ကဲ့ပါ ဒေါက်တာ'

ထိုညနေက အက်ကိုးပြန်ရိုက်ခဲ့သည်။

အဖြေကား ကောင်းပါသည်။ ပုံမှန်အခြေအနေပါပဲ။

'အဖြေက ကောင်းပါတယ်၊ ဦးနှောက်အခြေအနေကတော့ နော်မယ်ဖြစ်နေပါပြီ၊ ဒီတော့ စိုးရိမ်စရာမလိုပါဘူး'

'ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ် ဒေါက်တာ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဤသို့ပြောစဉ် အမေက…

'ဒေါက်တာ… သားလေးဟာ ပုံမှန်အခြေအနေဆိုရင် ဘာကြောင့် အိပ်မက်ဆိုးတွေ မက်နေရတာလဲ'

'ဆရာ့ယူဆချက်ကို ပြောရရင် မောင်ကျော်စွာဟာ ဦးနှောက်မှာ ထိခိုက်ဒဏ်ရာရဖူးတော့ ပုံမှန်အခြေအနေရောက်နေတယ်ဆိုပေမယ့် တချို့ ဦးနှောက်ဆဲလ်တွေမှာရှိတဲ့ အာရုံကြောလေးတွေဟာ ထိခိုက်မှုကြောင့် ကောင်းစွာမနိုးကြားသေးဘဲ ပုံမှန်အလုပ်လုပ်နိုင်သေးလို့ အိပ်မက်တွေ ကယောင်ကတမ်း မက်တာဖြစ်နိုင်ပါတယ်'

'ဒေါက်တာရယ်… ဒီလို အိပ်မက်ဆိုးတွေ မက်နေတော့ သားလေးမှာ အနှောင့်အယှက်ဖြစ်တာပေါ့၊ အဲဒါကို ကုပေးပါ ဒေါက်တာရယ်'

'ကောင်းပါပြီ၊ အိပ်မက်မက်တယ်ဆိုတာ အိပ်မပျော်တပျော်အချိန်မှာ မက်တာ၊ ကောင်းကောင်းအိပ်ပျော်သွားရင် မမက်တော့ပါဘူး၊ ဒီတော့ ဆေးပေးလိုက်မယ်၊ နေ့တိုင်းတိုက်နော်'

'ဟုတ်ကဲ့ပါ ဒေါက်တာ'

ကျွန်ုပ်လည်း ဆေးစစ်ဆေးပြီး ပြန်ခဲ့သည်။

ဆရာကြီး ပေးလိုက်သည့်ဆေးကို ပုံမှန်တိုက်ခဲ့ရာ ကောင်းမွန်စွာ အိပ်ပျော်ခဲ့သည်။ ကျွန်ုပ်၏ ထူးဆန်းသော နိုးတစ်ဝက်အိပ်မက်ကလေးနှင့် ခေတ္တအဆက်ပြတ်သွားခဲ့ပါတော့သည်။





သို့သော်လည်း ကျွန်ုပ်မှာ အိပ်ဆေးကို တာရှည်စွဲမသောက်နိုင်ပေ။ အဘယ်ကြောင့်ဆိုမူ နောက်ဆုံးနှစ်စာမေးပွဲကြီး နီးကပ်လာချေပြီ။ ကျွန်ုပ်မှာ မာစတာတန်းသို့ ဆက်တက်ရန် ရည်ရွယ်ထားသဖြင့် အမှတ်ကောင်းရမှ ဖြစ်ပေမည်။ ထို့အတွက် ထူးချွန်စွာအောင်မြင်ရန် စာကျက်ရမည်ဖြစ်၍ အိပ်ဆေးသောက်ပြီး စာကျက်ရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် အိပ်ဆေးကို ခေတ္တဖြတ်ထားခဲ့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)
## ချစ်သော ဒေါက်တာလပဝါ

အိပ်ဆေးနှင့် အိပ်မက်မှာ မည်သို့သော အချိုးကျလေသည် မသိ။ အိပ်ဆေးသောက်စဉ် အိပ်မက်နှင့်ဝေးခဲ့သော်လည်း အိပ်ဆေးမသောက်သည်နှင့် ကျွန်ုပ်မှာ ပုံမှန်အိပ်မပျော်တော့ပေ။

ကြာတော့ မျက်စိမှေးကာ ငိုက်မျဉ်းစဉ် နိုးတစ်ဝက် အိပ်မက်သည် ကျွန်ုပ်ထံသို့ အပြေးကလေး ရောက်လာခဲ့သည်။ သည်တစ်ခါတော့ အိပ်မက်မှာ ပုံစံပြောင်းသွားခဲ့သည်။

ဆွတ်ဆွတ်ဖြူနေသော နှင်းတောင်တန်းကြီး။

ထိုနှင်းတောင်တန်းကြီးမှာ မိုးပြာပြာအောက်တွင် သဘာဝအလှကို ဖွင့်လှစ်ပြည့်နှယ် လှပလွန်းလှသည်။ နေရောင်ခြည် မပွင့်တပွင့်အောက်တွင် လူအချို့က ကျောက်တောင်ကြီးကို ပေါက်ချွန်းများဖြင့် ဖြိုနေကြသည်။ ကျလာသည့် ကျောက်တုံးများကို မိန်းမအချို့က ခေါင်းပေါ်ရွက်ကာ တောင်အောက်သို့ ဆင်းသွားပြီး တောင်ခြေ၌ စုပုံထားလိုက်သည်။





ထိုနေရာမှ လှမ်းကြည့်သော် နှင်းပွင့်မြို့တော်ကြီးကို နှင်းခြုံလွှာဇာပဝါ ခြုံထားသကဲ့သို့ နှင်းပွင့်များကြားမှ မသဲမကွဲ လှမ်းတွေ့ရသည်။ နှင်းဖုံးနေသော တောင်ခြေတစ်နေရာတွင် သစ်ရွက်ခြောက်များ၊ သစ်ကိုင်းခြောက်များစုပုံကာ မီးမွှေးနေသော ကောင်မလေးတစ်ယောက်ကို ကျောဘက်အနေအထားမှ လှမ်းတွေ့လိုက်ရသည်။ ထိုကောင်မလေးမှာ သိုးမွှေးအင်္ကျီကို ဝတ်ဆင်ထားပြီး သားမွှေးဦးထုပ်ကလေးကို ဆောင်းပြီး မီးမွှေးနေသည်။

တဖြည်းဖြည်းနှင့် သစ်ရွက်များ မီးစွဲစပြုနေပြီ။

ထို့နောက် သစ်ကိုင်းခြောက်များကို မီးကူးပြီး မီးတောက်ဖြစ်လာသည်။ ထိုအခါ မီးပုံပေါ်တွင် လေးကြောင်းထောက်သံကွင်းကြီးကိုတင်ပြီး ထိုသံကွင်းကြီးပေါ်တွင် ကြီးမားသော ရေနွေးအိုးကြီးကို တင်ထားလိုက်သည်။

မီးအရှိန်မလျော့စေရန် သစ်ကိုင်းခြောက်များကို ထည့်ရင်း ရေနွေးအိုးကြီးကို ကျိုနေခဲ့သည်။

ထို့နောက် အလွန်ဝေးသော နှင်းဖုံးတောင်တန်းဆီမှ အစက်အပြောက်သဏ္ဍာန်တစ်ခုကို လှမ်းတွေ့လိုက်ရသည်။ ထိုအစက်အပြောက်ကို တယ်လီစကုတ်နှင့် လှမ်းဆွဲလိုက်သကဲ့သို့ အနီးကပ်မြင်ကွင်းကို ကျွန်ုပ် တွေ့လိုက်ရသည်။

ထိုအစက်အပြောက်ကလေးမှာ ရှေးယခင်က အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ နှင်းတံနှင့် အရိုက်ခံရသည့် ကောင်လေးပင် ဖြစ်ပေသည်။ သူ၏ခေါင်းတွင် ဦးထုပ်မပါ၊ နီညိုရောင် ကုပ်ဝဲဆံပင်ရှည်များ တဖွားဖွားဖြစ်နေအောင် ပြေးလွှားနေသည်။

သူ၏ လက်ထဲတွင် ပန်းနုရောင် ဂန္ဓမာပန်းကဲ့သို့ ပွင့်လွှာတစ်ထပ်တည်းရှိသည့် ပန်းပွင့်ကလေးများကို စုစည်းပြီး ကိုင်ဆောင်ထားသည်။

သူသည် ဆံပင်တဖွားဖွားနှင့် နှင်းဖုံးတောင်တန်း တစ်လျှောက် လွှားခနဲ လွှားခနဲ ပြေးနေသည်။

ထိုကောင်လေးမှာ ရုပ်ရှင်ထဲကကဲ့သို့ ကြည့်ရင်း ကြည့်ရင်း တဖြည်းဖြည်း ကြီးလာကာ အသက်နှစ်ဆယ်ပတ်ဝန်းကျင် အရွယ်သို့ ရောက်ရှိသွားသည်။ ထိုကောင်လေးမှာ နှင်းတောင်တန်းထဲတွင် ဆက်ပြီးပြေးလွှားနေဆဲ။

ထိုကောင်လေးကို ကျွန်ုပ်သေသေချာချာကြည့်လိုက်ရာ-

'ငါ့မျက်နှာနဲ့ ချွတ်စွပ်တူနေပါလား'

ထိုကောင်လေးမှာ ကျွန်ုပ်၏မျက်နှာနှင့် ချွတ်စွပ်တူသည့် ကျွန်ုပ်၏ကိုယ်ပွားပင် ဖြစ်နေပါတော့သည်။

'သူဟာ ငါလား၊ ငါဟာ သူလား'

သူနှင့် ကျွန်ုပ်မှာ တစ်သားတည်းဖြစ်သွားပြီး ကျွန်ုပ်ပင်လျှင် ဤနှင်းတောင်တန်းကြီးပေါ်၌ လွှားခနဲ လွှားခနဲ ပြေးလွှားနေပါတော့သည်။ ထိုသို့ ပြေးပုံပြေးနည်းမှာ ကျွန်ုပ် ကား





တိုက်မခံရခင်က တာဝေးအပြေးသမားဘဝတွင် ပြေးခဲ့သည့် အပြေးမျိုးဖြစ်သည်။ ထို့နောက် ကျွန်ုပ်သည် ဤသို့ပြေးနေရာမှ အရှိန်မြှင့်ပြီးပြေးခဲ့ရာ လေထဲတွင် တလွင့်လွင့်ဖြစ်နေသကဲ့သို့ ခံစားရပါသည်။

ခြေလှမ်းကျဲကြီးဖြင့် အဟုန်ပြင်းစွာ ပြေးလာသော ကျွန်ုပ်၏ဦးတည်ရာအရပ်ကား စောစောက ကျောပေးထားသည့်ကောင်မလေးရှိရာသို့။ မကြာမီအချိန်အတွင်း ကျွန်ုပ်သည် ကောင်မလေး၏ရှေ့သို့ ရောက်ရှိလာခဲ့သည်။

ကျွန်ုပ်သည် ကောင်မလေး၏ ရှေ့တည့်တည့်သို့ ရောက်ချေပြီ။ ထိုအချိန်တွင် ရေနွေးအိုးမှာ ပွက်ပွက်ဆူနေသည်။

ကောင်မလေးက ရေနွေးအိုးကို မ,မည်အပြုတွင် ကျွန်ုပ်က...

'ဟေး...'

ဟူသော အသံပြုလိုက်ရာ သူမက လန့်သွားပြီး...

'ဟယ်...'

ဟူသော အသံနှင့်အတူ ကျွန်ုပ်ကို လှမ်းဖက်လိုက်သည်။

ကျွန်ုပ်ကလည်း အလိုက်သင့် ပြန်ဖက်ရင်း အပြုံးတွေပေနေခဲ့သည်။ ထို့နောက် ကျွန်ုပ် ယူဆောင်လာသည့် ပန်းစည်းကို ပေးလိုက်ရာ ကောင်မလေးက ဝမ်းသာအားရဖြစ်ကာ အပြုံးကလေးဖြင့် လှမ်းယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အပြုံးကလေးနှင့် သူ့မျက်နှာကို ကျွန်ုပ် ထင်ရှားစွာမြင်လိုက်ရသည်။ ပြုံးနေသည့် သူမ၏ မျက်နှာကလေးမှာ တစ်ခါတွေ့ရုံဖြင့် တစ်သက်မမေ့နိုင်သော မျက်နှာမျိုးဖြစ်သည်။ အိပ်မက်ထဲတွင် ကျွန်ုပ်နှင့် သူမမှာ ချစ်သူရည်းစားများပင်ဖြစ်ခြိမ့်မည်။

ကျွန်ုပ်သည် အချစ်ရည်ရွှန်းသည့်မျက်စိဖြင့် သူမကို ကြည့်ခဲ့သလို သူမ၏အပြုံးမှာလည်း ချစ်ခြင်းမေတ္တာတို့ဖြင့် ပြည့်နှက်နေသည်။

ထို့နောက် သူမက ရေနွေးအိုးကြီးကို လက်ညှိုးထိုးပြခဲ့သည်။ ကျွန်ုပ်သည် ရေနွေးအိုးကြီးကို တောင်ခါးပန်းသို့ယူဆောင်သွားခဲ့သည်။ ထိုစဉ် ကျောက်ထုနေသောသူများနှင့် ကျောက်တုံးများကို ရွက်နေသည့် ယောကျ်ား မိန်းမတို့သည် ထိုနေရာသို့ စုရုံးရောက်ရှိလာပြီး ခွက်ထဲသို့ ရေနွေးငှဲ့ထည့်ကာ သောက်နေကြသည်။ သူတို့သည် ခေတ္တနားပြီး ရေနွေးသောက်နေစဉ် စကားများ ဆူညံစွာပြောဆိုနေကြသည်။

သူတို့မျက်နှာများကို ကြည့်ရသည်မှာ ပင်ပင်ပန်းပန်း အလုပ်လုပ်နေရသော်လည်း ပြုံးပျော်ရွှင်မြူးနေကြ၏။ ကျွန်ုပ်နှင့် ထိုမိန်းကလေးကိုလည်း နောက်ပြောင်နေကြသည်။ ထိုမိန်းကလေးမှာ ရှက်ပြုံးကလေး ပြုံးနေသည်။

သူမ၏ မျက်နှာကလေးကို ကျွန်ုပ် တစိမ့်စိမ့်ကြည့်နေမိ





သည်။ သူမကား ကျွန်ုပ်၏ရင်ထဲမှ လှိုက်လှိုက်လှဲလှဲချစ်ရသော ချစ်သူတစ်ဦးဆိုသည်ကို မပြောဘဲနှင့် သိနေသည်။

ထိုသို့ ပျော်ရွှင်စွာ စကားပြောနေစဉ် နှင်းပွင့်မြို့တော်၏ မြို့တံတိုင်းမှ မြင်းစီးလာသူတစ်ဦးကို တွေ့ရှိရသည်။ တဖြည်းဖြည်း နီးကပ်လာသည်နှင့်အမျှ မြင်းစီးလာသူကို သဲသဲကွဲကွဲ မြင်လိုက်ရသည်။

ထိုသူမှာ ဦးခေါင်းတွင် သရဖူတစ်ခုကို ဆင်မြန်းထားပြီး သားမွေးဝတ်ရုံကို ခြုံထားသည်။ သူ၏ ဝတ်ရုံအောက်ရှိ အင်္ကျီမှာ ရွှေရောင်တလက်လက်ရှိနေပြီး အောက်ပိုင်းတွင် အဖြူရောင်ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသည်။ သူမ၏ခြေထောက်တွင် သားမွေးဖြင့်ပြုလုပ်ထားသည့် လည်ရှည်ဖိနပ်ကို ဝတ်ဆင်ထားသည်။

ထိုအသွင်အပြင်ကို ကြည့်ခြင်းအားဖြင့် သူမမှာ ထီးရိပ်နန်းရိပ်အောက်မှ တော်ဝင်သခင်မလေးပင် ဖြစ်ပေမည်။ သူမ၏ လက်ထဲတွင် နှင်းတံတစ်ခုကို ကိုင်ထားသည်။

နှင်းတံကို တွေ့လိုက်သည်နှင့် ကျွန်ုပ်သည် ယခင်က မက်ဖူးသည့် အိပ်မက်ထဲကမိန်းကလေးမှန်း သိခဲ့သည်။ ယခုတွေ့ရသည်မှာ ယခင်က ငယ်ဘဝမဟုတ်တော့ဘဲ အသက်နှစ်ဆယ်ကျော်အရွယ်ပင် ဖြစ်သည်။

သူမကို မြင်သည်နှင့် တောင်ခါးပန်းပေါ်မှ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ အားလုံး အပြေးဆင်းသွားခဲ့သည်။ ကျွန်ုပ်၏ချစ်သူဟု သိထားသည့် ကောင်မလေးမှာလည်း နင်းဖုံးတောင်ခြေသို့ အပြေးကလေး ပြေးဆင်းသွားခဲ့သည်။

ကျွန်ုပ် တစ်ဦးတည်းသာလျှင် ရေနွေးအိုးကြီးနှင့်အတူ တောင်ခါးပန်းတွင် ကျန်ရစ်ခဲ့သည်။ ကျွန်ုပ်၏ချစ်သူဟု သိထားသည့် ကောင်မလေးမှာ တောင်ကြောသို့ ပြေးသွားစဉ် ကျွန်ုပ်ပေးသည့် ပန်းစည်းကို ကိုင်ဆောင်ထားသည်။

အားလုံးသောသူများသည် ဘုရင်မကဲ့သို့ သူမ၏ရှေ့တွင် ဒူးထောက်လျှက်ရှိသည်။ ထို့နောက် ဘုရင်မနှင့်တူသူက ပန်းစည်းကို လက်ညှိုးထိုးကာ ကောင်မလေးအား…

'ဤပန်းမှာ ငါတို့မြို့နှင့်အလှမ်းဝေးကွာသော ဇလိတောင်တန်း၌သာပေါက်သည့် ပန်းများပင်ဖြစ်သည်။ အသင် ဤပန်းကို မည်သို့ရရှိပါသနည်း'

ဤသို့ မေးလိုက်သည်။

ထိုအခါ ကောင်မလေးက ကျွန်ုပ်အား လက်ညှိုးညွှန်ပြပြီး…

'ဤပန်းကို သူ ယူဆောင်လာပြီး ငါ့အား ပေးပါသည်'

ဟု ပြန်ပြောလိုက်ရာ ဘုရင်မနှင့်တူသူသည် လွန်စွာစိတ်ဆိုးစွာဖြင့် ထိုပန်းစည်းကို လှမ်းဆွဲယူပြီး ခြေထောက်နှင့် နင်းခြေဖျက်ဆီးလိုက်သည်။





'ဤပန်းသည် အသင်နှင့်မတန်မရာဖြစ်သည်'

ထိုသို့ပြောဆိုပြီးနောက်…

'ဤပန်းမှာ ငါမှတစ်ပါး မည်သူမျှယူခွင့်မရှိပေ၊ အသင်သည် သူပေးသောပန်းကို မည်သည့်အခါမျှ မယူရပါ၊ သည့်အပြင် သင့်အား စစ်သူကြီးနှင့် မပတ်သက်ရန် အမိန့်ပေးထားပြီးဖြစ်သည်'

'မှန်ပါ၏'

'သို့အတွက် သင့်မှာ အပြစ်ရှိ၏၊ ဤပြစ်ဒဏ်ကို ငါ ပေးအံ့'

ထိုသို့ပြောဆိုပြီးနောက် ဘုရင်မနှင့်တူသူသည် သူမ၏ လက်တွင် ကိုင်ထားသည့် နင်တံဖြင့် အချက်ပေါင်းများစွာ ရိုက်ခဲ့သည်။ သည်တွင် ကျွန်ုပ်မှာ လွန်စွာမခံမရပ်နိုင်ဖြစ်ပြီး…

'သူမမှာ အပြစ်မရှိပါ၊ ငါသည်သာ အပြစ်ရှိသူဖြစ်ပါသည်၊ ဇလိတောင်တန်းမှ ပန်းကို ခူးလာသူမှာ ငါဖြစ်၏၊ သို့ကြောင့် အပြစ်ရှိသူမှာ ငါပင်တည်း၊ ငါ့အား အပြစ်ပေးပါလော့၊ သူမကို အပြစ်မှလွှတ်ပါလော့'

ကျွန်ုပ်သည် ဤသို့ ပါးစပ်မှ တရစပ်ပြောရင်း တောင်ခါးပန်းမှ တောင်ခြေသို့ ပြေးဆင်းလာခဲ့သည်။ ကျွန်ုပ်သည် ဘုရင်မနှင့် အနီးဆုံးနေရာသို့ရောက်၍ ဘုရင်မကို သေချာစွာကြည့်လိုက်သော်လည်း မသဲကွဲချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အိပ်မက်မှ လန့်နိုးလာခဲ့သည်။

'အိပ်မက်မက်ပြန်ပြီ၊ အိပ်မက်ကလည်း တစ်မျိုးပြီး တစ်မျိုးပါလား၊ အရင်က မက်တာ ငယ်ဘဝ၊ အခုမက်တာ အရွယ်ရောက်တဲ့ဘဝပဲ'

'ဘာကြောင့် နှင်းပွင့်မြို့တော်ရဲ့အကြောင်းတွေကို မက်ရတာလဲ'

'ဒါပေမဲ့ ဒီတစ်ခါ မက်တာတော့ အရိုက်မခံရလို့လား မသိဘူး၊ ငါ ကျောမအောင့်ဘူး'

'ဒီအိပ်မက်ကတော့ အိပ်မက်ဆိုးလို့ မခေါ်နိုင်ဘူး'

ကျွန်ုပ်သည် အိပ်မက်မက်ပြီးတိုင်း ပြန်ပြီးအိပ်မပျော်သဖြင့် ကိုယ့်အတွေးနှင့်ကိုယ် အတွေးကမ္ဘာထဲမှာ ချာချာလည်ခဲ့သည်။

စာမေးပွဲကြီး နီး[illegible]နေပြီဖြစ်၍ အိပ်မက်မက်လျှင် မက်ပါစေတော့ဟု သဘောထားကာ အိပ်ဆေးကို ဖြုတ်ထားခဲ့သည်။

တစ်ဆယ့်ငါးရက်အတွင်း ဤအိပ်မက်ကို သုံးကြိမ်တိုင်တိုင် မက်ခဲ့သည်။ သုံးကြိမ်စလုံးတွင် ကျွန်ုပ်၏ချစ်သူဟု သိထားသော အိပ်မက်ရှင်မလေး၏ မျက်နှာကို ထင်ထင်ရှားရှား မြင်တွေ့ခဲ့သည်။

ဧကရီမဖုရား၏ မျက်နှာကိုမူ သဲသဲကွဲကွဲ မတွေ့ရချေ။ အသားဖြူဖြူ၊ အရပ်မြင့်မြင့် မျက်နှာမှာ သွယ်သွယ်နှင့် မပိပိုး





တဝါးပုံရိပ်တစ်ခုသာ ဖြစ်နေသည်ကို အိပ်မက်တွင် တွေ့ရှိခဲ့ရသည်။

ဟိုးအရင် အိပ်မက်မက်စဉ်က ကျောပြင်တွင် ကြာတင်ခြင်ခံရသည့်လူလို နာကျင်မှုဝေဒနာကို ခံစားခဲ့ရသည်။

ယခုမူ ချစ်သူနှင့်ဝေးကာ ပူဆွေးတမ်းတသည့် ဝေဒနာမျိုးကဲ့သို့ လွမ်းမောအထီးကျန်စွာ ခံစားခဲ့ရသည်။

'ဘာကြောင့် ငါဟာ မသိတဲ့သူတစ်ဦးကို လွမ်းဆွေးသတိရနေရတာလဲ'

ဤအတွေးများဖြင့် တရစ်ဝဲဝဲ ဖြစ်နေခဲ့သည်။

သို့သော် သည်တစ်ခါတော့ ကျွန်ုပ်၏အိပ်မက်ကို မည်သူ့ကိုမျှ မပြောတော့ပေ။

သည်လိုနှင့် နောက်ဆုံးနှစ် စာမေးပွဲကြီးကို ကောင်းစွာဖြေဆိုနိုင်ခဲ့သည်။ ကျွန်ုပ်မှာ ကြိုးကြိုးစားစား ကျက်မှတ်ထားသည့်အတွက် မာစတာတန်းသို့ တက်ရောက်ရန် အမှတ်ကောင်းမည်ဟု မျှော်မှန်းမိသည်။

ကျွန်ုပ်မှာ ဆရာဝန်ကြီး ဦးစံသာနှင့် ပြသဆဲဖြစ်၍ ယနေ့တွင် Check Up လုပ်ရန် ဆေးခန်းသို့သွားခဲ့သည်။ ဆေးခန်းသို့အရောက်တွင် ဒေါက်တာဦးစံသာ၏ အနီးတွင် ဂျူတီကုတ်ဝတ်ဆင်ထားသည့် ဆရာဝန်မတစ်ဦးကို တွေ့လိုက်ရသည်။

ဆရာဝန်ကြီး ဦးစံသာသည် ကျွန်ုပ်အား လိုအပ်သည့်



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ဦးစံသာသည် လိုအပ်သည့်ဆေးများ ပေးလိုက်သည်။

ဦးစံသာက ကျွန်ုပ်အား...

'မောင်ကျော်စွာ... ဆရာက ရှေ့အပတ်ထဲမှာ အစိုးရကစေလွှတ်လို့ ဂျပန်နိုင်ငံကို လေ့လာရေးသွားရမယ်၊ သုံးလလောက်ကြာမယ်၊ ဆရာ့ကိုယ်စား ဒီဒေါက်တာက ဆက်ပြီးကြည့်ပေးလိမ့်မယ်'

'ဟုတ်ကဲ့ပါ'

'မောင်ကျော်စွာ... ဒီက ဒေါက်တာနာမည်က 'လပဝါ' တဲ့၊ ဆရာ့ရဲ့လက်ထောက်ပေါ့'

'ဒေါက်တာ... သူက မောင်ကျော်စွာပါ'

ဒေါက်တာ ဦးစံသာက ကျွန်ုပ်တို့နှစ်ဦးကို မိတ်ဆက်ပေးလိုက်သည်။

'ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ'

'ကျွန်မကလည်း ကိုကျော်စွာနဲ့တွေ့ရတာ ဝမ်းသာပါတယ်'

သည်တွင် ဦးစံသာက...

'ကဲ... လပဝါနဲ့ မောင်ကျော်စွာလည်း သိကျွမ်းကြပြီပဲ၊ ဆရာ သွားနေတုန်းမှာ ဒေါက်တာလပဝါနဲ့ ပြပေါ့'

'ဟုတ်ကဲ့ပါ ဆရာ'





ကျွန်ုပ်သည် အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် လှပသော လပဝါဆိုသည့် အမျိုးသမီးတစ်ဦးနှင့် စတင်ဆုံတွေ့ခဲ့သည်။

သူမ၏ မျက်နှာမှာ လေးနက်တည်ကြည်ပြီး ကျွန်ုပ်၏ ရောဂါကို ဆက်လက်ကုသပေးမည့် သမားကောင်းတစ်ဦးဖြစ်သည့်အတွက် သူမကို စတင်တွေ့ရစဉ်မှာပင် ကျွန်ုပ်မှာ သိမ်ငယ်သလိုလို၊ အားငယ်သလိုလို ခံစားလိုက်ရသည်။

ကျွန်ုပ်လည်း ဆရာဦးစံသာနှင့် ပြသပြီး အခန်းမှအထွက်တွင် အခန်းဝ၌စောင့်နေသည့် အမေ့အား ဆရာဦးစံသာ နိုင်ငံခြားခရီးသို့သွားရန်ရှိကြောင်း ပြောပြခဲ့သည်။

ထိုစဉ် ကျွန်ုပ်တို့သားအမိနှစ်ဦး၏အနားသို့ ဒေါက်တာလပဝါ ရောက်လာပြီး...

'အန်တီ... အန်တီက ဒေါ်ခင်မြင့်မြင့် ဟုတ်ပါသလား' အမေ၏အမည်ကို ဖော်ထုတ်မေးလိုက်သည်။

'ဟုတ်ပါတယ်ကွယ်'

'အန်တီ သမီးကို မမှတ်မိဘူးလား'

'ပြောရတာတော့ အားနာပါတယ်၊ ရုတ်တရက်ဆိုတော့ အန်တီ မမှတ်မိဘူးကွယ်'

'သမီးက မိုးကုတ်ကပါ၊ တွင်းပိုင် ဦးထွန်းဦးနဲ့ ဒေါ်ခင်မမတို့ရဲ့သမီး တူးတူးပါ၊ အခုတော့ ဒေါက်တာလပဝါပါ'

'ဪ... ကိုထွန်းဦးသမီး တူးတူးကိုး၊ မှတ်မိပြီ၊ မှတ်မိပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါထက် အန်ကယ်ရော'

'အေး··· အန်ကယ်က အိမ်မှာကျန်ခဲ့တယ်ကွယ့်၊ မင်းအန်ကယ်က တူးတူးကိုတွေ့ရင် အရမ်းဝမ်းသာမှာပဲ'

'ဖေဖေတို့တောင် ရှေ့တစ်ပတ်ထဲမှာ ရန်ကုန်ကိုလာလိမ့်မယ်'

'ကိုထွန်းဦးတို့ ခင်မမတို့ကို မတွေ့တာ ကြာပြီ၊ သူတို့လာရင် အိမ်ကိုခေါ်လာခဲ့ပါဦး၊ အရမ်းတွေ့ချင်တယ်'

'ဟုတ်ကဲ့ အန်တီ၊ ခေါ်လာခဲ့ပါ့မယ်'

'ဒီမှာ အန်တီရဲ့ လိပ်စာကတ်'

'ဟုတ်ကဲ့ အန်တီ'

'သမီးဖေဖေလာရင် ဆက်ဆက်ခေါ်လာခဲ့နော်'

'ဟုတ်ကဲ့ပါ အန်တီ'

ကျွန်ုပ်တို့ သားအမိနှစ်ဦးသည် ဒေါက်တာလပဝါအား နှုတ်ဆက်ပြီး အိမ်သို့ပြန်လာခဲ့သည်။ ကားပေါ်သို့အရောက်တွင် အမေက···

'သားက တူးတူးကို မမှတ်မိဘူးနဲ့တူတယ်'

'သားမသိဘူး အမေ'

'သူတို့နဲ့ကွဲသွားတုန်းက တူးတူးက ဆယ်နှစ်သမီး၊ သားက ခုနစ်နှစ်သားလောက်ပဲ ရှိသေးတာ'

'ဪ···'





'သား မိုးကုတ်က ဦးထွန်းဦးကို သိတယ်မဟုတ်လား'

'တွင်းပိုင်သူဌေး ဦးထွန်းဦးလား'

'ဟုတ်တယ်လေ၊ တူးတူးက ဦးထွန်းဦးရဲ့ တစ်ဦးတည်းသောသမီးပေါ့၊ ရန်ကုန်မှာ ကျောင်းသွားတက်တာ ကျောင်းပိတ်ရက်မှ မိုးကုတ်ကိုပြန်လာတာ၊ သားက မိုးကုတ်မှာနေပေမယ့် ကျောင်းပိတ်ရက်ကျတော့ ရန်ကုန်က အဘိုးတို့ အဘွားတို့ဆီမှာ သွားနေတော့ တစ်ယောက်နဲ့တစ်ယောက် သိပ်မတွေ့ကြဘူးပေါ့၊ မြင်တော့ မြင်ဖူးပါတယ်'

'အမှတ်တမဲ့ပဲ အမေ'

ထို့နောက် အမေက လပဝါ၏အကြောင်းကို ပြောပြခဲ့သည်။

တူးတူး၏ မိဘနှစ်ပါးမှာ တွင်းပိုင် ဦးထွန်းဦးနှင့် ဒေါ်ခင်မမတို့၏ တစ်ဦးတည်းသောသမီးဖြစ်သည်။ မေမေတို့ မိုးကုတ်တွင်နေစဥ်က မိတ်ဆွေများဖြစ်ပြီး ကျွန်ုပ်၏ဖခင် ဦးခင်မောင်စိုးကလည်း သူဌေးစာရင်းဝင် တွင်းပိုင်တစ်ဦးဖြစ်သည်။ ကျွန်ုပ်ခုနစ်နှစ်သားအရွယ်တွင် အဖေသည် ကျောက်အောင်ကာ ငွေကြေးအမြောက်အမြားရရှိသဖြင့် ရန်ကုန်မြို့ အင်းလျားလမ်းတွင် တိုက်နှင့်ခြံဝယ်ကာ ရန်ကုန်မြို့၌ပင် အခြေချနေထိုင်ခဲ့သဖြင့် သူတို့နှင့် ထိုအချိန်ကစပြီး ကွဲကွာခဲ့သည်။

ရန်ကုန်သို့ ရောက်ရှိခဲ့သည်မှာ ဆယ့်ငါးနှစ်ကျော်ခန့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မိခင်ကြီး၏ရုပ်ရည်မှာ များစွာပြောင်းလဲမှုမရှိသည့်အတွက် တူးတူးက မှတ်မိနေခြင်းဖြစ်သည်။

တူးတူးနှင့် တွေ့ဆုံခြင်းမှာ အမှတ်တမဲ့အဖြစ်သာ မှတ်ယူခဲ့သော်လည်း နောက်ပိုင်းကဏ္ဍများတွင် ကျွန်ုပ်ဘဝအတွက် အရေးပါအရာရောက်သောသူ ဖြစ်လာခဲ့မှန်း ထိုစဉ်က ကျွန်ုပ်မသိခဲ့ပေ။

ကျွန်ုပ်သည် ဆရာဝန်ကြီး ဦးစံသာ နိုင်ငံခြားသွားနေစဉ်အချိန်၌ ဒေါက်တာလပဝါနှင့် ပြသခဲ့သည်။ သူမကား စည်းစနစ်ကြီးသူဖြစ်ပြီး အလုပ်ကို တိတိကျကျလုပ်ဆောင်တတ်သူဖြစ်သည်။ ရောဂါနှင့်ပတ်သက်ပြီး ကျွန်ုပ်အား စစ်စစ်ပေါက်ပေါက်မေးတတ်သူ။

ကျွန်ုပ်၏ အိပ်မက်ဆိုးကြီးအကြောင်းကိုလည်း ဦးစံသာက ပြောပြထားသဖြင့် သူမက ခရေစေ့တွင်းကျ သိထားသူဖြစ်သည်။

'ကိုကျော်စွာ အခုတလော ရှင် အိပ်မက်ဆိုးကြီးတွေမက်သေးလား'

'မမက်သေးဘူး ဒေါက်တာ'

'ဒေါက်တာ မခေါ်ပါနဲ့ရှင်၊ ရှင့်အမေနဲ့ ကျွန်မတို့ဟာ ညွှေမျိုးတွေလို ရင်းနှီးတဲ့သူတွေပါ'

'ဒါဆို ကျွန်တော် ဘယ်လိုခေါ်ရမလဲ'





'ရပါတယ်၊ မမပဝါဆိုလည်း ဖြစ်ပါတယ်'

'ကောင်းပါပြီ မမပဝါ'

'တကယ်လို့ အိပ်မက်ဆိုးတွေမက်ရင် မမဆီကို ချက်ချင်းလာခဲ့ပါ'

'ဟုတ်ကဲ့ပါ မမ'

ထို့နောက် သူမနှင့် အမေသည် ရှေးဖြစ်ဟောင်းနှောင်းဖြစ်များကို ပြောရင်း စကားလက်ဆုံကျနေသည်။

အမေသည် ကျွန်ုပ် ကားတိုက်ခံရပြီးနောက်ပိုင်း၌ အမေ့မျက်နှာ၌ အပြုံးရိပ်များ ပျောက်ကွယ်ခဲ့သည်။

ယခုမူ မမလပဝါနှင့် တွေ့ချိန်၌ နှစ်ဦးသား စကားများပြောရင်း အပြုံးတွေ ဝေနေသည်။ အမေ့ကို အပြုံးရိပ်တွေဝေနေအောင်လုပ်ပေးခဲ့သူ မမလပဝါကို ကျွန်ုပ် လွန်စွာကျေးဇူးတင်မိသည်။

'မမ… အမေက ကျွန်တော် ကားတိုက်ခံရပြီးကတည်းက အမေ့ရဲ့မျက်နှာမှာ အပြုံးဆိုတာ မတွေ့ရတော့ဘူး'

'ဒါကတော့ ကိုကျော်စွာရယ်၊ ကိုကျော်စွာရဲ့ အမေကတစ်ဦးတည်းသောသားဆိုတော့ အရမ်းချစ်လို့ပေါ့'

'ဟုတ်တယ် တူးတူးရယ်၊ သားလေးအတွက် တစ်နေ့တစ်နေ့ ရတက်မအေးဘူးကွယ်၊ ဒါပေမဲ့ ဒီရောဂါကို ကုသပေးနိုင်တဲ့ တူးတူးကိုတွေ့မှပဲ အန်တီလည်း စိတ်ချမ်းသာတော့တယ်'



www.burmeseclassic.com

www.burmeseclassic.com



'အန်တီရယ်… မပူပါနဲ့၊ ကိုကျော်စွာဟာ ဦးနှောက်ကို ထိထားတော့ ရောဂါပျောက်ဖို့ စိတ်ရှည်ရှည်နဲ့ကုရမယ်၊ သဘော ကတော့ အချိန်ပေးရမယ်ဆိုပါတော့'

'အေးပေါ့ကွယ်၊ အချိန်ပေးရမယ်ဆိုတော့လည်း ပေးရ တာပေါ့၊ ရောဂါပျောက်ဖို့ အဓိကပါပဲ'

'ဟုတ်ပါတယ် အန်တီ'

ကျွန်ုပ်မှာတော့ အမေ့ကို အရိပ်တကြည့်ကြည့် ကြည့်နေ သူဖြစ်၍ အမေ စိတ်ချမ်းသာခြင်းကို ပီတိဖြစ်မိသည်။

ထိုသို့ဖြင့် မမလပဝါဆိုသည့် မိန်းမချောတစ်ဦးသည် ကျွန်ုပ်၏မိသားစုထဲသို့ တစ်ဦးတည်းသောမိတ်ဆွေအဖြစ် ရောက်ရှိ လာခဲ့သည်။

❑ ❑ ❑



## အခန်း(၄)
## နင်းပွင့်ကေရီနှင့် တွေ့ဆုံခြင်း

လပဝါ။

သူမ၏ အမည်လေးမှာ ဆန်းသလောက် နာမည်နှင့်လိုက် အောင် ချောမောလှပသူ။ ဆံပင်ရှည်ရှည်၊ အရစ်မြင့်မြင့်၊ အသား အရေက ဖြူဖွေးနုညက်နေသည်။ မျက်နှာအနေအထားမှာ အချော တွင် အယဉ်ဆင့်ကာ စင်ရော်တောင်မျက်ခုံးအောက်က တဖျတ် ဖျတ်တောက်နေသည့် ညို့မျက်လုံးပိုင်ရှင်။

သူမသည် ချောမောလှပသလို အတူးကုဆရာဝန်ဆို သည့် ဂုဏ်ပကာသနရှိသည်။ ကျောက်တွင်းပိုင်ရှင်သူဌေးကြီး၏ တစ်ဦးတည်းသောသမီးဖြစ်ပြီး အဘက်ဘက်က ပြည့်စုံသည်။ သူမကို ကာလသားတစ်သိုက်က ပြည့်စုံချမ်းသာမှုရှိသူဟု ဆိုကြ သည်။ သူမ၏အချစ်ကို ရယူလို၍ ကြိုးစားပိုးပန်းသူ မနည်းလှပေ။

သို့သော် လပဝါကား သူမရင်ထဲတွင် အချစ်စစ်ဖြင့်ချစ် ရမည့်သူကို မတွေ့သေးချေ။ သူမ၏မျက်နှာလေးမှာ ပြုံးချိုနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မည်သည့်သောကမျှ မရှိသူ။ ဆရာဝန်အလုပ်ကို ဝါသနာပါပြီး လူနာများကို ဆေးကုသနေရင်း ကျေနပ်ပျော်ရွှင်နေသူဖြစ်သည်။

ကျွန်ုပ်သည် သူမကိုတွေ့တိုင်း…

'သူ့ကို ငါ ဘယ်မှာမြင်ဖူးပါလိမ့်၊ တစ်နေရာရာမှာ တွေ့ဖူးတယ်လို့ ထင်တယ်'

ဤအတွေးများ ဝင်ခဲ့သည်။

တကယ်ပင် ကျွန်ုပ် သူမကို တွေ့ခဲ့ဖူးသည်။

မည်သည့်နေရာ၊ မည်သည့်ဒေသဟူ၍ ကျွန်ုပ် စဉ်းစား မရပေ။ တကယ်တော့ ကျွန်ုပ် သူမကို စိတ်ဝင်စားခြင်းမဟုတ်ပေ။ သို့သော်လည်း သူမ၏ပုံရိပ်တို့သည် ကျွန်ုပ်၏အာရုံတွင် စွဲမြဲထင်လာခဲ့သည်။

သူမနှင့် တစ်နေရာရာတွင် အတူတူရှိခဲ့ဖူးသလိုလို၊ ကျွန်ုပ်၏စိတ်တွင် သိသလို မသိသလိုနှင့် စဉ်းစားရခက်လှသည်။

ကျွန်ုပ်သည် ခုနစ်နှစ်အရွယ် ကလေးငယ်ဘဝက မိုးကုတ်မြို့မှ ထွက်လာခဲ့သည်။ လပဝါ၏ မိဘနှစ်ပါးဖြစ်သော ဦးထွန်းဦးနှင့် ဒေါ်ခင်မမကို တွေးကြည့်ရာ ရေးရေးပေါ်ခဲ့သော်လည်း သူတို့၏ သမီးဖြစ်သူ လပဝါ၏ ငယ်စဉ်ဘဝကို တွေးကြည့်ရာ ရေးရေးမျှမပေါ်ခဲ့ချေ။





ကျွန်ုပ်သည် သူမ၏အကြောင်းကိုစဉ်းစားနေစဉ် အိမ်ရှေ့ပေါ်တီကိုအောက်မှ…

'ပွမ်…'

'ပွမ်…'ဟူသော ကားဟွန်းသံကို ကြားလိုက်ရသည်။ အမေက ဘာဂျာတံခါးကို ဖွင့်ပေးစဉ်…

'အန်တီ'

ဟူသော အေးမြသည့် အသံကလေးကို ကြားလိုက်ရသည်။

'ဟာ… သမီး တူးတူးပါလား'

'ဟောဒီမှာ ဖေဖေနဲ့ မေမေလည်း ပါလာတယ်'

'အို… ဦးထွန်းဦးနဲ့ ဒေါ်ခင်မမတို့ပါလား၊ အိမ်ထဲကို ကြွပါ'

အမေက ဦးထွန်းဦးတို့ ဇနီးမောင်နှံကို ခရီးဦးကြိုပြုလိုက်သည်။ သူတို့အုပ်စုမှာ ဧည့်ခန်းတွင် ဝင်ထိုင်သောအခါ အမေက ကျွန်ုပ်ကို လှမ်းခေါ်လိုက်သည်။

'သားလေး… အောက်ထပ်မှာ ဧည့်သည်တွေရောက်နေတယ်'

'ဟုတ်ကဲ့ အမေ'

ကျွန်ုပ် ဧည့်ခန်းသို့သွားသောအခါ လပဝါနှင့်တကွ သူမ၏မိဘနှစ်ပါးကိုပါ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'သားလေး မင်း အန်ကယ်ဦးထွန်းဦးတို့ကို မှတ်မိလား'

'အန်ကယ် ဦးထွန်းဦးလား၊ နည်းနည်းတော့ မှတ်မိသလို လိုပဲ'

'မင်း ငယ်ငယ်တုန်းကလေ အိမ်မှာ ချောကလက်တွေ လာစားတာ မှတ်မိလား'

ဦးထွန်းဦးက ရယ်ရယ်မောမောနှင့် ကျွန်ုပ်ကို ဤသို့ ပြောလိုက်သည်။

'အဲဒါလည်း ရေးတေးတေးပဲ ခင်ဗျ'

'ဒါဆို တူးတူးကိုရော မှတ်မိလား'

'ဒါလည်း…'

'ရေးတေးတေးနဲ့ပဲ တူတယ်'

'ဟား… ဟား… ဟား…'

ကျွန်ုပ် မဖြေခင် ဦးထွန်းဦးက ဝင်ဖြေပြီး တဟားဟား ရယ်မောခဲ့သည်။ ဦးထွန်းဦးကို ကြည့်ရသည်မှာ ပျော်ပျော်ရွှင်ရွှင် နေတတ်ပြီး ပွင့်ပွင့်လင်းလင်းပြောတတ်သူဖြစ်ကြောင်း ကျွန်ုပ် သိလိုက်သည်။

အမေသည် လက်ဖက်ရည်နှင့် မုန့်မျိုးစုံဖြင့် ဧည့်ခံပြီး နောက်…

'ဒေါ်ခင်မမတို့နဲ့ ကျွန်မတို့ ကွဲသွားတာ တော်တော်ကြာ သွားပြီနော်'





'ဟုတ်တယ်၊ ဆယ့်လေးငါးနှစ်လောက်ရှိပြီနဲ့တူတယ်'

'ဟုတ်တယ်နော်၊ တစ်ယောက်နဲ့တစ်ယောက် အဆက် ပြတ်သွားတာ သမီးလေးတူးတူးကြောင့် ပြန်တွေ့ရတာ'

သည်တွင် ဦးထွန်းဦးက…

'သမီးလေးတူးတူးကြောင့် မဟုတ်ပါဘူး၊ သားလေး မောင်ကျော်စွာကြောင့်ပါ၊ သူသာ နေမကောင်းမဖြစ်ဘူးဆိုရင် ဒီလိုတွေ့ရမှာ မဟုတ်ဘူး'

'ဟုတ်ပါ့၊ ဟုတ်ပါ့'

တစ်ယောက်နှင့်တစ်ယောက် အတိုင်အဖောက်ညီလှပေ သည်။ သည်တွင် ကျွန်ုပ်၏ဖခင် ဦးခင်မောင်စိုးက…

'ကိုထွန်းဦးရေ… ကျုပ်သားကတော့ ခင်ဗျားရဲ့သမီး ကုမှပဲ ရောဂါသက်သာတော့တယ်'

'အေးဗျာ… ခင်ဗျားသားရဲ့ ရောဂါကို သမီးလေးကုသ ပေးလိုက်လို့ သက်သာတယ်ဆိုတာ ကြားရတော့ ကျုပ် အရမ်း ပီတိဖြစ်တယ်ဗျာ'

'ဒါကတော့ အမှန်တရားပဲဗျာ၊ သားရဲ့ရောဂါကို သက်သာ အောင် ကုသပေးလို့ သမီးလေးကို အရမ်းကျေးဇူးတင်ပါတယ်ဗျာ၊ ဖြစ်နိုင်ရင် တကယ့်သမီးအရင်းလေးလို မွေးစားလိုက်ချင်တယ်'

'ဦးခင်မောင်စိုး… ဒါတော့ လွန်ပြီဗျာ၊ ကျုပ်မှာ သား သမီးဆိုလို့ ဒီတစ်ယောက်ရှိတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ်ဗျာ၊ ကျုပ်ကတော့ ဆွေမျိုးတော်မှဖြစ်မယ်'

'ကဲ… ကြည့်လုပ်ပါဦး ဒေါ်ခင်မြင့်မြင့်ရေ၊ ခင်ဗျားရဲ့ အမျိုးသားကတော့ ငယ်ငယ်ကအကျင့်ကို မဖျောက်ဘူး၊ ကျုပ်ကို ရစ်နေပြီ'

'ဟား… ဟား… ဟား…'

မိဘနှစ်စုံမှာ ပြောမနာ ဆိုမနာသူများဖြစ်၍ ပြောချင်ရာ ပြောနေသော်လည်း ကျွန်ုပ်မှာ လပဝါ၏မျက်နှာကိုပင် မကြည့်ဝံ့အောင် အနေရခက်လှသည်။ မမလပဝါမှာ အထူးကုဆရာဝန် တစ်ဦးဖြစ်၍လားမသိ။ ခပ်ပြုံးပြုံးကလေးဖြင့် နားထောင်နေခဲ့သည်။

ထိုသို့ လပဝါ၏မိဘနှစ်ပါး လာလည်ခြင်းသည် သာမန် လာလည်ခြင်းဟု ထင်သော်လည်း နောက်ပိုင်းကဏ္ဍများတွင် ကျွန်တော့်ဘဝအတွက် အကြီးမားဆုံးသော ကံကြမ္မာအလှည့် အပြောင်းကို စတင်ယူဆောင်လာသူများဟုဆိုလျှင် မှားအံ့မထင်ချေ။

ကျွန်ုပ်နှင့် လပဝါမှာ လူကြီးဝိုင်းတွင် မထိုင်လိုသဖြင့်…

'မမ ညောင်းနေပြီလား၊ ပန်းခြံထဲမှာ သစ်ခွမျိုးစိတ်အသစ်တွေ ရှိတယ်၊ မမ လိုက်ကြည့်ပါလား'

'ကောင်းသားပဲ ကိုကျော်စွာ'





ကျွန်ုပ်တို့နှစ်ဦး ပန်းခြံထဲသွားကာ ဒန်းပေါ်တွင်ထိုင်ရင်း စကားပြောခဲ့ကြသည်။ ကျွန်ုပ်တို့ ပြောသည်ကား ထူးထူးခြားခြားစကား မဟုတ်ပေ။ ကျွန်ုပ်၏ အိပ်မက်အကြောင်းပင် ဖြစ်သည်။

'ကိုကျော်စွာကို အေးအေးဆေးဆေးကျမှ မေးမယ်လို့ အောက်မေ့ထားတာ'

'မေးပါ မမပဝါ'

'ကိုကျော်စွာရဲ့ အိပ်မက်အကြောင်းပါ၊ ဆရာကြီးက ပြောပြပေမယ့် ကိုကျော်စွာဆီက တိတိကျကျစကား တစ်ခါမှ မကြားခဲ့ရဘူး၊ ဒါကြောင့် ပြောပြပါလား'

'ဪ… ဒါလား'

'ဟုတ်ကဲ့ ပြောပါ'

သူမကို ပြောပြမည့် အိပ်မက်အကြောင်းမှာ ကျွန်ုပ်၏ မျက်စိထဲတွင် ရုပ်ရှင်ပြသကဲ့သို့ ပေါ်လာခဲ့သည်။

'ဆီးနှင်းများ ဖုံးလွှမ်းနေသော နှင်းတောင်တန်းကြီးရယ်၊ ရေလစ်မှုန်းချွန်းရှိတဲ့ တောင်ထိပ်များက မိုးသို့ထိုးလုလုဖြစ်နေတာရယ်၊ တောင်တန်းကြီးရဲ့ တစ်ဝက်လောက်မှာ ထင်းရှူးပင်များနဲ့ အခြားသစ်ပင်တွေပေါက်နေတာ တွေ့ရတယ်'

'အဲဒီတောင်တန်းကြီးရဲ့ အရှေ့ဘက်မှာ လူနေအိမ်ခြေ မြို့ပြတွေနဲ့ စည်ကားနေတာ တွေ့ရတယ်၊ မြို့တော်ကြီးအတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



လူအများက ခြေကျင်တစ်မျိုး စွပ်ဖားဖြင့်တစ်ဖုံ မြင်းများစီးပြီး သွားလာနေကြတယ်'

'ဒီနောက်မှာတော့ နှင်းတောင်တန်းရဲ့ ဆင်ခြေလျှော တစ်နေရာမှာ ကောင်မလေးနှင့် ကောင်ကလေးတစ်ယောက်ဟာ အဲဒီဆင်ခြေလျှော ရေခဲပြင်မှာ ပြေးလွှားဆော့ကစားနေကြတယ်။

'နောက်တော့ သရဖူဆောင်းထားသည့် မိန်းကလေး တစ်ဦး ရောက်ရှိလာပြီး ကောင်မလေးကို နှင်တံနဲ့ရိုက်တာကို ကောင်လေးက ကြားဝင်ခံခဲ့တယ်'

'အဲဒီရိုက်ချက်တိုင်း ကျွန်တော့်မှာ ကျောအောင့်ခံစားရ ရပြီးတော့ အိပ်ရာကလန့်နိုးလာခဲ့တယ်၊ အိပ်ရာကနိုးတဲ့အချိန်မှာ လည်း အရမ်းနွမ်းနယ်ပြီး အရိုက်ခံထားရတဲ့လူလို နုံးချွေနေတယ်'

ကျွန်ုပ်က ပထမအိပ်မက်အကြောင်း အစအဆုံး ပြောပြ ရာ...

'ဟုတ်ပြီ၊ အဲဒါဟာ ရောဂါရဲ့ အတိမ်အနက်ပဲ၊ မမက အဲဒီအကြောင်း စာတန်းပြုစုရမယ်'

'မမရယ် ကျွန်တော့်ရဲ့အဖြစ်က စာတန်းပြုစုလောက် အောင် ဖြစ်နေလို့လား'

'ကိုကျော်စွာ ဒီအဖြစ်မျိုးက ရှားတယ်၊ မှတ်တမ်းတင် ဖို့ လိုအပ်တယ်လို့ မမ ထင်တယ်'

'ဩော်...'





'ဒါနဲ့ နောက်ထပ်မက်တဲ့ အိပ်မက်အကြောင်း ဆက်ပြော ပါဦး'

'နောက်အိပ်မက်က ပထမအိပ်မက်နဲ့ ဆက်စပ်နေတယ်'

'ဘယ်လိုဆက်စပ်နေတာလဲ'

'ပထမအိပ်မက်ရဲ့ အဆက်လို့ ပြောရမလားပဲ'

'ဆက်ပြောပါ ကိုကျော်စွာ'

'ပထမအိပ်မက်ထဲက ကောင်လေးနဲ့ ကောင်မလေးက ကြီးသွားပြီ၊ အပျို လူပျိုဖြစ်လာတဲ့အရွယ်ပေါ့၊ ကောင်လေးက ခရီးအဝေးကြီးက ရေခဲတောင်တန်းတစ်နေရာသွားပြီး ဂန္ဓမာပန်း လိုလို ပန်းတွေခူးလာပြီး ကောင်မလေးကို ပေးတယ်၊ ကောင်မ လေးက ကျောက်ထုနေတဲ့လူတွေကို ရေနွေးအိုးတည်ပြီး လိုက်ဝေ နေတဲ့အချိန်ပေါ့။ အဲဒီအချိန်မှာ သရဖူနဲ့ဘုရင်မ ရောက်လာတယ်၊ ဘုရင်မကလည်း အသက်နှစ်ဆယ်ကျော်အရွယ်ပဲ၊ ကြီးလာပြီဆိုပါ တော့'

'ဟုတ်ပြီ၊ ဆက်ပြောပါဦး'

'အဲဒီသရဖူနဲ့ ကောင်မလေးက ရေနွေးအိုးကျိုနေတဲ့ ကောင်မလေးကို ပန်းစည်းယူရပါ့မလားဆိုပြီး နှင်တံနဲ့ရိုက်တော့ တာပဲ'

'အဲဒီအခါမှာရော ကောင်လေးက ဝင်မခံဘူးလား'

'ဝင်ခံတဲ့အချိန်တောင် မရောက်သေးဘူး၊ ကျွန်တော် လန့်နိုးလာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် အဲဒီအိပ်မက်သာ ဆက်မက်ရင် ဟိုကောင်လေးက အရိုက်ခံရဖို့ ရှိနိုင်တာပေါ့'

'ရှိနိုင်ပါတယ်၊ အဲဒီမှာ တစ်ခုပြောဖို့ကျန်သွားတယ်၊ နှင်တံနဲ့အရိုက်ခံရတဲ့ ကောင်လေး ကြီးလာတော့ ကျွန်တော်ဖြစ်သွားတယ်'

'ဒါဆိုရင် ကောင်လေးက ကိုကျော်စွာပဲပေါ့'

'အဲဒီသဘောပဲ မမပဝါ'

'ဒီအိပ်မက်ကလည်း ရောဂါနဲ့ဆက်စပ်နေတယ်လို့ မမထင်တယ်၊ ဦးနှောက်ရဲ့ အာရုံကြောတွေထဲမှာ သာမန်မဟုတ်သေးတဲ့ ဆဲလ်တွေ ဒါမှမဟုတ် အာရုံကြောငယ်ကလေးတွေ နီးကြားမှု ပုံမှန်မဖြစ်သေးဘူးဆိုတဲ့ လက္ခဏာပဲ၊ အခုရော အိပ်မက်မက်သေးလား'

'အခုထိတော့ မမက်သေးဘူး မမပဝါ'

မမပဝါက ကျွန်ုပ်၏ရောဂါအကြောင်းကို ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားနေသည်။ သည်တွင် အမေ ရောက်လာပြီး…

'သမီး တူးတူးရေ၊ သမီးတို့အမေနဲ့ အဖေက ပြန်တော့မယ်တဲ့'

'ဟုတ်ကဲ့ပါ အန်တီ'

'အေး… အေး…'

'ဒါဆို မမ ပြန်လိုက်ဦးမယ် ကိုကျော်စွာ၊ နောက်မှတွေ့ကြတာပေါ့'





'ဟုတ်ကဲ့ မမပဝါ'

သူမက ဒန်းစီးရာမှ မတ်တတ်ရပ်လိုက်သည်။

သူမသည် ကျွန်ုပ်အား နှုတ်ဆက်ကာ ပြန်သွားခဲ့သည်။ ထိုစဉ် ကိုနိုင်ကြီးအုပ်စုမှာ ကျွန်ုပ်ဆီသို့ လာလည်ရင်း မမလပဝါကို တွေ့မြင်သွားရာ…

'ဟေ့ကောင် ကျော်စွာ၊ အဲဒါ ဘယ်သူလဲ'

'ဆရာဦးစံသာရဲ့လက်ထောက် ဦးနှောက်နဲ့ အာရုံကြောအထူးကုဆရာဝန် ဒေါက်တာလပဝါတဲ့'

'နာမည်ကလေးက လှလိုက်တာ'

'နာမည်ကလေးက လှသလို လူကလည်း အတော်ချောတာပဲ'

'ဟေ့ကောင်တွေ… ချောမနေနဲ့၊ သူက ငါ့ကို ဆေးကုပေးနေတဲ့ ဆရာဝန်'

'မင်းက ဘုန်းကြီးလှချေလား၊ ဆေးကုတဲ့ဆရာဝန်ကတောင် အိမ်တိုင်ရာရောက် လာကုရတယ်လို့'

'ဆေးကုဖို့လာတာ မဟုတ်ပါဘူးကွာ၊ သူ့မိဘနဲ့ ငါ့မိဘက မိုးကုတ်မှာကတည်းက အရမ်းခင်တဲ့ မိတ်ဆွေတွေပေါ့ကွာ၊ ဆေးခန်းမှာ ငါ သွားပြရင်းနဲ့ ငါ့အမေနဲ့ အဲဒီဆရာဝန်မနဲ့တွေ့ပြီး အတိတ်အကြောင်း တူးဖော်ကြမယ်ဆိုပါတော့ကွာ'

'ဩော်… ဒါဆို ပေါက်ပြီကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပေါက်တာလဲ'

'မင်းတို့ကို သားရေးသမီးရေး ဆွေးနွေးတိုင်ပင် နှားဖောက်ဖို့လာတာနဲ့တူတယ်'

'မင်းတို့ထင်တာ တစ်ခုမှမဟုတ်ဘူး၊ သူတို့က အခုလည်း မိုးကုတ်မှာပဲနေတာ၊ ရန်ကုန်လာရင်း ငါတို့အိမ်ကို ဝင်လည်တာ'

'ဟေ့ကောင်ရေ… ဒါမျိုးတွေ ရှိးနေပြီ၊ နောက်တော့မှ ဒေါက်တာမလေးရယ်၊ ကျွန်တော့်သားရဲ့ ရောဂါကို တစ်သက်လုံး ကုသပေးဖို့ အပ်ပါတယ်ဆိုပြီး မင်းကို အဲဒီမမကြီးရဲ့ လက်ထဲကို အပ်လိုက်မှာ'

'ဟေ့ကောင်တွေ… ငါ့ကို မမနဲ့ မစနဲ့ကွာ၊ သူနဲ့ ငါက အသက်ငါးနှစ်တောင်ကွာတယ်'

'ဒါကတော့ကွာ၊ ကြီးရင်မို ငယ်ရင်ချိုဆိုတဲ့ စကားပုံ ဘယ်သွားထားမလဲ'

'လဲမယ်ဆိုရင် မမကြီးရဲ့ရင်ခွင်ထဲ မှီချလိုက်၊ မှီချလိုက်'

'ခွေးကောင်တွေ'

'ဟား… ဟား… ဟား…'

'လူမိတော့ ရှက်သွားပြီဟေ့'

'ဟား… ဟား… ဟား…'

ကျွန်ုပ်တို့အုပ်စုက တွေ့တာနဲ့ ရယ်ရွှင်ဖွယ်ရာ ပျော်စရာ အတိဖြစ်ခဲ့သည်။





သည့်နောက် သူတို့အုပ်စုနှင့် လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ခဲ့သည်။ သူတို့မှာ မမပဝါကို ယနေ့မှ မြင်ဖူးခဲ့ရာ မမပဝါ၏ အလှအပကို ဟိမဝန္တာချီးမွမ်းခန်းဖွင့်သူ ဖွင့်။

'အဲဒီအမျိုးသမီးနဲ့ရမယ့်လူကတော့ တော်တော်ကံကောင်းမှာပဲ'

'ဘာဖြစ်လို့လဲ'

'ဥစ္စာပေါ ရုပ်ချော အလိမ္မာ အိမ်ပါ၊ အမေနဲ့တည့်'

'ဟေ့ကောင်တွေ… မမပဝါအကြောင်းကို မင်းတို့ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်နေသလား၊ မင်းတို့ထဲက ဘယ်သူကြိုက်လဲ'

'ငါတို့သုံးယောက်စလုံးက ကြိုက်တယ်ကွာ၊ ဒါပေမဲ့ ကြည့်ရတာ မမမဟာ မင်းအတွက် မွေးဖွားလာတဲ့လူလို့ ငါတို့ထင်တယ်'

'ဟုတ်တယ်၊ ကိုနိုင်ကြီးထင်ရင် မမှားဘူး'

'မမှားပါဘူး၊ တလွဲချည်းပဲ'

'တောက်… ခွေးကောင်တွေ၊ မင်းတို့ ဒီလောက်ပြောရင် ဒီဝိုင်းက လက်ဖက်ရည်ဖိုး မရှင်းတော့ဘူး'

'ဒါတော့ တောင်းပန်ပါတယ်၊ မလုပ်ပါနဲ့ကွာ'

ကိုနိုင်ကြီးတို့အုပ်စုက မမပဝါနှင့်ပတ်သက်ပြီး ကျွန်ုပ်ကို စကြ နောက်ကြသည်။ သူတို့ စနောက်မည်ဆိုလည်း စနောက်



www.burmeseclassic.com

www.burmeseclassic.com



ချင်စရာကောင်းအောင် မမပဝါက ချောလွန်း လှလွန်းသည်။

ကျွန်ုပ်နှင့် မမပဝါမှာ ရေးရေစက်ကြောင့်ဟုပင် ဆိုရလေမလား။ မကင်းနိုင်သည့် ဆက်စပ်မှုများ ရှိနေသည်။

ကျွန်ုပ်က မမပဝါရှိရာ ဆေးခန်းသို့ သွားပြရသလို မမပဝါကလည်း သူမ၏ အားလပ်ရက်များတွင် အကြောင်းအမျိုးမျိုးနှင့် အိမ်ကိုရောက်လာတတ်သည်။

အားလပ်သည့် တနင်္ဂနွေနေ့များတွင် အမေက အုန်းနို့ခေါက်ဆွဲချက်၍ မမပဝါကို ဖိတ်ကြားသဖြင့် မမပဝါ ရောက်လာတတ်သည်။ အဖေတို့ အမေတို့နှင့် ခဏတာစကားပြောပြီး စကားဝိုင်းတွင် ကျွန်ုပ်တို့နှစ်ဦးသာ ကျန်ခဲ့သည်။

ကျွန်ုပ်တို့နှစ်ယောက် စကားဝိုင်းတွင် ရောက်တတ်ရာရာ ပြောရင်း နောက်ဆုံး နှင်းပွင့်မြို့တော်ဆီသို့ ရောက်သွားခဲ့သည်။

‘နှင်းပွင့်မြို့တော်နဲ့ပတ်သက်ပြီး အရင်က သူများပြောတာ ကြားဖူးသလား ကိုကျော်စွာ’

‘တစ်ခါမှ မကြားဖူးဘူး’

‘ဒါဖြင့် အဲဒီမြို့တော်ကို ရောက်သွားတဲ့အခါမှာ တစ်ခါမှ မရောက်ဖူးတဲ့အနေအထားနဲ့ တွေ့တာလား’

‘မဟုတ်ဘူး၊ ကျွန်တော်ဟာ အဲဒီ နှင်းပွင့်မြို့တော်က လူတစ်ယောက်အဖြစ်နဲ့ တွေ့တာ’

‘မင်းပြောတဲ့ သရဖူနဲ့ ကေရီမဖုရားဆိုတဲ့ အမျိုးသမီးရဲ့





မျက်နှာကိုရော ကောင်းကောင်းမှတ်မိသလား၊ ဘယ်သူနဲ့တူလဲ၊ ဥပမာ ရုပ်ရှင်မင်းသမီး တစ်ဦးဦး၊ အဆိုတော်တစ်ဦးဦးနဲ့ တူသလား’

‘အင်း… သူ့ရဲ့ မျက်နှာကိုတော့ ကောင်းကောင်းမမြင်ရဘူး၊ ဒါပေမဲ့ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ ဆံပင်ရှည်ရှည်ပဲ၊ ပုံသဏ္ဌာန် ကိုယ်နေဟန်ထားအရ ပြောရမယ်ဆိုရင် မမပဝါနဲ့ တော်တော်ဆင်တယ်’

‘ဟော… ကိုကျော်စွာကတော့ ပြောရင်းနဲ့ ဖောက်လာပြန်ပြီ’

‘ဖောက်လာတာ မဟုတ်ပါဘူး၊ မျက်နှာလည်း သေသေချာချာမတွေ့ရလို့ အတပ်မပြောနိုင်ပါဘူး၊ ပုံသဏ္ဌာန်က မမနဲ့ဆင်သလိုလိုဖြစ်နေလို့ပါ’

‘ဖြစ်မှဖြစ်ရလေ ကိုကျော်စွာရယ်၊ မမက ရှင့်အိပ်မက်ထဲက မိန်းမကြမ်းကြီးတောင် ဖြစ်နေပါပကောလား’

‘ဆောရီး မမပဝါ၊ ကျွန်တော်က ဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး၊ ကျွန်တော့်ရဲ့ စိတ်ရင်းအတိုင်း ကျွန်တော့်စိတ်ထဲက ထင်တာကို ပြောတာပါ’

‘တန်တော့ ကိုကျော်စွာကို မမက မင်းနဲ့ တွေ့တိုင်း အိပ်မက်အကြောင်းပဲ မေးနေတာဆိုတော့ နောက် မမေးဝံ့အောင် ပြောတာတော့ မဟုတ်ပါဘူးနော်’



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုမဟုတ်ပါဘူး မမပဝါ'

'မမလည်း မင်းပြောတဲ့ နှင်းပွင့်မြို့တော်ကို စိတ်ဝင်စားတယ်၊ မမကတော့ အဲဒီလိုမျိုး တစ်ခါမှ အိပ်မက်မမက်ဖူးပါဘူး၊ ဒါပေမဲ့ မမက ယယ်ယယ်ကလေးကတည်းက အအေးကြိုက်တယ်၊ ဆောင်းကိုလည်း ချစ်တယ်၊ ယယ်ယယ်ကဆို အဲဒီလို နှင်းခဲအေးအေးတွေကြားမှာ အရမ်းကစားချင်တာပဲ'

'ဟုတ်ပါတယ် မမရယ်'

ကျွန်ုပ်မှာ သူမနှင့် စကားပြောနေစဉ်မှာပင် နှင်းပွင့်မြို့တော်ကြီးဆီသို့ ရောက်သွားသည်ဟုပင် စိတ်မှာခံစားခဲ့ရသည်။

ထို့နောက် သူမက ဆက်၍မေးခဲ့သည်။

'ဒါနဲ့ ကိုကျော်စွာ နှင်တံနဲ့အရိုက်ခံရတဲ့ မိန်းကလေးရဲ့ မျက်နှာကိုရော မှတ်မိသလား'

'အဲဒီမျက်နှာကလေးကိုတော့ ကျွန်တော် ကောင်းကောင်းမှတ်မိတယ်၊ သူ့မျက်နှာကလေးက အသားဖြူဆွတ်နေပြီး နှုတ်ခမ်းကလေးက ရဲနေတယ်၊ ရဲနေတာကလည်း နှုတ်ခမ်းနီဆိုးထားလို့ ရဲနေတာ မဟုတ်ဘူး၊ ပင်ကိုသဘာဝကိုက ရဲနေတာ၊ နောက်ပြီး သူ့မျက်နှာက ဖူးဖူးကလေး၊ တစ်ခါတွေ့တာနဲ့ မှတ်မိတဲ့ ရုပ်ရည်မျိုးပဲ၊ နောက်ပြီး သားမွေးဦးထုပ်အဝိုင်းလေးကို ဆောင်းထားတဲ့ မျက်နှာကလေးက အက်စကီမိုးမလေးလိုပဲ'

'ဒါဆို အိပ်မက်ထဲက ကောင်မလေးက အရမ်းလှတယ်ပေါ့ ဟုတ်လား'





'ဟုတ်တယ် မမ'

မမက ကျွန်ုပ်၏ ပြောစကားများကို ခေါင်းတဆတ်ဆတ်ညိတ်ပြီး နားထောင်နေခဲ့သည်။ သို့သော်လည်း သူမ၏ မျက်နှာပေါ်တွင် အလိုမကျခြင်း အရိပ်အယောင် ပေါ်လွင်နေသည်။ မမ ဘာကြောင့် အလိုမကျမှန်း ကျွန်တော် မသိခဲ့ပါ။

မမနှင့် ကျွန်ုပ်၏ ဆက်ဆံရေးမှာ တစ်နေ့တခြား ရင်းနှီးလာခဲ့သည်။ သူမက ကျွန်ုပ်ဆီမှ ချစ်မေတ္တာစကားကို မျှော်လင့်နေပုံရသည်။

ကျွန်ုပ်ကလည်း ကိုယ့်ကိုယ်ကိုယ် မေးမိသည်။

'မမလပဝါကို တကယ့်ခံမေတ္တာစိတ်နဲ့ ချစ်မိလေသလား'

ဤမေးခွန်းအတွက် တိကျသောအဖြေကို မရရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်လည်း မိတ်မပျက် ဝတ်မပျက် ခင်မင်ရင်းနှီးစွာ ဆက်ဆံနေခဲ့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)
## ရဝမ်မလေး ဂျာရယ်

ကျွန်ုပ်ဘဝ၏ ကံကြမ္မာ တစ်ဆစ်ချိုးအကွေ့ကလေး တစ်ခု။ သည်အဖြစ်အပျက်တို့သည် ဘဲဥအစရှာမရသကဲ့သို့ ရှုပ်ထွေးနေသည်။ ကျွန်ုပ်၏ဘဝထဲသို့ တန်းတန်းမတ်မတ် ဝင်လာခဲ့သည်။

သည်နေ့ကား တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲနေ့ပင် ဖြစ်ပေသည်။

ကျွန်ုပ်သည် အားကစားထဲတွင် အပြေးပြိုင်ခြင်းကို လွန်စွာဝါသနာပါသူဖြစ်သည်။ ဝါသနာပါရသည့်အကြောင်းရင်းလည်း ရှိသည်။

ဤအကြောင်းမှာ ငယ်စဉ်ကတည်းက ကျွန်ုပ် အပြေးသန်သည်။ သက်တူရွယ်တူများနှင့် အပြေးပြိုင်တိုင်း ကျွန်ုပ်ပင် အနိုင်ရခဲ့သည်။





ကိုယ် အနိုင်ရမှန်းသိသောအခါ အလိုလို ပြိုင်ချင်လာသည်။ ကျွန်ုပ်သည် ပြေးခြင်းကို ဝါသနာပါသည့်အလျောက် တာတိုမပြေးလိုဘဲ ခပ်ဝေးဝေးသို့သာ ပြေးလိုသည်။

တာဝေးပြေးတိုင်း ကျွန်ုပ်၏ ခန္ဓာကိုယ်လေးမှာ လေထဲတွင် လွင့်ခနဲ လွင့်ခနဲ။

ဤခံစားမှုမျိုးကား မည်သည့်အရာနှင့်မျှ မလဲနိုင်အောင် ဖြစ်ရသည်။ လေထဲတွင်လွင့်မျောနေခြင်းသည် ကျွန်ုပ် အင်မတန် ကြိုက်နှစ်သက်သည့် ပီတိအာရုံပင် ဖြစ်သည်။

ကျွန်ုပ်မှာ မကစားရလျှင် မနေပေါင်ဟူသည့် လူတန်းစားမျိုးဖြစ်သည်။ သို့သော်လည်း မတော်တဆ ကားတိုက်ခံရပြီးနောက်ပိုင်းတွင် ကျွန်ုပ်မှာ လွန်စွာချစ်မြတ်နိုးလှသော အားကစားကို ရပ်နားထားရသဖြင့် စိတ်ထဲတွင် မခံချိမခံသာအောင် ဖြစ်နေသည်။

တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲရှိသဖြင့် ကျွန်ုပ်မှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့်တိုင် မိခင် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်ကြီးမှ အားကစားသမားများကို အားပေးရန်အတွက် ကွင်းထဲသို့ ရောက်ရှိလာခဲ့သည်။

ကျွန်ုပ်နှင့်အတူ ကိုနိုင်ကြီး၊ ဝင်းဆွေနှင့် ဆန်နီတို့လည်း လိုက်ပါလာခဲ့သည်။ အားကစားပြိုင်ပွဲကို ဖွင့်လှစ်ကြောင်း ကြေညာပြီးသည့်နောက် တာတိုအပြေးပြိုင်ပွဲများ စတင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတာတို မီတာ ၁၀၀၊ ၂၀၀ ပြိုင်ပွဲတွင် ကျွန်ုပ်တို့ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ မြသူဇာက ပထမဆုကို ဆွတ်ခူးသွားခဲ့သည်။ မြသူဇာမှာ တတိယနှစ်ကျောင်းသူဖြစ်ပြီး ကျွန်ုပ်နှင့် လေ့ကျင့်ဖော် လေ့ကျင့်ဖက်ဖြစ်၍ သူမကို လက်ခုပ်သံတဖြောင်းဖြောင်းနှင့် အားပေးခဲ့သည်။

ထို့နောက် အမျိုးသမီး မီတာ ၄၀၀ ပွဲစဉ် ကျင်းပခဲ့သည်။ မြသူဇာလည်းပါသည့်အတွက် ကျွန်ုပ်တို့အုပ်စုမှာ အားပေးရင်း ကြည့်ရှုနေခဲ့သည်။ မြသူဇာလည်း နံပါတ်တစ်လိုင်းတွင် နေရာယူလိုက်သည်။

နံပါတ်နှစ်လိုင်းတွင် အမျိုးသမီးကလေးတစ်ယောက်က နေရာယူလိုက်ရာ ကျွန်ုပ်လည်း အမှတ်တမဲ့ ကြည့်နေမိသည်။

သူမမှာ ဖြူဆွတ်သောအသားအရေရှိပြီး သူမသည် အဖြူရောင်တီရှပ်နှင့် အဖြူရောင်ဘောင်းဘီတိုကို ဝတ်ဆင်ထားပြီး တာစထွက်ရန် ဆင်ခြေလျှောပုံသဏ္ဌာန်သစ်သားခုံကို ခြေကန်ထားသည်။

'ဒိုင်း…'

ဟူသော တာထွက်ရန် သေနတ်ဖောက်လိုက်သည်နှင့် အပြေးမယ်များ စွမ်းအားရှိရှိ အရှိန်ပြင်းပြင်းနှင့် တာထွက်ခဲ့သည်။ ကွင်းလယ်လောက်ရောက်သည်နှင့် နံပါတ်နှစ်လိုင်းတွင် ပြေးနေသော အဖြူရောင်အမျိုးသမီးကလေးမှာ အပြေးမယ်များကြားတွင် ထိုးဖောက်ကာ ပေါ်ထွက်လာခဲ့သည်။





သူမ၏ ခြေလှမ်းကျဲကြီးဖြင့် လေထဲတွင် ဝဲပျံနေသကဲ့သို့ ပြေးခဲ့သည်။ သူမ၏ ခြေထောက်နှစ်ချောင်း၏ ပြေးဟန်မှာလည်း ခြားရဟတ်လည်နေသကဲသို့ ခြေထောက်တစ်ချောင်းနှင့် တစ်ချောင်းမှာ မြေကြီးပင် ထိမှထိပါလေစဟူ၍ပင် ဖြစ်သည်။

သူမ၏ ပြေးဟန်မှာ ကျွန်ုပ်၏ ပြေးဟန်နှင့် လွန်စွာတူလှပေသည်။ ဤခြေလှမ်းပုံကိုကြည့်သည်နှင့် နှံ့ကျွံသန်သည့် အပြေးသမားတစ်ယောက်၏ဟန်ဖြစ်ကြောင်း သိသာလှပေသည်။

သည်ခြေလှမ်းမျိုး၊ သည်အပြေးမျိုးသည် ယှဉ်ပြိုင်ဘက်များကို အလွယ်တကူ အနိုင်ယူမည့် ခြေလှမ်းမျိုးပင်။

သူမ၏ ပြေးဟန်ကိုကြည့်ရင်း…

'မြသူဇာတော့ ပထမရမှရပါ့မလား မသိဘူး'

ကျွန်ုပ် တွေးပူမိသည်။

ဟော… ပြေးရင်း ပြေးရင်း ပန်းဝင်ကာနီးပြီ။ အဖြူရောင်ဝတ်စုံပိုင်ရှင် သူမသည် မြသူဇာ၏ရှေ့မှ ပြေးနေပြီး အတော်ကွာလာခဲ့သည်။ သူမသည် ထိပ်ဆုံးမှ ယှဉ်ပြိုင်နေသည်။

ပြေးရင်း ပြေးရင်း ပန်းဝင်ခဲ့ပြီ။

ကျွန်ုပ် ထင်သည့်အတိုင်း အဖြူရောင်ဝတ်စုံပိုင်ရှင် သူမသည် မီတာ ၄၀၀ တွင် ပထမဦးဆုံး ပန်းဝင်လာခဲ့သည်။ မြသူဇာမှာ နှစ်နှစ်ဆက်တိုက် ဗိုလ်ဆွဲခဲ့သူဖြစ်ပြီး ယနေ့ပြိုင်ပွဲတွင်လည်း ဒုတိယသာ ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုမိန်းကလေး၏ ပြေးဟန်ကိုကြည့်ရင်း အမှတ်တမဲ့မှ အမှတ်တရအဖြစ် ကြည့်နေမိသည်။ ထို့နောက် သူမသည် မီတာ ၈၀၀ ကို ဝင်ရောက်ပြေးခဲ့သည်။

ကျွန်ုပ်သည် မည်သို့ဖြစ်မှန်းမသိ။ သူမ၏ ပွဲစဉ်များကို လိုက်လံကြည့်နေမိသည်။

သူမသည် မီတာ ၈၀၀ အပြေးပြိုင်ပွဲဝင်ရန် ကွင်းထဲသို့ ရောက်နေသည်။ ပြိုင်ပွဲများသည် မီတာ ၈၀၀ စတင်ပြေးရသည့် အတွက် တာထွက်တွင် ခပ်မှန်မှန်သာပြေးခဲ့သည်။ သူမကလည်း ခပ်မှန်မှန်ပဲ ပြေးခဲ့သည်။ သူများတကာ ခပ်မှန်မှန်ပြေးသည့်အထဲ တွင် သူမမှာ မောပန်းသည်မရှိဘဲ ရှေ့ကဦးဆောင်ကာ ပြေးနေ သည်။ ဘောလုံးကွင်းတစ်ပတ်မှာ မီတာ ၄၀၀ ရှိသည်။ အား ကစားသမားများမှာ မီတာ ၄၀၀ ကွင်းတစ်ပတ်ပြေးပြီးနောက် ကျန်တစ်ပတ်တွင် စတင်ကာ အားစိုက်၍ပြေးခဲ့ကြသည်။

သူမလည်း ခြေလှမ်းကျဲကြီးများဖြင့် အားစိုက်ပြေးခဲ့ရာ ပြိုင်ပွဲဝင်များနှင့် မီတာ ၄၀၀ လောက် ပြတ်ထွက်ကာ ရှေ့မှ ဦးဆောင်နေသည်။ သူမ၏ခြေလှမ်းကို ကြည့်ရုံနှင့် သည်ပြိုင်ပွဲ တွင် သူမသာလျှင် ပထမရမည်ဟု အတပ်သိ ထင်မြင်ခဲ့သည်။

ပြိုင်ပွဲဝင်များသည် ပန်းဝင်ရန် ကြိုးစားပြီး ယှဉ်ပြိုင်နေ ကြသည်။ သူမ၏ ခြားရပာတ်သဖွယ် ခြေလှမ်းများကို မည်သူမျှ လိုက်မမီခဲ့ပေ။





တဖြည်းဖြည်း ပန်းတိုင်နှင့် နီးလာချေပြီ။

သူမသည် ပန်းတိုင်နှင့်နီးလေလေ ပို၍အားစိုက်ကာ ပြေးလေလေ။ သူမကို ကြည့်ရသည်မှာ လေတွင် ပျံဝဲနေသကဲ့သို့ လွန်စွာကြည့်ကောင်းလှပေသည်။

ကျွန်ုပ်မှာ အားကစားစိတ်ဓာတ် ပြင်းထန်သူပီပီ လွန်စွာ မပြေးတော်သည့် သူမကို လက်ခုပ်တီးပြီး အားပေးလိုက်သည်။ ထို့နောက် ကျွန်ုပ်နှင့် ယှဉ်ပြိုင်ဘက်ဖြစ်သော ကိုသီဟကြီးကို လည်း သွားရောက်အားပေးခဲ့သည်။

ကိုသီဟကြီးမှာ တာဝေးပြိုင်ပွဲတွင် ကျွန်ုပ် မပြိုင်သည့် အတွက် သူ ပထမရခဲ့သည်။

'ကိုသီဟကြီး… ခင်ဗျား ဒီပွဲမှာ ပထမရတာ ကျွန်တော် ရမ်းလည်း ဝမ်းသာတယ်၊ ဂုဏ်လည်းယူတယ်'

'ကျေးဇူးတင်ပါတယ် ကိုကျော်စွာ၊ ဒီပွဲမှာ မင်းအနားယူ ပြီ ငါ ပထမရတာပါ'

'ဒီလိုလည်း မဟုတ်ပါဘူး၊ ဒီပွဲမှာ ကိုသီဟကြီးရဲ့စံချိန် က တော်တော်ကောင်းပါတယ်'

ကိုသီဟကြီးနှင့် ကျွန်ုပ်တို့အုပ်စု လက်ဆွဲနှုတ်ဆက်ပြီး နောက် ခုံတန်းလေးတွင် ထိုင်ရင်း စကားစမြည်ပြောဖြစ်ခဲ့သည်။

'အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲမှာ မြသူဇာ မရတာ ရတာယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



ကိုသီဟကြီးက ဤသို့စတင်ပြောလိုက်သည်။ မြသူဇာမှာ ကျွန်ုပ်တို့နှင့် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ ပြိုင်ပွဲဝင်ဖြစ်သည့်အတွက် သူ ပြိုင်ပွဲတွင် ပထမရပါက ကျွန်ုပ်တို့အသင်းမှာ အမှတ်များများ ရမည်ဖြစ်၍ သူမကို ပထမရစေချင်သည်။

'ဟုတ်တယ်ဗျာ၊ ဒီပွဲမှာ ပထမရတာ ဘယ်သူလဲ'

'ပညာရေးတက္ကသိုလ်က မဂျာရယ်တဲ့'

'မဂျာရယ် ဟုတ်လား၊ နာမည်လေးကလည်း တစ်မျိုးလေးပဲ'

'ဟုတ်တယ်၊ သူက ရဝမ်တိုင်းရင်းသူလေးပေါ့'

'ဪ...'

ကျွန်ုပ်သည် ထူးထူးဆန်းဆန်း သူ့နာမည်ကလေးကို စတင်ကြားသိခဲ့ရသည်။

သူမအမည်နှင့် သူမ၏နာမည်လေး ကြားရုံနှင့် ကျွန်ုပ်မှာ စိတ်ဝင်တစားဖြစ်မိသည်။

'ကိုသီဟကြီး သူ့ကို အရင်တုန်းက ပြိုင်ပွဲတွေမှာ မတွေ့မိပါလား'

'ဟုတ်တယ်၊ သူက ရွက်ပုန်းသီးဗျ၊ သူက အပြေးအလွှား တော်ပေမယ့် ဝင်မပြိုင်တော့ မသိဘူးပေါ့ဗျာ၊ သူ အပြေးသန်မှန်း သိတဲ့ အတန်းဖော်တွေကပြောမှ သိတာ၊ နောက်တော့ တက္ကသိုလ် ပေါင်းစုံ အပြေးပြိုင်ပွဲဆိုတော့ သူ့တို့ ပညာရေးတက္ကသိုလ်





အတွက် ဂုဏ်ဆောင်ဖို့ သူ့ကို ကြိုတင် လေ့ကျင့်ပေးခဲ့တယ်'

'သူ့ကို ဒီကွင်းမှာ ကျွန်တော် မတွေ့ရဘူး'

'ဟုတ်တယ်၊ သူ့ကို အခြားကွင်းမှာ လေ့ကျင့်ပေးခဲ့ကြတာ'

'ဪ...'

ကျွန်ုပ်သည် သူမအကြောင်းကို ကိုသီဟကြီးမှတစ်ဆင့် သိခဲ့ရသည်။ ကျွန်ုပ်သည် အိမ်သို့ပြန်ရောက်သည့်တိုင် သူမ၏ ပြေးဟန်ကလေးကို မျက်စိထဲတွင် မြင်ယောင်နေသည်။

နောက်တော့ သူမ၏ မျက်နှာကလေး။ သူမ၏မျက်နှာကလေးမှာ လှပချောမွေ့သည်ဟု မဆိုနိုင်သော်လည်း ရွက်ကြမ်းရေကျိုအဆင့်တွင် ရှိသည်။ သူမ၏ အသားအရေက ဖြူဆွတ်နေသည့်အတွက် ဖြုန်းခနဲကြည့်လျှင် ချောသည်ဟု ထင်ရသည်။

သူမ၏ပြေးဟန်ပြီးနောက် သူမ၏ မျက်နှာကလေးမှာ တရစ်ဝဲဝဲ ပေါ်လာပြန်သည်။ အသားဖြူဖြူ မျက်နှာမှာ မဝိုင်းသည်မကျ၊ ရှည်သည်လည်း မမြည်။

သူမကို ကြည့်လိုက်စဉ် ကျွန်ုပ်၏မျက်စိထဲတွင် အိပ်မက်ထဲက နှင်းတံနှင့်အရိုက်ခံရသည့် မိန်းကလေး၏ မျက်နှာကို ကွက်ခနဲ မြင်ယောင်လာသည်။

သို့ပေမဲ့ ကောင်မလေး၏မျက်နှာက ပြည့်ပြည့်ဖူးဖူးကလေးနှင့် အင်မတန်ချောမောလှပေသည်။ သူမ၏မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်မလေးနှင့် ခပ်ဆင်ဆင်တူသော်လည်း ထိုကောင်မလေးလောက် မလှပေ။ ဥပမာပြောရလျှင်မူကား မိသားစုတစ်စုတွင် အလွန်ချောမောလှပသည့် အစ်မတစ်ဦးရှိသည်။ ထိုအစ်မတွင် ညီမတစ်ဦးရှိသည်။ ထိုညီမတွင် အစ်မကြီးလောက် ချောမောခြင်း မရှိသော်လည်း လှပသည့်အစ်မ၏ ညီမဖြစ်မှန်း သိသာသည်။

ထိုကဲ့သို့ပင် သူမ၏မျက်နှာမှာ အချောအလှစာရင်းတွင် မပါဝင်သော်လည်း သာမန်ထက်တော့ သာသည်။ အထူးသဖြင့် သူမကိုမြင်သည်နှင့် သူ့အစ်မကို မြင်ယောင်သကဲ့သို့ ဖြစ်ရသည်။ ကျွန်ုပ်၏ အိပ်မက်ထဲက မိန်းကလေးကား အတိုင်းထက်အလွန် ချောလွန်းလှသည်။ သူမသည် ကျွန်ုပ်၏ အိပ်မက်ထဲက မိန်းကလေးလောက် မလှသော်လည်း မျက်နှာပုံပန်းသဏ္ဌာန်က ခပ်ဆင်ဆင်ဖြစ်သည်။

ကျွန်ုပ်သည် ဂျာရယ်ကိုမြင်ပြီးကတည်းက စိတ်မတည်မငြိမ်ဖြစ်ကာ စိတ်လှုပ်ရှားနေခဲ့ပါသည်။ ကျွန်ုပ်မှာ စိတ်ရောဂါစွဲကပ်နေသူကဲ့သို့ ညဘက်တွင်လည်း မအိပ်နိုင်အောင် သူမ၏ မျက်နှာကလေးမှာ တရစ်ဝဲဝဲ ပေါ်လာသည်။ ဘာမှန်းမသိသော တစ်ခါမှ သိကျွမ်းဖူးခြင်းမရှိသော အချောအလှစာရင်းတွင် မပါရှိသော အနီးမိန်းကလေးနှင့်ပတ်သက်ပြီး ကျွန်ုပ် အဘယ်ကြောင့် စိတ်လှုပ်ရှားရသနည်း။

ဤမေးခွန်းကို ကျွန်ုပ် အကြိမ်ကြိမ် ကိုယ့်ကိုယ်ကိုယ်





မေးခွန်းထုတ်နေမိသည်။ သူမကို မြင်မြင်ချင်း ချစ်မိလေသလား။ ဒါလည်း မဟုတ်ပါ။ သို့သော်လည်း သူမကို တွေ့ချင်မြင်ချင်သည့်စိတ်မှာ ထိန်းမရအောင် ဖြစ်နေသည်။ နောက်တစ်နေ့တွင် ကျွန်ုပ်သည် ဤဝေဒနာကို မခံစားလို၍ ကုစားရန်အတွက် ကိုသီဟကြီးဆီသို့ သွားရောက်ခဲ့သည်။

'ဟာ… ကိုကျော်စွာပါလား၊ မလာစဖူး အလာထူးလှချည်လား'

'ဟုတ်ပါ့ဗျာ၊ ကိစ္စရှိမှ လာတယ်လို့တော့ အပြစ်မတင်စေချင်ဘူး'

'ကိစ္စရှိမှပဲလာလာ ကိစ္စမရှိဘဲ အလည်သက်သက်ပဲလာလာ မင်းအတွက် အမြဲတမ်း တံခါးဖွင့်ထားပါတယ်'

'ကျေးဇူးပဲဗျာ၊ ဖွင့်ထားတဲ့တံခါးက ကျွန်တော် ဝင်လာပြီဗျို့'

'လာပါ… လာပါ ကိုကျော်စွာရယ်'

ထိုသို့ဖြင့် ကျွန်ုပ်သည် ကိုသီဟကြီး၏ ဧည့်ခန်း၌ ဝင်ထိုင်လိုက်သည်။

'ကဲ… ဘာကိစ္စလဲ၊ ပြောပါ ကိုကျော်စွာ'

ထိုသို့ စကားစရန် လမ်းဖွင့်ပေးလိုက်သည်။

'အင်း… ဘယ်လိုကနေစပြီးပြောရမှန်းတောင် မသိတော့ဘူး ကိုသီဟကြီးရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကဲပါ… စဉ်းစားပြီး ပြောပါ၊ နားထောင်ပေးပါ့မယ်'

'အင်း… ပြောရရင်တော့ ဂျာရယ်ရဲ့ကိစ္စပဲ'

'ဂျာရယ်ရဲ့ကိစ္စ ဟုတ်လား၊ ဂျာရယ်က ဘာဖြစ်လို့လဲ'

'ဂျာရယ်က ဘာမှမဖြစ်ဘူး'

'ဒါဖြင့် ဘာလဲ'

'ဖြစ်နေတာက ကျွန်တော်ပါ'

'မင်းက ဘာဖြစ်နေလို့လဲ'

'ကျွန်တော် ညညအိပ်မရဘူးဖြစ်နေတယ်'

'နေပါဦး၊ မင်း အိပ်မရတာနဲ့ ဂျာရယ်နဲ့ ဘာဆိုင်လို့လဲ'

'ဂျာရယ်ကို မျက်စိထဲမှာ တရစ်ရစ်ပေါ်လာပြီး အိပ်မရတော့ဘူး'

'သြော်… မောင်ရင်က ဂျာရယ်ကို ကြိုက်နေလို့ကိုး'

'မဟုတ်သေးဘူး ကိုသီဟကြီး၊ ကျွန်တော် ပြောတာ ဒီလိုမဟုတ်ဘူး'

'ဒါဆိုရင် မင်းက ဘာကြောင့် သူ့မျက်နှာကို မြင်ယောင်နေရတာလဲ'

'ဘယ်လိုပြောရမှန်းတောင် မသိပါဘူးဗျာ၊ သူနဲ့ ကျွန်တော်နဲ့လည်း တစ်ခါမှ မမြင်ဖူးဘူး၊ အဲဒီနေ့ကမှ မြင်ဖူးတာ'

'အေးလေ… မင်းတောင် သူ့အကြောင်း ငါ့ကို မေးနေသေးတယ်'





'ကျွန်တော်ဟာ သူ့ရဲ့ပြေးဟန်ကို သဘောကျတယ်၊ ဒီလောက်ပဲရှိတာ၊ ဒါပေမဲ့ ညတိုင်း ကျွန်တော် အိပ်လို့မရတော့ဘူး၊ သူ့မျက်နှာလေး ပေါ်ပေါ်လာလို့'

'ဟင်… မင်းဟာက တစ်မျိုးကြီးပါလား'

'ဟုတ်တယ်'

'ငါတော့ မင်းအကြောင်းကြားရတာ ရူးချင်သလိုလိုဖြစ်လာပြီ'

'ရူးတော့ မရူးနဲ့ဦး၊ ခင်ဗျား ကျွန်တော့်ကို အကူအညီတစ်ခုပေးပါ'

'ကဲ… ဘာလဲ ပြော'

'ခင်ဗျားနဲ့ ဂျာရယ်နဲ့ ခင်သလား'

'ခင်လှတယ်တော့မဟုတ်ဘူး၊ ဒါပေမဲ့ သူနဲ့ တော်တော်တော့ ရင်းနှီးပါတယ်'

'ကျွန်တော့်ကို သူနဲ့ မိတ်ဆက်ပေးပါလား ကိုသီဟကြီး'

'မင်းက ဘာကြောင့်မိတ်ဆက်ချင်တာလဲ'

'ကျွန်တော် သူနဲ့ ခင်ခင်မင်မင်ဖြစ်ချင်တယ်'

'အေးလေ… မိတ်ဆက်ပေးရတာ အခက်မဟုတ်ပါဘူး၊ ကျောင်းသူ ကျောင်းသားချင်း ခင်မင်ရင်းနှီးတာ ကောင်းပါတယ်၊ မိတ်ဆက်ပေးပါမယ်'

'ဒါနဲ့ ဂျာရယ်က ဘယ်မှာနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'လှည်းတန်းက အမျိုးသမီးအဆောင်တစ်ခုမှာ ငှားနေတယ်'

'ခင်ဗျားပြောတော့ ပညာရေးတက္ကသိုလ်ကဆို'

'မင်းပဲ အပြောကောင်းတယ်၊ စာမေးပွဲဖြေပြီးလို့ ကျောင်းတွေပိတ်ထားတာ ဘယ်အဆောင်က ဖွင့်မှာလဲ'

'ဩော်... ဟုတ်သားပဲ'

'သူက ပညာရေးတက္ကသိုလ် နောက်ဆုံးနှစ်ဖြေပြီးပြီ၊ အခု အားကစားပွဲတော်ရှိတာရယ်၊ သူတို့အရပ်ကိုပြန်ရမှာ ဝေးတာရယ်ကြောင့် မပြန်သေးဘဲ အောင်စာရင်းစောင့်ရင်း အင်္ဂလိပ်စာသင်တန်းတွေ တက်နေတာ၊ ဒါကြောင့် လှည်းတန်းကအဆောင်မှာ ငှားနေတာကွ'

'ကိုသီဟကြီးက သိလှချည်လား၊ ဘယ်လိုသိတာလဲ'

'သိဆို ငါ့ချစ်သူ မြကေသီနဲ့ ဂျာရယ်က ပညာရေးတက္ကသိုလ်မှာ တစ်တန်းတည်းပဲ၊ နောက် အဲဒီ ဂျာရယ်နဲ့လည်း အတွဲများတယ်ဆိုတော့ သူ့အကြောင်းကို ငါ သိတာပေါ့'

'ခင်ဗျားနဲ့ ဒီလောက်ရင်းနှီးတယ်ဆိုတော့ ကျွန်တော့်အတွက် အထောက်အကူရတာပေါ့ဗျာ'

'လုပ်စမ်းပါ ကိုသီဟကြီးရယ်'

'ဒီလိုလုပ်ကွာ၊ ငါက ငါ့ချစ်သူ မြကေသီဆီကို အရင်ဆုံး ဖုန်းဆက်လိုက်ဦးမယ်၊ ပြီးမှ တို့သုံးယောက် ဂျာရယ်ဆီ သွားကြတာပေါ့'





'အဲဒီအကြံ ကောင်းတယ်'

ထိုသို့ဖြင့် တစ်ပတ်ခန့်အကြာတွင် ကျွန်ုပ်တို့သုံးဦးမှာ ဂျာရယ်ရှိရာအဆောင်သို့ သွားခဲ့ကြသည်။

ထို့နောက် မြကေသီက ဦးဆောင်ပြီး ကျွန်ုပ်အား ဂျာရယ်နှင့် မိတ်ဆက်ပေးခဲ့သည်။

'ကိုကျော်စွာက ဂျာရယ်နဲ့ မိတ်ဆွေဖြစ်ချင်တယ်ဆိုလို့ ခေါ်လာခဲ့တာ'

'ဩော်... ကိုကျော်စွာက ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်က ချန်ပီယံကြီးပဲ၊ ကျွန်မက ကိုကျော်စွာကို သိပါတယ်'

'ဩော်...ဟုတ်လား၊ ကျွန်တော်က တက္ကသိုလ်ပေါင်းစုံပွဲမှာမှ မဂျာရယ်ကို တွေ့ဖူးတာ'

'ဟုတ်ပါတယ်၊ ဒီနှစ် ကျောင်းက နောက်ဆုံးနှစ်လေ၊ ဝင်ပြေးပါလို့ ဆရာတွေကပြောလို့ ပြေးဖြစ်သွားတယ်'

'ဟုတ်တယ်၊ ကျွန်တော်ကတော့ ကျန်းမာရေးသိပ်မကောင်းလို့ ဒီနှစ် ပြိုင်ပွဲမှာ နားထားရတယ်'

'ကျွန်မက အပြေးမပြိုင်ပေမယ့် အပြေးပြိုင်ရတာ ဝါသနာပါတယ်၊ ဒါကြောင့် ကိုကျော်စွာတို့ ပြေးပွဲတွေမှာ ကျွန်မ လာကြည့်ခဲ့တယ်၊ ကိုကျော်စွာရဲ့ ပြေးဟန်ကို ကျွန်မ သဘောကျတယ်'

'ဗျာ...'



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သော ဂျာရယ်၏စကားကြောင့် ကျွန်ုပ် အံ့သြသွားခဲ့သည်။ သူမက ကျွန်ုပ်၏ပြေးဟန်ကို သဘောကျသတဲ့။ သူက ကျွန်ုပ်ကို စောစီးစွာသိနေခဲ့သူဖြစ်မှန်း ကျွန်ုပ်က ယခုမှပင် သိလိုက်ရသည်။

'ဩော်... ကိုကျော်စွာက ကျွန်မက အရင် ရှင့်ကိုသိတယ်ဆိုလို့ အံ့သြသွားတာလား'

'ဟုတ်ပါတယ် ခင်ဗျာ'

'အံ့သြစရာ မရှိပါဘူးရှင်၊ ရှင်က အပြေးချန်ပီယံဆိုတော့ အားကစားသမားတွေနဲ့ အားကစားကိုချစ်တဲ့ ပရိသတ်က ရှင့်ကို သိနေတာ မဆန်းပါဘူးရှင်၊ ဒါနဲ့ ကျွန်မနဲ့ ဘာကြောင့် သိကျွမ်းချင်ရတာလဲရှင်'

သူမနှင့် သိကျွမ်းချင်သည်ဟုဆိုသဖြင့် သူမကလည်း အံ့သြစွာဖြင့် ကျွန်ုပ်အား ပြန်မေးလိုက်သည်။

ထိုစဉ် ကိုသီဟကြီးက ကျွန်ုပ်အား မျက်စပစ်ပြလိုက်သည်။ သူက ပြောပြလိုက်ဆိုသည့်အဓိပ္ပာယ်နှင့် မျက်စပစ်ပြသော်လည်း ကျွန်ုပ်မှာ တွေ့တွေ့ချင်း ဆောက်နဲ့ထွင်းဟူသကဲ့သို့ 'မြင်မြင်ချင်းကတည်းက အိပ်မရဘဲ ခင်ဗျားရဲ့မျက်နှာလေးကို တရစ်ဝဲဝဲပေါ်နေတာပါဟု အမှန်တရားကို ဖွင့်ပြောလိုက်လျှင် ဤပွဲ ပျက်ချေတော့မည်။ သို့အတွက်...

'ကျွန်တော်က အပြေးအားကစားကို အရမ်းဝါသနာပါတယ်





ဗျ၊ အခု ခင်ဗျားပြေးတာ ကြည့်ရတာ ပင်ကိုကတည်းက အပြေးသန်ပုံရတယ်၊ သေသေချာချာလေ့ကျင့်ရင် မြန်မာ့လက်ရွေးစင် အဖြစ် ဖြစ်သွားနိုင်တယ်'

'အဲဒီလောက်အထိ မမှန်းပါဘူးရှင်၊ စာမေးပွဲအောင်စာရင်းထွက်ရင် ကျွန်မ ရွာကိုပြန်ရမယ်၊ အဲဒီမှာ ကျောင်းဆရာမအလုပ်ကိုပဲ လုပ်ရမှာ'

'နမြောစရာကြီးဗျာ၊ ဒီလောက်အပြေးတော်တာ၊ ခင်ဗျားရဲ့စွမ်းရည်ကို ထုတ်ဖော်ပြခွင့် မရတော့ဘူးပေါ့'

'လောကကြီးက ဒီလိုပါပဲ၊ ကိုယ်ဖြစ်ချင်တာဖြစ်တာမှ မဟုတ်ဘဲ၊ ကံတရားရဲ့ စီမံရာအတိုင်း လုပ်ရမှာပေါ့'

'အေးဗျာ... ခင်ဗျားနဲ့ သိကျွမ်းလို့မှ မကြာသေးဘူး၊ ပြန်တော့မယ်ဆိုတော့ စိတ်တောင်မကောင်းဘူး'

'စိတ်မကောင်းမဖြစ်ပါနဲ့၊ ကိုကျော်စွာပဲ ကြိုးစားပါ၊ ကြိုးစားရင် ကိုကျော်စွာကမှ လက်ရွေးစင် ဖြစ်နိုင်ပါတယ်၊ ကိုကျော်စွာရဲ့ ပြေးဟန်ကလည်း နဂိုအပြေးသန်တဲ့ဟန်ပါပဲ၊ အဘွားတို့ ပြောစကားအရဆိုရင် 'နှင်းပွင့်မြို့တော်က လူသေလို့ လူဝင်စားဖြစ်သလား' လို့တောင် ပြောရမလိုပဲ'

'ဗျာ... ဘယ်လို... ဘယ်လို...'

ကျွန်ုပ်မှာ ဂျာရယ် အမှတ်မထင် ပြောလိုက်သည့် စကားတစ်ခွန်းကို ကြားရသောအခါ အိပ်မက်မှ လန့်နိုးလာသူကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အလွှန့်အလွှန် ထိတ်လန့်တုန်လှုပ်သွားပါတော့သည်။

'နေပါဦး၊ နှင်းပွင့်မြို့တော်က လူတွေက ဘာဖြစ်လို့လဲ'

'သြော်… ဒါလား၊ ဒါက ကျွန်မတို့ရိုးရာ အိပ်ရာဝင်ပုံပြင်တစ်ပုဒ်ပါ၊ ဒဏ္ဍာရီဆိုလည်း မမှားဘူးပေါ့'

'ဆက်ပြောပါဦး မဂျာရယ်'

'အဘွားတို့ ရွာက နှင်းပွင့်နှင်းခဲတွေ ဖုံးလွှမ်းနေတဲ့ တောင်တန်းကြီးတွေရှိတဲ့ နေရာနဲ့ နီးတယ်၊ အဲဒီမှာ ဟိုးရှေးရှေးတုန်းက နှင်းပွင့်မြို့တော်ဆိုတာ ရှိတယ်တဲ့၊ အဲဒီမြို့တော်က လူတွေဟာ အရမ်းအပြေးသန်သတဲ့၊ ဘယ်လောက်အပြေးသန်သလဲဆိုရင် မြေပေါ်ကတောင် မသွားဘူးတဲ့၊ သစ်ပင်တွေတစ်ပင်နဲ့တစ်ပင်ကို ကူးချည်သန်းချည်ပြီးသွားတာ ခဏလေးနဲ့ ရောက်သွားသတဲ့'

'သြော်…'

'အားကစားပွဲတွေမှာ ကိုကျော်စွာရဲ့ ပြေးဟန်ကိုကြည့်ရတာ ကျွန်မတို့လူမျိုးထဲက အပြေးသန်တဲ့လူတွေရဲ့ ပြေးဟန်နဲ့တူတယ်'

'အင်း… ဟုတ်လိမ့်မယ်၊ မဂျာရယ်ရဲ့ပြေးဟန်ကလည်း ကျွန်တော့်ရဲ့ပြေးဟန်နဲ့ တူတယ်လို့ ထင်မိတယ်'

'ဒါကြောင့် ခုနက ကျွန်မပြောတာပေါ့၊ ရှင်ဟာ နှင်းပွင့်တိုင်းပြည်ကလူသေပြီး လူပြန်ဖြစ်လာတာနေမှာပါလို့၊ ဘာဖြစ်လို့





လဲဆိုတော့ ရှင်လည်း နဂိုအပြေးသန်ပြီး ပြေးဟန်က စက်ဝိုင်းကလေး လည်နေသလိုပဲ'

'သြော်… ဒါဆိုရင် ခင်ဗျားက ကျွန်တော့်ရဲ့အကြောင်းကို ကျွန်တော့်ထက်ပိုပြီး သိနေသလိုပဲ'

'အဲဒီလိုလည်း မဟုတ်ရပါဘူးရှင်၊ ကျွန်မက တိုင်းရင်းသူတစ်ဦးပါ၊ ကျွန်မနဲ့ အခုမှတွေ့ပေမယ့် ကျွန်မရဲ့စိတ်ထဲမှာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောလိုက်တာပါ၊ အမှားပါရင်လည်း ခွင့်လွှတ်ပါ'

'အမှားမပါပါဘူး၊ မဂျာရယ် ဒီလိုပြောလိုက်လို့ ကျွန်တော် ဝမ်းသာပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မဟာ နှင်းပွင့်မြို့တော်အကြောင်းကို အရမ်းစိတ်ဝင်စားတဲ့သူပါ'

'ရှင်… ရှင်က နှင်းပွင့်မြို့တော်အကြောင်း ကြားဖူးတယ် ဟုတ်လား'

သူမကလည်း လွန်စွာအံ့သြစွာဖြင့် ပြန်မေးလိုက်သည်။ ကျွန်ုပ် အဖြေရခက်သွားသည်။ နှင်းပွင့်မြို့တော်အကြောင်း ကြားဖူးသည်ဟုဖြေရန် မဝံ့ရဲသလို မကြားဖူးဟုဖြေရန်လည်း ခက်ချေ၏။ အိပ်မက်၏ အထိအတွေ့ဖြင့် ကြားဖူးသည်ဟုဆိုရန်ကလည်း ဟုတ်ဖော်မပြောဝံ့သည့်ဘဝ ဖြစ်နေသည်။

ကျွန်ုပ်မှာ ဤအဖြေကို ဖြေရန် ကြောင်အမ်းအမ်းဖြစ်နေ၏ ကိုသီဟကြီးက…



www.burmeseclassic.com

www.burmeseclassic.com



'သြော်… ဒါလား၊ နှင်းပွင့်မြို့တော်အကြောင်း ငါ ကြားဖူးတာ၊ ဒါနဲ့ ကိုကျော်စွာကို ပြောပြလို့ သူလည်း ကြားဖူး နေတာ'

'သြော်… ဒီလိုလား'

'မဂျာရယ်… ကျွန်တော် နှင်းပွင့်မြို့တော်အကြောင်း စိတ်ဝင်စားတယ်ဗျာ၊ တစ်နေ့နေ့တော့ ထပ်လာဦးမယ်၊ အဲဒီ မြို့တော်အကြောင်း သိချင်လို့ပါ'

'လာခဲ့ပါ၊ ဒီလို ညနေခင်းမျိုးပေါ့၊ ကျွန်မက နေ့ခင်း ပိုင်းမှာ အင်္ဂလိပ်စာသင်တန်း သွားတက်နေလို့ ညနေမှရောက်တာ'

'ကောင်းပါပြီ၊ ပြန်ပါဦးမယ်'

'ဟုတ်ကဲ့ပါ'

ကျွန်ုပ်တို့သုံးဦးမှာ မဂျာရယ်နှင့် စကားလက်ဆုံပြော၍ မကုန်နိုင်အောင် စကားပြောပြီး ပြန်ခဲ့ကြပါသည်။

❑ ❑ ❑



## အခန်း(၆)
## နှင်းပွင့်မြို့တော် နိဒါန်းအစ

လူတစ်ယောက်နှင့် စကားပြောမိမှ သူနှင့်ဆက်စပ်နေ သော အကြောင်းအရာများ ပေါ်ပေါက်လာခဲ့သည်။ ကျွန်ုပ်မှာ မဂျာရယ်နှင့် မည်သို့မျှသိကျွမ်းရန်မဖြစ်နိုင်သော်လည်း တက္ကသိုလ် ပေါင်းစုံ အားကစားပြိုင်ပွဲကြီး၏ အကျိုးရလဒ်ကြောင့် သူမနှင့် ရင်းနှီးခဲ့သည်။

သူ့ကို စတွေ့စဉ်မှာပင် ကျွန်ုပ်၏စိတ်တွင် ရိုးသားစွာ ကျန်လှုပ်ခဲ့သည်။ သည့်နောက် သူနှင့် စကားပြောမိသောအခါ ကျွန်ုပ်၏ အိပ်မက်ထဲမှ နှင်းပွင့်မြို့တော်ဟူသော စကားလုံးကို သူမ၏နှုတ်မှ ကြားလိုက်ရသည်။

သူမသည် နှင်းခဲနှင်းပွင့်များ ဖုံးလွှမ်းနေသော တောင် တန်းကြီးများရှိသည့် နေရာအနီးတွင်ရှိသော ရွာကလေး၌ မွေးဖွား သည်ဟု သူမ ပြောပြသည်။ ထို့နောက် သူမတို့၏ အိပ်ရာဝင် ပုံပြင်ထဲမှ နှင်းပွင့်မြို့တော်အကြောင်း တစေ့တစောင်း ပြောပြခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အတွက် ရေနစ်သူသည် ကောက်ရိုးတစ်ပင် ဆွဲမိ သည့်အလား အိပ်မက်ချည်မျှင်တစ်စကိုဆွဲမိသလို ခံစားခဲ့ရသည်။

သည်နေ့တွင်လည်း ကျွန်ုပ် အိပ်မပျော်ခဲ့ပေ။ အိပ်ဆေ သောက်လျှင် အိပ်မည်ကို သိသော်လည်း ကျွန်ုပ် မအိပ်ချင်ပါ။ အိပ်မက်ပိုးချည်မျှင်ကို တစ်စရရ နှစ်စရရ ဆွဲထုတ်ချင်သည်။ ကျွန်ုပ်၏ ဆန္ဒအတိုင်း သည်ညလည်း နိုးတစ်ဝက်အိပ်မက်တို မင်းမူခဲ့သည်။ ဒုတိယမက်သည့် အိပ်မက်အတိုင်းပင်။

ကျွန်ုပ်က ဟိုးအဝေးရှိ နှင်းဖုံးတောင်တန်းမှ ဂန္ဓာမာ များကို ခဲခဲယဉ်းယဉ်းခူးကာ ကျောက်ထုသမားများအတွက် ရေ အိုးကျိုနေသည့် မိန်းကလေးအား ပန်းစည်းပေးလိုက်သည်။ ထို့နောက် ဧကရီမဖုရား ရောက်လာပြီး ကောင်မလေးကို နှင် ဖြင့် ရိုက်သည်။ ကောင်မလေး၏ မျက်နှာကို ကျွန်ုပ် စေ့စေ့ကြ နေစဉ် အိပ်ရာမှလန့်နိုးခဲ့သည်။

အိပ်မက်ထဲမှ ကောင်မလေး၏ မျက်နှာကို ထင်ရှား ကျွန်ုပ် မြင်တွေ့ရသည်။ လွန်စွာချောမောသည်ဖြစ်ခြင်း။ ကျွ သည် ဂျာရယ်ကို သတိရပြီး သူမ၏မျက်နှာနှင့် အိပ်မက်ထဲ ကောင်မလေးမျက်နှာကို နှိုင်းယှဉ်ကြည့်မိသည်။ အလှချင်း နှိုင်းယှဉ်တုနှိုင်းမမိပေ။ သို့သော်လည်း လှသော အစ်မနှင့် သော ညီမတို့၏ ရုပ်ပုံကဲ့သို့ ခပ်ဆင်ဆင်တူသည်ဟု ထင်မိသ

ဂျာရယ်နှင့်တွေ့ရလျှင် ကျွန်ုပ် ပျော်ရွှင်မိသည်။





သူမနှင့် စကားပြောနေရလျှင် ကျွန်ုပ်၏ စိတ်၌ ချမ်းမြေ့ အေးမြနေသည်။ ဂျာရယ်နှင့်မတွေ့ရလျှင် မနေနိုင်လောက်အောင် ဖြစ်မိသည်။ ထို့နောက် နောက်သုံးရက်ကြာသော ညနေခင်းတွင် ကျွန်ုပ်သည် ဂျာရယ်၏အဆောင်သို့ သွားခဲ့သည်။

'ဟော… ကိုကျော်စွာပါလား၊ မြကေသီတို့ ကိုသီဟတို့ ရော မပါဘူးလား'

'အေးဗျာ… လမ်းကြုံရင်း လှည့်ဝင်လာတာမို့ သူတို့ကို ဝင်မခေါ်မိခဲ့ဘူး'

'ဪ… ရပါတယ်'

'ဒါထက် ကျွန်တော် သိချင်တာလေးလည်း မေးရင်း တစ်ခုခုစားရအောင်၊ ကျွန်တော်တို့ ဘယ်သွားရင်ကောင်းမလဲ'

'နီးနီးနားနား အင်းလျားပဲ သွားကြတာပေါ့၊ ဘူးသီးကြော် စားရင်း စကားပြောကြတာပေါ့'

ရဝမ်တိုင်းရင်းသူလေး ဂျာရယ်မှာ စကားပြော ပွင့်လင်း လှသည်။ အင်းလျားကန်ကို ချစ်သူစုံတွဲများသာ အသွားများသည့် အတွက် ကျွန်ုပ်က ဤနေရာသို့ သူမကိုခေါ်ရန် မဝံ့ရဲခဲ့ပေ။

သို့သော်လည်း ဤနေရာကို သူမက လိုလိုချင်ချင်ရွေးခဲ့ ခြင်းဖြစ်၍ သူမကို ကျွန်ုပ်၏ ကားကလေးဖြင့် တင်ဆောင်ခေါ် လာခဲ့သည်။

'ကျွန်တော်တို့ ဘယ်ဆိုင်မှာထိုင်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟောဟို ရေစပ်နားက ဆိုင်မှာ ထိုင်မယ်'

သူနှင့် ကျွန်ုပ်သည် အင်းလျားရေပြင်ကို လှမ်းကြည့်၍ မြင်ရသော ဘူးသီးကြော်ဆိုင်သို့ဝင်ကာ အကြော်မှာစားရင်း စကားပြောဖြစ်ခဲ့သည်။ သည်တွင် ကျွန်ုပ်က အရင်စ၍ စကား ပြောလိုက်သည်။

'မဂျာရယ် ကျွန်တော် ခင်ဗျားဆီလာတာ မအံ့ဩဘူးလား'

'မအံ့ဩပါဘူး ကိုကျော်စွာ၊ ရှင် ကျွန်မဆီကို တစ်နေ့ နေ့မှာ ရောက်လာလိမ့်မယ်ဆိုတာ သိပြီးသားပဲ'

'မဂျာရယ်ရဲ့ ဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ်နဲ့တူတယ်'

'ပုဏ္ဏားတော့ မရှိပါဘူး၊ ဒါပေမဲ့ ရှင်ဟာ နှင်းပွင့်မြို့ တော်ကြီးအကြောင်းကို စိတ်ဝင်စားပုံရတယ်၊ အဲဒီနေ့က နှင်းပွင့် မြို့တော်အကြောင်းကို ရှင့်ကို အစပျိုးပြီး ပြောပြလိုက်မိတယ်၊ ရှင်က အဲဒီမြို့တော်အကြောင်းကို အရမ်းသိချင်နေပုံရတယ်၊ ဒီတော့ ဒီအကြောင်းကိုသိချင်ရင် ရှင်ဟာ ကျွန်မဆီကလွဲပြီး ရှင် ဘယ်သွားမေးရမလဲ၊ မဟုတ်ဘူးလား'

'သိပ်ဟုတ်တာပေါ့ မဂျာရယ်၊ ကျွန်တော်က အဲဒီမြို့ တော်ကြီးအကြောင်းကို အရမ်းသိချင်တာ၊ ဟိုနေ့ကတည်းက ပြောပြမယ်ဆိုလို့ ကျွန်တော် နားထောင်ချင်နေတာ'

'ဟုတ်ပါတယ်၊ ဟိုနေ့ကတည်းက ပြောပြချင်တာပါ၊ ဒါပေမဲ့ အချိန်မရှိတော့လို့ မပြောဖြစ်တာပါ'





'ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း အဲဒီနေ့မှသိပြီး အဲဒီနေ့မှာ စကားတွေအများကြီး ပြောရ မေးရတာ အားနာလို့ပါ'

'ဒါထက် ရှင်က နှင်းပွင့်မြို့တော်အကြောင်း ဘာဖြစ်လို့ သိချင်တာလဲ'

'အင်း… ဘယ်လိုပြောရမလဲ'

'ရှင့်မှာ နှင်းပွင့်မြို့တော်နဲ့ပတ်သက်ပြီး တစ်ခုခုဆက်နွယ် နေသလား၊ ကျွန်မမေးတာကို မှန်မှန်ဖြေပါ၊ ရှင်နဲ့ ကျွန်မရဲ့ကြားမှာ ဖြူဖြူရောင်သက်သက်မို့ ဘာမှဖုံးကွယ်စရာမရှိဘူးလို့ ထင်တယ်'

သူမက နိုက်နိုက်ချွတ်ချွတ် မေးနေသည်။

သူမ မေးသည်ကလည်း အကြောင်းတစ်ခုခုရှိမည်ဟု ထင်သည်။ ကျွန်ုပ်သည် ရိုးသားသော ရဝမ်မလေး၏ နှင်းပွင့် မြို့တော်အကြောင်းကို ကြားလိုလှသည်။ ကျွန်ုပ်၏အကြောင်းကို လိမ်ညာပြီးမပြောချင်၍ အမှန်အတိုင်းပြောရန်ဆုံးဖြတ်လိုက်သည်။

'ကျွန်တော် ကားတိုက်ခံရပြီး ဦးခေါင်းမှာ ဒဏ်ရာရသွား တယ်၊ ဦးနှောက်ထဲမှာ သွေးခဲသွားလို့ ဆေးရုံမှာတက်ပြီး ကုသ ခံရတယ်၊ အဲဒီနောက်ပိုင်း အိမ်ပြန်ရောက်လာတော့ နှင်းပွင့်မြို့ တော်ကြီးအကြောင်း စပြီး အိပ်မက်မက်တော့တာပဲ'

'အိပ်မက်ထဲမှာ ဘာတွေတွေ့ရသလဲ'

'နှင်းပွင့်မြို့တော်ကြီးက အရမ်းစည်ကားတာပဲ၊ အိမ်တွေ ပေါ်မှာ နှင်းပွင့်တွေ တချို့တစ်ဝက် ကျနေတယ်၊ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



က စွပ်ဖားလှည်းတွေ မြင်းတွေကိုစီးပြီး သွားလာနေကြတယ်၊ အဲဒီမြို့တော်ရဲ့ အနောက်ဘက်မှာ ဆီးနှင်းတွေ ဖုံးလွှမ်းနေတဲ့ တောင်တန်းကြီးကို တွေ့ရတယ်'

'ရှင်ဟာ နှင်းပွင့်မြို့တော်ကို အမှန်တကယ် အိပ်မက်မက်တာပဲ၊ အဘိုး အဘွားတို့ ရှေးလူကြီးတွေ အယူအဆဆိုရင် ရှင် မရောက်ဖူးတဲ့ နှင်းပွင့်မြို့တော်အကြောင်းကို မက်ရင် တစ်ခါက အဲဒီမြို့တော်မှာ ဘဝတစ်ခုဖြစ်ခဲ့ဖူးတယ်လို့ ဆိုတယ်၊ သဘောက တော့ လူဝင်စားပေါ့၊ ဒါကို ရှင်ယုံ၊ မယုံ မပြောလိုဘူး။ ကျွန်မ ကိုယ်တိုင်လည်း အတိအကျမသိဘူး၊ နောက်ပြီး အဲဒီလူဝင်စား တွေဟာ အခုဘဝမှာလည်း အရမ်းအပြေးသန်တယ်လို့ဆိုတယ်'

'ဪ… ဟုတ်လား'

'ကျွန်မအမေဟာ ကျွန်မကို ကိုယ်ဝန်ဆောင်ကာနီးတော့ အိပ်မက်တစ်ခု မက်တယ်၊ အိပ်မက်ထဲမှာ နှင်းပွင့်တိုင်းပြည်က လူတစ်ယောက်က ကျွန်မကို လက်ဆွဲပြီး အမေ့ဆီကို လာပို့တယ်၊ ကျွန်မရဲ့ကိုယ်ပေါ်မှာလည်း ရွှေငွေလက်ဝတ်လက်စားတွေ အပြည့် အစုံနဲ့တဲ့၊ သူကပြောတယ်၊ ဒီကလေးဟာ နှင်းပွင့်တိုင်းပြည်က လာတာတဲ့၊ မင်းတို့ကို အကျိုးပြုဖို့ ရောက်လာတာလို့ ပြောတယ်၊ နောက် ကျွန်မကိုမွေးတော့ ကျွန်မက အရမ်းအပြေးသန်တယ်၊ ဒါကြောင့် မိဘဘိုးဘွားတွေက နှင်းပွင့်တိုင်းပြည်က လူဝင်စား တာလို့ ပြောတယ်'





'ဟင်… ဟုတ်လား၊ ဒါဆို မဂ္ဂာရယ် ကြီးလာတော့ နှင်းပွင့်တိုင်းပြည်အကြောင်း မက်သေးလား'

'တိတိကျကျတော့ မမက်ပါဘူး၊ ဒါပေမဲ့ ကျွန်မတို့ဟာ ဂိုကတည်းက နှင်းဖုံးတောင်တန်းကြီးမှာ ကြီးပြင်းလာတော့ ပ်မက်ထဲမှာ နှင်းတောင်တန်းဆီရောက်သွားတဲ့ အကြောင်းတော့ ခဏခဏမက်တယ်'

'ဪ…'

'ကိုကျော်စွာကမှ မရောက်ဖူးတဲ့နေရာတွေကို မက်တာ န်းတယ်၊ အဲဒီအကြောင်းကို ကျွန်မရဲ့ မိဘများသာ ကြားရင် တော့ နှင်းပွင့်တိုင်းပြည်က လူဝင်စားတာလို့ ပြောမှာပဲ'

'ဟာင်… ဟုတ်လား'

ကျွန်ုပ်မှာ သူမ၏ စကားကြောင့် အံ့သြထိတ်လန့်သွား ခဲ့သည်။ ကျွန်ုပ်ကို သူမက နှင်းပွင့်တိုင်းပြည်က လူဝင်စားတဲ့။

နဂိုကမှ နှင်းပွင့်မြို့တော်အကြောင်း အိပ်မက်မက်ပြီး ကိုယ့်ကိုယ်ကိုယ် လူဝင်စားလေလားဟူ၍ အဓိပ္ပာယ်မဖော်နိုင် အောင် သံသယရှိနေသူ။

ယခုမူ ဂျာရယ်စကားကို ကြားသောအခါ ကျွန်ုပ်၏စိတ် မှာ ဝေခွဲ၍မရအောင် ဖြစ်ခဲ့သည်။

'ဒါနဲ့ မဂျာရယ် ဆက်ပြောပါဦး'

'ဪ… ကိုကျော်စွာရယ်၊ ကျွန်မကို ရင်းရင်းနှီးနှီး



www.burmeseclassic.com

www.burmeseclassic.com



ဂျာရယ်လို့ပဲ ခေါ်ပါ၊ တကယ်တော့ ကျွန်မရဲ့နာမည်က မဂျာရယ် မဟုတ်ဘူး၊ နန်ဂျာရယ်ပါ’

‘သြော်… ဟုတ်လား၊ ကျွန်မက သမီးအကြီးဆုံးဆိုတော့ နာမည်ရဲ့ရှေ့မှာ နန်ထည့်ရတယ်’

‘ဒါဆို သားယောကျ်ားလေး အကြီးဆုံးဆိုရင်ရော’

‘သားယောကျ်ားလေး အကြီးဆုံးဆိုရင် မုန်ထည့်ပေးရတယ်’

‘ဟုတ်ပါပြီ ဂျာရယ်’

‘ဒါဖြင့် ကျွန်မ ဆက်ပြောမယ်၊ ရှေးလူကြီးတွေရဲ့ အယူအဆကို ပြောတာနော်၊ နှင်းပွင့်တိုင်းပြည်က လူဝင်စားတွေဟာ အရမ်းအပြေးသန်သတဲ့၊ အပြေးသန်သူတိုင်းဟာ နှင်းပွင့်တိုင်းပြည်က လူဝင်စားမဟုတ်ပေမယ့် နှင်းပွင့်တိုင်းပြည်က လူဝင်စားတွေက သူများနဲ့မတူဘဲ အလွန်အပြေးသန်တယ်ဆိုပဲ၊ ကျွန်မကိုလည်း နှင်းပွင့်တိုင်းပြည်က လူဝင်စားဖြစ်နိုင်တယ်လို့ ပြောတယ်’

‘ရှေးလူကြီးတွေရဲ့အယူအဆသာ မှန်မယ်ဆိုရင် ကျွန်တော်ရော ဂျာရယ်ပါ နှင်းပွင့်တိုင်းပြည်က လူဝင်စားတွေဖြစ်မှာပေါ့နော်’

‘အင်း… ဘယ်လိုပြောရမလဲ၊ လူဝင်စားသံသရာဆိုတာ ကျွန်မလည်း သိပ်နားမလည်ဘူး’

‘မင်းက ဗုဒ္ဓဘာသာလား’





‘ဟုတ်ပါတယ်’

‘ကျွန်တော်လည်း ဗုဒ္ဓဘာသာပဲ၊ လူဝင်စားအကြောင်းကိုတော့ အမေတို့ အမေတို့ကိုမေးကြည့်မှ ပိုသိမယ်’

‘ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မကပဲ အပြေးဝါသနာပါလို့လား မသိဘူး၊ ကိုကျော်စွာရဲ့ ပြေးဟန်ကို စတွေ့ကတည်းက ကျွန်မစိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်’

‘ဘယ်လို တစ်မျိုးဖြစ်တာလဲ’

‘ရှင့်ရဲ့ပြေးဟန်က ကျွန်မရဲ့ပြေးဟန်နဲ့ တူတယ်’

‘အေးဗျာ… ကျွန်တော်လည်း ခင်ဗျားရဲ့ ပြေးဟန်ကို မြင်ပြီးကတည်းက ခင်ဗျားနဲ့သိကျွမ်းချင်တဲ့စိတ်တွေ ပေါ်လာတယ်’

‘ဟုတ်ပါတယ်၊ ကျွန်မကလည်း ကိုကျော်စွာကို ရင်းရင်းနှီးနှီး ခင်ပါတယ်’

‘ဒါက ရှေးဘဝက ရေစက်ပဲဖြစ်မယ် ထင်ပါတယ်’

‘ဖြစ်နိုင်ပါတယ်’

‘ဒါနဲ့ နှင်းပွင့်တိုင်းပြည်အကြောင်း ပြောပါဦး’

‘ပြောပြပါမယ်၊ ဂျာရယ်ကို မွေးဖွားခဲ့တဲ့ နောင်ခမ်းလူးရွာကနေ မိုင်ပေါင်း လေး၊ ငါးဆယ်လောက်ဆက်သွားရင် နှင်းပွင့်နှင်းခဲတွေဖုံးနေတဲ့ တောင်တန်းကြီးတွေကို တွေ့ရမယ်၊ အဲဒါက မြန်မာပြည် မြောက်ဘက်အစွန်အဖျားက ရေခဲတွေဖုံးနေတဲ့ တောင်တန်းကြီးတွေပေါ့’



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတောင်တန်းကြီးတွေရဲ့ အရှေ့ဘက်မှာ နှင်းပွင့်မြို့တော်ကြီးတစ်မြို့ ရှိခဲ့ဖူးတယ်တဲ့၊ အဲဒီမြို့တော်ကြီးရဲ့ ပတ်ပတ်လည်မှာ ရွာတွေအများကြီး ဝန်းရံထားတယ်၊ အဲဒါတွေအားလုံးပေါင်းပြီး နှင်းပွင့်တိုင်းပြည်လို့ ခေါ်ခဲ့တယ်၊ အဲဒီတိုင်းပြည်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက တည်ခဲ့တဲ့ မြန်မာပြည်မြောက်ဖျားက တိုင်းပြည်တစ်ပြည်ပေါ့'

'အဲဒီတိုင်းပြည်ဟာ နှင်းပွင့်နှင်းခဲတွေ တချို့တစ်ဝက်ဖုံးအုပ်နေပေမယ့် စီးပွားရေးကောင်းမွန်ပြီး မြို့သူမြို့သား နယ်သူနယ်သားတွေနဲ့ စည်ကားသိုက်မြိုက်လှတယ်၊ အခြားတိုင်းပြည်က လူတွေကလည်း အဲဒီကိုလာပြီး ကုန်ရောင်းကုန်ဝယ် ကုန်သွယ်ရေးလုပ်ခဲ့တယ်'

'အဲဒီတိုင်းပြည်က ဘာတွေထွက်လို့လဲ'

ကျွန်ုပ်က သူမကို ဤသို့မေးလိုက်သည်။

'အဲဒီတိုင်းပြည်ရဲ့ အရှေ့ဘက်မှာ လွင်ပြင်ကျယ်ကြီးရှိတယ်၊ အဲဒီလွင်ပြင်ကျယ်ကြီးမှာ စပါးစိုက်သူက စိုက်၊ ဂျုံ ပြောင်း၊ ဂရိတ်ဖု၊ အာလူးစိုက်သူက စိုက်တယ်၊ ဒါကြောင့် ဆန်နဲ့ဂျုံ ပေါများတယ်'

'ကဲ… ဆက်ပါဦး'

'တချို့ကတော့ ရေခဲတောင်ပေါ်တက်ပြီး အမဲလိုက်မုဆိုးလုပ်ကြတယ်'





'ရေခဲတောင်ပေါ်မှာ ဘာကောင်တွေရှိသလဲ'

'ရေခဲတောင်ပေါ်မှာ အလွန်ရှားပါး သားကောင်ဖြစ်တဲ့ 'ရှဖိုက်'လို့ခေါ်တဲ့ တာကင်ကောင်တွေ ရှိတယ်'

'တာကင်ဆိုတာ သားမင်းကို ပြောတာလား'

'ဟုတ်ပါတယ် ကိုကျော်စွာ'

'အဲဒီကောင်တွေက ရေခဲတောင်ပေါ်မှာပဲ နေတာ၊ ရေခဲပျော်ချိန်မှာ ရေခဲပြင်အောက်က ထိုးထွက်လာတဲ့ သစ်ပင် ဝါးပင်တွေရဲ့ အရွက်နုနုလေးကိုစားပြီး ရှင်သန်ခဲ့ကြတယ်၊ သူ့ရဲ့ခန္ဓာကိုယ်မှာ အမွေးနုကလေးတွေ ရှိတယ်၊ ရှဖိုက်တွေဟာ ရေခဲတောင်ပေါ်မှာ သဘာဝအရ ဖြစ်ပေါ်နေတဲ့ ဆားကျင်းမှာ လာစားကြတယ်'

'ဪ…'

'ဒီရှဖိုက်တွေကို ဖမ်းရတာ မလွယ်ဘူး၊ လူရဲ့အနံ့ကို နှစ်မိုင်၊ သုံးမိုင်လောက်ကတည်းက အနံ့ခံနိုင်တယ်၊ ဒါကြောင့် သူတို့ပစ်မယ့် မုဆိုးတွေဟာ လေတိုက်နှုန်းကို အရင်လေ့လာရတယ်၊ လေညာကနေပြီး ချောင်းပစ်ရတယ်၊ သူတို့ဟာ အရမ်းလျင်မြန်တယ်၊ မြားမှန်ပေမယ့် ချက်ချင်းမသေဘူး၊ ရေခဲပြင်ထဲ လျှောက်ပြေးတော့တာပဲ၊ ဒီကောင်တွေရဲ့ အရေခွံ၊ ချိုနဲ့ အသားအားလုံး ရောင်းလို့ရတယ်၊ ရှဖိုက်အသားကင်ထားတဲ့ အမြှောင်းတွေဆိုရင် သိပ်စားလို့ကောင်းတယ်၊ ဒါကြောင့် အဲဒီ ရှဖိုက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေကို မုဆိုးတွေက တအားလိုက်ပစ်ကြတယ်'

'ဩော်...'

'နောက်ပြီး အခြားတိုင်းပြည်တွေကကြိုက်တဲ့ သားကောင်ထဲမှာ ကတိုးကောင်လည်းပါတယ်၊ နာချေတဲ့ဆေးအဖြစ်လည်း အသုံးပြုကြတယ်၊ ကတိုးကောင်က ထူးခြားတယ်၊ ကတိုးအထီးတွေရဲ့ ချက်မှာ အလွန်မွှေးတဲ့ အမည်းရောင်အလုံးကလေး ဒါမှမဟုတ် အမှုန့်တွေနဲ့ ပြည့်နှက်နေတဲ့ အထုပ်ကလေးတစ်ထုပ်ရှိတယ်၊ အဲဒီအထုပ်ကလေးက အရေပြားနဲ့ အသားကြားမှာရှိတယ်၊ အနံ့က အရမ်းမွှေးတယ်၊ အဲဒီအိတ်ကလေးကို ခွဲထုတ်ပြီး နေလှန်းရောင်းကြတယ်၊ ကတိုးအိတ်ဟာ ရောင်းလို့မလောက်အောင် အရမ်းရောင်းရတဲ့ ပစ္စည်းတစ်ခုပဲ'

'ကဲ... ဆက်ပြောပါဦး'

'နောက်တစ်မျိုးကတော့ ရှီးပတီးလို့ခေါ်တဲ့ အကောင်တစ်မျိုးပေါ့'

'ရှီးပတီးတဲ့လား၊ နာမည်လေးက ဆန်းလိုက်တာ'

'ရှီးပတီးက နာမည်တင်ဆန်းတာ မဟုတ်ဘူး၊ သဘာဝကလည်း ဆန်းတယ်'

'ဘယ်လိုဆန်းတာလဲ၊ ပြောပါဦး'

'အဲဒီ ရှီးပတီးက ခြောက်လသစ်ပင်ဖြစ်ပြီး ခြောက်လမှာ အကောင်ဖြစ်တယ်'





'ဩော်... အဲဒီလိုမျိုးရှိတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'သဘာဝကိုက ဆန်းတယ်နော်'

'ဟုတ်ပါတယ်၊ နောက်တစ်ခုက မချစ်ဥပေါ့နော်၊ မချစ်ဥကလည်း ဆေးဘက်ဝင်ဖြစ်လေတော့ ရောင်းမလောက်ပါပဲ၊ နောက်ပြီး ဂမုန်းဥတွေကလည်း ဆေးဘက်ဝင်တယ်'

'ဩော်...'

'နောက်တစ်မျိုးကတော့ ရွှေထွက်တဲ့ချောင်းတွေ ရှိတယ်၊ ကျောက်တွင်းတွေ ရှိတယ်၊ သံတွင်းတွေလည်း ထွက်တယ်၊ ပြောရရင်တော့ သယံဇာတပေါကြွယ်ဝတယ်လို့ ပြောရမယ်၊ နောက်ပြီး အဲဒီအချိန်တုန်းကတည်းက ငွေရည်ကျို ငွေထည်လုပ်ငန်း၊ ရွှေရည်ကျိုပြီး လက်ဝတ်လက်စားလုပ်တဲ့ ပန်းထိမ်လုပ်ငန်း၊ သံရည်ကျိုတဲ့ ပန်းပဲလုပ်ငန်း၊ မြေအိုး မြေခွက်လုပ်ငန်းတွေကို တတ်မြောက်ခဲ့ကြတယ်၊ အဲဒီတိုင်းပြည်အတွက် ခုခံကာကွယ်ဖို့ စစ်တိုက်ဖို့ ဓားတွေဆိုလည်း ကိုယ်တိုင်လုပ်ခဲ့ကြတယ်၊ လေးနဲ့မြားကတော့ ဒီအရင်ကတည်းက လုပ်ခဲ့ကြတယ်၊ ပြောရရင်တော့ အခြားတိုင်းပြည်တွေကို ဘာမှမမှီခိုဘဲ ကိုယ်ပိုင်လုပ်ဆောင်နိုင်တယ်၊ အစစအရာရာ ပြည့်စုံနေတဲ့ တိုင်းပြည်ကြီးကို အခြားတိုင်းတစ်ပါးသားတွေက လိုချင်လာခဲ့တယ်'

'ဟုတ်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ အဲဒီတိုင်းပြည်ကြီးက စစ်သည်တော်တွေ ဗိုလ်မင်းတွေ စစ်သူကြီးတွေဟာ ဓားခုတ် လှံထိုး မြင်းစီးခြင်းကို ကျွမ်းကျင်သလို စစ်ချီစစ်တိုက် စစ်နည်းပရိယာယ်တွေပါ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ခဲ့တယ်၊ နောက်ပြီးတော့ အဲဒီတိုင်းပြည်က လူတွေဟာ အခြားသူများနဲ့မတူဘဲ ထူးထူးခြားခြား အပြေးသန်သလို စစ်တိုက်တဲ့နေရာမှာလည်း လျှင်မြန်ဖျတ်လတ်ပြီး တိုက်ရည်ခိုက်ရည်နဲ့ ပြည့်ဝလို့ ဒီတိုင်းပြည်ကို အခြားတိုင်းတစ်ပါးသားတွေဟာ မတိုက်ရဲကြဘူး'

'ကဲ... ဆက်ပြောပါဦး'

'အဲဒီတိုင်းပြည်မှာ အုပ်စိုးတဲ့ ဘုရင်ကြီးနဲ့ မိဖုရားကြီးမှာ အသက်လေးဆယ်ကျော်တဲ့တိုင်အောင် ထီးညွှန့်နန်းလျာ သားတော် သမီးတော် တစ်ဦးတစ်ယောက်မှ မမွေးဖွားသေးဘူး၊ ဒါနဲ့ သူတို့ဟာ မလီဖလန်းလို့ခေါ်တဲ့ တောနတ်ကို ကန်တော့တယ်၊ ကလေး မရဘူး၊ နောက်တော့ လခါးဖလန်လို့ခေါ်တဲ့ တောင်နတ်ကို ကန်တော့ပြန်တယ်၊ ဒါလည်း ကလေးမရပြန်ဘူး၊ နောက်တော့ မစန်ဖလန်လို့ခေါ်တဲ့ နတ်ဘုရင်ကိုကန်တော့ပြီး သားသမီးရတနာ ပေးဖို့ ဆုတောင်းပြန်တယ်၊ အဲဒီပွဲမှာ နတ်ဆရာက ဟောတယ်၊ မစန်ဖလန်ဆိုတဲ့ နတ်ဘုရင်ကြီးဟာ သူ့ကို ပူဇော်ပသတဲ့ နှင်းပွင့် တိုင်းပြည်က ဘုရင်ကြီးကို ချီးမြှောက်တဲ့အနေနဲ့ သူ့ရဲ့သမီးတော် ကို လူဝင်စားအဖြစ် လုပ်ပေးမယ်လို့ ပြောတယ်၊ ဒါပေမဲ့ သမီး





တော် မွေးဖွားတဲ့အခါမှာ မွေးကင်းစအရွယ်မှာပင် ဘုရင်မမြှောက်ရမယ်လို့ အဟောထွက်ခဲ့တယ်၊ နှင်းပွင့်တိုင်းပြည်က မင်းကြီးနှင့် မိဖုရားကြီးကလည်း သားသမီးရတနာသာ ရပါစေ၊ မွေးကင်းစအရွယ်မှာပဲ ဘုရင်မြှောက်ပါ့မယ်လို့ နတ်ဆရာကြီးကို ပြန်ပြောလိုက်တယ်၊ ဒီလိုနဲ့ မစန်ဖလန်ဆီမှာ ဆုတောင်းပြီး သိပ်မကြာခင်မှာ ကိုယ်ဝန်ရခဲ့တယ်၊ အချိန်စေ့တဲ့အခါမှာ ချောမောလှပတဲ့ သမီးတော်ကလေးတစ်ပါး မွေးဖွားခဲ့တယ်၊ ဘုရင်ကြီးဟာ သူ့ရဲ့ ကတိအတိုင်း သမီးတော်ကလေး သုံးလပြည့်တဲ့နေ့မှာ နန်းညွှန့်နန်းလျာ မင်းသမီးကလေးကို ဘုရင်မအဖြစ် တင်မြှောက်တဲ့နေ့က နှင်းမိုးတွေရွာပြီး နှင်းတောင်တွေဟီးသံ ကြားကြရတယ်'

'တောင်ဟီးတယ်ဆိုတာ ဘယ်လိုလဲ ဂျာရယ်'

'တောင်တွေ လှိုဏ်တွေ မြောင်တွေမှာ လေတိုးတဲ့အခါ စစချင်းမှာတော့ အဝေးက လူအုပ်စု စကားပြောသံလိုလို လေချွန်သံလိုလိုနဲ့ တဖြည်းဖြည်း ကျယ်လာပြီး ဝေါ... ဝေါ... ဝေါ... ဆိုတဲ့ ပြင်းထန်တဲ့အသံတွေ ကြားရတယ်၊ တစ်ခါတလေ ကျောက်တုံးကြီးတွေ ပြိုဆင်းကျလာတဲ့အသံမျိုးတွေ ကြားရတယ်'

'သြော်... သြော်...'

'အဲဒီလို ထူးခြားဖြစ်စဉ်တွေဟာ နတ်ဘုရားရဲ့ကောင်းချီး ပေးသံလို့ ယူဆကြတယ်၊ တကယ်တော့ အဲဒီလိုအသံမျိုးတွေဟာ နှင်းမိုးတွေရွာကာနီးအချိန် ဒါမှမဟုတ် ရွာနေတဲ့အချိန် လေအဆေး



www.burmeseclassic.com

www.burmeseclassic.com



တိုက်တဲ့အချိန်တွေမှာ အဲဒီ တောင်တွေပြိုတဲ့အသံတွေကို ကြားရတယ်၊ ဒါနဲ့ပဲ ဘုရင်ကြီးဟာ သမီးတော်ကလေးကို ရင်ခွင်ပိုက်ဘုရင်မအဖြစ် တင်မြှောက်ခဲ့တယ်၊ မစန်ဖလန်ရဲ့ သမီးတော်ဝင်စားသူဖြစ်လို့ 'နန်' ဆိုတဲ့ စာလုံးကို ရှေ့မှာထားလိုက်တယ်၊ နန်ဆိုတာက သမီးအကြီးဆုံးပေါ့၊ ဒါကြောင့် ဘုရင်မလေးကို နန်မစန်ဖလန်လို့ အမည်ပေးခဲ့တယ်၊ အဓိပ္ပာယ်ကတော့ နတ်ဘုရင်ရဲ့သမီးတော်ကြီးပေါ့'

'မင်းတို့ရဲ့ ဒဏ္ဍာရီပုံပြင်ကလေးတွေကလည်း ထူးထူးဆန်းဆန်းပဲနော်'

'ဟုတ်တယ် ကိုကျော်စွာ၊ အဲဒီပုံပြင်လေးတွေကို အဘွားက ပြောပြတဲ့အခါမှာ နားထောင်ကောင်းလွန်းလို့ ကျွန်မတို့ ငြိမ်ပြီးနားထောင်နေခဲ့ကြတာ'

'ဟုတ်ပါပြီ၊ ဆက်ပြောပါဦး'

'အဲဒီတိုင်းပြည်မှာ ဘုရင်လုပ်တဲ့သူတွေဟာ ဓားခုတ် လှံထိုး စစ်ချီစစ်တိုက် စတဲ့ စစ်ပညာများကို တတ်ကျွမ်းရတယ်၊ ဒါမှ ကိုယ့်တိုင်းပြည်ကို ကျူးကျော်ရန်စလာသူတွေကို ကာကွယ်နိုင်မှာ'

'အင်း... ဒါလည်း ဟုတ်တာပဲ'

'ဒါကြောင့် ဘုရင်မနန်ကို ငယ်စဉ်ကတည်းက ဓားခုတ် လှံထိုး စစ်ချီစစ်တိုက် စတဲ့ စစ်ပညာတွေကို သင်ကြားပေးခဲ့





တယ်၊ ဘုရင်မနန်ဟာ ငယ်ငယ်ကလေးကတည်းက ဉာဏ်ပညာထက်မြက်တယ်၊ ဒါကြောင့် စစ်ပညာကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်လာခဲ့တယ်၊ အဲဒီဘုရင်မနန်ကို စစ်ပညာသင်ပေးတဲ့စစ်သေနာပတိချုပ်ကြီးမှာ ဘုရင်မနန်ထက် အသက်နည်းနည်းငယ်တဲ့ သားတော်လေးတစ်ပါး ရှိတယ်၊ စစ်သေနာပတိချုပ်ကြီးရဲ့ သားတော်အကြီးမို့ 'ဖုန်' လို့ အမည်ပေးထားတယ်၊ အဲဒီဖုန်ငယ်ငယ်လေးကတည်းက ဉာဏ်အလွန်ကောင်းတယ်၊ ဖုန်ကလည်း စစ်တိုက်ခိုက်တာကို ဝါသနာပါတယ်၊ ဒါကြောင့် ဘုရင်မနန်နဲ့ အတူတူ ဖုန်ကိုလည်း ဓားခုတ် လှံထိုး လေးပစ်ခြင်းအတတ်ပညာတွေ သင်ပေးခဲ့တဲ့အတွက် သူတို့နှစ်ဦးစလုံး စစ်ပညာကိုကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လာတယ်'

'အင်း... ဆက်ပြောပါဦး'

'အဲဒီအချိန်မှာ အခြားတိုင်းပြည်က လူတွေဟာ ဒီတိုင်းပြည်ရဲ့ ပေါကြွယ်တဲ့ သယံဇာတတွေ ဆေးဘက်ဝင်ပစ္စည်းတွေရှိတာကြောင့် မကြာခဏ လာရောက်တိုက်ခိုက်ကြတယ်၊ အဲဒီစစ်ပွဲမှာ ဘုရင်ကြီးရယ် စစ်သေနာပတိချုပ်ကြီးနဲ့အတူ ဘုရင်မနန်ရယ်၊ ဖုန်ရယ် စစ်သည်အင်အားများစွာနဲ့ ပြန်ပြီးတိုက်ခိုက်ကြတယ်၊ ဒီအခါမှာ စစ်ပညာပြည့်ဝတဲ့ နှင်းပွင့်တိုင်းပြည်ကို တိုက်လို့မရဘဲ ရန်သူတွေဟာ ဆုတ်ခွာခဲ့ရတယ်၊ သူတို့ဟာ တိုင်းပြည်ငယ်ကလေးကို တိုက်လို့မရတဲ့အတွက် မကျေမနပ်ဖြစ်ပြီး အင်အားအမြောက်အမြားနဲ့ ထပ်မံတိုက်ကြပြန်တယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်နော်၊ ရှေးခေတ်တုန်းကတော့ တိုင်းပြည်တစ်ပြည်နဲ့တစ်ပြည် စစ်တိုက်နေကြတာပဲ'

'ဟုတ်တယ် ကိုကျော်စွာ ဒါဟာ နယ်ချဲ့စစ်တွေပဲ၊ ကျွန်မတို့ သမိုင်းမှာ သင်ခဲ့ရတာပဲ'

'ဟုတ်ပါတယ်၊ ကြီးနိုင်ငယ်ညှဉ်း ဆဲဆိုတဲ့ နယ်ချဲ့ကျူးကျော်စစ်ပွဲတွေပဲ'

'ဒီလိုနဲ့ တိုင်းပြည်တစ်ပြည်က စစ်သည်တွေဟာ နှစ်စဉ်နှစ်တိုင်း လာရောက်တိုက်ခိုက်ကြတယ်၊ အဲဒီစစ်ပွဲကတော့ အပြင်းထန်ဆုံး စစ်ပွဲတစ်ပွဲပဲ၊ နှင်းပွင့်တိုင်းပြည်ကို လိုချင်တဲ့ အခြားနိုင်ငံကလူတွေဟာ ဒီတစ်ချီတော့ နှင်းပွင့်တိုင်းပြည်ကို အနိုင်ရအောင်တိုက်မယ်ဆိုပြီး လူအင်အား၊ လက်နက်အင်အားတွေအပြည့်နဲ့ ချီတက်လာခဲ့တယ်၊ နှင်းပွင့်တိုင်းပြည်က လူတွေကလည်း အပြင်းအထန် ပြန်ပြီးတိုက်ခိုက်တယ်၊ မြားတွေဟာ ဘယ်လောက်ပလူပျံနေသလဲဆိုရင် ကောင်းကင်တစ်ခုလုံး မြားတွေနဲ့ပြည့်နေတယ်၊ နေရောင်ကိုတောင် မမြင်ရဘူးတဲ့၊ အဲဒီအချိန်မှာ ဘုရင်ကြီးနဲ့ စစ်သေနာပတိချုပ်ကြီးတို့ဟာ အရွယ်အိုမင်းနေပြီ၊ ဘုရင်မနန်းနဲ့ စစ်သူကြီးဖုန်တို့ဟာ လန်းဆန်းတက်ကြွနေတဲ့အရွယ်ရောက်နေပြီ'

'အဲဒီတိုက်ပွဲမှာ ဘာဖြစ်သွားလဲ'

'အဲဒီတိုက်ပွဲက ပြင်းထန်လွန်းလို့ အဲဒီတိုက်ပွဲမှာ စစ်သေနာပတိချုပ်ကြီး ကျဆုံးသွားခဲ့တယ်၊ ဒါကြောင့် မြို့ရိုးကို





မရင် မြို့ရိုးထက်ပိုပြီးမြင့်အောင် ကာရံခဲ့ကြတယ်၊ မြို့ရိုးအတွက်ကိုတော့ အဲဒီမြို့ရဲ့ အနောက်ဘက်မှာရှိတဲ့ ကျောက်တောင်တွေက ကျောက်တုံးတွေကို ထုခွဲပြီး မြို့တွင်းကို သယ်ခဲ့ကြတယ်'

'ဟုတ်တယ်နော်၊ ကျောက်တောင်တွေရှိတာ တစ်ပန်းသာတယ်၊ လမ်းခင်းတာတို့ မြို့ရိုးလုပ်တာတို့အတွက် အထူးမတွေပြောစရာ မလိုတော့ဘူးပေါ့'

'ဟုတ်တယ်နော်၊ သဘာဝတရားနဲ့ လူသားတွေရဲ့နေထိုင်စားသောက်မှု ဆက်စပ်နေတာ အံ့သြစရာပဲ'

'ကဲ... ဆက်ပြောပါဦး'

'ဒီလိုနဲ့ မကြာမီမှာ နတ်ရွာစံသွားတော့ ဘုရင်မနန်းဟာ ရင်ခွင်ပိုက်မဟုတ်တော့ဘဲ လွတ်လွတ်ကျွတ်ကျွတ် ဘုရင်မဖြစ်လာခဲ့တယ်၊ ဘုရင်မနန်းဟာ အလွန်ချောမောလှပလွန်းလို့ အတိုင်းအပြည်ပြည်က မင်းတွေ မင်းသားတွေက မျက်စိကျပြီး သူတို့နဲ့ လက်ထပ်ဖို့ စာသဝဏ်ပါးခြင်း ခံခဲ့ရတယ်၊ ဒါပေမဲ့ ဘုရင်မနန်းဟာ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ဘူး၊ ဒါကြောင့် မပျိုကြီးဘဝနဲ့ နှင်းပွင့်တိုင်းပြည်မှာ အုပ်ချုပ်ခဲ့တယ်'

'ဆက်ပြောပါဦး ဂျာရယ်'

'သူမက ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူးဆိုပေမယ့် သူမဟာ ငယ်ငယ်ကတည်းက အတူတူ စစ်ပညာသင်ခဲ့တဲ့ ဖုန်ကိုနှစ်သက်သဘောကျခဲ့တယ်၊ ဒါပေမဲ့ အဲဒီအချိန်က ငယ်ရွယ်တဲ့


www.burmeseclassic.com

www.burmeseclassic.com


ကလေးဘဝလည်း ဖြစ်ပြန်၊ ဘုရင်မနန်ဟာ ငယ်ငယ်ကတည်းက မာနကြီးတဲ့သူဖြစ်လေတော့ သူမ နှစ်သက်ပေမယ့် ထုတ်ဖော် မပြောခဲ့ဘူး'

'အင်းပေါ့'

'တစ်နေ့မှာ ဘုရင်ကြီးရော စစ်သေနာပတိချုပ်ကြီးပါ ကျဆုံးသွားတာကို သိတဲ့ ရန်သူနိုင်ငံတွေဟာ ဒီတစ်ချီတော့ အပိုင်ပဲဆိုပြီး လာတိုက်ပြန်ပါရော'

'ဟာ… ဒါဆို ဒုက္ခပဲပေါ့'

'ဟုတ်ပါတယ်၊ စစ်ပညာ ကျွမ်းကျင်ပေမယ့် အတွေ့ အကြုံ နုနယ်သေးတော့ ဘုရင်မနန်နဲ့ စစ်သူကြီးဖုန်တို့ဟာ အသေ အလဲခုခံတိုက်ခိုက်ခဲ့ရတယ်၊ ဒါပေမဲ့ မြို့ရိုးဟာ ရန်သူရဲ့စစ်အင်အား ကို မခံနိုင်ဘဲ ကျိုးပေါက်သွားပြီး ရန်သူတွေဟာ မြို့ထဲကို ရောက်ရှိလာခဲ့တယ်၊ အဲဒီမှာတင် အနီးကပ်ဓားတိုက်ပွဲ ဆင်နွှဲ ခဲ့တယ်၊ ဘုရင်မနန်ဟာ မိန်းမသားပင်ဖြစ်လင့်ကစား ယောက်ျား သားတစ်ဦးလို ဓားရေးမှာ အလွန်ကောင်းတဲ့သူဆိုတော့ ဝင်လာ တဲ့ ရန်သူတွေကို ဓားတစ်ချက် အသက်တစ်ချောင်းနှုန်းနဲ့ တိုက် ခိုက်ခဲ့တယ်၊ ရန်သူတွေဟာ အင်အားနည်းတဲ့ တိုင်းပြည်တစ်ပြည် က ဒီလောက်တိုက်နိုင်မယ်လို့ မထင်မိဘဲ အထင်သေးမိသမျှ သူတို့ရဲ့ စစ်သားတွေ ဒီလို အတုံးအရုံးကျဆုံးတာမြင်မှ သူတို့ လည်း ထိတ်ထိတ်ပျာပျာဖြစ်သွားခဲ့တယ်၊ ဒါပေမဲ့ တိုက်ပွဲမှာ ယောကျာ်းတွေနဲ့တန်းတူ စစ်ပွဲကို ဆင်နွှဲနေတဲ့ ဘုရင်မနန်ကိုမြင်





တော့ ရန်သူစစ်သူကြီးဟာ ဘုရင်မနန်ကို သတ်ဖြတ်သုတ်သင် ဖို့ အတင်းဝင်ပြီး တိုက်ခိုက်ခဲ့တယ်၊ ဘုရင်မနန်ကလည်း သူမရဲ့ အင်အားရှိသလောက် ပြန်ပြီးတိုက်ခိုက်ခဲ့တယ်၊ ဓားရေးကျွမ်းကျင် မှု အရည်အချင်းချင်း တူပေမယ့် မိန်းမနဲ့ ယောကျာ်းဖြစ်လေတော့ အချိန်ကြာလာတာနဲ့အမျှ ဘုရင်မနန်မှာ ဓားချက်တွေ ထိလာခဲ့ တယ်၊ သူမဟာ ရန်သူစစ်သူကြီးရဲ့ ဓားချက်ကို မထိအောင် အသည်းအသန် ရှောင်တိမ်းနေခဲ့ရတယ်'

'ဟုတ်ပါတယ်၊ မိန်းမနဲ့ ယောကျာ်း အင်အားချင်းမှ မမျှတာကိုး'

'အဲဒီအချိန်မှာ စစ်သူကြီးဖုန်ဟာ ရန်သူတပ်သားတွေ ဝိုင်းနေလို့ အသေအလဲ တိုက်ခိုက်နေရတဲ့အချိန်ဖြစ်တယ်၊ ဖုန်ဟာ ရန်သူတပ်သားတွေကို အမြန်တိုက်တဲ့ တိုက်ကွက်နဲ့ တိုက်ခိုက် တဲ့အတွက် ရန်သူတပ်သားတွေ အတုံးအရုံး ကျဆုံးကုန်တယ်၊ ဒီတော့မှ ဖုန်ဟာ ဘုရင်မနန်ကို သတိရသွားပြီး ဘယ်နေရာမှာ ရောက်နေသလဲလို့ လှမ်းကြည့်လိုက်တော့ ရန်သူစစ်သူကြီးရဲ့ တိုက်ကွက်ကို အသေအလဲ ခုခံကာကွယ်နေရတာကို တွေ့လိုက် တယ်၊ သူမရဲ့ တစ်ကိုယ်လုံးမှာလည်း ဓားဒဏ်ရာတွေကြောင့် သွေးတွေရွှဲနေတယ်၊ အဲဒီအချိန်မှာ ရန်သူစစ်သူကြီးရဲ့ ဓားချက် က ပြင်းထန်လွန်းလို့ ဘုရင်မနန်ရဲ့ ဓားဟာ လက်ထဲကလွင့်သွား သလို ဘုရင်မနန်ဟာ အရှိန်နဲ့ မြေပြင်ပေါ်မှာ လဲကျသွားတာကို မြင်လိုက်ရတယ်၊ ဒီတော့ ရန်သူစစ်သူကြီးအတွက် အပိုင်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တာပေါ့'

'ဒီအကွက်ကို စောင့်နေတဲ့ စစ်သူကြီးဟာ ဘုရင်မရဲ့ ရင်ညွန့်တည့်တည့်ကို ဓားနဲ့ထိုးအစိုက်မှာ စစ်သူကြီးဖုန် ရောက်လာပြီး အဲဒီဓားချက်ကို သူ့ရဲ့ဓားနဲ့ ခတ်ထုတ်ပြီး ဘုရင်မနန်ရဲ့ အသက်ကို အချိန်မီကယ်တင်လိုက်နိုင်တယ်၊ ဒါတင်မကဘူး၊ ရန်သူစစ်သူကြီးကိုပါ အနိုင်တိုက်ပြီး ရန်သူစစ်သူကြီးရဲ့အသက်ကိုပါ ယူနိုင်ခဲ့တယ်၊ နောက်တော့ စစ်မြေပြင်မှာ လဲကျနေတဲ့ ဘုရင်မနန်ကို ပွေ့ပြီး နန်းတော်အရောက် ပို့ပေးခဲ့တယ်၊ နန်းတော်ရောက်လာတာနဲ့ နန်းတွင်းဆေးဆရာကြီးတွေက ချက်ချင်းကုသပေးလို့ ဘုရင်မနန်ဟာ အသက်ချမ်းသာရခဲ့တယ်'

'တော်သေးတာပေါ့'

'ရန်သူစစ်သည်တွေဟာ ခေါင်းဆောင်စစ်သူကြီး ကျဆုံးသွားတဲ့အတွက် တပ်ပျက်ပြီး အရှုံးနဲ့ ရင်ဆိုင်ကာ ထွက်ပြေးသွားခဲ့တယ်၊ အဲဒီစစ်ပွဲကတော့ နှင်းပွင့်တိုင်းပြည်ရဲ့ အအောင်မြင်ဆုံးတိုက်ပွဲတစ်ပွဲပါပဲ၊ စစ်သူကြီးဖုန်ဟာ ဘုရင်မရဲ့အသက်ကို ကယ်တင်ခဲ့သူအဖြစ် တစ်တိုင်းပြည်လုံးမှာ ထင်ရှားကျော်ကြားလာခဲ့တယ်'

'ဒါဆို စစ်သူကြီးဖုန်ဟာ အလွန်ကံကောင်းတဲ့သူပေါ့'

'စစ်သူကြီးဖုန်ဟာ အလွန်ကံကောင်းတဲ့သူ မဟုတ်ဘူး၊ ဘုရင်မနန်ကို ကယ်တင်မိတဲ့အတွက် ကံဆိုးသွားခဲ့တာ'

'ဂျာရယ့်စကားက တစ်မျိုးကြီးပါလား၊ ဆက်ပြောစမ်းပါဦး'





'ဒီလို ကိုကျော်စွာရဲ့၊ ဘုရင်မနန်က ကလေးဘဝကတည်းက အတူတူ စစ်ပညာသင်လာတဲ့ ဖုန်ကို တစ်ဖက်သတ်ချစ်ခင်ခဲ့တယ်၊ ဒါပေမဲ့ သူမဟာ ဘုရင်မဆိုတဲ့ မာနတွေဖုံးလွှမ်းပြီး မခင်သလိုနေခဲ့တယ်၊ ဒီလိုနေရင်းနဲ့ အရွယ်ရောက်လာလေလေ ဖုန်ကို ချစ်ခင်လာလေလေ ဖြစ်လာတယ်၊ ဒါကိုလည်း မိန်းမတို့ဣန္ဒြေနဲ့ ဖုံးဖိထားခဲ့တယ်'

'ဟုတ်တာပေါ့'

'လူတွေဟာ တစ်ခါတစ်ရံမှာ အချိန်ကျရင် ရှောင်လို့မရဘူးဆိုတဲ့ စကားကို ယုံရမလိုဖြစ်နေပြီ၊ စစ်သူကြီးဖုန်ဟာ ဘုရင်မနန်ကို ဒဏ်ရာတွေနဲ့ လဲကျနေလို့ နန်းတော်အရောက် ပွေ့လာခဲ့တယ်၊ ဘုရင်မနန်ဟာ ဖုန်ရဲ့ရင်ခွင်ထဲမှာ နေရတဲ့အတွေ့အထိကြောင့် ဖုန်ကို အရမ်းစွဲလမ်းသွားခဲ့တယ်၊ နောက်တော့ ဖုန်ကို မတွေ့ရရင် မနေနိုင်အောင်ဖြစ်လာခဲ့တယ်၊ သူမဟာ ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမှန်း မသိလို့ သူမကို ထိန်းကျောင်းခဲ့တဲ့ အမတ်ကြီးနဲ့ တိုင်ပင်ခဲ့တယ်၊ သက်တော်ရှည်အမတ်ကြီးက ဘုရင်မနန်ကို အကြံတစ်ခုပေးခဲ့တယ်'

'ဘယ်လိုအကြံပေးခဲ့တာလဲ'

'ဘုရင်မနန်အနေနဲ့ ရာဇဣန္ဒြေနဲ့နေပါ၊ ဒီကိစ္စကို မှူးမတ်တွေနဲ့တိုင်ပင်ပြီး အဆင်ပြေအောင်လုပ်ပေးပါ့မယ်လို့ ပြောတယ်၊ အဲဒီလိုပြောပြီး မှူးမတ်တွေ စုဝေးပြီးနောက် ငါတို့ဘုရင်မဟာ



www.burmeseclassic.com

www.burmeseclassic.com



**ဒီအ**တိုင်း စစ်ပွဲတွေကို တိုက်နိုက်လို့ တစ်စုံတစ်ခုဖြစ်ခဲ့ရင် ငါတို့အတွက် နန်းညွှန့်နန်းလျာ မျိုးဆက်သစ်ပြတ်သွားလိမ့်မယ်၊ ဒီတော့ သူရသတ္တိနဲ့ ပြည့်စုံတဲ့ စစ်သူကြီးဖုန်နဲ့ လက်ဆက်ပြီး နန်းထိုင် တရားစီရင်တဲ့အလုပ်ကိုသာ လုပ်ရင် နှင်းပွင့်တိုင်းပြည်ကြီး အခွန့်ရှည်ကြာ သာယာဝပြောပေလိမ့်မယ်လို့ ပြောခဲ့တယ်၊ ဒီတော့ ကျန်တဲ့မှူးကြီးမတ်ကြီးတွေကလည်း သက်တော်ရှည်အမတ်ကြီးရဲ့ စကားကို လက်ခံလိုက်တယ်၊ ဒီနောက်တော့ သက်တော်ရှည်အမတ်ကြီးဟာ စစ်သူကြီးဖုန်ကို ဒီအကြောင်းခေါ်ပြောခဲ့တယ်၊ သက်တော်ရှည်အမတ်ကြီးက ဖုန်ဟာ ဘုရင်မရဲ့ ကြင်ရာတော်အဖြစ် ဝမ်းမြောက်ဝမ်းသာလက်ခံလိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်၊ ဒါပေမဲ့ သူခေါ်ပြောတော့မှ မှန်းချက်နဲ့ နှမ်းထွက် မကိုက်တာ သိလိုက်ရတယ်'

'စစ်သူကြီးက ဘာဖြစ်လို့လဲ'

'စစ်သူကြီးဟာ သူ ငယ်ငယ်ကတည်းက ချစ်မြတ်နိုးတဲ့ သာမန်ပြည်သူ 'ကျင်'ဆိုတဲ့ ကောင်မလေးတစ်ယောက် ရှိခဲ့တယ်၊ အဲဒီကောင်မလေးကို ဖုန်က အရမ်းချစ်တော့ ဘုရင်မကို လက်မထပ်နိုင်တဲ့အကြောင်း သက်တော်ရှည်အမတ်ကြီးကို ပြန်ပြောလိုက်တယ်၊ ဒီတော့ အမတ်ကြီးက ဘုရင်မကို လက်မဆက်လို့မရဘူး၊ မင်းမိန့်ကို လက်မခံရင် သေဒဏ်ကျလိမ့်မယ်လို့ ပြောလိုက်တယ်၊ ဒီတော့ စစ်သူကြီးဟာ စဉ်းစားပြီး ငါသာ





ဘုရင်မကို လက်ထပ်ခဲ့ရင် ငါ့ရဲ့ချစ်သူနဲ့ တစ်သက်လုံး လက်ထပ်ရမှာမဟုတ်ဘူး၊ ငြင်းပယ်ရင်လည်း သေဒဏ်ဆိုတော့ ဒီတိုင်းပြည်က ထွက်ပြေးမှဖြစ်မယ်လို့ စိတ်ကူးရပြီး ကောင်မလေးကို အကျိုးအကြောင်း ပြောပြခဲ့တယ်၊ ကောင်မလေးက မင်းမိန့်ဆိုတော့ ကြောက်ရွံ့ပြီး ငြင်းဆန်ခဲ့တယ်၊ ဒါပေမဲ့ စစ်သူကြီးက ဒီနှင်းတောင်တွေကို ဖြတ်ကျော်ပြီးပြေးရင် လွတ်နိုင်တဲ့အကြောင်း ပြောပြခဲ့တယ်'

'သူတို့အဖြစ်ကလည်း မလွယ်ပါလား'

'ဟုတ်တယ်၊ ဒါနဲ့ ချစ်သူနှစ်ယောက်ဟာ ဆုံးဖြတ်ချက်ချပြီးတော့ ရေခဲတောင်တွေကို ဖြတ်ပြေးခဲ့တယ်'

'အင်းပေါ့ ... -ပြေးရမှာပေါ့'

'အဲဒီလို ရေခဲတောင်တွေကို ဖြတ်ပြေးသွားတာကို ဘုရင်မကြီးရဲ့ လူတွေက သိသွားပြီး ဘုရင်မကြီးအပါအဝင် လေးသည်တော် ဓားသည်တော်များဟာ ရေခဲတောင်ဆီကို ချီတက်လာခဲ့တယ်၊ စစ်သူကြီးဖုန်ကလည်း အဲဒီအကြောင်းကို သိလို့ အမြန်နှုန်းနဲ့ ပြေးခဲ့တာ၊ ဒီလောက်အေးနေတဲ့အရပ်မှာတော့ ချွေးသီးချွေးပေါက်တွေ ပေါက်ပေါက်ကျခဲ့တယ်၊ အဲဒီချွေးတွေဟာ ရေခဲပြင်ပေါ်ကိုကျသွားတဲ့နေရာမှာ အစိမ်းရောင် ရေခဲပြင်တွေ ဖြစ်သွားသတဲ့၊ နောက်တော့ ပြေးရင်း ပြေးရင်း နောက်က စစ်သားတွေ လိုက်လာမှန်းသိလို့ 'ကျင်'က လန့်ဖျပ်ပြီး မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



သတဲ့၊ ဒီနေရာမှာ အပြာရောင်ရေခဲပြင်တွေ ဖြစ်သွားတယ်၊ နောက်တော့ ဘုရင်မနန်က သူတို့ကို လေးနဲ့လှမ်းပစ်လိုက်တယ်၊ ဒါကြောင့် ဖုန်တို့ဟာ တည့်တည့်မပြေးဘဲ ကွေ့ကွေ့ကောက်ကောက် ပြေးခဲ့တယ်၊ အဲဒီနေရာတွေဟာ အခုထက်တိုင်တောင် ကွေ့တွေမှာ ဆီးနှင်းတွေကျရင်တောင် ချက်ချင်းအရည်ပျော်သွားတယ်တဲ့၊ နောက်တော့ 'ကျင်'ဟာ ဘုရင်မနန်ရဲ့ မြားချက်ထိပြီး သွေးတွေ တစက်စက်ကျလာတယ်၊ အဲဒီနေရာမှာ အနီရောင်ရေခဲပြင် ဖြစ်သွားတယ်တဲ့၊ ဒါကြောင့် ကျွန်မတို့ရဲ့ ရေခဲတောင်တွေမှာ နှင်းပွင့်ရောင် အဖြူသက်သက်ကြီးမဟုတ်ဘဲ တချို့နေရာက အစိမ်းရောင်၊ တချို့နေရာက အပြာရောင်၊ အချို့နေရာမှာ အနီရောင်တွေဖြစ်နေတာကို ယနေ့တိုင် တွေ့မြင်နေရဆဲပါပဲ'

'ဟင်… ဟုတ်လား၊ ရေခဲတောင်တွေဟာ အဖြူရောင်သက်သက်မဟုတ်ဘဲ အရောင်အမျိုးမျိုးရှိတယ်ဆိုတာ ဂျာရယ်ပြောမှပဲ သိရတော့တယ်'

'ဟုတ်တယ်၊ ကိုကျော်စွာ အားလပ်ရက်များများရရင် ကျွန်မတို့ဆီကို လာလည်ပါ'

'ကျွန်တော်လည်း ဂျာရယ်ရဲ့ ဒဏ္ဍာရီကို နားထောင်ပြီး ဂျာရယ်တို့ဆီကို သိပ်လာချင်တယ်၊ လာတဲ့အခါကျမှ ဂျာရယ်က မသိဘူးမလုပ်နဲ့နော်'

'ကိုကျော်စွာရယ်… ဂျာရယ်တို့က ရိုးသားတဲ့ တိုင်းရင်း





သူပါ၊ မသိတဲ့လူလာရင်တောင် ကိုယ်ကူညီနိုင်တာကို ကူညီတာပါ၊ အခုလို ခင်တဲ့လူဆိုရင် ဘယ်လောက်နေနေ ဧည့်ခံနိုင်ပါတယ်'

'ဟုတ်ပါတယ် ဂျာရယ်၊ ကျွန်တော်တော့ ခင်ဗျားတို့ဆီကို လာဖြစ်အောင်ကို လာခဲ့ဦးမယ်'

'လာခဲ့ပါ'

'ဂျာရယ်ရဲ့ ပုံပြင်ကလေးကလည်း နားထောင်လို့ကောင်းတယ်၊ ဒါပေမဲ့ မိုးအတော်ချုပ်သွားပြီ၊ ဂျာရယ်အဆောင်ကို ကျွန်တော် ပြန်ပို့ပေးမယ်နော်'

'ကောင်းပါပြီ၊ ဂျာရယ် မပြန်ခင်တော့ လာခဲ့ပါဦး'

'လာပါ့မယ်'

ကျွန်ုပ် ခင်သကဲ့သို့ ဂျာရယ်လည်း ကျွန်ုပ်ကို ခင်မင်သွားခဲ့သည်။ ကျွန်ုပ်သည် သူမကို အဆောင်သို့ပြန်ပို့ပြီး အိမ်သို့ပြန်ခဲ့သည်။ အိမ်သို့ရောက်သောအခါ ကျွန်ုပ်၏စိတ်တွင် အထူးကြည်လင်နေသည်။ ယခင်ကဆိုလျှင် သည့်လိုညနေချမ်းမျိုးရောက်သည်နှင့် ခေါင်းအုံကာ မှုးတူးနောက်တောက် ဖြစ်နေခဲ့သည်။ စိတ်ထဲတွင် တစ်စုံတစ်ခုကို သိလိုက်ရသည့်အတွက် စိတ်ကျေနပ်သွားသကဲ့သို့ ခံစားရသည်။

ဘာပဲဖြစ်ဖြစ် ဂျာရယ်နှင့်တွေ့ပြီး စကားပြောရသည်မှာ ကျွန်ုပ်၏စိတ်ကို ကြည်မွေ့အေးချမ်းခဲ့ပါတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)
## မျက်ရည်များနှင့်ခွဲသွားသူ

BURMESE CLASSIC .com

လှိုင်းကြက်ခွပ်ကလေးများ ထနေသော အင်းလျားရေကန် နံဘေးသို့ ကျွန်ုပ်နှင့် ဂျာနယ်တို့နှစ်ဦး ညနေတိုင်းလိုလို ရောက်ရှိခဲ့သည်။ ဂျာရယ်နှင့် စကားပြောနေရသည်မှာ စမ်းရေကလေး တငြိမ့်ငြိမ့်စီးသံကလေးကို နားထောင်နေရသကဲ့သို့ စိတ်မှာ လန်းဆန်းကြည်မွေ့ခဲ့သည်။

သူမက သူမဒေသ၏ အကြောင်းများကို ပြောပြခဲ့သည်။

'ဂျာရယ်ကိုမွေးတော့ နောင်ခမ်းလူရွာမှာ မွေးပေမယ့် နည်းနည်းကြီးလာတော့ တရှူးထူးရွာကို ပြောင်းလာခဲ့တယ်'

'တရှူးထူးရွာ ဟုတ်လား'

'ဟုတ်တယ်၊ တရှူးထူးရွာဟာ မြန်မာပြည်မြေပုံမှာ အမိကကျတဲ့ ရွာကလေးပေါ့'

'ပြောပါဦး ဂျာရယ်'





'ဂျာရယ်တို့ရွာကလေးဟာ မြစ်ဆုံရဲ့အဖျားဆုံးမှာရှိတယ်၊ ရေမြစ်ဖျားရဲ့ အဆုံးပိုင်းလို့ခေါ်ရင်လည်း ရတယ်၊ အဲဒီမှာ မြစ်ချောင်းကလေးတွေဟာ လက်ချောင်းကလေးတွေ ဖြာထွက်နေသလိုပဲ ရှိတယ်၊ အဲဒီမြစ်ချောင်းကလေးတွေဟာ အရင်းပိုင်းမှာ ယပ်တောင်လေးလို စုစည်းသွားပြီး မြစ်ဆုံဖြစ်လာတယ်'

'မြစ်တွေ ချောင်းတွေ အများကြီးရှိတော့ ပျော်စရာကြီးပေါ့နော်'

'ဟုတ်တယ်၊ ဂျာရယ်တို့မိဘတွေက အဲဒီမှာ တောင်ယာစိုက်တယ်၊ နောက်ပြီး ငါးဖမ်းတယ်ပေါ့၊ တစ်ခါတစ်ခါ ချောင်းရေလျှံရင် ငါးတွေအများကြီးရတယ်၊ အဖေနဲ့ အမေက ငါးတွေရရင် မြစ်ဆုံက တဖွန်ဒမ်းရွာမှာ သွားရောင်းကြတယ်၊ ဂျာရယ်လည်း ပါတာပေါ့၊ မြစ်ဆုံဟာ သဘာဝပန်းချီကားတစ်ချပ်လို အရမ်းသာယာတော့ ဂျာရယ်က ပျော်တာပေါ့နော်၊ တစ်နေ့မှာ ငါးရောင်းသွားရင်းနဲ့ ပူတာအိုဘက်က ကျောင်းဆရာလင်မယားနှစ်ယောက်ကလည်း မြစ်ဆုံမှာ အပန်းဖြေနေတာ တွေ့ရတယ်၊ ဂျာရယ်ရဲ့ မိဘတွေနဲ့ အရင်ကတည်းက အရမ်းရင်းနှီးတဲ့သူတွေ ဖြစ်နေတယ်၊ သူတို့က ဂျာရယ်ကိုမြင်တော့ အမေတို့ အဖေတို့နဲ့နေရင် စာတတ်မှာမဟုတ်ဘူး၊ သူတို့ ကျောင်းထားပေးမယ်ဆိုပြီး ခေါ်သွားလို့ ပူတာအိုကို လိုက်သွားခဲ့တယ်၊ အဖေနဲ့ အမေတော့ တစ်နှစ်မှာ တစ်ခါပဲတွေ့ရတယ်၊ ဒီလိုနဲ့ ဂျာရယ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



မွေးစားမိဘတွေနဲ့အတူနေရင်း တက္ကသိုလ်ဝင်တန်းကို အောင်ခဲ့တယ်၊ မွေးစားအဖေက ဒီဒေသမှာ ပညာတတ်တဲ့သူ ရှားပါးတယ်၊ ဒီတော့ ပညာရေတက္ကသိုလ်တက်ဖို့ အမှတ်လည်း မီတာမို့ ပညာရေးတက္ကသိုလ်မှာ ဆက်တက်ခဲ့တယ်၊ ကျောင်းပြီးသွားရင် အဲဒီမှာပဲ ဆရာမအလုပ်ကို လျှောက်မယ်၊ ကလေးတွေကို စာတွေ အများကြီးတတ်အောင် သင်ပေးမယ်'

'ဂျာရယ်ရဲ့ ရည်ရွယ်ချက်က ကောင်းပါတယ်'

'ကျွန်တော်ကတော့ မာစတာတန်းကို အမှတ်မီရင် ဆက်တက်မယ်လို့ စိတ်ကူးထားတယ်'

'ကောင်းပါတယ် ကိုကျော်စွာရယ်'

'ဘာပဲဖြစ်ဖြစ် ဂျာရယ် ပြန်သွားရင်တော့ ကျွန်တော် လွမ်းပြီးကျန်ခဲ့မှာပဲ'

'ဩော်… ကိုကျော်စွာရယ်၊ ရှင်သတိရရင် ဂျာရယ်တို့ဆီ လာလည်ပေါ့၊ မြန်မာပြည်တွင်းမှာပဲ၊ လာချင်ရင် လာလို့ရတာပဲ'

'ဟုတ်ပါတယ်'

'တကယ်လို့ ကိုကျော်စွာ လာခဲ့ရင် ဂျာရယ်က မြစ်ဆုံတို့ မလိခူး စတဲ့ နေရာတွေကို လိုက်ပြမယ်၊ နောက်ပြီး ခါကာဘိုရာဇီတောင်ဘက်လည်း လိုက်ပြမယ်၊ အဲဒီတောင်တန်းကြီးက ရေခဲတွေဖုံးနေတာလေ'

'ရေခဲတွေဖုံးနေတဲ့ ခါကာဘိုရာဇီတောင်ကြီးလား၊





ကျွန်တော် ရောက်ဖူးချင်တယ်၊ ဘာကြောင့်မှန်း မသိဘူး၊ ရုပ်ရှင်ထဲမှာ ရေခဲတွေဖုံးနေတဲ့တောင်ကြီးကိုမြင်တာနဲ့ တစ်ခုခုကို လွမ်းသလိုလိုပဲ၊ အဲဒီတောင်ကြီးကိုပဲ ကြည့်ချင်နေတယ်'

'ဒါကတော့ သဘာဝတရားရဲ့ အလှအပဆိုတော့ အနုပညာ အသည်းနှလုံးရှိတဲ့လူတိုင်း ခံစားတတ်ကြတာပဲ'

'ဟုတ်ပါတယ်'

'ဂျာရယ်က ဖြစ်နိုင်ရင် ဝေးသီခေါင်လွန်းတဲ့ဒေသကသားချင်းတွေကို စာသင်ပေးချင်တာ၊ အဲဒီလို သွားနေရတာကို ဝါသနာပါတယ်၊ အဲဒီက ဆက်သွားရင် တိဘက်ရွာတွေဘက်ကို ရောက်သွားရော၊ အဲဒီဘက်မှာ နှင်းဖုံးတောင်တန်းတွေ မြက်ခင်းပြင်ကျယ်တွေနဲ့ အလွန်သာယာတယ်'

'ဂျာရယ်ပြောတာနဲ့ အဲဒီနေရာကို အရမ်းသွားချင်တာပဲ၊ ဂျာရယ် ပြန်ရင်တောင် လိုက်ရမလိုဖြစ်နေပြီ'

'လိုက်ချင်ရင် လိုက်ခဲ့ပေါ့ရှင်၊ ဒါပေမဲ့ ဟိုရောက်ရင်တော့ သူဌေးလိုနေလို့ မရဘူး၊ ကလေးတွေကို စာသင်ရမယ်နော်'

ထိုသို့ ကျွန်ုပ်နှင့်ဂျာရယ်တို့စကားပြောနေစဉ် ကန်ဘောင်ရိုးအတိုင်း လမ်းလျှောက်လာသူသုံးဦးကို ကျွန်ုပ် မြင်တွေ့လိုက်ရသည်။ ထိုသူများကား ကိုနိုင်ကြီး၊ ဝင်းဆွေနှင့် ဆန်နီတို့ပဲဖြစ်သည်။ ကျွန်ုပ်မှာ သူတို့ကိုမြင်ရသောအခါ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ကျွန်ုပ်နှင့် ဂျာရယ်မှာ အင်မတန်ခင်မင်ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com

သည့် မိတ်ဆွေအဆင့်သာ ရှိသည်။ သို့သော် အစအနောက်သန်သည့် သူတို့အုပ်စုမှာ ကျွန်ုပ်နှင့် ဂျာရယ်ကို စကြ နောက်ကြပေလိမ့်မည်။

တိုင်းရင်းသူ ဂျာရယ်ကို သူတို့အုပ်စုနှင့် ဆုံမပေးလို၍ မျက်နှာလွှဲကာ မသိသလိုနေလိုက်သည်။ မကြာခင် ကိုနိုင်ဦးတို့အုပ်စုမှာ ကျွန်ုပ်တို့နှစ်ဦးရှေ့မှ ဖြတ်သွားပြီး…

'မင်းတို့ လုပ်ထားကြဟေ့၊ တစ်ယောက်ချင်းတွေ့ရင် မလွယ်ဘူး'

သူတို့အချင်းချင်း ပြောသလိုလိုနှင့် တစ်ခွန်းထည့်သွားခဲ့သည်။ ကျွန်ုပ်မှာ အထာသိသူမို့ မသိမသာ ပြုံးမိသည်။

ထိုနေ့ညနေက စကားပြောအပြီးတွင် ဂျာရယ်ကို အဆောင်သို့ ပြန်ပို့ခဲ့သည်။ ထို့နောက် ကျွန်ုပ်၏အိမ်သို့ ကားကလေးကို မောင်းနှင်လာခဲ့ရာ လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်များသို့အရောက်တွင်…

'ကျော်စွာ'

ထိုသို့ ကျွန်ုပ်၏နာမည်ကို လှမ်းခေါ်လိုက်သည့်အသံကို ကြားသဖြင့် လှမ်းကြည့်လိုက်ရာ…

'ဟာ… ကိုနိုင်ကြီး'

'ကိုနိုင်ကြီး လုပ်မနေနဲ့၊ ဝင်းဆွေရော ဆန်နီပါ ရှိနေတယ်၊ ကားပေါ်ကဆင်းဦး'





'ကဲ… ဆင်းပါပြီဗျာ'

ထိုသို့ပြောပြီး ကားပေါ်မှဆင်းကာ ဆိုင်ထဲရှိ ကိုနိုင်ကြီးကို့ဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

'မင်း တော်တော်ဒိုင်လျှိုတဲ့လူပဲ'

'ဘာဒိုင်လျှိုလို့လဲကွာ'

'ဘာ အခုမှ မာဒင်္ဂအသံနဲ့ လာချွဲမနေနဲ့'

သူတို့အုပ်စုမှာ ကျွန်ုပ်နှင့် ပြောမနာ ဆိုမနာ သူငယ်ချင်းများဖြစ်သည့်အတွက် သူတောင်းစား မာဒင်္ဂနှင့်နှိုင်းပြီး အပြောခံလိုက်ရပါသည်။

'ကဲ… မင်းက ရည်းစားရပြီလား'

'အဲဒီကောင်မလေးက တက္ကသိုလ်ပေါင်းစုံ ပြေးပွဲမှာ ပထမရတဲ့ ကောင်မလေး မဟုတ်လား'

'ဟေ့ကောင်တွေ… မေးခွန်းတွေက များလှချည်လား၊ ငါ ဘယ်ကစပြီး ဖြေရမှာလဲ'

'ရည်းစား ဘယ်လိုဖြစ်သွားလဲဆိုတာ အရင်ပြော'

ကိုနိုင်ကြီးက စိတ်မရှည်သလိုဖြစ်ကာ ခပ်တည်တည်နှင့်မေးလိုက်ရာ…

'ငါ့မှာ ဘာရည်းစားမှ မရှိပါဘူးကွာ'

'ဟေ့ကောင် ကျော်စွာ၊ ဒါမျိုးတွေ ရိုးနေပြီ၊ မင်းက မယောကျ်ားလေးပါကွ၊ ဖုန်းကွယ်စရာ မရှိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ ငါလည်း မဖုံးကွယ်ပါဘူးကွာ၊ တကယ်ကို ရည်းစားမဟုတ်ပါဘူးကွာ'

'ရည်းစားမဟုတ်ရင် ဘာဖြစ်လို့ နှစ်ယောက်တည်း တွဲနေတာလဲ'

'ဟောဗျာ… နှစ်ယောက်တည်းတွဲတိုင်း ရည်းစားဖြစ်ရောလားကွာ'

'ငါတို့က မင်းအကြောင်း မသိဘူးမှတ်နေလား၊ မင်းက ဒေါက်တာ လပဝါကိုလည်း ကြိုက်တယ်၊ ဒီကောင်မလေးကိုလည်း ကြိုက်သလိုဖြစ်နေတော့ ငါး‌ရဲ့နှစ်ကောင် ဘယ်လိုဖမ်းရမှန်းမသိဆိုတာမျိုး ဖြစ်နေတယ်မဟုတ်လား'

'အဲဒီလိုလည်း မဟုတ်ပါဘူးကွာ'

'ဒါဆိုရင် ငါတို့ကို ဘာဖြစ်လို့ ဒိုင်လျှို့ထားတာလဲ'

'ဒိုင်လျှို့စရာလည်း မရှိပါဘူးကွာ၊ ငါတို့နှစ်ယောက်အကြောင်းက စိတ်ဝင်စားဖို့မကောင်းပါဘူး၊ သူနဲ့ ငါ ချစ်သူ ရည်းစားလည်းမဟုတ်ဘူး၊ ခင်မင်တဲ့မိတ်ဆွေအဆင့်ပဲ ရှိသေးတယ်'

'မဖြစ်နိုင်ပါဘူး ကျော်စွာရယ်၊ မင်း သူနဲ့ ချစ်သူဖြစ်လည်း မင်းမကြီး လပဝါကို ငါတို့ ဘာမှပြန်မပြောပါဘူးကွာ'

'တကယ်ပါ… ဘုရားစူးစေ့ကွာ၊ ငါနဲ့ သူနဲ့ ချစ်သူတွေ မဟုတ်ဘူး'

'ဒါဆို တစ်နေ့ တစ်နေ့ ဘာတွေပြောနေတာလဲ'





'သြော်… သူတို့ဒေသကအကြောင်းတွေ ပြောနေတာပါကွာ'

'ကျော်စွာရယ်… ငါတို့ မင်းကို လာလာချောင်းနေတာ တစ်ပတ်တိတိရှိပြီ၊ မင်းနဲ့ အဲဒီကောင်မလေး အင်းလျားမှာထိုင်ပြီး အီစီကလီပြောနေတာ တွေ့ရတယ်၊ ဒီလောက် စကားပြောနေတာတောင် မင်းတို့ ရည်းစားမဖြစ်သေးဘူးဆိုတာ အံ့တယ်ကွာ'

'ငါ ဘယ်လိုပြောရမလဲ ကိုနိုင်ကြီးရာ၊ ငါကလည်း သူ့ကို ချစ်ခွင့်လည်း မတောင်းဖူးဘူး၊ ချစ်တယ်လို့လည်း တစ်ခါမှ မပြောဖူးဘူး၊ ချစ်လည်း မချစ်ဘူး'

'ဒီကောင် ဘာကောင်လဲကွာ၊ ငါတို့ကို ကဗျာရွတ်ပြနေပြီ၊ ဒါဆိုရင် ဘာကြောင့် ကောင်မလေးနဲ့ တွဲနေတာလဲ'

'ငါ့ရဲ့ ရင်ထဲက အရှိအတိုင်း ပြောမယ်နော်'

'ပြောပါ'

'ငါ သူနဲ့စကားပြောရတာ အရမ်းစိတ်ချမ်းသာတယ်၊ သူပြောတဲ့ ရေခဲတောင်တန်းကြီးတွေအကြောင်းနဲ့ ရိုးရာပွဲပြင်ကလေးတွေအကြောင်း ကြားရတာ သူ့ရဲ့စကားထဲမှာ မျောပါသွားတယ်'

'အဲဒါ အချစ်ပေါ့ကွ'

'မဟုတ်ဘူး ဝင်းဆွေ၊ ငါ သူ့ကို ချစ်တာမဟုတ်ဘူး၊ သူ ပြောပြတဲ့အကြောင်းအရာတွေကို စိတ်ဝင်စားတာ'

'ဟေ့ကောင် ကျော်စွာ၊ မင်းကတော့ ဘယ်သူမှ မချစ်ဖူးတဲ့အချစ်နဲ့ တွေ့မယ့်ကောင်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား…'

ကျွန်ုပ်တို့၏ စကားဝိုင်းကလေးမှာ ရယ်စရာ မောစရာများနှင့် စိုပြည်ခဲ့သည်။

'ကဲကွာ… မိုးလည်းချုပ်နေပြီ၊ ငါ ပြန်လိုက်ဦးမယ်'

'အေး… အေး…'

ကျွန်ုပ်သည် ကိုနိုင်ကြီးတို့အုပ်စုနှင့် လမ်းခွဲကာ အိမ်သို့ ပြန်လာခဲ့သည်။ ကျွန်ုပ်သည် ကားပေါ်မှဆင်းပြီး အိမ်ထဲသို့အဝင် ဧည့်ခန်းထဲတွင်…

'ဟင်… မမပဝါလား၊ ဘယ်တုန်းကရောက်တာလဲ'

စာအုပ်တစ်အုပ်ဖတ်နေသည့် မမလပဝါကို မြင်လိုက်ရသဖြင့် လှမ်းနှုတ်ဆက်လိုက်သည်။

သည်တွင် အမေသည် အိမ်ခန်းထဲမှထွက်လာပြီး…

'သားက ဘယ်လျှောက်သွားနေတာလဲ၊ မင်းမမက မင်းကိုစောင့်နေတာ ကြာပြီ'

'ဟင်… ဟုတ်လား၊ အားနာလိုက်တာ မမရယ်'

'ကဲ… အားနာမနေနဲ့၊ မင်း မနေ့က ဆေးခန်းပြရက်လေ၊ ဘာဖြစ်လို့ လာမပြတာလဲ'

'ဟာ… ဟုတ်ပါရဲ့၊ ကျွန်တော် မေ့သွားတယ်'

ကျွန်တော် အမှန်တကယ် မေ့သွားခဲ့သည်။

သည်တော့ အမေက…





'သား မနေ့ညနေက မင်း ထွက်သွားသေးတယ်မဟုတ်လား၊ အဲဒါ ဆေးခန်းသွားတာ မဟုတ်ဘူးလား'

'မဟုတ်ဘူး မေမေ၊ သား သူငယ်ချင်းတွေဆီသွားပြီး စကားပြောရင်းနဲ့ မေ့သွားလို့ မသွားဖြစ်ဘူး'

'ဒါဆို အခု မမ ဆေးခန်းသွားမှာ၊ တစ်ခါတည်းလိုက်ခဲ့ပေတော့'

'ဟုတ်တယ် သားလေး၊ မမနဲ့ လိုက်သွား၊ ကိုယ့်ရောဂါကို မပေါ့နဲ့'

'ကဲ… လာ ကိုကျော်စွာ'

ကျွန်ုပ်မှာ မမခေါ်ဆောင်ရာ ဆေးခန်းသို့ လိုက်ပါသွားခဲ့သည်။ ဆေးခန်းတွင် ဒေါက်တာဦးစံသာ ပြန်ရောက်နေသည်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်အား လိုအပ်သည့်စမ်းသပ်မှုများပြုလုပ်ပြီးနောက်-

'မောင်ကျော်စွာ… ဆရာ မရှိတုန်းမှာ နေရတာ အဆင်ပြေရဲ့လား'

'ဟုတ်ကဲ့ အဆင်ပြေပါတယ် ဆရာ'

'မောင်ကျော်စွာကို ကြည့်ရတာ စိတ်လည်း လန်းဆန်းနေပုံရတယ်၊ စစ်ဆေးကြည့်သလောက်လည်း အားလုံးကောင်းပါတယ်၊ ဒေါက်တာပဝါကလည်း သေသေချာချာ ကြည့်ပေးတယ်မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ'

'ကဲ... ပြန်နိုင်ပါပြီ'

ကျွန်ုပ်သည် သူတို့နှစ်ဦးကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ ဆရာဝန်ကြီး ဦးစံသာ ပြောသကဲ့သို့ ကျွန်ုပ်မှာ လန်းဆန်းနေမှန်း ကျွန်ုပ်ကိုယ်ကျွန်ုပ် သိသည်။ ဤသို့ လန်းဆန်းခြင်းမှာ ဂျာရယ်ကြောင့်လည်း ပါသည်ဟု ဆိုရပေမည်။ ဆေးသောက်သည်ထက် ဂျာရယ်နှင့် စကားပြောနေရလျှင် ကျွန်ုပ်၏စိတ်မှာ ပျော်ရွှင်လန်းဆန်းနေသည်။

ကိုယ်ကိုယ်တိုင်ပင် မည်သို့ဖြစ်မှန်း နားမလည်ခဲ့ပေ။ ကိုယ့်ချစ်သူ၊ ကိုယ့်ရည်းစားမဟုတ်သည့် ကောင်မလေးတစ်ယောက်နှင့် ကျွန်ုပ် ဘာကြောင့် သာယာရသနည်း။ အကယ်၍ ကျွန်ုပ်သည် ဂျာရယ်အပေါ်တွင် မေတ္တာသက်ဝင်ပါက အမှန်ပင် ဖွင့်ပြောပေမည်။

သို့သော်လည်း သူမကို ခင်မင်ခြင်းကလွဲ၍ ချစ်သူတစ်ယောက်အဖြစ် ချစ်နိုင်သည့် ချစ်ခြင်းမေတ္တာမျိုး ဖြစ်ပေါ်မလာခဲ့ပါ။ ဒါပေမဲ့ သူမ၏ အသံကလေးကိုတော့ အမြဲတမ်း ကြားချင်နေမိသည်။

ကျွန်ုပ်ပင်လျှင် စိတ္တဇဆန်ဆန် ဖြစ်နေသည်လား မသိ။ အများတကာနှင့်မတူသော အဖြစ်အပျက်များ ကျွန်ုပ်ဆီသို့ တိုးဝင်လာခဲ့သည်။ ကျွန်ုပ်သည် စိတ်ကို တင်းကျပ်စွာမထားဘဲ လွှတ်ပေးလိုက်သည်။





ဂျာရယ်ဆီသို့ ညနေတိုင်း သွားခဲ့သည်။ အင်းလျားရေပြင်၏ ကမ်းနံဘေးတွင် ကျွန်ုပ်တို့၏ စကားတွေဖောင်ဖွဲ့ကာ ပြောကြသည့်နေရာလေး ဖြစ်လာသည်။ သည့်လိုနှင့် တစ်လခန့် ကြာမြင့်သွားခဲ့သည်။

မည်သူတွေက မည်သို့ပြောသည်မသိ။ ဤကိစ္စကို အမေ သိသွားခဲ့သည်။ သည်တွင် အမေက...

'သား မောင်ကျော်စွာ၊ အမေ သားကို ပြောစရာရှိတယ်'

'ဘာပြောမလို့လဲ အမေ'

'သားက တိုင်းရင်းသူလေးတစ်ယောက်နဲ့ ချစ်သူဖြစ်နေတယ်ဆို'

'အမေ့ကို ဘယ်သူပြောတာလဲ'

'ဟုတ်တယ် မဟုတ်ဘူးဆိုတာပဲ သား ပြောပါ'

'မဟုတ်ပါဘူး အမေ'

'မဟုတ်ဘူးဆိုရင် ညနေတိုင်း အင်းလျားကန်စောင်းမှာ ချိန်းတွေ့နေတယ်ဆို'

'ချိန်းတွေ့တာမဟုတ်ပါဘူး အမေ၊ သားတို့က ရိုးရိုးခင်တာပါ၊ မိတ်ဆွေအဆင့်ပဲ ရှိပါတယ်၊ အင်းလျားကန်စောင်းမှာ စကားပြောဖြစ်တာပါ အမေ'

'ချစ်သူမဟုတ်ရင်လည်း ဘာဖြစ်လို့ နှစ်ယောက်တည်း နေ့တိုင်းသွားနေရသလဲ၊ တစ်ဖက်က မိန်းကလေးမှာ ဂုဏ်သိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်မှာပေါ့၊ သားကို အမေ တစ်ခုပဲပြောမယ်၊ သားနဲ့ ဒေါက်တာ လပဝါကို လူကြီးချင်း သဘောတူထားတယ်၊ တစ်နေ့မှာ သား ဟာ လပဝါကိုပဲ လက်ထပ်ရမယ်'

'အမေ သားဟာ အရွယ်ရောက်နေပါပြီ၊ သားရဲ့ အိမ် ထောင်ရေးကို သားကိုယ်တိုင် ဆုံးဖြတ်ခွင့်ရှိရမှာပေါ့'

'ဒီလိုမပြောနဲ့ သား၊ သားဟာ ဦးနှောက်နဲ့အာရုံကြောမှာ ဒဏ်ရာရထားတာ သက်သာတဲ့အဆင့်မှာပဲ ရှိတာ၊ အမေတို့ မျက်ကွယ်ပြုသွားရင်တောင် သားရဲ့ရောဂါကို နားလည်သဘော ပေါက်တဲ့လူနဲ့မှ ဖြစ်မှာ၊ အခုဆို ဒေါက်တာလပဝါဟာ သားရဲ့ ရောဂါကို နားလည်တယ်၊ ပညာလည်း တတ်တယ်၊ အမေတို့ လိုချင်တဲ့ ချွေးမရဲ့ပုံစံလည်း ရှိတယ်၊ ဒီတော့ လပဝါနဲ့ကိစ္စက သား ဘယ်လိုမှငြင်းလို့မရတဲ့ကိစ္စပဲ သား'

'အမေရယ်'

အမေ၏ စကားကို ကြားရသောအခါမှ ကျွန်ုပ်ကို လူကြီး ချင်း သဘောတူထားမှန်း သိလိုက်ရသည်။ နဂိုက အနှောင်အဖွဲ့ မရှိ လွတ်လပ်စွာပျံသန်းနေသော ငှက်တစ်ကောင်ပမာ ကျွန်ုပ်၏ ဘဝကို ဤသို့ထင်မြင်မိသော်လည်း အခုကျမှ ကျွန်ုပ်သည် လှောင်ချိုင့်အတွင်းသို့ ရောက်နေသည့် ငှက်တစ်ကောင်ဆိုသည် ကို သိလိုက်ရသည်။

ထိုအချိန်မှစ၍ ကျွန်ုပ်၏စိတ်တွင် လွတ်လပ်ပေါ့ပါးခြင်း





မရှိတော့ပေ။ ထိုစဉ် ကျွန်ုပ်အား မမပဝါက နှစ်ယောက်ချင်း တွေ့လိုသည်ဟု ပြောသည့်အတွက် အတူဆုံတွေ့ခဲ့သည်။ သည် တွင် မမက ကျွန်ုပ်အား···

'ကိုကျော်စွာကို မမ မေးစရာရှိလို့၊ အမှန်ဖြေနိုင်မလား' ထိုသို့ စကားခံကာ မေးခွန်းတွေအများကြီး မေးခဲ့သည်။

'မေးပါ မမပဝါ၊ ကျွန်တော် အမှန်အတိုင်းပဲဖြေပါ့မယ်'

'ဒီလိုပါကွယ်၊ မမနဲ့ကိုကျော်စွာကို လူကြီးချင်း သဘော တူထားတာ သိပါသလား'

'သိပါတယ် မမ'

'မမဘက်ကတော့ ချစ်သူမရှိသေးဘူးဆိုတော့ မိဘတွေ ရဲ့ဆန္ဒကို ခေါင်းညိတ်လို့ရပါတယ်၊ ဒါပေမဲ့ ကိုကျော်စွာမှာ ချစ်သူရည်းစားရှိရင် ငြင်းပယ်လို့ရတယ်၊ ဒီတော့ မမ မေးမယ် နော်၊ ကိုကျော်စွာမှာ ချစ်သူရှိသလား'

မမပဝါက ပညာရှိပီပီ မေးသည့်မေးခွန်းကလည်း ပညာ သားပါလှသည်။ သူမ သိချင်သည့်အကြောင်းအရာကို တိုက်ရိုက် မမေးဘဲ သွယ်ဝိုက်ကာ မေးချေပြီ။ ကျွန်ုပ်ကလည်း···

'ကျွန်တော့်မှာ ချစ်သူရည်းစား မရှိပါဘူး မမပဝါ'

'ဟုတ်ရဲ့လား ကိုကျော်စွာရယ်၊ အမှန်တရားကို မမ သိချင်ပါတယ်'

'အမှန်ပါပဲ မမပဝါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် မမ မေးမယ်နော်'

'မေးပါ'

'ညနေတိုင်း အင်းလျားမှာတွဲနေတဲ့ ကောင်မလေးက ဘယ်သူလဲ'

'သြော်… အဲဒါ ကျွန်တော့်သူငယ်ချင်းပါ'

'သြော်… သူငယ်ချင်းလား၊ သူငယ်ချင်းနဲ့ နေ့တိုင်းတွေ့ဖြစ်နေတာ ဘာအကြောင်း ဘာကိစ္စများ ရှိလို့ပါလိမ့်'

'သူက အောင်စာရင်းထွက်ရင် ပူတာအိုကို ပြန်မှာပါ၊ မပြန်ခင် ပြောကြ ဆိုကြတာပါ'

'မမကတော့သဘောထားကြီးပါတယ်၊ ဒါပေမဲ့ ဒေါက်တာလပဝါယူမယ့် အမျိုးသားက တခြားကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆိုတဲ့ ခပ်ညံ့ညံ့လူတွေက မေးငေါ့တာ မခံချင်ဘူး ကိုကျော်စွာ'

'ဟုတ်ပါတယ် မမ'

'တကယ်တော့ မမဟာ ကျွန်မယူမယ့် ယောကျ်ားကို ဘယ်သူနဲ့မှတွဲတာ မကြိုက်ဘူးလို့ ခပ်ရှင်းရှင်းပဲ ပြောလိုက်ပါလား မမရယ်'

သည်စကားက နှုတ်ဖျားက ထွက်မလာဘဲ ပါးစပ်ဖျားမှာ ပျောက်ကွယ်သွားသည့် စကားလုံးပဲ ဖြစ်သည်။ နောက်တော့ မမကိုနှုတ်ဆက်ကာ ကျွန်ုပ် ပြန်လာခဲ့သည်။





အတားအဆီး အရံအတားများကြောင့် ကျွန်ုပ်သည် ဂျာရယ်ဆီသို့ သွားချင်ပါရက် အသွားခက်ခဲ့ပြီ။ သည်လိုနှင့် ကျွန်ုပ်တို့ နောက်ဆုံးနှစ်စာမေးပွဲကြီး အောင်စာရင်းထွက်ခဲ့ပြီ။ ကျွန်ုပ်သည် ဘာသာစုံအထူးအောင်ဖြင့် အောင်မြင်ခဲ့သည်။ ကျွန်ုပ်၏ အောင်မြင်မှုအတွက် မိဘနှစ်ပါးနှင့် မမပဝါက ဆိပ်ကမ်းသာဟိုတယ်ကြီးတွင် ကျွေးမွေးဂုဏ်ပြုခဲ့သည်။

သူတို့သုံးယောက်စလုံး အပြုံးတွေကိုယ်စီ ဝေနေချိန်တွင် ကျွန်ုပ်မှာ ဂျာရယ်နှင့်မတွေ့ရသည့်အတွက် မပျော်ရွှင်နိုင်ဘဲဖြစ်နေခဲ့သည်။

သို့ဖြင့် တစ်ပတ်ခန့်အကြာတွင် ကိုသီဟကြီးနှင့် မြကေသီတို့ ရောက်လာပြီး…

'ကိုကျော်စွာရေ… ကျွန်မတို့ ပညာရေးတက္ကသိုလ်က ဗိုင်နယ်စာမေးပွဲ အောင်စာရင်းထွက်ပြီ'

'မြကေသီ အောင်တယ်မဟုတ်လား'

'အောင်တယ် ကိုကျော်စွာ၊ ဂျာရယ်လည်း အောင်တယ်၊ ဂျာရယ်က အောင်စာရင်းစောင့်နေတာမို့ သူ ပြန်တော့မယ်၊ အဲဒါ ကျွန်မတို့ သူ့ကို သွားနှုတ်ဆက်မလို့ ကိုကျော်စွာကြီးကို လာခေါ်တာ၊ လိုက်မယ်မဟုတ်လား'

'လိုက်မှာပေါ့၊ ဂျာရယ်ဆီကို ကျွန်တော် အရမ်းသွားချင်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဂျာရယ်ကလည်း ရှင်မလာလို့ တမျှော်မျှော်နဲ့၊ ဘာဖြစ်လို့ သွားမတွေ့တော့တာလဲ ကိုကျော်စွာရယ်'

'ဩော်… ကျွန်တော့်မှာ ကိစ္စလေးတစ်ခုရှိလို့ မသွားတာပါ၊ အခု အားပြီလေ၊ မြကေသီတို့နဲ့ လိုက်ခဲ့မယ်'

ကျွန်ုပ်မှာ နဂိုကပင် လွမ်းစွာသွားချင်လှသူဖြစ်သည်။ ယခုမူ ရေငတ်တုန်း ရေတွင်းထဲကျသည့်နှယ် လွန်စွာဝမ်းသာအားရဖြင့် သူတို့နှင့်အတူ ဂျာရယ်ဆီသို့ သွားခဲ့သည်။

'ဂျာရယ် စာမေးပွဲအောင်တယ်ဆို၊ ကွန်ဂရက်ကျူလေးရှင်း'

'ကိုကျော်စွာက ခရက်တစ်နဲ့ အောင်တယ်ဆို၊ ကွန်ကရက်ကျူလေးရှင်း ကိုကျော်စွာ'

'ကိုကျော်စွာက ဗိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ်ရဲ့ ချန်ပီယံကြီးပဲ၊ သတင်းကြီးတဲ့သူဆိုတော့ သိတာပေါ့၊ အောင်စာရင်းထွက်တဲ့နေ့က လာများလာမလားလို့ ကျွန်မ မျှော်မိသေးတယ်'

'ဟုတ်တယ်၊ အမေတို့က ကိုယ့်ကို ဂုဏ်ပြုညစာလိုက်ကျွေးနေလို့ပါ'

'နောက်နေ့တွေကျတော့ရော ဘာကြောင့် မလာတာလဲ ကိုကျော်စွာ'

သူမက ခပ်နွမ်းနွမ်းကလေး မေးလိုက်သည်။ သူမ၏ အမေးမှာ ကျွန်ုပ်အတွက် လမ်းလေးခွကားစင်တွင် ဓားတင်၍ မေးခံရသည့်နှယ် ရင်ထဲတွင် စူးခနဲ နစ်ဝင်သွားခဲ့သည်။ သည်





မေးခွန်းကိုဖြေဖို့ ကျွန်ုပ် အတော်ကြိုးစားရပေမည်။

သူမလို ရိုးရှင်းသော အရိုးခံမလေးကို ကျွန်ုပ် မညာရက်ပါ။ ကျွန်ုပ်မှာ ပြောစရာစကား ရှာဖွေနေမိသည်။ ထိုစဉ် သူမက…

'ကျွန်မနဲ့ အင်းလျားမှာ ထိုင်စကားပြောနေတုန်းက ကိုကျော်စွာရဲ့ သူငယ်ချင်းတွေက ရှေ့ကဖြတ်လျှောက်သွားတာ ကျွန်မ တွေ့လိုက်တယ်၊ သူတို့က ကိုကျော်စွာရဲ့မိဘတွေကို သွားပြောလို့ ကိုကျော်စွာ မလာတာ မဟုတ်လား'

သူမက သည်အကြောင်းကို သိနှင့်နေပြီ။

သည်တွင် ကျွန်ုပ်က…

'ကိုကျော်စွာမှာ အလုပ်ကိစ္စလေးရှိလို့ မလာဖြစ်တာပါ၊ အခု လာပြီပဲ'

'ကိုကျော်စွာ… ဂျာရယ် မနက်ဖြန်မနက်မှာ ဖလိုက် (လေယာဉ်)နဲ့ ပူတာအိုကို ပြန်တော့မယ်'

'ဟင်… မြန်လှချည်လား'

'ဟုတ်တယ်၊ စာမေးပွဲအောင်စာရင်းထွက်ပြီးရင် မွေးစားအဖေက ပြန်လာရမယ်လို့ ပြောထားတယ်လေ၊ ဒါကြောင့် ပြန်တော့မယ်'

'ဒါဆိုရင် ဂျာရယ် ဘယ်တော့ပြန်လာဦးမှာလဲဟင်'

'ခရီးက ဝေးတယ်၊ ဂျာရယ် ပြန်လာဖို့ မလွယ်ဘူး၊ ကိုကျော်စွာသာ သတိရရင် လာခဲ့ပါ၊ ဂျာရယ် ကြိုနေပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ ဂျာရယ်၊ မနက်ဖြန်မှာ လေယာဉ်ကွင်းကို ကိုယ် လာခဲ့ပါ့မယ်၊ ဘယ်နှနာရီ လေယာဉ်ထွက်မှာလဲ'

'မနက် ဆယ်နာရီပါ'

'ကောင်းပြီ၊ ကိုယ် ဆက်ဆက်လာခဲ့မယ်'

ကျွန်ုပ်တို့အုပ်စုသည် ဂျာရယ်ကိုနှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။ ကျွန်ုပ်မှာ ဂျာရယ် ပြန်မည်ဟု မမျှော်လင့်သည့်စကားကို ကြားလိုက်ရသည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်မိသည်။ သူမ ရှိနေစဉ်က မသွားဖြစ်လိုက်သည့် ညနေခင်းကလေးများစွာကို နှမြောတသမိသည်။

သူမ၏မျက်နှာကို ကြည့်ခြင်းဖြင့် သူမသည် ကျွန်ုပ်အား သံယောဇဉ်တွယ်ကာ ညနေတိုင်း သူမျှော်လင့်နေမှန်း သိသာသည်။ ဤအကြောင်းကိုတွေးရင်း ညက တော်တော်နှင့် အိပ်မပျော်ပေ။ သို့ပေမဲ့ ကျွန်ုပ် နံနက်စောစော အိပ်ရာမှနိုးနေခဲ့သည်။

နံနက်ကိုးနာရီအချိန်တွင် ကျွန်ုပ်သည် လေယာဉ်ကွင်းဆီသို့ သွားရောက်ခဲ့သည်။ လေယာဉ်ခန်းမကြီးထဲ ဝင်လိုက်သည်နှင့် ထိုင်ခုံပေါ်တွင် ထိုင်နေသည့် ဂျာရယ်ကို ကျွန်ုပ် လှမ်းတွေ့လိုက်သည်။ ကျွန်ုပ်သည် ဂျာရယ်ဆီသို့ အပြေးကလေးသွားလိုက်သည်။

'ဂျာရယ်'

'ကိုကျော်စွာ'

'မင်း တကယ်ပဲ ပြန်တော့မှာပေါ့နော်'





'အချိန်တန်တော့ အိမ်ပြန်ရစမြဲပါ ကိုကျော်စွာရယ်'

'ဂျာရယ်… မင်း ပြန်သွားရင် ကိုယ်တော့ လွမ်းလို့ကျန်ခဲ့မှာပဲ'

'ဩော်… ကိုကျော်စွာရယ်၊ ဂျာရယ်လည်း ဒီအတိုင်းပါပဲ၊ အခုတောင် ကိုကျော်စွာ လာမှလာပါ့မလားလို့ ရင်ခုန်စွာနဲ့ စောင့်နေရတဲ့သူပါ'

'ဂျာရယ် ဘယ်တော့ပြန်တွေ့မယ်ဆိုတာ မပြောနိုင်တဲ့သူကို နှုတ်ဆက်ဖို့တော့ လာခဲ့မှာပေါ့၊ ဂျာရယ်… မင်းရဲ့မွေးရပ်မြေ ရောက်သွားတဲ့အခါမှာ ကိုယ့်ကို သတိမှရပါ့မလား'

'အမှန်အတိုင်းပြောရရင် ကိုကျော်စွာကို ခွဲခွာရတာ ဂျာရယ် ငယ်ငယ်တုန်းက မိဘရင်းတွေနဲ့ခွဲပြီး မွေးစားမိဘနောက်ကို လိုက်လာတဲ့ ခွဲခွာခြင်းမျိုးလိုပဲ အလွန်ပဲစိတ်ထိခိုက်ခဲ့ပါတယ်၊ အခုလည်း ဂျာရယ် ပြောမပြတတ်အောင် စိတ်မကောင်းဖြစ်မိပါတယ်၊ ကိုကျော်စွာ သတိရတဲ့တစ်နေ့မှာ ဂျာရယ်ဆီကို လာခဲ့ပါ၊ ဂျာရယ်ကတော့ လာနိုင်မှာမဟုတ်ဘူး'

ထိုသို့ပြောပြီး သူမ၏မျက်နှာမှာ မျက်ရည်ဥကလေးတွေ တစ်လိမ့်ပြီးတစ်လိမ့် စီးဆင်းလာခဲ့သည်။ ကျွန်ုပ်မှာ သူမ၏ ချစ်သူ မဟုတ်၍ သုတ်ပေးပိုင်ခွင့်မရှိဟု ယူဆမိသဖြင့် ကျွန်ုပ်၏ စိတ်ထဲမှ လက်ကိုင်ပဝါကလေးကိုထုတ်ကာ…

'ဂျာရယ်… မငိုနဲ့နော်၊ မျက်ရည်တွေ သုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဒီလက်ကိုင်ပဝါလေး အရောင်မလွင့်မီ ကိုယ် ရောက်အောင် ကြိုးစားပြီး လာခဲ့မယ်နော်'

'ကောင်းပါပြီ ကိုကျော်စွာ၊ ဂျာရယ် ဆက်ဆက်စောင့်နေပါ့မယ်'

'ကဲ… ဂျာရယ်၊ မျက်ရည်မကျနဲ့တော့နော်'

ထိုစဉ် လေယာဉ်ခန်းမမှ ပူတာအိုသို့သွားမည့် ခရီးသည်များ နေရာယူပါရန် ပြောကြားသဖြင့်…

'ကိုကျော်စွာ… ဂျာရယ် သွားတော့မယ်'

'ကောင်းပါပြီ ဂျာရယ်'

ဂျာရယ်က ဖုန်းနံပါတ်တစ်ခု ပေးသွားပြီး လေယာဉ်ဆီသို့ သွားခဲ့သည်။ မကြာမီ လေယာဉ်ပျံကြီးသည် ကောင်းကင်သို့ ပျံတက်သွားခဲ့သည်။ ကျွန်ုပ်၏ ချမ်းမြေ့ကြည်နူးခြင်း၊ ပျော်ရွှင်ခြင်းအပေါင်းတို့ကို ဂျာရယ် ယူဆောင်သွားသလို ခံစားလိုက်ရသည်။

ချစ်သူ မမည်သော သူငယ်ချင်းမိတ်ဆွေအဆင့်သာ ရှိသည့် ဂျာရယ်ကို ဘာကြောင့် ကျွန်ုပ် စွဲလမ်းတမ်းတရပါသနည်း။ သူမ၏ ခင်မင်မှုကလည်း အခြားသူငယ်ချင်းများနှင့် မနှိုင်းယှဉ်နိုင်အောင် ခင်မင်လွန်းလှသည်။ ကျွန်ုပ်တို့နှစ်ယောက်၏ သံယောဇဉ်နှောင်ကြိုးမှာ ဝေးကွာသွားမှ ပို၍တိုးကာ ခင်မင်လှပေသည်ဟု ဆိုရပေမည်။





ကျွန်ုပ်သည် လေယာဉ်ကွင်းမှအပြန် ကိုနိုင်ကြီးတို့အုပ်စု ရှိရာသို့ သွားခဲ့သည်။ သည်တွင် ကိုနိုင်ကြီးက…

'ငါနဲ့ ကိုသီဟကြီးနဲ့ တွေ့တယ်၊ ဂျာရယ် ပြန်သွားပြီဆို'

'ဟုတ်တယ်'

ကျွန်ုပ်က အသံခပ်ပြတ်ပြတ်နှင့် ပြောလိုက်သည်။

'မင်းက ငါ့ကို တော်တော်မုန်းနေမှာပဲနော်'

ကိုနိုင်ကြီးက စကားအဆက်မစပ်မရှိဘဲ ပြောလိုက်ရာ ကျွန်ုပ်က…

'ကျွန်တော်က ဘာဖြစ်လို့ မုန်းရမှာလဲ'

'တကယ်တော့ ဒီဇာတ်လမ်းမှာ ငါ့အပြစ် မကင်းပါဘူးကွာ၊ ငါ ဝန်ခံပါရစေ'

ကိုနိုင်ကြီးက ဤသို့တောင်းတောင်းပန်ပန်ပြောသဖြင့်-

'ဘာကို ဝန်ခံချင်တာလဲ၊ ပြောပါ'

'မင်းနဲ့ ဂျာရယ်နဲ့တွဲနေတာကို ငါ အရင်သိတာမဟုတ်ဘူး'

'ဒါဆိုရင် ဘယ်သူက အရင်သိတာလဲ'

'အရင်သိတဲ့လူက မင်းရဲ့ မမပဝါပဲ'

'ဟုတ်လား၊ မမက ဂျာရယ်နဲ့တွဲနေတာတွေ့တော့ မင်းအမေကို ပြောတယ်၊ အဲဒါ ဘယ်သူလဲ သူသိချင်တယ်လို့ ပြောတယ်။ ငါက ကံဆိုးချင်တော့ မင်းကို တွေ့ချင်တာနဲ့ မင်းရဲ့အိမ်ကို လာခဲ့တာ၊ မင်းမမနဲ့ တွေ့တော့တာပဲ၊ ဒီတော့ သူက မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် အင်းလျားကန်ကိုသွားနေတာ သူ တွေ့လိုက်တယ်ဆိုတဲ့အကြောင်း၊ မင်းတို့နှစ်ယောက်ရဲ့ အခြေအနေကို လိုက်ကြည့်ပေးပါဆိုလို့ ငါတို့ လာတာ မင်း မှတ်မိတယ် မဟုတ်လား'

'သိပ်မှတ်မိတာပေါ့ကွာ'

'ငါတို့လည်း မင်းရဲ့အမေကို ရှိသေလေးစားတော့ အမှန်အတိုင်းပဲ ပြောလိုက်မိတယ်၊ ဒီတော့ မင်းရဲ့အိမ်က မင်းကို ဂျာရယ်ဆီမသွားဖို့ တားမြစ်ခဲ့တယ် မဟုတ်လား'

'ဟုတ်တယ်'

'အဲဒီအချိန်မှာ ဂျာရယ်တစ်ယောက်ဟာ မင်း မလာလို့ တမျှော်မျှော်နဲ့ အရူးတစ်ပိုင်းဖြစ်နေတာ မင်း မသိခဲ့ဘူးမဟုတ်လား'

'အေး… မသိဘူး'

'တကယ်တော့ ငါလည်း မသိပါဘူးကွာ၊ နောက်တော့ ကိုသီဟကြီးနဲ့တွေ့မှ ငါလည်း ဒီအကြောင်း သိခဲ့ရတာ၊ ငါ အရမ်းစိတ်မကောင်းဖြစ်မိတယ်၊ မင်းတို့ရဲ့ ချစ်ခြင်းကို ခွဲမိသလို ဖြစ်သွားတယ်၊ တကယ်တော့ ငါတို့ဟာ ထန်းသီးကြွေခိုက် ကျီးနားခိုက်ကြုံပြီး အမှန်ကို ပြောလိုက်မိတာပါ'

ကျွန်ုပ်နှင့် ဂျာရယ်ကို ကိုနိုင်ကြီးတို့အဖွဲ့က ချစ်သူ ရည်းစားဟု ထင်ကြသည်။ ကျွန်ုပ်လည်း ရှင်းလေရှုပ်လေဖြစ်နေ သည့်အတွက် မည်သို့မျှမရှင်းတော့ဘဲ စိတ်ခပ်ဆိုးဆိုးရှိတာနှင့်…

'ကိုနိုင်ကြီးရယ်… ကိစ္စတွေအားလုံး ပြီးဆုံးသွားပါပြီ၊





ဂျာရယ်လည်း ပြန်သွားပြီ၊ ခင်ဗျားတို့ ဖြစ်ချင်တာတွေလည်း ဖြစ်ပြီမဟုတ်လား'

ထိုသို့ ဘုဆတ်ဆတ်ပြန်ပြောလိုက်ရာ ကိုနိုင်ကြီးက မျာမျာသလဲ ဖြစ်သွားပြီး…

'ငါက ဒီလိုပြောတာ မဟုတ်ပါဘူး၊ မင်း အထင်လွဲမှာ စိုးလို့ ရှင်းပြတာပါ'

'ရပါတယ် ကိုနိုင်ကြီးရာ၊ စိတ်ထဲမှာမထားပါနဲ့'

ထိုသို့ပြောပြီး ကျွန်ုပ် လမ်းခွဲခဲ့သည်။

သို့သော်လည်း ကျွန်ုပ်၏စိတ်မှာ ဂျာရယ် ပြန်သွားသည့် နေ့မှစ၍ ညိုးရော်နေခဲ့သည်။ ကျွန်ုပ်၏ဘဝတွင် ရော်ရွက်ဝါ ကလေးကဲ့သို့ ခြောက်သွေ့နေသော နေ့ရက်များဟူ၍ပင် ကင်ပွန်း တပ်ရပေတော့မည်။

❏ ❏ ❏

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)
## မောင်မောင်လာဖို့ အချိန်ကျပြီ

ကျွန်ုပ်တို့သည် တစ်စတစ်စနှင့် အချိန်တွေကို ဖြတ်သ ခဲ့ကြသည်။ ကျွန်ုပ် နောက်ဆုံးနှစ်တွင် အထူးအောင် (Credi နှင့် အောင်မြင်ခဲ့သည့်အတွက် မဟာဝိဇ္ဇာတန်းသို့ တက်ရော ခွင့်ရသည်။ ထို့အပြင် သမိုင်းဌာန၌ ကျူတာအဖြစ် တာ ထမ်းဆောင်ခွင့်ရခဲ့သည်။

မမလပဝါမှာလည်း ဦးနှောက်နှင့် အာရုံကြောဌာန လက်ထောက်ဌာနမှူး ဆရာဝန်မကြီးတစ်ဦး ဖြစ်လာခဲ့သည် သည်တွင် နှစ်ဖက်သောမိဘများက လက်ထပ်မင်္ဂလာကိစ္စ လာခဲ့သည်။

'သားရေ... ကိုထွန်းဦးတို့ဘက်က သူ့သမီးကို သာ အိမ်ထောင်ချပေးချင်နေပြီ'

'အမေ... သားက မမပဝါကို မကြိုက်ဘူး၊ သ မယူနိုင်ဘူး မေမေ'





'ဘာလဲ... သားက ဟိုရဝမ်မလေးကို ခုထိ စွဲလမ်းနေ န်းပဲလား'

'အဲဒီလို မဟုတ်ပါဘူး အမေ'

'သားနဲ့ လပဝါကို အစကတည်းက လူကြီးချင်း စကား ပြောထားတာ သား သိတယ်နော်'

အမေက ခပ်ထန်ထန်ပြောလိုက်သည်။

'အမေ... သားဟာ အခုထိ အိမ်ထောင်ရေးကို စိတ် င်စားဘူး အမေ၊ နောက်ပြီးတော့ သား မာစတာတက်နေတာ ည်း မပြီးသေးဘူး'

'မင်းက မာစတာအောင်ပြီးရင် ဒေါက်တာဘွဲ့အတွက် က်တက်ဦးမှာ မဟုတ်လား၊ ကျောင်းက ဘယ်တော့မှပြီးမှာ တ်ဘူး၊ ဒီတော့ သူတို့ဘက်ကလည်း စိတ်ချသွားအောင် စပ်ကြောင်းလမ်းခြင်းတော့ လုပ်ထားမှဖြစ်မယ်'

'အမေရယ်... သား လွတ်လွတ်လပ်လပ် နေပါရစေ'

'စေ့စပ်ရုံ စေ့စပ်ထားတာပဲ၊ လွတ်လွတ်လပ်လပ်နေလို့ တာပဲ၊ နောက်မှ မင်းမမနဲ့ညှိပြီး လက်ထပ်မယ့်ရက်ကို ရွေးကြ ၊ အခုတော့ကျောင်းပြီးရင် ကလေးတွေကိစ္စ လုပ်ပေးပါ့မယ် ပြောထားတော့ စေ့စပ်တာတော့ လုပ်ပေးမှဖြစ်မယ်'

'အမေရယ်... သားကို အတင်းအကျပ်မလုပ်ပါနဲ့'

'မဖြစ်ဘူး၊ သူတို့ကို အမေ ကတိပေးပြီးပြီ'



www.burmeseclassic.com

www.burmeseclassic.com



အမေတို့နှစ်ဦး နှစ်ဖက်မိဘများ တကယ်ပင် ကတိစကာ ထားခဲ့မှန်းလည်း ကျွန်ုပ် အသိပင် ဖြစ်သည်။

ကျွန်ုပ်လည်း နောင်ခါလာ နောင်ခါချေးဟု သဘော ထားကာ အမေတို့၏ အစီအစဉ်ကို ခေါင်းညိတ်ခေါင်းခါ မလု ခဲ့ပေ။ မမလပဝါကတော့ ကျွန်ုပ်နှင့် စေ့စပ်ကြောင်းလမ်းခြင်း လိုလားပုံရသည်။ သူမ၏ မျက်နှာမှာ အပြုံးကလေးတွေနှင့်

ကျွန်ုပ်မှာသာ ဘာမှန်းညာမှန်းမသိဘဲ မိဘများ၏ အ အစဉ်အရ ဒေါက်တာလပဝါနှင့် စေ့စပ်ကြောင်းလမ်းခြင်း ပြု ရသည်။ မမလပဝါမှာ ကျွန်ုပ်နှင့် စေ့စပ်ပြီးနောက်ပိုင်းတွ အိမ်သို့ အဝင်အထွက်များလာသည်။ ထို့အပြင် ကျွန်ုပ်ကိုလည် အရင်ကထက်ပိုပြီး ဂရုစိုက်လာသည်။

ကျွန်ုပ်မှာ နဂိုကပင် တစ်ဦးတည်း လွတ်လွတ်လပ်လ နေလိုသည်။ သူက ဂရုစိုက်လေလေ ကျွန်ုပ်မှာ ပို၍မွန်းကျပ်လ လေလေ ဖြစ်သည်။ မမနှင့် စေ့စပ်ပြီးနောက်ပိုင်းတွင် ကျွန်ုပ် စိတ်မှာ ပိုပြီးရှုပ်ထွေးသလို ခံစားခဲ့ရသည်။

ယခင်က ဂျာရယ်ကို လွမ်းဆွတ်သတိရလျှင် အင်းလျ ကန်စောင်းတွင် ကျွန်ုပ်တစ်ယောက်တည်း ထိုင်ကာ တွေး သည်။ ယခုမူ မမကို ဆေးခန်းသို့ပို့ရ၊ ကြိုရနှင့် အလုပ်ရှုပ် သည်။ ကျွန်ုပ်၏စိတ်ကို အားလုံးကပိုင်းပြီး တင်းကျပ်ထားသ ခံစားရသဖြင့် နေရသည်မှာ ပျော်ပိုက်ခြင်းမရှိတော့ပေ။





ကျွန်ုပ်၏ရောဂါကား စိတ်ကျဉ်းကျပ်လေလေ ပို၍ဆိုး လာလေလေ ဖြစ်သည်။ ယခင်က ကျွန်ုပ်၏ ကျန်းမာရေးမှာ အတော်အတန်ကောင်းလာပြီဖြစ်သော်လည်း ယခုမူ တစ်နေကုန် ခေါင်းမူးခေါင်းအုံဖြစ်ပြီး စိတ်မကြည်လင်သဖြင့် ကျန်းမာရေး ညံ့ဖျင်းလာခဲ့သည်။

ကျွန်ုပ်၏ရောဂါမှာ စိတ်ခံစားမှုနှင့် ပတ်သက်နေရာ စိတ်မရွှင်လန်းလျှင် ညဘက်၌ အိပ်မက်ဆိုးများ မက်တတ်သည်။ အခုတလော အိပ်မက်မမက်သည်မှာ ကြာပြီဖြစ်သော နှင်းပွင့် တိုင်းပြည်သို့ ပြန်ရောက်သွားသည်ဟု မကြာခဏ အိပ်မက်မက် ခဲ့သည်။ ထိုအိပ်မက်တွေမက်ပြီးတိုင်း ကျွန်ုပ်မှာ ပြန်အိပ်မရတော့ ဘဲ တစ်ညလုံး မိုးစင်စင်လင်းခဲ့သည်။ မနက်ကျတော့ တော် တော်နှင့်မထနိုင်ဘဲ အိပ်ရေးမဝသလိုဖြစ်ကာ မူးဝေနေခဲ့သည်။

မမလပဝါမှာ ကျွန်ုပ်၏ရောဂါအတွက် သူမ၏ဆရာကြီး များဖြစ်သော အထူးကုဆရာဝန်ကြီးများနှင့် ပြသကာ ဆေးကုသ ပေးခဲ့သည်။ ညဘက် အိပ်ဆေးပေး၍ အိပ်စေခဲ့သည်။ သို့သော် လည်း နေ့ခင်းဘက်တွင် ငိုက်မျဉ်းသွားကာ အိပ်မက်ဆိုးများ မက်ပြန်သည်။ ထို့ကြောင့် ကျွန်ုပ်မှာ မလုပ်မှ ဆေးခွင့်ယူကာ အိမ်၌ နားနေခဲ့ရသည်။

သည်တွင် အထီးကျန်သော ဝေဒနာဆိုးကြီးက ထပ်ဆင့် နှိပ်စက်ပြန်သည်။ ကျွန်ုပ်၏ဘဝတွင် အလူးလူး အလဲလဲ



www.burmeseclassic.com

www.burmeseclassic.com



လွှန်စွာခံရဆိုးသည့် ဝေဒနာဆိုးကြီးကို ခံစားနေခဲ့ရသည်။

တိုနေ့ညက ထူးဆန်းသော နိုးတစ်ဝက် အိပ်မက်ပုံရိပ် တစ်ခု မက်ခဲ့သည်။ နေရာကား မက်နေကျဖြစ်သော နှင်းပွင့် နှင်းခဲများ ဖုံးလွှမ်းနေသော ရေခဲတောင်တန်းကြီးပေါ်တွင် အိပ်မက်မက်နေကျ နှင်တံနှင့် အရိုက်ခံရသော ကောင်မလေးကို တွေ့လိုက်ရသည်။ သူမက…

'မောင်မောင်ရေ… ပြန်လာခဲ့ပါတော့၊ မောင်မောင် လာဖို့ အချိန်ကျပြီ'

'ဘယ်ကိုလာရမှာလဲ'

'နှင်းပွင့်တိုင်းပြည်ကိုပေါ့'

'နှင်းပွင့်တိုင်းပြည်က ဘယ်နားမှာလဲ'

'နှင်းပွင့်တွေဖုံးလွှမ်းနေတဲ့ တောင်တန်းကြီးရဲ့အနီးမှာ ရှိတာပေါ့၊ မောင်မောင်ရေ… မောင်မောင့်ကို စောင့်နေမယ်၊ လာခဲ့နော်၊ မြန်မြန်လာခဲ့နော်'

'ကောင်းပြီ၊ မောင်မောင် လာခဲ့မယ်'

ထိုသို့ပြောပြီး သူမဆီသို့ အပြေးသွားရာ နှင်းခဲပြင်ပေါ်တွင် ခြေထောက်မှာ မြုပ်ဝင်သွားပြီး ကျွန်ုပ် လဲကျသွားခဲ့သည်။ ထို့နောက် တောင်ခြေဆီသို့ ဒလိမ့်ခေါက်ကွေးကျသွားရာ အသည်းပင် အေးခနဲ အေးခနဲ။

'အား…'





ကျွန်ုပ် အသံကုန် ဟစ်အော်မိသည်။ နောက်တော့ လန့် လာပြီး ကျွန်ုပ်၏တစ်ကိုယ်လုံးတွင် ချွေးတွေနှင့် ရွှဲရွှဲစိုနေသည်။

နောက်နေ့မနက်တွင် အမေက ချွေးမလောင်းဆီ ဖုန်း က်အကြောင်းကြားသဖြင့် မမပဝါ လာကြည့်ခဲ့သည်။

'ကိုကျော်စွာ… ဘယ်လိုနေသေးလဲ'

'ကျွန်တော် အိပ်မက်ဆိုးတွေ မက်ပြန်ပြီ မမ'

'ဘယ်လိုမက်တာလဲ'

ကျွန်ုပ်က အိပ်မက်အတိုင်း ပြန်ပြောပြခဲ့သည်။

'ခက်တာပဲ ကိုကျော်စွာရယ်၊ ကိုကျော်စွာက ရောဂါ ဟုတ်ဘူး၊ စိတ်က ဖြစ်နေတာပဲ'

'ဘာကြောင့်လဲတော့ မသိဘူး၊ ကျွန်တော် အဲဒီအိပ်မက် တွေ မမက်ချင်ဘူး'

'ကိုကျော်စွာရဲ့စိတ်မှာ မွန်းကျပ်နေလို့ပါ၊ မနက်ဖြန် န်းဒေး မမ အားတယ်၊ မမတို့ လျှောက်လည်ကြမယ်၊ နေရာ ပြောင်းအလဲဖြစ်သွားရင် စိတ်ကြည်လင်လာမှာပါ'

'ကောင်းပါပြီ'

မမနှင့် ကျွန်ုပ် ပဲခူးမြို့ရှိ ဘုရားများကို သွားဖူးခဲ့သည်။

စသွားတုန်းက ပျော်သလိုလိုရှိသော်လည်း အပြန်ခရီး ၌ စိတ်မကြည်မလင်ဖြစ်ခဲ့သည်။ ထိုခရီးတွင် အိပ်ငိုက်သွားစဉ် တ်ခနဲ တွေ့လိုက်ရပြီး…



www.burmeseclassic.com

www.burmeseclassic.com



'မောင်မောင်ရေ… ပြန်လာပါတော့၊ မောင်မောင်လာဖို့ အချိန်ကျပြီ'

ထိုအသံကြားပြီး ကျွန်ုပ်မှာ ဖျတ်ခနဲပြန်နိုးလာသည်။

'ငါ့ကို လာဖို့အချိန်ကျပြီဆိုပြီး ခေါ်နေပြီ၊ ငါ သေခါနီး လို့များ ဒီလိုအသံတွေ ကြားနေရတာလား၊ ဒါမှမဟုတ် ငါ ရူးသွားပြီလား'

ကျွန်ုပ်ကိုယ်ကျွန်ုပ် မယုံနိုင်အောင်ပင် ဖြစ်ခဲ့ရသည်။ သည့်နောက်ပိုင်းတွင် ဂျာရယ်ကို လွန်စွာသတိရလာခဲ့သည်။

'ငါ့ကို ကယ်နိုင်တာ ဂျာရယ်ပဲရှိတယ်၊ ဂျာရယ်နဲ့ စကား ပြောရရင် ငါ့ရဲ့စိတ်တွေ ကြည်လင်တယ်၊ ငါ့ခေါင်းမှာလည်း မူးတာဝေတာ တစ်ခုမှမဖြစ်ဘူး၊ ငါ ဂျာရယ်ဆီကို သွားမယ်'

ကျွန်ုပ်သည် ဤသို့ စိတ်ကူးမိသည့်အတွက် အမေ့အား ဂျာရယ်ဆီသွားချင်သည့်အကြောင်း ပြောပြခဲ့သည်။

'အမေ… သား ဒီမှာနေရတာ ကျန်းမာရေးမကောင်းဘူး၊ သား ဂျာရယ်တို့ဆီ သွားလည်ချင်တယ်'

'ဖြစ်မှဖြစ်ရလေ သားရယ်၊ ရန်ကုန်မြို့ကြီးလောက် ဆေးဝါးကိရိယာ စုံလင်မလား၊ ဒီမှာကုတာတောင် မသက်သာ တာ၊ ဟိုမှာ ဘယ်လိုလုပ်မလဲ၊ နောက်ပြီး မင်းမမကလည်း ဂျာရယ်ဆီသွားဖို့ဆိုရင် လွှတ်ပါ့မလား'

'ကျွန်တော် မမနဲ့ ဆွေးနွေးကြည့်မယ်'





'အင်း… ကာလသားသမီးတွေကလည်း ခက်ပါဘိနော်'

အမေက ညည်းညူကာ ထွက်သွားခဲ့သည်။

ကျွန်ုပ်ကိုယ်ကျွန်ုပ် ပြန်လည်သုံးသပ်မိသည်။ ကျွန်ုပ် သည် ဘာကြောင့် ဂျာရယ်ကို တမ်းတမိနေသနည်း။ ကျွန်ုပ်၏ မသိစိတ်က ဂျာရယ်ကို ချစ်နေသလား။ တမ်းတခြင်းသည် အချစ်မည်ပါသလား။

စဉ်းစားရင်းနှင့် စိတ်ရှုပ်ထွေးလာပြီး ဦးခေါင်းမှာ မူးဝေ နောက်ကျိလာခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်အား လော လောဆယ် စိတ်ချမ်းသာမှုပေးနိုင်သူမှာ ဂျာရယ်သာဖြစ်မည်ဟု ယုံကြည်မိသည်။

သည်တော့ ကျွန်ုပ်၏ စေ့စပ်ထားသူလည်းဖြစ်၊ ကျန်းမာ ရေးစောင့်ရှောက်ပေးသည့် ဆရာဝန်လည်းဖြစ်သည့် မမကို အသိ ပေးရပေတော့မည်။ ကျွန်ုပ်သည် အတိုက်အခံပြောရမည်မှန်း သိလျက်နှင့်ပင် မမဆီသို့ သွားခဲ့သည်။ မမက ကျွန်တော် လာသည်ကို တွေ့သောအခါ…

'ဩော်… ကိုကျော်စွာပါလား၊ မလာစဖူး အလာထူး လှချည်လား'

'ဟုတ်တယ်၊ မမကို ပြောစရာရှိလို့'

'ပြောစရာရှိရင် ပြောပါ ကိုကျော်စွာ'

'ကျွန်တော် ပူတာအိုကို သွားချင်လို့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ထံက မမျှော်လင့်သောစကားကို ကြားရသောအခါ မမက အံ့အားသင့်စွာဖြင့်...

'ဘာရယ်... ပုတာအိုကို သွားမယ် ဟုတ်လား၊ မမနားကြားမမှားပါဘူးနော်'

ဤသို့ ပြောလိုက်သည်။

'ဟုတ်ပါတယ် မမ၊ အခုလည်း ဆေးခွင့်ယူထားတယ် မဟုတ်လား၊ ဒီမှာနေရတာလည်း စိတ်မကြည်လင်ဘူး၊ ဒါကြောင့် ခရီးထွက်မလားလို့'

'ကိုကျော်စွာ... ကျန်းမာရေးက သိပ်ကောင်းတာမဟုတ်ဘူး၊ ခရီးထွက်ချင်တယ်ဆိုလည်း နီးနီးနားနား ထွက်ပေါ့၊ မမလိုက်ပို့မှာပေါ့'

'မဟုတ်ဘူး မမ၊ ကျွန်တော့်ဘာသာ လွတ်လွတ်လပ်လပ် သွားချင်တာ'

'အဲဒီလိုသွားလို့ ဘယ်ရမလဲ၊ အခုတလော ဆေးတွေလည်း ပိုသောက်နေရတယ် မဟုတ်လား'

'ကျွန်တော် မသွားလို့မဖြစ်ဘူး၊ ဒီမှာ ဘယ်လိုမှမနေနိုင်ဘူး'

'ဒါဆို ဘယ်သူ့ဆီကို သွားမှာလဲ၊ ဂျာရယ်ဆီကို မဟုတ်လား'

မမက အပိုင်ချည်ထားသည့် မေးခွန်းကို မေးလိုက်သည့်အတွက် ကျွန်ုပ် မငြင်းသာခဲ့ပေ။





'ဟုတ်တယ် မဟုတ်လား ကိုကျော်စွာ'

'ဟုတ်ပါတယ်'

'ကိုကျော်စွာကို မမ အံ့သြတယ်၊ မမနဲ့ စေ့စပ်ထားတာတောင် တခြားမိန်းကလေးကို တမ်းတနေသေးတယ်'

'မမ အထင်မလွဲပါနဲ့၊ အဲဒီလို မဟုတ်ဘူး'

'ဒီမှာ ကိုကျော်စွာ၊ မမ အမှန်အတိုင်းပဲ ပြောမယ်၊ ကိုကျော်စွာကို လူကြီးချင်းသဘောတူလို့ မမ လက်ခံခဲ့တာမဟုတ်ဘူး၊ မမကိုယ်တိုင်က ကိုကျော်စွာကို သဘောကျ နှစ်သက်လို့ လက်ခံခဲ့တာ'

မမ၏ ရင်ဖွင့်ချက်ကို ကြားရသောအခါ ကျွန်ုပ် အံ့သြသွားခဲ့သည်။ အမြဲတမ်း တည်တည်ကြည်ကြည်နှင့် ဣန္ဒြေတစ်ခွဲသားနှင့်နေသည့် မမမှာ အသည်းနှလုံးတို့၌ အချစ်ရှိဟန်မတူပါ။ မိဘများ သဘောတူ၍သာ ကျွန်ုပ်နှင့် စေ့စပ်ကြောင်းလမ်းခဲ့သည်ဟု ကျွန်ုပ်နှင့် ကိုယ်ချင်းစာကာ ဤအတွေးကို တွေးခဲ့သည်။ မမက ကျွန်ုပ်အား ချစ်လိမ့်မည်ဟု တစ်ခါမှ မတွေးခဲ့ဖူးပါ။

'တကယ်တော့ ကိုကျော်စွာရယ်၊ မမရဲ့အနားမှာ ပညာတတ် ဂုဏ်ဒြပ်ရှိတဲ့ယောကျ်ားတွေ တစ်ပုံကြီး ဝိုင်းဝိုင်းလည်နေတာပါ၊ ဒါပေမဲ့ မမဟာ ကိုကျော်စွာကို မြင်မြင်ချင်းကတည်းက ချစ်မိခဲ့တယ်၊ အခုလို စေ့စပ်ပြီးသွားတော့ ယုံကြည်စိတ်ချမှုနဲ့ ပိုပြီး နှစ်နှစ်ကာကာ ချစ်ခဲ့မိတယ်၊ အချစ်မပါဘဲ တကယ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ဖက်ကို ရွေးစတမ်းဆိုရင် ကိုကျော်စွာလို ရောဂါရှိတဲ့ သူကို မရွေးချယ်သင့်ဘူး၊ ဒါပေမဲ့ မမဟာ လူကြီးမိဘတွေလည်း အလိုကျ၊ မမကိုယ်တိုင်လည်း နှစ်နှစ်ကာကာချစ်တဲ့သူမို့ နှလုံးသားနဲ့ ရွေးချယ်ခဲ့တာပါ'

'အခုလို ကြားရတာ ဝမ်းသာပါတယ် မမ၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ရင်ထဲမှာ ရှုပ်ထွေးနေတဲ့ကိစ္စတွေရှိတယ်၊ ဂျာရယ်နဲ့တွေ့မှပဲ ပြေလည်သွားလိမ့်မယ်လို့ ကျွန်တော် ထင်တယ်၊ ဒါကြောင့် မမ ကျွန်တော့်ကို သွားခွင့်ပြုပါ၊ သွားရင်လည်း ကျွန်တော် တစ်ယောက်တည်းမသွားပါဘူး၊ ကိုနိုင်ကြီးကို ခေါ်သွားမှာပါ'

'မမကတော့ မသွားစေချင်ဘူး ကိုကျော်စွာ'

'ကျွန်တော် မသွားရင် ကျွန်တော့်ရဲ့စိတ်မှာ အရမ်းတင်းကျပ်ပြီး သေသွားနိုင်တယ် မမ၊ တစ်ခါတစ်ခါ ကျွန်တော် စိတ်တွေနောက်လာပြီး ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေဖို့ စိတ်ကူးမိတယ်'

'မလုပ်ပါနဲ့ ကိုကျော်စွာ၊ အန်ကယ်တို့ အန်တီတို့ကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့'

'ကျွန်တော့်ကို သွားခွင့်ပြုပါ မမ'

သည်တွင် မမက နှုတ်ခမ်းကလေးကိုကိုက်ကာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ဟန်တူပါသည်။





'တားမရတော့လည်း သွားပေါ့ ကိုကျော်စွာရယ်၊ ဆေးါးအပြည့်အစုံ ထည့်ပေးလိုက်မယ်၊ ဟိုမှာ အနားယူပြီးရင်တော့ ရန်ကုန်ကို ဆက်ဆက်ပြန်လာခဲ့ပါ'

ဤသို့ ခပ်လေးလေးပြောလိုက်သည်။ ကျွန်ုပ်မှာ မမဆီက စကားကို ကြားသောအခါ သိန်းဆုကြီးပေါက်သကဲ့သို့ ဝမ်းသာအားရဖြစ်သွားကာ…

'မမကို ကျေးဇူးအထူးတင်ပါတယ်၊ သွားမယ့်ရက်ကို မမကို ထပ်ပြောပါ့မယ်'

'ကောင်းပါပြီ၊ မမ ဘယ်လောက်ပဲ ဝမ်းနည်းမှုကို ခံစားရပါစေ ကိုကျော်စွာပျော်ရင် မမ ကျေနပ်ပါတယ်'

'မမ ကျွန်တော် သွားတော့မယ်'

ကျွန်ုပ်သည် မမကိုနှုတ်ဆက်ပြီး ကိုနိုင်ကြီးဆီသို့ သွားခဲ့သည်။ ထို့နောက် သူ့ကို ဂျာရယ်ဆီသို့သွားမည့်အကြောင်း ပြောပြခဲ့သည်။

'ကိုနိုင်ကြီးရေ… ကျွန်တော် ဂျာရယ်ဆီကို သွားမလို့၊ အဲဒါ ကိုနိုင်ကြီး လိုက်နိုင်မလား၊ ခရီးစရိတ် စားစရိတ်အားလုံး ကာဝန်ယူမယ်'

'ကျားသားမိုးကြိုး ဟုတ်မှ ဟုတ်ရဲ့လားကွာ၊ ငါ လိုက်တာ မဆန်းပါဘူး၊ မင်းခေါ်ရင် ကမ္ဘာ့အပြင်ဘက်သွားမယ်ဆိုလည်း ငါက လိုက်မှာပဲ၊ ဒါပေမဲ့ မင်းအနေနဲ့ မင်းမမက လွှတ်ပါ့မလား'



www.burmeseclassic.com

www.burmeseclassic.com



'အမေ့ကိုရော မမကိုရော ပြောပြီးပြီ'

'သူတို့က သဘောတူသတဲ့လား'

'အစကတော့ ဘယ်သဘောတူမလဲကွာ၊ ဒါပေမဲ့ ကျွန်တော် အတိုက်အခံပြောတော့ သူတို့လည်း လက်လျှော့လိုက်တယ်'

'ကျော်စွာရယ်… ငါလည်း မင်းအပေါ် ကျေးဇူးလွန်ခဲ့တဲ့ အပြစ် ရှိခဲ့တယ်၊ ဒါကြောင့် မင်းစိတ်ချမ်းသာမယ့်ကိစ္စဆို ဝါ လုပ်ပေးဖို့ အဆင်သင့်ပါပဲ'

'အေးကွာ… ကျေးဇူးတင်တယ် ကိုနိုင်ကြီး'

'ဒါနဲ့ မင်း ဂျာရယ်နဲ့ရော အဆက်အသွယ်ရပြီလား'

'အိမ်က လွှတ်၊ မလွှတ် မသိရသေးလို့ အဆက်အသွယ် မလုပ်ရသေးဘူး၊ ဒါပေမဲ့ ဂျာရယ်က သူ့ရဲ့ မွေးစားအဖေ ဖုန်းနံပါတ်နဲ့ လိပ်စာပေးခဲ့တယ်၊ အဲဒီကို ဆက်သွယ်ကြည့်မယ်'

'အေး… ကောင်းတာပေါ့ကွာ'

ကျွန်ုပ်သည် ကိုနိုင်ကြီးက အတူလိုက်မည်ဟု ပြော သဖြင့် လွန်စွာအားတက်ခဲ့သည်။ ထို့ကြောင့် ပူတာအိုခရီးစဉ် အတွက် မေးမြန်းရာ တနင်္ဂနွေနေ့တွင် လေယာဉ်ပျံသန်းမည်ဖြစ် ပြီး လက်မှတ်ကျန်သေးကြောင်း သိလိုက်ရသည်။ ထို့နောက် ဂျာရယ်၏မွေးစားဖခင်ဖြစ်သော ဦးဂေါ်လူထံသို့ ဖုန်းဆက်ခဲ့သည်။

'ဟဲလို… ဦးဂေါ်လူနဲ့ တွေ့ချင်လို့ပါ'







'အေး… အခု စကားပြောနေတာ ဦးဂေါ်လူပါ'

'ကျွန်တော်က ဂျာရယ်ရဲ့မိတ်ဆွေ ကျူတာ ဦးကျော်စွာပါ'

'ဟုတ်ကဲ့ ဆရာ၊ ပြောပါ'

'ကျွန်တော် ကိစ္စတစ်ခုနဲ့ ပူတာအိုကို လာဖို့ရှိလို့ပါ၊ ပူတာအိုကို လာရင် ဂျာရယ်က ဖုန်းဆက်ပါဆိုလို့ပါ'

'အခုလောလောဆယ် ဂျာရယ်က အိမ်မှာမရှိဘူး၊ အနီး အနားက ရွာတွေမှာ စာလိုက်သင်နေတယ်၊ ဒါပေမဲ့ တနင်္ဂနွေ မှာတော့ ပြန်လာလိမ့်မယ်၊ ဆရာက ဘယ်တော့ ပူတာအိုကို ရောက်မှာလဲ'

'တနင်္ဂနွေဖလိုက်နဲ့ ရန်ကုန်က ဆယ်နာရီမှာ ထွက်မယ်'

'ဒါဆိုရင် သမီး မရောက်သေးရင်တောင် ကျွန်တော် လေယာဉ်ကွင်းကို လာကြိုပါ့မယ်'

'ဟုတ်ကဲ့… ကျေးဇူးတင်ပါတယ် ခင်ဗျာ'

'ကောင်းပါပြီ'

ပူတာအိုတွင် လာကြိုမည့်သူရှိပြီဖြစ်၍ ရန်ကုန်-ပူတာအို လေယာဉ်လက်မှတ်နှစ်စောင် ဝယ်ယူကာ အိမ်သို့ပြန်လာခဲ့သည်။

'အမေ… သား တနင်္ဂနွေနေ့သွားဖို့ လေယာဉ်လက်မှတ် ဝယ်ခဲ့ပြီးပြီ'

'အေး… မင်းအမေကို ပြောလိုက်ဦး'

သည်တွင် အမေက…



www.burmeseclassic.com

www.burmeseclassic.com



'ကြားပြီပါပြီတော်၊ သူ့မမက လွှတ်မှတော့ ကျုပ်လည်း လွှတ်ရမှာပေါ့၊ ဒါပေမဲ့ သားလေးရယ်၊ မင်းက သိပ်လည်း နေကောင်းတာမဟုတ်တော့ အကြာကြီးမနေပါနဲ့၊ တော်ရုံတန်ရုံ နေပြီးရင် ပြန်လာခဲ့ပါ'

'ဟုတ်ကဲ့ပါ အမေ'

'မင်းမမကိုလည်း တနင်္ဂနွေနေ့ သွားမယ့်အကြောင်း ပြောပြီး ဆေးတွေအပြည့်အစုံယူသွား'

'ဟုတ်ကဲ့ အမေ'

ကျွန်ုပ်သည် လေယာဉ်လက်မှတ်လည်း ဝယ်ပြီးပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြင့် မမဆီ သွားခဲ့သည်။ မမအား တနင်္ဂနွေနေ့ ရှစ်နာရီခွဲတွင် အိမ်မှထွက်မည့်အကြောင်း ပြောပြရာ မမမှာ မျက်နှာမကောင်းပေ။ ထို့နောက် လိုအပ်သောဆေးဝါးများကို ပေးပြီး...

'တနင်္ဂနွေနေ့ မနက်ရှစ်နာရီမှာ မမ မင်းအိမ်ကိုလာခဲ့မယ်'

'ဟုတ်ကဲ့ မမ'

ထို့နောက် ကျွန်ုပ်၏အိမ်သို့ ပြန်လာခဲ့သည်။ တနင်္ဂနွေနေ့ နံနက် ၈ နာရီ။ ကိုနိုင်ကြီးရော မမပါ ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့သည်။ ကျွန်ုပ်သည် မိဘနှစ်ပါးကို ကန်တော့ပြီး...

'အဖေနဲ့ အမေ သား သွားတော့မယ်နော်'

'အေး... အေး... ငါ့သားလေး ခရီးလမ်းမှာ ဘေးမသီ





ရန်မခပါစေနဲ့၊ စိတ်၏ချမ်းသာခြင်း ကိုယ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေ၊ လာလမ်းသာပြီး ပြန်လမ်းလည်း သာယာပါစေကွယ်'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ'

'သားလေး ဟိုရောက်ရောက်ချင်း ဖုန်းဆက်နော်'

'ဟုတ်ကဲ့ပါ အမေ'

အမေက ကျွန်ုပ်ကို ကလေးတစ်ယောက်လို စိတ်မချ၍ တဖွဖွမှာနေသည်။ ထို့နောက်...

'မောင်နိုင်ကြီး... သားလေးကို စောင့်ရှောက်ပါကွယ်၊ ဆေးမှန်မှန်သောက်ဖို့လည်း ပြောပေးပါ'

'စိတ်ချပါ အန်တီ၊ ကျွန်တော်ကိုယ်တိုင် ဆေးတိုက်ပါ့ မယ်'

'ကိုင်း... သွားကြစို့'

ကျွန်ုပ်တို့နှစ်ဦးကို မမက သူ့ကားကို ကိုယ်တိုင်မောင်းကာ လိုက်ပို့ခဲ့သည်။ မမ၏ မျက်နှာကို ကျွန်ုပ် အမှတ်တမဲ့ လှမ်းကြည့်လိုက်သည်။ မမ၏ မျက်နှာကလေးမှာ ညှိုးရော်နေသည်။ ကျွန်ုပ်ကို ပြောမရလို့သာ လွှတ်လိုက်ရသော်လည်း ကျွန်ုပ်အတွက် မမ ခံစားနေရမှန်း သိသာသည်။

ကျွန်ုပ်မှာ ကိုယ်ကပင် တစ်ကိုယ်ကောင်းသမားဖြစ်နေသလားဟု တွေးမိသည်။ အခြားအမျိုးသမီးတစ်ယောက်ထံသို့ သွားသည့် ခရီးကို ကိုယ်နှင့်စေ့စပ်ထားသည့် အမျိုးသမီးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



က လိုက်ပို့ရခြင်းမှာ သူမ မည်မျှခံစားနေရသနည်း။ ကျွန်ုပ် သိပင်သိသော်လည်း အသိခေါက်ခက် အဝင်နက်ခဲ့ပြီ။

မမ၏ အသည်းနှလုံးကို မညှာမတာ နာကျင်အောင် ပြုရက်သူဟူ၍ မမ စွဲချက်တင်လေမည်လား။

ဤသို့တွေးရင်း မမ မောင်းလာသည့် ကားကလေးမှာ လေယာဉ်ကွင်းရှေ့သို့ ရောက်ရှိလာခဲ့သည်။ ကျွန်ုပ်တို့နှင့်အတူ လေယာဉ်ကွင်းခန်းမသို့ မမ လိုက်လာခဲ့သည်။ ကျွန်ုပ်တို့ ယူဆောင်လာသည့် ပစ္စည်းများကို ပေါင်ချိန်ခြင်း စသည့် လုပ်ဆောင်ဖွယ်ရာကိစ္စများကို ကိုနိုင်ကြီးက အားလုံးလုပ်ပေးခဲ့သည်။

ကျွန်ုပ်နှင့် မမမှာ ခရီးသည်များထိုင်ရန် ခုံတွင် ထိုင်နေခဲ့ကြသည်။ သည်တွင် မမက…

'ကိုကျော်စွာကို မမ စကားပြောစရာရှိတယ်'

'ပြောပါ မမ'

'ကိုကျော်စွာ… မင်း သွားချင်တဲ့နေရာကို လွတ်လွတ်လပ်လပ်သွားပါ၊ မမနဲ့ စေ့စပ်ထားတယ်ဆိုတာလည်း မေ့လိုက်ပါ၊ တကယ်လို့ ဂျာရယ်နဲ့နေမှ စိတ်ချမ်းသာမယ်ဆိုရင် မမရဲ့ စေ့စပ်ထားတာကို ပယ်ဖျက်ပေးပါ့မယ်'

'မမရယ်… ဒီအထိ ကျွန်တော် မရည်ရွယ်ပါဘူး'

'ကိုကျော်စွာ… အခု စေ့စပ်ပြီးတဲ့အချိန်အထိ ကိုကျော်စွာကလည်း မမကို ချစ်တယ်လို့ တစ်ခါမှမပြောခဲ့သလို ချစ်ခွင့်





လည်း မတောင်းခဲ့ဘူး၊ မမကသာ ကိုကျော်စွာကို ချစ်ခဲ့တဲ့သူပါ၊ မမရဲ့အချစ်ဟာ ကိုကျော်စွာကို ရယူပိုင်ဆိုင်ခြင်း မဟုတ်ပါဘူး၊ ကိုကျော်စွာ ပျော်မယ်ဆိုရင် မမရဲ့အချစ်ကို စွန့်လွှတ်ရဲပါတယ်၊ ဘာပဲဖြစ်ဖြစ် ဒီခရီးမှာ ကိုကျော်စွာ ပျော်ရွှင်ချမ်းမြေ့ပါစေ'

'မမ ပေးတဲ့ဆုနဲ့ ပြည့်စုံပါစေ'

ထိုသို့ပြောနေစဉ် ပူတာအိုလေယာဉ်ခရီးသည်များ၏ အမည်ကို ခေါ်နေပြီဖြစ်၍ ကျွန်ုပ်သည် မမကို နှုတ်ဆက်ကာ လေယာဉ်ပေါ်သို့ တက်ခဲ့ပါတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

## ပူတောင်း (သို့မဟုတ်) အဘိုးမျှော်တောင်

ကျွန်ုပ်နှင့် ကိုနိုင်ကြီးတို့ လိုက်ပါလာသော ခရီးစဉ်မှာ ရန်ကုန်-မြစ်ကြီးနား-ပူတာအို ခရီးစဉ် ဖြစ်ပါသည်။ မကြာမီ လေယာဉ်ကြီးမှာ မြစ်ကြီးနားမြို့တွင် ခေတ္တဆင်းသက်ခဲ့သည်။ မြစ်ကြီးနားခရီးသည်တချို့ ဆင်းသက်သွားပြီးနောက် လေယာဉ်ပျံကြီးမှာ ပူတာအိုသို့ ဆက်လက်ပျံသန်းခဲ့သည်။

ခရီးသည်အချို့ ဆင်းသွားသဖြင့် ချောင်ချောင်ချိချိ ဖြစ်သွားခဲ့သည်။ သည်တွင် ကိုနိုင်ကြီးက…

'မြစ်ကြီးနားရောက်ပြီးရင် ပူတာအိုကို သိပ်မဝေးတော့ဘူး၊ မကြာခင် ရောက်တော့မှာ'

'အေးကွာ… မနက်အစောကြီးထရလို့လား မသိဘူး၊ အိပ်ချင်သလိုလိုပဲ'

'အိပ်ချင်ရင် အိပ်ပေါ့ကွာ၊ ပူတာအိုရောက်ရင် ငါ နှိုးမှာ





ပေါ့၊ မင်း ချောင်ချောင်ချိချိထိုင်လို့ရအောင် ဟိုဘက်ကခုံကို ပြောင်းထိုင်လိုက်မယ်'

ကိုနိုင်ကြီးက ပြောပြောဆိုဆို တခြားခုံသို့ ပြောင်းရွှေ့သွားသဖြင့် ကျွန်ုပ်မှာ ကျယ်ကျယ်ဝန်းဝန်းဖြစ်သွားခဲ့သည်။ ကျွန်ုပ်သည် လေယာဉ်ပြတင်းမှ အပြင်ဘက်ရှိ တိမ်တောင်တိမ်လိပ်များကို ငေးကြည့်ရင်း လိုက်ပါလာခဲ့သည်။ တိမ်တောင်တိမ်လိပ်များမှာ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်ရုပ်များကဲ့သို့ ပုံသဏ္ဌာန်များ ပေါ်လွင်ရွေ့လျားနေပါသည်။

တိမ်စိုင်တိမ်ခဲများကို ကြည့်ရင်း ကျွန်ုပ် ငိုက်မျဉ်းသွားခဲ့သည်။ ဖြူဖွေးသော တိမ်စိုင်ခဲများကား နှင်းပွင့်နှင်းခဲအသွင်သို့ ပြောင်းသွားသည်။ အပြောကျယ်လှသည့် နှင်းဖုံးတောင်တန်းကြီးတွင် ကျွန်ုပ်သည် ရှေးခေတ်က တာတာလူမျိုးများ ဝတ်ဆင်ထားသည့် စစ်သူကြီးဝတ်စုံကို ဝတ်ကာ ရန်သူများကိုဖြင့် အပြင်းအထန် တိုက်ခိုက်နေသည်။

ရန်သူများနှင့် ကျွန်ုပ် ဓားချင်းခုတ်သံ တချွင်ချွင်ကို ကြားနေရသည်။ ကျွန်ုပ်သည် ရန်သူများနှင့် အပြင်းအထန် ဓားခုတ်ပြီးနောက် မေ့မြောနေသော အမျိုးသမီးတစ်ယောက်ကို ပွေ့ပြီး နှင်းခဲပြင်ပေါ်တွင် အပြေးသွားနေသည်။ သူမ၏ကိုယ်ပေါ်တွင် သွေးတွေ ချင်းချင်းနီရဲနေသည်။ ထို့နောက် ကျွန်ုပ်၏နားထဲတွင်…



www.burmeseclassic.com

www.burmeseclassic.com



'မောင်မောင်ရေ… မောင်မောင်'

ဟူသော ချိုမြသည့်အသံကလေးကို ကြားလိုက်ရသဖြင့် လှည့်အကြည့်တွင်…

'ကိုကျော်စွာ… ပူတာအိုကို ရောက်ပြီ'

ကိုနိုင်ကြီးက ဤသို့ပြောရင်း ကျွန်ုပ်ကို လှုပ်နှိုးလိုက်မှ ကျွန်ုပ် လန့်နိုးလာခဲ့သည်။ ကျွန်ုပ်မှာ ကြောင်အမ်းအမ်းဖြစ်နေသဖြင့် ကိုနိုင်ကြီးက…

'ကျော်စွာ မင်း နေကောင်းရဲ့လား၊ အိပ်ငိုက်သွားတာလား'

ထိုသို့မေးလိုက်ရာ ကျွန်ုပ်က…

'ဟုတ်တယ် ကိုနိုင်ကြီး၊ ကျွန်တော် အိပ်ငိုက်သွားတယ်'

'ကဲ… ဒါဆို ဆင်းကြစို့'

'ကောင်းပြီ'

ကျွန်ုပ်မှာ ငိုက်မျဉ်းစဉ် အိပ်မက်ထဲ၌ ကျွန်ုပ်နှင့်လွန်စွာတူသည့် စစ်သူကြီးကို တွေ့လိုက်ရသဖြင့် အံ့သြသွားခဲ့သည်။

'ဩော်… ငါကလည်း အိပ်မက်တွေ ခဏခဏ မက်ပဲ မက်နိုင်လွန်းတယ်'

'ဒါဟာ အာရုံကြောရောဂါဖြစ်လေ့ဖြစ်ထရှိတဲ့လက္ခဏာ များလား'

ဤသို့တွေးနေစဉ် ကိုနိုင်ကြီးက…





'ကျော်စွာရေ… ဆင်းကြစို့'

ဟူ၍ ထပ်မံသတိပေးလိုက်သည့်အတွက် ကျွန်ုပ်လည်း သူ့နောက်မှ လိုက်လာခဲ့သည်။ လေယာဉ်ပေါ်ကအဆင်းတွင် ကွင်းစပ်ဆီမှ အမျိုးသမီးတစ်ယောက်က လက်လှမ်းပြနေသည်ကို မြင်ရသဖြင့်…

'ဟာ… ဟိုမှာ ရာဂျယ် လာကြိုနေပြီ'

ကျွန်ုပ်က အားရဝမ်းသာ ပြောလိုက်ရာ ကိုနိုင်ကြီးက…

'ဟုတ်တယ်… သူ့ဘေးနားက အဘိုးကြီးက သူ့အဖေလား မသိဘူး'

ထိုသို့ ပြန်ပြောလိုက်သည်။ ကျွန်ုပ်လည်း ဂျာရယ်ကို မင်သောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ လက်ကလေးကို လှမ်းပြလိုက်သည်။

ဂျာရယ်သည် ကျွန်ုပ်ထံသို့ အပြေးကလေးရောက်လာပြီး…

'ကိုကျော်စွာကို တွေ့ရတာ ဝမ်းသာလိုက်တာ၊ အဖေက ကိုကျော်စွာ လာမယ်လို့ ဖုန်းဆက်တယ်လို့ ပြောတုန်းက ယုံတောင် မယုံဘူး'

'အခုတော့ ယုံပြီမဟုတ်လား'

'လူကိုယ်တိုင်တွေ့မှတော့ ယုံပြီပေါ့ ကိုကျော်စွာရယ်၊ ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါက ဂျာရယ်ရဲ့ မွေးစားအဖေ



www.burmeseclassic.com

www.burmeseclassic.com



ဦးဂေါ်လူလပါ၊ အဖေ သူကတော့ သမီးသူငယ်ချင်း ကိုကျော်စွာတဲ့'

'တွေ့ရတာ ဝမ်းသာပါတယ် မောင်ကျော်စွာရယ်၊ သမီးရဲ့မိတ်ဆွေဆိုတော့ ဦးတို့ရဲ့မိတ်ဆွေပေါ့'

'ကဲ… ကိုကျော်စွာ၊ ဂျာရယ်တို့ သွားကြစို့'

ဂျာရယ်က ဦးဆောင်ပြီး ဂျစ်ကားကလေးရှိရာသို့ ခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် ဦးဂေါ်လူလက ဂျစ်ကားကလေးကိုမောင်းပြီး သူ၏အိမ်ဂေဟာဆီသို့ ခေါ်ဆောင်သွားခဲ့သည်။

'ဂျစ်ကားကတော့ ခပ်စုတ်စုတ်ပဲ ဆရာ'

'ရပါတယ် အန်ကယ်၊ အခုလို လာကြိုတာကို ကျေးဇူးတင်ပါတယ်'

'သမီးက ဆရာ့အကြောင်း ခဏခဏပြောနေတာ၊ တစ်နေ့နေ့မှာ ဆရာ ရောက်လာမယ်တဲ့'

'ဟုတ်ပါတယ်၊ ကျွန်တော် ဒီကိုလာမယ့်အကြောင်း ဂျာရယ်ကို ခဏခဏပြောမိပါတယ်'

'အေးကွယ်… ရောက်တုန်းပေါက်တုန်း အေးအေးဆေးဆေးနေပြီးမှ ပြန်ပေါ့'

'ဟုတ်ကဲ့ပါ'

'သမီးကလည်း မြန်မာပြည်မြောက်ဖျားက သဘာဝအလှတွေကို လိုက်ပြပေါ့ကွယ်'

'ဟုတ်ကဲ့ အဖေ၊ ကိုကျော်စွာက သမိုင်းအဓိကယူထားတော့ မြန်မာပြည်မြောက်ဖျားက သမိုင်းကြောင်းတွေကို လက်တွေ့လေ့လာနိုင်တာပေါ့ အဖေ'

'ဒါပေါ့ကွာ၊ စာတွေ့ထက် လက်တွေ့က ပိုပြီးသဘာဝကျတာပေါ့'

'ဟုတ်ကဲ့ပါ ဦး'

စကားတပြောပြောနှင့် ဂျာရယ်တို့ အိမ်ဂေဟာသို့ ရောက်လာခဲ့သည်။ သူမ၏အိမ်မှာ သပ်ရပ်ကျယ်ဝန်းသော ဝင်းခြံကလေးရှိပြီး အိမ်ပတ်ပတ်လည်တွင် ရောင်စုံဒေလီယာပန်းများကို စိုက်ပျိုးထားသည်။ ပန်းရောင်စုံပွင့်နေသော ပန်းပင်များအလယ်တွင် အောက်ထပ်က အုတ်နှင့်ဆောက်ထားပြီး အပေါ်ထပ်မှာ ပျဉ်ထောင်သွပ်မိုးအိမ်ကလေး ဖြစ်သည်။

သန့်ရှင်းသပ်ရပ်သော အိမ်ကလေးဆီသို့ ကျွန်ုပ်တို့ရောက်ရှိလာခဲ့သည်။

'ကိုကျော်စွာ… လန်းဆန်းသွားအောင် ဂရိတ်ဖုဖျော်ရည်လေး သောက်လိုက်ပါဦး'

'ဟုတ်ကဲ့'

သူမ ဖျော်ပေးလိုက်သည့် ဂရိတ်ဖုဖျော်ရည်ကို သောက်လိုက်ရာ စောစောက မူးဝေနောက်ကျိခြင်းများ ပျောက်ကာ လန်းဆန်းသွားပါတော့သည်။

'ဒါနဲ့ အန်ကယ်တို့ ပူတာအိုမှာနေတာ ဘယ်လောက်ကြာသွားပြီလဲ'







www.burmeseclassic.com

www.burmeseclassic.com



'အနှစ်နှစ်ဆယ်လောက် ရှိပြီပေါ့၊ အရင်ကတော့ လောင်ခူးရွာမှာနေတယ်။ အဲဒီမှာ မူလတန်းကျောင်းအုပ် လုပ်တယ်၊ နောက်တော့ မြစ်ကြီးနားမှာနေတယ်၊ အဲဒီတုန်းက မြစ်ဆုံကို သွားရင်းနဲ့ ဒီသမီးလေးကို တွေ့လို့ မွေးစားခဲ့တာပဲ'

တိုင်းရင်းသား ဦးဂေါ်လူလမှာ လိမ်ညာခြင်းမရှိ ဂျာရယ်ကို မွေးစားသည့်အကြောင်း အမှန်အတိုင်းပင် ပြောပြခဲ့သည်။ ထို့နောက် စားဖွယ်ရာများ တစ်ခုပြီးတစ်ခု ယူလာကာ ကျွန်ုပ်တို့အား ဧည့်ခံခဲ့သည်။

'ဒါနဲ့ ပူတာအိုမြို့ကလေးရဲ့ ရာဇဝင်အကြောင်း သိပါရစေ'

ကျွန်ုပ်သည် သမိုင်းကျူတာတစ်ယောက်ဖြစ်သည်နှင့် အညီ ရောက်လေရာ ဒေသန္တရဗဟုသုတ ရှာမှီးသူဖြစ်၍ ဤသို့ မေးလိုက်ရာ ဦးဂေါ်လူလက...

'ပူတာအိုမြို့မဖြစ်ခင်တုန်းကတော့ ပူတောင်းဆိုတဲ့ ရွာကလေးပေါ့၊ ပူတောင်းဆိုတာ ကချင်ဘာသာနဲ့ခေါ်တာဖြစ်တယ်၊ မြန်မာလိုဆိုရင်တော့ 'အဘိုးမျှော်တောင်'တဲ့'

'အဘိုးက ဘယ်သူ့ကို မျှော်တာလဲ'

'ပူတောင်းအကြောင်းပြောတိုင်း အဘိုးက ဘယ်သူ့ကို မျှော်တာလဲ မေးကြတယ်၊ တချို့ ရင်းနှီးတဲ့လူတွေဆိုရင် အဘိုးက အဘွားကို မျှော်တာလားလို့ မေးကြတယ်'





'ဟုတ်တာပေါ့၊ အန်ကယ်၊ အဘိုးမျှော်ရင် အဘွားကိုပဲ မျှော်မှာပေါ့လို့ ထင်ကြမှာပေါ့'

'ဒီပုံပြင်ကလေး အစအဆုံး နားထောင်ရင် မျက်ရည် တောင်ကျနိုင်တယ်'

'ဟုတ်လား အန်ကယ်၊ ပြောပါဦး'

'ဟိုးရှေးတုန်းက ဒီနေရာအနီးတစ်ဝိုက်မှာ မြေးအဘိုး နှစ်ယောက် နေထိုင်ကြတယ်၊ အဘိုးက အသက်ကြီးသွားလို့ ဘာမှမလုပ်နိုင်တော့ မြေးလေးက တောင်ပေါ်တက်ပြီး သစ်သီး သစ်ဥတွေ ရှာဖွေကျွေးမွေးခဲ့တယ်၊ တစ်နေ့မှာတော့ မြေးလေးဟာ အသက်အန္တရာယ်နဲ့တွေ့နေလို့ ရောက်နေကျအချိန်မှာ ပြန်မရောက် ခဲ့ဘူး၊ ဒါကြောင့် အဘိုးက အဲဒီနားကစောင့်ပြီး မြေးကလေး အန္တရာယ်ကင်းကင်းနဲ့ပြန်လာအောင် ဆုတောင်းပေးပြီး စောင့်မျှော် နေတဲ့နေရာဖြစ်လို့ 'ပူတောင်း'လို့ခေါ်တာ'

'ဪ... ဪ...'

'အဲဒီကမှ ကာလရွေ့လျောသွားပြီး ပူတောင်းကနေ ပူတာအိုဖြစ်သွားတာ'

'ဪ... ဟုတ်ပါရဲ့၊ အန်ကယ်ပြောတဲ့ ပုံပြင်ကလေး က သနားစရာလေးပဲ'

'ဒီလိုပါပဲ၊ အရပ်ဒေသတစ်ခုမှာ သူတို့ရဲ့ ဒဏ္ဍာရီပုံပြင် လေးတွေကတော့ ရှိကြစမြဲပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်၏ စကားဝိုင်းကလေးမှာ ရောက်တတ်ရာရာပြောရင်း အချိန်ကုန်ဆုံးခဲ့သည်။ နောက်တစ်နေ့နံနက်တွင် ဂျာရယ်က ငါးထမင်းချဉ်ဖက်ထုပ်ကို ကိုယ်တိုင်ကိုယ်ကျ ကျွေးမွေးပြီး…

'ကိုကျော်စွာ ဒီကိုလာတာ ရည်ရွယ်ချက်တစ်ခုခုများ ရှိသလား'

'အင်း… ရှိတယ်လို့ ပြောရမှာပဲ'

'ပြောပြပါ ကိုကျော်စွာ'

'ကျွန်တော့်ရောဂါအကြောင်း ဂျာရယ် သိတယ်နော်၊ ဦးနောက်နဲ့ အာရုံကြောမှာ ဒဏ်ရာရထားတဲ့သူဖြစ်လေတော့ ခေါင်းခဏခဏမူးတတ်တယ်၊ စိတ်မကြည်မလင်ဖြစ်တတ်တယ်၊ အိပ်မက်တွေ ခဏခဏမက်ပြီး စွဲမိစွဲရာ စွဲတတ်တယ်၊ အခုလည်း ကျွန်တော့်ရဲ့အဖြစ်က အိပ်မက်တွေ မက်တယ်၊ အိပ်မက်ထဲမှာ ကျွန်တော်လာဖို့ အချိန်ကျပြီဆိုပြီး မက်တယ်။ ကျွန်တော်နဲ့ နှင်းပွင့်မြို့တော် ဘယ်လိုဆက်စပ်နေသလဲတော့ မသိဘူး၊ ကျွန်တော့်ရဲ့စိတ်မှာ နှင်းပွင့်မြို့တော်ကို အရမ်းစွဲလမ်းနေတယ်၊ နှင်းပွင့်မြို့တော်ဆီကိုရောက်အောင် ပို့နိုင်တဲ့သူဟာလည်း ဂျာရယ်ကလွဲပြီး တခြားသူ မဟုတ်ဘူးလို့ ထင်မိတယ်၊ ဒါကြောင့် နှင်းပွင့်မြို့တော်ကို ကျွန်တော် ရှာချင်လို့ လာခဲ့တာပဲ'

'ဟင်း…'





ကျွန်ုပ်၏ စကားအဆုံးတွင် ဂျာရယ်မှာ သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး…

'ကိုကျော်စွာကို ဂျာရယ် ဘယ်လိုပြောရမလဲ၊ နှင်းပွင့်မြို့တော်ဆိုတာ ဂျာရယ့်အဘွား ပြောပြတဲ့ အိပ်ရာဝင်ပုံပြင်ပဲ၊ အပြင်မှာ တကယ်ရှိ၊ မရှိ ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ၊ ဒါကြောင့် ဂျာရယ် ဘယ်လိုရှာရမလဲ ကိုကျော်စွာရယ်'

သူမက မသက်မသာစွာ ပြောလိုက်သည်။

'ဘာပဲဖြစ်ဖြစ် နှင်းပွင့်မြို့တော်ကို မတွေ့ရရင်နေပါစေ၊ နှင်းပွင့်တွေဖုံးလွှမ်းနေတဲ့ တောင်တန်းကြီးတွေကိုတွေ့ရရင် တော်ပါပြီ၊ အဲဒီတောင်တန်းကြီးတွေကို မြင်ချင်တယ်၊ တွေ့ချင်တယ်'

'ဒါဆိုရင်တော့ ဂျာရယ် လိုက်ပို့နိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီသွားမယ့်လမ်းဟာ ရက်ရှည်သွားရမှာမို့ စားနပ်ရိက္ခာတွေ လိုသလို လမ်းပြကောင်းကောင်းလည်း လိုအပ်တယ်'

'ဒါဆိုရင် လမ်းပြကောင်းကောင်းငှားပါ၊ ကျသလောက် ကျွန်တော် ပေးပါမယ်၊ နှင်းပွင့်တောင်တန်းကြီးကိုရောက်ရင် တော်ပါပြီ'

ထိုစဉ် ကိုနိုင်ကြီးက…

'မဂျာရယ်… ကိုကျော်စွာကို နားလည်ပေးပါ၊ ခင်ဗျားကို ဒုက္ခပေးတယ်လို့ မထင်စေချင်ဘူး၊ သူ့အဖြစ်က စွဲမိစွဲရာ ဖြစ်နေတယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုနိုင်ကြီး··· ဂျာရယ်ကို အားမနာပါနဲ့၊ ကိုကျော်စွာဟာ နှင်းပွင့်မြို့တော်အကြောင်း သူ အိပ်မက်မက်ကတည်းက နှင်းတောင်တန်းကြီးဆီကို လာချင်နေမှန်း ကျွန်မ သိပါတယ်၊ သူဟာ တစ်နေ့မှာ ဒီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလိမ့်မယ်ဆိုတာ ဂျာရယ် သိနေခဲ့တယ်၊ အဲဒီကတည်းက သူ့ကို ကူညီဖို့ စိတ်ဆုံးဖြတ်ထားတာ'

'ကိုကျော်စွာကို နားလည်ပေးတဲ့အတွက် သူ့ကိုယ်စား ကျွန်တော် ကျေးဇူးတင်ပါတယ် ဂျာရယ်'

'ဂျာရယ်က ဆရာဝန်တစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုကျော်စွာဟာ ဒီကိုရောက်လာရင် သူခံစားနေရတဲ့ ရောဂါ တချို့တစ်ဝက်လောက်တော့ သက်သာသွားလိမ့်မယ်လို့ ဂျာရယ် ထင်လို့ တမင်ဖိတ်ခေါ်ထားတာပါ'

'ကျွန်တော်လည်း ကိုကျော်စွာရဲ့ရောဂါ အရှင်းပျောက်ကင်းပါစေလို့ ဆုတောင်းပါတယ်'

'ရေခဲဖုံးလွှမ်းနေတဲ့ တောင်တွေ အများဆုံးရှိတာကတော့ မြန်မာပြည်ရဲ့ အမြင့်ဆုံးတောင်ဖြစ်တဲ့ ခါကာဘိုရာဇီတောင်ပဲ၊ အဲဒီတောင်တန်းက ရေခဲနေတော့ အရမ်းအေးတုန်နေတယ်၊ အဲဒါ ကိုကျော်စွာ ခံနိုင်ပါ့မလား မသိဘူး'

'ဂျာရယ်··· ကိုယ်ဟာ ယောကျ်ားတစ်ယောက်ပါ၊ နောက်ပြီး အားကစားသမားတစ်ယောက်၊ ချမ်းတာ အေးတာလောက်ကို စာမဖွဲ့ဘူး'





'ဒါပေမဲ့ အခု ဆေးတွေအများကြီးသောက်နေရတယ် မဟုတ်လား'

'ဂျာရယ်··· ကိုယ်လေ နှင်းပွင့်မြို့တော်ကို မတွေ့ရရင် နေပါစေ၊ နှင်းတောင်တန်းကြီးကို တွေ့ရရင် ကျေနပ်ပါပြီ၊ ကိုယ် တတ်နိုင်သလောက် တက်မယ်၊ မတက်နိုင်ရင် ပြန်လှည့်မယ်'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီအစီအစဉ် ကောင်းတယ်'

ကိုနိုင်ကြီးက ဤသို့ ထောက်ခံပြောဆိုလိုက်သည်။

ထိုသို့ဖြင့် စားနပ်ရိက္ခာ၊ တောင်တက်ရန် လိုအပ်သော ပစ္စည်းများ စုဆောင်းပြီးနောက် ကျွန်ုပ်တို့သုံးဦးနှင့် လမ်းပြတစ်ဦးတို့သည် နောက်သုံးရက်အကြာတွင် ခါကာဘိုရာဇီတောင်ကြီးဆီသို့ သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ သည်တွင် ဦးဂေါလူလက···

'ခါကာဘိုရာဇီတောင်ကြီးဆီကို သွားမယ်ဆိုရင် အဲဒီတောင်ကြီးအကြောင်း သိဖို့လိုအပ်တယ်ကွယ့်'

'ဟုတ်ကဲ့··· အန်ကယ်သိတာတွေ ပြောပြပါ'

'ခါကာဘိုရာဇီတောင်ထိပ်ဟာ အမြင့်ပေ ၁၉၂၆၉ ပေမြင့်တယ်လို့ ဆိုတယ်၊ တချို့ကလည်း ၁၉၃၁၅ ပေမြင့်တယ်လို့ ရေးခဲ့ကြတယ်၊ တကယ်တော့ အဲဒီမှာရှိတဲ့ ရွာသူရွာသားတွေက 'အထန်းဘွမ်'တောင်လို့ ခေါ်တယ်၊ အဲဒီတောင်ကြီးဟာ ရေခဲတောင်ဖြစ်ပြီး အရမ်းမြင့်လွန်းလို့ လူတွေ သိသာထင်ရှားတဲ့ တောင်ကြီးဖြစ်တယ်၊ နောက်ပြီး လက်ချောင်းတွေချွန်နေသလို တောင်ထိပ်တွေဟာ စုလစ်မွန်းချွန်းဖြစ်နေတာကြောင့် တောင်ထိပ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် တက်မကြည့်ကြဘူး၊ နတ်ကြီးတယ်လို့လည်း ဒေသခံ အယူအဆရှိခဲ့ကြတယ်၊ အဲဒီတောင်ရဲ့ ထူးခြားမှုဟာ ရာသီဥတုကောင်းချိန်မှာသာ တွေ့ရတယ်၊ အကြာဆုံးတွေ့ရရင် တစ်ရက်ပဲ၊ နောက်တော့ တိမ်တိုက်တွေတက်လာပြီး မိုးတွေရွာ လာတယ်၊ ဆီးနှင်းမိုးတွေ တဖွဲဖွဲကျပြီး တောင်ကြီးတစ်ခုလုံး ပျောက်ကွယ်သွားတတ်တယ်'

'သြော်... သြော်...'

'တချို့ တောလိုက်မုဆိုးတွေနဲ့ တောင်တက်သမားအချို့ ဟာ ရာသီဥတု သာယာနေတဲ့အချိန်မှာ ခဏတွေ့လိုက်ရပြီး နောက်တော့ တိမ်တိုက်တွေ နှင်းမိုးတွေ ဖုံးကွယ်သွားပြီး မမြင်ရ လို့ တစ်ရက် နှစ်ရက် ထပ်စောင့်ပေမယ့် အဲဒီတောင်ကြီးဟာ ပြန်ပြီးပေါ်မလာတော့ဘူး၊ အင်္ဂလိပ်လက်ထက်တုန်းက တောင် အမြင့်ကို တိုင်းဖို့ မြေတိုင်းအဖွဲ့တွေကို လွှတ်လိုက်တယ်၊ သူတို့ လည်း ခဏပဲတွေ့ပြီး တောင်ကြီးက ပျောက်ကွယ်သွားတယ်၊ လုံဆိုင်ဆိုတဲ့ ကျောက်ဂူကြီးမှာစောင့်ပြီး တောင်ကြီး ပေါ်လာနိုးနဲ့ စောင့်တာတောင် တောင်ကြီးမှာ နှင်းမိုးတွေ တိမ်တိုက်တွေ ဖုံးနေလို့ ဘာမှမမြင်ရဘဲ ပြန်ခဲ့ရတယ်တဲ့'

'ဟုတ်ကဲ့ပါ အန်ကယ်'

'နောက်အဖွဲ့တွေကျမှပဲ တောင်ထွတ်ကြီးဟာ ထူးထူး ခြားခြား ပေါ်ထွက်နေလို့ တောင်အမြင့်ကို တိုင်းနိုင်ခဲ့တယ်'

'ဟုတ်ကဲ့ပါ အန်ကယ်'





'ရေခဲတောင်တွေဟာ တခြားတောင်တွေနဲ့ မတူဘူး၊ လျှို့ဝှက်ချက် များတယ်၊ မာယာများတယ်လို့ ဆိုရမယ်၊ မိုးသိပ် ရွာလာပြီဆိုရင် တောင်ပေါ်ကရေခဲတွေ ပျော်ကျလာပြီး ကျောက် တုံးတွေ ရေခဲတုံးတွေဟာ မြစ်ရေစီးအရှိန်နဲ့ အရှိန်ပြင်းစွာ လိမ့် ဆင်းလာရင် အန္တရာယ်များတယ်၊ တချို့မြစ်တွေဆိုရင် ဒီအတိုင်း ကြည့်တော့ တိမ်တိမ်ကလေးပဲ၊ ဒါပေမဲ့ တောင်ကျရေတွေ စီးလာပြီဆိုရင် မြစ်တွေအကျယ်ကြီးဖြစ်လာတယ်၊ ရေစီးအရမ်း သန်ပြီး လမ်းကြောင်းပေါ်မှာရှိတာတွေ တိုက်စားသွားတော့တာ ပဲ၊ မြင်းတစ်ပြေးတောင် မလွတ်ဘူး၊ အဲဒီလိုဖြစ်ရင် တောင်တွေ ပြိုမယ်၊ လမ်းကြောင်းတွေ ပျက်ကုန်တယ်၊ လူဖြတ်ကူးရင်တော့ အသေပဲ'

'ဟုတ်လား အန်ကယ်'

'ဟုတ်ပါတယ်၊ ဆရာ့ကို အန်ကယ် တစ်ခုသတိပေးချင် တယ်၊ ဆရာဟာ ကျွန်တော့်သမီးရဲ့ ဧည့်သည်ဆိုတော့ ကျွန်တော့် ဧည့်သည်ပဲပေါ့၊ ဧည့်သည်ကို ကျွန်တော်တို့က တလေးတစား ထားပါတယ်၊ ဒါကြောင့် အန္တရာယ်ကင်းစေချင်တယ်၊ အန္တရာယ် ကင်းကင်းနဲ့ လိုရာခရီးကိုသွားနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်'

'အန်ကယ့်ရဲ့ စာနာထောက်ထားမှုအတွက် ကျေးဇူးတင် ပါတယ် အန်ကယ်'

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)
## မြစ်ဖျားရောစ်အစ အင်မိုင်ဒ

'ကိုကျော်စွာ··· ဂျာရယ်တို့ ဒီခရီးကိုသွားမယ်ဆိုရင် လမ်းပြကောင်းကောင်းငှားမှ ဖြစ်မယ်'

'ဂျာရယ့်သဘောပါပဲ'

'ဒါဆိုရင် အဲဒီဘက်မှာ ကောင်းကောင်းကျွမ်းကျင်တဲ့ တိဘက်လမ်းပြကို ငှားရင် ကောင်းမယ်'

'ဂျာရယ် အဆင်ပြေသလိုလုပ်ပါ'

ဂျာရယ်သည် ဤလမ်းခရီးကို ကျွမ်းကျင်သည့် တိဘက် လမ်းပြ လုဖိုင်ကို ခေါ်လာခဲ့သည်။ တိဘက်လမ်းပြက ကျွန်ုပ် အား···

'ကျွန်တော်က လမ်းပြအလုပ်ကို လာငှားရင်လည်း လိုက် တယ်၊ အလုပ်မရှိရင် အဲဒီတောင်ပေါ်မှာ အမဲလိုက်တယ်'

'အမဲလိုက်တော့ ဘာတွေရသလဲ'





'တာကင်ကောင်တို့၊ တိုးကောင်တို့ ရပါတယ်၊ ရေခဲ ပျော်ချိန်မှာတော့ မချစ်ဥတို့၊ ခန်းတောက်မြစ်တို့ တူးတယ်'

'မချစ်ဥတို့ ခန်းတောက်မြစ်တို့ကို ဝယ်တဲ့လူရှိလား'

'ရှိပါတယ် ဒူးကမ္ဘာ၊ အဲဒီအပင်တွေက ဆေးဘက်ဝင် ပြီး ရှားပါးတော့ ဈေးကောင်းရပါတယ်'

ကျွန်ုပ်တို့အုပ်စုမှာ တိဘက်လမ်းပြ လုဖိုင်ကို ငှားရမ်း ကာ ပူတာအိုမှ စတင်ထွက်ခွာလာခဲ့သည်။ ထိုမှ ပူတာအိုလွင်ပြင် ခေါ် ခန္တီးလောင်းလွင်ပြင်ဆီသို့ ဂျစ်ကားကလေးဖြင့် ထွက်ခွာ လာရာ နေ့လယ်ဆယ့်နှစ်နာရီခန့်အချိန်တွင် ထိုနေရာသို့ ရောက်ရှိ ခဲ့သည်။

ကြည့်လိုက်တိုင်း ပြန့်ပြူးကျယ်ပြန့်နေသည့် လွင်ပြင် ကြီး။ စပါးစိုက်ခင်းများနှင့် စိမ်းလန်းစိုပြည်နေသည်။ ရာသီဥတု မှာ အေးစိမ့်နေပြီး အေးမြသောလေကလေးများ တိုက်ခတ်နေ သဖြင့် အသက်ရှူရသည်မှာ လွန်စွာကောင်းလှပေသည်။

'ကိုကျော်စွာရယ်··· ဟိုးဘက်တွေကို လှမ်းကြည့်လိုက် ပါဦး၊ ဆီးနှင်းရေခဲဖုံးနေတဲ့ တောင်ပြာတန်းကြီးတွေရဲ့ အလယ်မှာ ရှိနေတဲ့ ဒီခန္တီးလွင်ပြင်ကြီးဟာ ဘယ်လောက်သာယာပြီး ဘယ် လောက်အံ့ဩစရာကောင်းသလဲ'

'ဟုတ်ပါတယ် ဂျာရယ်၊ တောင်တွေ ပတ်ကာဝန်းနေပေ မယ့် ဒီနေရာလေးမှာ အနိမ့်အမြင့် တောင်ပူစာတောင်မရှိဘဲ ပြန့်ပြူးတဲ့လွင်ပြင်ဖြစ်နေတာ အံ့ဩစရာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလွင်ပြင်ကြီးဟာ လူသားတွေအတွက် စားနပ်ရိက္ခာဖြစ်ထွန်းစေတဲ့ သဘာဝရဲ့လက်ဆောင်ကောင်းတစ်ခုပဲ၊ ဟောဟိုမှာ မလိခမြစ်က မြောက်နဲ့တောင် စီးဆင်းနေပြီး ကျန်တဲ့မြစ်လက်တက်ကလေးတွေက အရှေ့နဲ့အနောက် စီးဆင်းနေတော့ စပါးစိုက်ဖို့ ရေမပူရတော့ဘူးပေါ့'

'ဟုတ်တယ်နော်၊ ရေရော မြေပြန့်ပါရှိတော့ အဆင်ပြေတာပေါ့'

'ဒီနေရာကြီးဟာ ရှေးအရင်တုန်းက ခန္တီးရှမ်းတွေရဲ့နယ်မြေပေါ့၊ အဲဒီခန္တီးရှမ်းတွေဟာ ဆင်မြင်းဗိုလ်ပါ အမြောက်အမြားပါဝင်တဲ့ တပ်မတော်ကြီးကို ပိုင်ဆိုင်ခဲ့တယ်၊ အာသံပြည်ဘက်အထိ စစ်ချီတိုက်ခိုက် အနိုင်ရခဲ့ဖူးတယ်'

'သြော်...'

'ရှေးတုန်းက ဒီနယ်မြေမှာ တိုက်ရည်ခိုက်ရည်နဲ့ပြည့်စုံတဲ့ သူရဲကောင်းတွေ အများအပြား ပေါ်ထွက်ခဲ့ဖူးတယ်၊ အဲဒီသူရဲကောင်းတွေအနက်မှာ စော်ဘွားကြီး 'စော' ဟာ ဒီနယ်မြေကို စတင်တည်ထောင်ခဲ့တဲ့ သူရဲကောင်းတစ်ဦးပေါ့'

'သြော်...'

'သူရဲကောင်း 'စော' မှာ အများနဲ့မတူ တစ်မူထူးခြားတယ်၊ အဲဒါက ဘာလဲဆိုရင် နဂို မျက်စိနှစ်လုံးကြားမှာ နတ်မျက်စိလို့ ဆိုရမယ်၊ မျက်လုံးတစ်လုံး အပိုပါလာတယ်'





'သြော်... ဒါဆို သူရဲကောင်းစော်ဘွားကြီး စောဟာ ထူးခြားတဲ့ ပုဂ္ဂိုလ်ပေါ့'

'စော်ဘွားကြီးစော အပါအဝင် ညီအစ်ကိုသုံးယောက်ရှိတယ်၊ သူဟာ အငယ်ဆုံးပေါ့၊ သူဟာ သူရဲကောင်းပီပီ စစ်တိုက်ခိုက်ရေးကို အလွန်ဝါသနာပါတယ်၊ ရဲစွမ်းသတ္တိရှိပြီး စစ်ရေးစစ်ရာ အင်မတန်ကျွမ်းကျင်တယ်၊ ဒါကြောင့် သူဟာ ဒုတိယနောင်တော် စော်ဘွားနဲ့အတူ ဗြဟ္မပုတြမြစ်ဝှမ်းတစ်လျှောက်ကို တိုက်ခိုက်ခဲ့တယ်၊ အဲဒီက လူတွေက ခုခံပေမယ့် တိုက်ရည်ခိုက်ရည်နဲ့ ပြည့်စုံတဲ့ သူရဲကောင်းစောရဲ့ စစ်တပ်ကို မခုခံနိုင်ဘဲ အရှုံးပေးခဲ့ရတယ်၊ သူရဲကောင်းစောတို့ဘက်က တိုက်ပွဲအလီလီအောင်နိုင်ခဲ့တယ်'

'ဒါဆို ခန္တီးနယ်ပယ်က တော်တော်ကျယ်တာပေါ့နော်'

'ဟုတ်ပါတယ်'

ထိုသို့ဖြင့် ဂျာရယ်က ခန္တီးလွင်ပြင်အကြောင်း ဆက်၍ပြောပြခဲ့သည်။ နောင်တော်လတ်နှင့် ပူးပေါင်းတိုက်ခိုက်ရာ စစ်ရေးအောင်မြင်သည့်အတွက် နောင်တော်မင်းကြီးထံ လျှောက်ထားရန် ဝမ်းသာအားရ ပြန်လာခဲ့ကြသည်။ မင်းကြီးရှေ့မှောက်အရောက်တွင်-

'နောင်တော်ကြီးဘုရား... ကျွန်တော်မျိုးတို့ ညီနောင်နှစ်ဦး ပူးပေါင်းပြီး တိုက်ခိုက်ခဲ့တဲ့အတွက် ဗြဟ္မပုတြမြစ်ပေါ်မှာရှိတဲ့ မြို့တော်နဲ့တကွ မြောက်ဘက်တခွင်ကိုပါ တိုက်ခိုက်အောင်မြင်ခဲ့ပါသည် ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'အိမ်း... ကောင်းလေစွ၊ ခန္တီးလောင်းနဲ့တကွ အာသံပြည်ပါ နိုင်ငံသစ်တွေတူထောင်နိုင်မှာဖြစ်လို့ မင်းကြီး နှစ်ထောင်းအားရဖြစ်မိတယ်၊ ညီတော်တို့အတွက် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဂုဏ်ပြုစားသောက်ပွဲကြီး ကျင်းပပေးတော်မူမယ်'

မင်းကြီးက လွန်စွာဝမ်းသာအားရနှင့် ဂုဏ်ပြုပွဲပြုလုပ်ပေးမည့်အကြောင်း မိန့်တော်မူလိုက်သည်။ သို့သော် မင်းကြီး၏ မိဖုရားကြီးမှာ နှစ်သက်ဟန်မတူဘဲ အခေါင်တော်ကူးချိန်တွင်...

'မင်းကြီး... ကျွန်တော်မျိုးမ လျှောက်တင်စရာရှိပါသည် ဘုရား'

'လျှောက်တင်စေ'

'မင်းကြီး၏ ညီတော်နှစ်ဦးဟာ ဖြပ္ပပုတြတစ်လျှောက် အနိုင်ရလာသည်ဟု ကြားသိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ် ဘုရား'

'ဟုတ်ပေတယ်၊ ဒါကြောင့် ဂုဏ်ပြုပွဲပင် လုပ်ဆောင်ပေးမည်ဟု မိန့်တော်မူလိုက်တယ် မဟုတ်လား မိဖုရားရဲ့'

'မှန်ပါဘုရား၊ ဤအကြောင်းကို နှမတော် သိပါတယ် ဘုရား၊ သို့ပေမဲ့ စဉ်းစားတွေးခေါ်ရန် ရှိနေပါတယ် ဘုရား'

'ဘာများ စဉ်းစားတွေးခေါ်ဖို့ ရှိနေသလဲ'

'မှန်ပါဘုရား၊ သူ့ရဲကောင်းစောဟာ လူစွမ်းကောင်းတစ်ယောက်ဖြစ်ပါတယ်၊ နောက်ပြီး သူ့မှာ အင်အားတောင့်တင်း





တဲ့ ဆင်တပ် မြင်းတပ်နဲ့ လက်နက်ဗိုလ်ပါတပ်သားများလည်း ရှိပါတယ်၊ ဒါကြောင့် အာသံပြည်သိမ်းယူဖို့လောက်နဲ့ မတင်းတိမ်ဘဲ အရှင့်ရဲ့ထီးနန်းကိုပင် လုယူမှာစိုးလှပါတယ် ဘုရား'

'မဖြစ်နိုင်ပါဘူး၊ စိုးရိမ်တော်မမူပါနဲ့ နှမတော်'

'အရှင်မင်းကြီး... ကိုယ်က ကျူးရင် ကိုယ့်ဒူးကိုတောင် မယုံကြည်ရပါ ဘုရား၊ ရှေးအဆက်ဆက်ကလည်း နောင်တော်ကို နန်းလုပြီး ဘုရင်လုပ်တဲ့မင်းတွေ ရှိခဲ့ပါတယ်၊ မင်းကြီး အမှုမဲ့ အမှတ်မဲ့ မနေသင့်ပါ၊ နောင်မှသိလျှင် နောင်တဟာ ပြန်ပြင်၍ ရရိုးထုံးစံမရှိပါ ဘုရား'

ထိုသို့ အကြိမ်ကြိမ်ပြောပါများလာသော် မင်းကြီးလည်း နားယောင်လာပြီး...

'နှမတော် မိဖုရားကြီး သင့်သလိုသာ စီရင်ပေတော့'

ထိုသို့မိန့်တော်မူလိုက်ရာ မိဖုရားမှာ ဝမ်းသာအားရဖြင့်...

'ဂုဏ်ပြုညစာစားပွဲမှာ သူ့ရဲကောင်းစော စားမယ့် ပွဲတော်အုပ်မှာ အဆိပ်ခတ်ကာ အဆုံးစီရင်ခွင့်ပြုပါ ဘုရား'

'နှမတော် ကောင်းသလိုသာ လုပ်ပါတော့'

ထိုသို့ မိဖုရားကြီး၏ စကားကိုယုံပြီး မင်းကြီးကပါ အထင်လွဲခဲ့သည်။ ဂုဏ်ပြုညစာစားပွဲသို့ ရောက်ခဲ့လေပြီ။

မိဖုရားကြီးသည် ကြံတင်ကြံစည်ထားသည့်အတိုင်း သူ့ရဲကောင်းစော စားမည့် ပွဲတော်အုပ်ထဲတွင် အဆိပ်ခတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် သူရဲကောင်းစောမှာ သူ၏ နတ်မျက်စိအစွမ်းကြောင့် အကောက်ကြံကာ အဆိပ်ခတ်ထားမှန်း သိလိုက်သည်။

'အင်း… ငါ့ရဲ့ နောင်တော်ကြီးနဲ့ မရီးဟာ ငါ့အပေါ် အထင်လွဲပြီး ငါစားမယ့်ပွဲတော်အုပ်မှာ အဆိပ်ခတ်လိုက်ပြီ၊ ငါ ဘယ်လိုလုပ်ရပါ့'

'ငါဟာ တစ်ကိုယ်ကောင်းဆန်ပြီး ကိုယ်လွတ်ရုန်းပြေးလို့ ရတယ်၊ အဲဒီအခါမှာ ငါဟာ ပုန်ကန်ခြားနားကာ တစ်စဉ်ထောင်ဖို့ပြေးတယ်ဆိုရင်လည်း မင်းပြစ်မင်းဒဏ်ထိမယ်၊ နောင်တော်လတ်ကို ပြောပြန်ရင်လည်း သူက ခံမှာမဟုတ်ဘူး၊ နောင်တော်ကြီးကို ပုန်ကန်ခြားနားရင် ညီအစ်ကိုတွေ စိတ်ဝမ်းကွဲပြီး သွေးမြေလိမ့်မယ်၊ ဒါ့အပြင် အပြစ်မဲ့တဲ့ တိုင်းသူပြည်သားများလည်း သေကျေပျက်စီးလိမ့်မယ်'

'ငါ့ရဲ့နောင်တော်နဲ့ မရီးတော်ဟာ ငါ ငယ်ငယ်ကတည်းက ကျွေးမွေးသုတ်သင်ခဲ့တဲ့ ငါ့ရဲ့မိဘနဲ့ မခြားဘူး၊ ဒီတော့ ငါ ဘယ်လိုလုပ်ရပါ့'

ထိုသို့တွေးကာ လွန်စွာစိတ်မကောင်းဖြစ်ခဲ့သည်။ သူရဲကောင်းစောသည် အတန်ကြာအောင် စဉ်းစားနေခဲ့သည်။ နောက်ဆုံးတွင် သူရဲကောင်းစောက ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချလိုက်သည်။

'ငါ၏ နောင်တော်နှင့် မရီးတော်ဟုဆိုသော်လည်း မိဘ





နှင့်မခြား ကျေးဇူးရှိခဲ့သူဖြစ်၍ ငါ မပြစ်မှားတော့ပါ၊ သူတို့စိတ်ချမ်းသာလျှင် ငါ ကျေးဇူးဆပ်ရာရောက်ပေမည်၊ ယခုဘဝ၌ ဤသို့သော တစ်ပါးသူ၏ လုပ်ကြံမှုကြောင့် သေဆုံးသွားခဲ့ပါလျှင် အတိတ်ကတင်ရှိခဲ့သော ငါ့ရဲ့ဝဋ်ကြွေးဟုသာ သဘောထားရပေမည်။ သည်ဝဋ်ကြွေးကို ဒီဘဝမှာပင် ငါ ကျေအောင်ဆပ်အံ့'

ထိုသို့ဆုံးဖြတ်ပြီးနောက် သူ၏ စီးတော်မြင်းဖြစ်သော အချစ်ဆုံး မြင်းလိမ္မာလေးကို အဆိပ်ခတ်ထားသည့် ပွဲတော်အုပ်မှ အစားအစာများကို အရင်ဆုံးကျွေးလိုက်သည်။ ထို့နောက် သူပါ ထိုအစားအစာများကို စားရာ မြင်းရော သခင်ပါ ချက်ချင်း သေဆုံးသွားခဲ့သည်။

ထိုသူရဲကောင်းကြီး သေဆုံးသွားသဖြင့် သူ၏တပ်သားများမှာ ဝမ်းနည်း နှမြောတသဖြစ်ခဲ့ကြသည်။ ထို့နောက် သူတို့၏ သူရဲကောင်းကြီးမှာ ကွယ်လွန်ပြီးနောက် နတ်ဖြစ်သွားပြီး ၄င်းတို့ကို စောင့်ရှောက်နေသည်ဟု ယုံကြည်ကြသည်။

ထိုအချိန်မှစ၍ ဇော်ဘွားကြီးနတ်ဟူ၍ ရိုးရာနတ်အဖြစ် ပူဇော်ပသခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။

ကျွန်ုပ်တို့သည် ထိုခရီးမှ ဆက်သွားခဲ့ရာ ခန္တီးလောင်းကွင်းစပ်ရှိ တောအုပ်ကြီးကို ဖြတ်ကျော်ခဲ့ကြသည်။ ထိုမှ ရွာငယ်များကို ဖြတ်သန်းသွားခဲ့ရာ ဂျာရယ်တို့၏ ရဝမ်တိုင်းရင်းသားများ အများစုနေထိုင်ရာ နမ့်ခမ်းရွာကြီးသို့ ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


'နမ့်ခမ်းဆိုတာ ဘာအဓိပ္ပာယ်လဲ ဂျာရယ်'

ကျွန်ုပ်က ဂျာရယ်အား မေးလိုက်ရာ ဂျာရယ်က...

'နမ့်ဆိုတာ ရေပေါ့၊ ခမ်းဆိုတာ ရွှေပေါ့၊ ဒီတော့ ဒီနေရာဟာ ရွှေထွက်တဲ့ချောင်းပေါ့ ကိုကျော်စွာရဲ့'

သည့်တွင် ကိုနိုင်ကြီးက...

'တကယ်ရော ရွှေထွက်လို့လား ဂျာရယ်'

'ထွက်တာပေါ့၊ ဒီချောင်းတွေက ဟိုးတောင်ပေါ်က ရွှေရှိတဲ့နေရာတွေကဖြတ်ပြီး စီးဆင်းလာခဲ့တာဆိုတော့ ဘယ်နေရာမှာပဲကျင်ကျင် ရွှေရတယ်၊ ဒါပေမဲ့ ဒီရေက ရေခဲရေလိုပဲ တအားအေးတာဆိုတော့ ရေထဲမှာကြာကြာနေရင် အဖျားဝင်ပြီး သေရော'

'ဟင်... ဟုတ်လား'

'ဒါပေမဲ့ တချို့လူတွေကတော့ ရွှေကျင်ကြတယ်၊ ရွှေအဖတ်အဖတ်ကလေးတွေရတယ်၊ အဲဒါ မြို့တက်ရောင်းကြတယ်'

'ဒီလို ရွှေပေါတဲ့အရပ်မှာ တစ်ဦးကောင်း တစ်ယောက်ကောင်း ရွှေမကျင်ဘဲ ကုမ္ပဏီတွေနဲ့ ခေတ်မီကိရိယာကြီးတွေကို အသုံးပြုပြီး ရွှေရှာမယ်ဆိုရင် မြန်မာနိုင်ငံအတွက် ဘဏ္ဍာငွေတော်တော်ရမှာပဲနော်'

ထိုမှဆက်၍ နန့်တီးချောင်းကို ကြိုးတံတားမှ ဖြတ်ကျော်ခဲ့ကြသည်။ ကြိုးတံတားမှ တစ်ခါမျှမဖြတ်ဖူး၍ ခြေလှမ်းတိုင်း တုန်ခါသွားသည့် ကြိုးတံတားပေါ်၌ ရင်တုန်စွာ ဖြတ်သန်းခဲ့ရ






သည်။ ထိုနန်းတီးချောင်းမှ ဖြတ်ကျော်စဉ် လုဖိုင်က ကျွန်ုပ်အား...

'ဒူးကမ္ဘာ ချောင်းစပ်က သဲတွေကို ကြည့်လိုက်စမ်းပါ၊ နေရောင်ထဲမှာ လက်လက်ကလေးတွေ မြင်ရတယ်မဟုတ်လား'

'မြင်ရတယ်'

'အဲဒါ ရွှေအဖတ်အဖတ်ကလေးပဲ၊ တချို့လည်း ဒီချောင်းမှာ ရွှေကျင်ကြတယ်၊ ရွှေတွေက တောင်ကျရေတွေနဲ့အတူ ပါလာတာ'

'ဒါဆိုရင် ဒီနယ်မြေက လူတွေ လုပ်တတ်ရင် ရွှေသူဌေး ဖြစ်နိုင်တယ်၊ ဘယ့်နှယ်လဲ ကိုနိုင်ကြီး၊ ရွှေကျင်မလား'

'ဒူးကမ္ဘာ ရွှေကျင်တဲ့လူတွေဟာ ငှက်ဖျားအရမ်းဖြစ်တယ်၊ ဘာကြောင့်လဲတော့ မသိဘူး'

'ခြင်ကြောင့်ဖြစ်တာပေါ့'

ထိုသို့ စကားတပြောပြောနှင့် ကြိုးတံတားကို ဖြတ်ကျော်ခဲ့ကြသည်။ ထို့နောက် တောလမ်းခရီးကို ဖြတ်ကျော်စဉ် ကိုနိုင်ကြီးက...

'ဟိုမှာ... မြွေဟောက်ကြီး၊ မြွေဟောက်ကြီး'

ဟူ၍ အလန့်တကြားအော်လိုက်ရာ ကျွန်ုပ်လည်း လန့်သွားပြီး...

'ဘယ်မှာလဲ မြွေဟောက်ကြီး'

ကျွန်ုပ်က မေးလိုက်ရာ ကိုနိုင်ကြီးက ချုံပုတ်တစ်ခုကို ညွှန်ပြပြီး...


www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာ မြွေပေါက်ကြီး'

မှန်ပေသည်။ သူ ညွှန်ပြသည့် ချုံပုတ်ပင်အတွင်းမှ ထီးထီးကြီးပါးပျဉ်းထောင်နေသည့် မြွေဟောက်ကြီးကို တွေ့လိုက်ရသည်။

'ဟာ… ဟုတ်ပါရဲ့၊ နည်းတဲ့မြွေဟောက်ကြီး မဟုတ်ဘူး၊ ပါးပျဉ်းထောင်ထားတယ်'

ကျွန်ုပ်က ဤသို့ပြောလိုက်ရာ လုဖန်က…

'ဒူးကမ္ဘာရယ်… သေသေချာချာကြည့်ပါဦး၊ အဲဒါ မြွေဟောက်မဟုတ်ပါဘူး'

'ဒါဆို ဘာမြွေလဲ'

'မြွေမဟုတ်ဘူး၊ ဂမုန်းပင်ပါ'

'ဟင်… မြွေဟောက်နဲ့ အတော်တူတယ်'

'ဟုတ်တယ်၊ အဲဒါ မြွေဂမုန်းတဲ့၊ အဆိပ်ရှိတဲ့အကောင်တွေကိုက်ရင် အဲဒီအပင်ရဲ့ဥကို သွေးလိမ်းလိုက်ရုံပဲ၊ အဆိပ်တွေ ပျောက်ကုန်ရော'

'အမလေး… တော်ပါသေးရဲ့၊ မြွေအစစ်မှတ်လို့ လန့်သွားတာပဲ'

ကိုနိုင်ကြီးလည်း အခုမှပင် 'ဟင်း' ချနိုင်တော့သည်။

ထိုသို့ဖြင့် ထင်းရှူးပင်များနှင့် ယူကလစ်ပင်များ ပေါက်ရောက်သည့် တောအုပ်ကြီးအတွင်းမှ ဖြတ်သန်းခဲ့ရသည်။





သည့်တွင် ဂျာရယ်က…

'ဂျာရယ်တို့ ရဝမ်တွေဟာ တိဘက် တိဘာမင်အုပ်စုက ဆင်းသက်ခဲ့တာလို့ ပြောတယ်၊ ရဝမ်စကားနဲ့ မြန်မာစကားနဲ့ နီးစပ်တယ် ကိုကျော်စွာရဲ့'

'ပြောစမ်းပါဦး ဂျာရယ်'

'မြန်မာလို အဖေ၊ အမေကို ရဝမ်လို အဖယ် အမယ်လို့ ခေါ်တယ်၊ ငါးကိုလည်း ငါးပဲ၊ ငါဆိုတာလည်း ငါပဲ၊ ငိုတယ်ဆိုတာကို ငိုအေလို့ ပြောတယ်၊ ဝါးကို ထဝါးလို့ခေါ်တယ်၊ ပန်းကို နမ်ပန်းလို့ ပြောတယ်၊ တစ်ဆယ်ကို တီဆယ်တဲ့'

'ဟုတ်လား၊ ဒါဆိုရင် မိုးကောင်းကင်ကိုရော ဘယ်လိုခေါ်သလဲ'

'မိုးကောင်းကင်ကို 'မု' လို့ခေါ်တယ်'

ကျွန်ုပ်တို့မှာ စကားတပြောပြောနှင့် ဖြတ်သန်းခဲ့ရာ အချို့နေရာများတွင် ရေတံခွန်များ စီးဆင်းနေသည့် သာယာလှပသည့် ရှုခင်းများကို တွေ့ခဲ့ရသည်။ ကျွန်ုပ်တို့မှာ ခရီးရှည်ကြီးကို မမောနိုင် မပန်းနိုင်အောင် လျှောက်လှမ်းလာခဲ့ကြသည်။ တစ်တောဝင်တစ်တောင်တက် ခရီးဆက်ခဲ့ကြသည်။ ဤသို့ ခရီးကြမ်းကို သွားရသော်လည်း ထူးဆန်းသည်မှာ ကျွန်ုပ်၏ ကျန်းမာရေးပင် ဖြစ်သည်။

'ကိုကျော်စွာ ခရီးပန်းသလား၊ ဘယ်လိုနေသေးလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် နေကောင်းပါတယ်၊ ခေါင်းတောင်မမူးဘူး'

ခရီးကြမ်းသော်လည်း သန့်ရှင်းစင်ကြယ်သည့် လေကောင်းလေသန့်ကို ရှူရှိုက်ရသည့်အကျိုးပင် ဖြစ်မည်ထင်ပါသည်။ ကျွန်ုပ်၏ ကျန်းမာရေးမှာ ထူးထူးခြားခြား ကောင်းမွန်လှပေသည်။ ကျွန်ုပ်ကလည်း မမ ပေးလိုက်သည့်ဆေးကို ပုံမှန်သောက်ခဲ့သည်။

ကျွန်ုပ်၏စိတ်တွင် တဖြည်းဖြည်း နှင်းပွင့်မြို့တော်နှင့် နီးလာပြီဟု ထင်မိသည်။ ယခု သည်အရပ်ကိုရောက်သည့်အချိန်မှစ၍ မကြာခဏ မက်တတ်သည့် နှင်းပွင့်မြို့တော်ကြီးအကြောင်း အိပ်မက်ခြင်း မရှိတော့ပေ။ လူ့စိတ်ကား ဆန်းကြယ်သည်။

ရန်ကုန်တွင်နေစဉ်က နှင်းပွင့်မြို့တော်အကြောင်း မကြာခဏ မမက်စေရန် ဆေးများသောက်ခဲ့ရသည်။ ယခုမူ သည်အရပ်သို့ ရောက်လာသည့်တိုင် အိပ်မက်မမက်သဖြင့် အိပ်မက်ကလေးကို ပြန်မက်စေချင်သည်။

ကျွန်ုပ်တို့မှာ သွားရင်းလာရင်းနှင့် ခရီးဆက်ခဲ့ရာ နမ့်တမိုင်မြစ်ဝှမ်းသို့ ရောက်ရှိခဲ့ပါသည်။ သည်တွင် လမ်းပြလုဖိုင်က ရှင်းပြခဲ့သည်။

'ဒီနယ်မြေက သယံဇာတတော်တော်ပေါတယ်၊ ရွှေတင်ထွက်တာ မဟုတ်ဘူး၊ ငွေတွေလည်း ထွက်တယ်'

'ဟုတ်လား'





'ဟုတ်တယ် ဒူးကမ္ဘာ၊ အင်္ဂလိပ်လက်ထက်ကတည်းက ဒီမှာ ဘော်ထွက်ခဲ့တာ၊ ရှေးတုန်းကတည်းက ဘော်တူးတဲ့ ဘော်တွင်းလို့လည်း ခေါ်တယ်၊ ငွေတောင်လို့လည်းခေါ်တဲ့ တွင်းဟောင်းတွေ ရှိတယ်'

'ဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါကြောင့် ဒီကလူတွေဟာ ငွေပန်းထိမ်လုပ်ငန်းကို ကောင်းကောင်းလုပ်တတ်တယ်'

'အဲဒီဘော်တွင်းက ဘယ်နားမှာလဲ'

'ဒီကနေပြီး လမ်းခရီးကို သုံးမိုင်လောက် လျှောက်ရင် အရင်က ဘော်တွင်းဟောင်းကြီးရှိတဲ့နေရာကို ရောက်မယ်'

'ဘော်တို့ ငွေတို့ဟာလည်း အဖိုးတန်တဲ့ တွင်းထွက်ပစ္စည်းတွေဖြစ်တယ်၊ တကယ်ကျကျနနလုပ်နိုင်ရင် ဘယ်လောက်ပိုက်ဆံရလိုက်လေမလဲ'

'ဟုတ်တယ် ဒူးကမ္ဘာ၊ ဆာမရာတောင်မှာဆိုရင် မူလငွေသိုက်ကြီး ရှိတယ်လို့ ရှေးလူကြီးတွေ ပြောသံကြားဖူးတယ်'

'ဟုတ်တယ်နော် ကိုကျော်စွာ၊ ဒါတွေဟာ သတ္တုရတနာသိုက်တွေပဲ၊ လုပ်နိုင်ရင်တော့ မြန်မာပြည်အတွက် ဘဏ္ဍာငွေအများကြီးရမှာပဲ'

ဂျာရယ်က ကျွန်ုပ်ကို ဤသို့လှမ်းပြောလိုက်သည်။ ကျွန်ုပ်တို့မှာ ဤခရီးကို သွားရသည်မှာ လွန်စွာဗဟုသုတတိုးပွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ထို့နောက် နမ့်တမိုင်လွင်ပြင်ဆီသို့ စီးဆင်းနေသော နမ့်တမိုင်မြစ်ကို ကျွန်ုပ်တို့ မြင်တွေ့လိုက်ရပြီ။ ဤမြစ်နှင့် ဤလွင်ပြင်ကို ကြည့်ရသည်မှာ လှပသော သဘာဝပန်းချီကား တစ်ချပ်ကို ကြည့်နေရသကဲ့သို့ပင်။

ထိုနေရာတွင် ကျွန်ုပ်တို့ တစ်ထောက်ထားလိုက်သည်။ မြေပြန့်မှယူဆောင်လာသည့် ငါးသေတ္တာဘူးကို ဖောက်ကာ လမ်းပြလုဖန် ချက်ထားသည့် ထမင်းနှင့် စားလိုက်ကြသည်။ ရှားရှားပါးပါး စားရသည့် အစားအစာဖြစ်ပြီး လွန်စွာဆာလောင်မွတ်သိပ်ချိန်တွင် စားလိုက်ရသည့်အတွက် အလွန်ပင်စားကောင်းလှပေသည်။ သည်တွင် လမ်းပြလုဖန်က ကျွန်ုပ်တို့အား နမ့်တမိုင်မြစ်အကြောင်း ရှင်းပြခဲ့သည်။

'နမ့်တမိုင်ဆိုတာဟာ မေခရဲ့ မြစ်ဖျားပိုင်းကိုခေါ်တဲ့အမည်ပါ၊ အောက်ဘက်ကတော့ 'အင်မိုင်ခ'လို့ခေါ်တယ်၊ ဒါပေမဲ့ ဒီအရပ်မှာတော့ နမ့်တမိုင်လို့ပဲ ခေါ်တယ်'

'နမ့်တမိုင်ပဲခေါ်ခေါ် အင်မိုင်ခပဲခေါ်ခေါ် တကယ်တော့ ဧရာဝတီမြစ်ရဲ့ မြစ်ဖျားပိုင်းအစတွေပါပဲ'

'ဟုတ်ပါတယ်၊ ဧရာဝတီမြစ်ကြီးဟာ မြန်မာပြည်သူပြည်သားတွေရဲ့ အဓိကအသက်သွေးကြောဖြစ်တဲ့ မိခင်ကြီးဖြစ်ပါတယ်၊ အဲဒီ ဧရာဝတီမြစ်ပေါ်လာဖို့ မေခနဲ့ မလိခက မြစ်ဖျားခံခဲ့တယ်၊ မေခနဲ့မလိခဟာ မြန်မာပြည်မြောက်ဖျားမှာ စတင်ခဲ့တာ'





'ဟုတ်တယ်၊ ဒီလိုနေရာကို ရောက်ဖို့ဆိုတာ မလွယ်ဘူး'

'နောက်ပိုင်း လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာရင်တော့ လူတွေရောက်ကြမှာပါ'

ဤလမ်းခရီးတွင် ရောင်စုံသစ်ခွမျိုးများနှင့် သစ်ခွအမျိုးပေါင်းများစွာ လှပစွာပွင့်နေသည်ကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်က ခူးပြီး ဂျာရယ်ကို ပန်ပေးလိုက်သည်။

ဂျာရယ်၏အလှမှာ သစ်ခွပွင့်အခက်အခက်များနှင့် လွန်စွာပဏာရလှသည်။

'ဒီလိုဆိုတော့ ဂျာရယ်က အရမ်းလှသွားပြီ'

ကိုနိုင်ကြီးက ဤသို့ပြောလိုက်ရာ ဂျာရယ်က…

'ကိုနိုင်ကြီးရယ်… မိန်းကလေးတွေဟာ မလှလည်း လှတယ်လို့ ပြောတာ ခံချင်တဲ့သူတွေချည်းပါပဲ၊ ကိုယ့်ကိုယ်ကိုယ် မလှမှန်းသိပေမယ့် လှတယ်လို့ပြောတာ ကျေးဇူးတင်ပါတယ်'

သည်တွင် ကျွန်ုပ်ကစသည့် ဇာတ်လမ်းဖြစ်၍ ကျွန်ုပ်ကပင် ဝင်ရောက်ဖြေရှင်းပေးလိုက်သည်။

'ဂျာရယ်က လှပါတယ်၊ 'ဒီသစ်ခွပန်းလေးနဲ့ဆိုတော့ ပိုလှသွားတယ်၊ တကယ်ပါ'

သည်တော့ ဂျာရယ်က ရှက်ပြုံးကလေး ပြုံးလိုက်သည်။ ထို့နောက် ကျွန်ုပ်တို့မှာ ကြိုးတံတားပေါ်မှ ဖြတ်ကျော်ခဲ့ကြသည်။ တောတောင်ရေမြေ ရှုခင်းများမှာ ကြည့်မဝနိုင်အောင် လှပလွန်း



www.burmeseclassic.com

www.burmeseclassic.com



လှသည်။ မြန်မာပြည်မြောက်ဖျားဒေသသည် ဤမျှလှပပြီး ဤမျှ သယံဇာတများနှင့် ပြည့်ဝနေလိမ့်မည်ဟု ကျွန်ုပ် မထင်ခဲ့မိပေ။ ဤသယံဇာတများနှင့်အတူ ထူးခြားသော ရေခဲများ နှင်းပွင့်နှင်းခဲများ ဖုံးလွှမ်းနေသည့် တောင်တန်းမှာ ဤဒေသ၌သာ တည်ရှိပေသည်။ ကျွန်ုပ်တို့သည် ညနေစောင်းမှ ရွာတစ်ရွာကို တွေ့ခဲ့သည်။

ထိုညအဖို့ ဤရွာ၌သာ တစ်ညတာ နားခိုရပေတော့မည်။ ထိုရွာမှ ရွာလူကြီးနှင့် လှဖန်က သိသဖြင့် တစ်ညတာအိပ်ခွင့် တောင်းရာ သူ၏တဲ၌ အိပ်ခွင့်ပြုခဲ့သည်။

ညရောက်သောအခါ နှင်းများ တဖွဲဖွဲကျကာ လွန်စွာ အေးချမ်းလှသဖြင့် မီးပုံကြီးဖိုပေးပြီး ဆန်ပြုတ်တိုက်ကာ ကျွန်ုပ်တို့အား ဧည့်ခံခဲ့သည်။ ထို့နောက် သူတို့ထဲမှ အပျိုမလေးများနှင့် ကလေးများမှာ မီးပုံကြီး ဘေးပတ်ပတ်လည်တွင် အတီး အမှုတ် အက အခုန်များနှင့် ဧည့်ခံခဲ့သည်။ ကျွန်ုပ်တို့ကလည်း ပါလာသည့် ငါးသေတ္တာဘူး၊ နို့ဆီဘူးများကို အမှတ်တရလက်ဆောင်အဖြစ် ပေးခဲ့သည်။ သူတို့ကလည်း ကျေးဇူးတင်ကြောင်းပြောရင်း ဝမ်းသာအားရ လက်ခုပ်တီးပြီး သီချင်းများဆက်ဆိုခဲ့ကြသည်။

ညဉ့်လည်း နက်လာပြီ။ မီးပုံကြီးလည်း မီးသေသွားဖြစ်၍ တိုင်းရင်းသားကျေးရွာလူကြီး၏ အိမ်တွင် တစ်ညတာ အိပ်စက်ခဲ့ပါတော့သည်။

❑ ❑ ❑



## အခန်း(၁၁)
## ရင်ကွဲရေခဲမြစ်နှင့်အတူ

ကျွန်ုပ်တို့အုပ်စုသည် တစ်တောဝင် တစ်တောင်တက် တစ်မြစ်ဖြတ်ကူး၍ သွားခဲ့ရာ မကြာမီ တိဘက်ရွာကလေးသို့ ရောက်ရှိခဲ့သည်။

တိဘက်ရွာကလေးတွင် လှဖန်တို့ အမျိုးများနှင့် မိတ်ဆွေများရှိသဖြင့် ...

'ဟာ... လှဖန်ပါလား၊ ဧည့်သည်လိုက်ပို့တာ မဟုတ်လား'

'ဟုတ်တယ်၊ မြေပြန့်က ဧည့်သည်တွေ ပါလာတယ်'

'ဘယ်အထိသွားမှာလဲ'

'ရေခဲတောင်တွေအထိပေါ့'

'သူတို့က ဘာလိုချင်လို့လဲ၊ ကတိုးကောင်လား၊ ရှုဖိုက်လား'

'သူတို့က ရေခဲတောင်တက်မလို့'



www.burmeseclassic.com

www.burmeseclassic.com



'အေး… အေး… ကောင်းတယ်'

တိဘက်များက ကျွန်ုပ်တို့အား နွားနို့များဖြင့် ဧည့်ခံခဲ့သည်။ တိဘက်ရွာလူကြီးက…

'ဒီကထွက်ရင်တော့ ရှေ့မှာ ရေခဲဖုံးတဲ့တောင်တွေရှိတယ်၊ သိပ်မဝေးတော့ဘူး'

'ဟုတ်ကဲ့'

'ရေခဲတောင်တက်ဖို့ အားရှိဖို့လိုတယ်၊ ဒီရွာမှာ ညအိပ်ပြီးမှ တက်ပေါ့'

'အဲဒါကတော့ လုဖန်သဘောပါပဲ'

'အေး…ဟုတ်တယ်၊ သူက လမ်းပြကောင်းတစ်ယောက်ပဲ'

ကျွန်ုပ်တို့အုပ်စုကို တိဘက်ရွာသားများက လုဖန်၏ မျက်နှာကြောင့် ဆွေမျိုးကဲ့သို့ ပြုစုခဲ့သည်။ ရှေ့လျှောက်လျှင် ရေခဲတောင်တန်းများကို စတင်တွေ့ရတော့မည်ဟုဆိုသဖြင့် ကျွန်ုပ်တို့အုပ်စုမှာ လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အားတက်သရောဖြစ်ခဲ့သည်။

ထိုရွာမှ လှမ်းကြည့်ရာ ဆီးနှင်းများဖုံးလွှမ်းနေသော ရေခဲတောင်တန်းကြီးကို လှမ်းမြင်ရသည်။

ကျွန်ုပ်သည် ရေခဲတောင်ကို ရုပ်ရှင်များထဲ၌သာမြင်ဖူးပြီး ယခုလို နီးနီးကပ်ကပ် မမြင်ဖူးပေ။





'ဟောဟိုမှာ ရေခဲတောင်ကြီးကို လှမ်းမြင်နေရပြီ၊ တွေ့ရတာ စိတ်ထဲမှာ အရမ်းကြည်နူးတာပဲ'

'ဟုတ်တယ် ကိုကျော်စွာရယ်၊ ဂျာရယ်လည်း အဲဒီနှင်းဖုံးနေတဲ့ တောင်တန်းကြီးကို လှမ်းတွေ့ရတာ စိတ်ထဲမှာ အရမ်းပျော်သွားတာပဲ'

'ဟုတ်တယ် ကျော်စွာရဲ့၊ ငါ့ရဲ့တစ်သက် အိပ်မက်တောင် မမက်ဖူးတဲ့နေရာကို ကျော်စွာနဲ့ ဂျာရယ်ရဲ့ကျေးဇူးကြောင့် ရောက်ခဲ့ရပြီ၊ တကယ်ပဲ မင်းတို့နှစ်ယောက်ကို ကျေးဇူးတင်ပါတယ်'

ကိုနိုင်ကြီးက ဤသို့ပြောလိုက်သည်။

ကျွန်ုပ်တို့သုံးယောက်မှာ တိဘက်ရွာကလေးမှနေ၍ ရေခဲတောင်တန်းဆီသို့ ငေးကြည့်ရင်း ပြောခဲ့ကြသည်။

သည်တွင် လုဖန်က…

'ရေခဲတောင်ကြီးဟာ ကြည့်တော့သာ အမြင်နီးတာ၊ သွားရင် အဝေးကြီးသွားရမှာ'

'ဟုတ်တာပေါ့၊ မြန်မာစကားပုံတောင် ရှိသေးတယ်၊ အမြင်နီး ခရီးဝေးသည့်တောင်တဲ့'

'ဘာဖြစ်ဖြစ် ကိုယ်သွားချင်တဲ့နေရာကို ရောက်ခါနီးပြီဆိုတော့ အရမ်းဝမ်းသာတာပေါ့'

ထိုသို့ပြောဆိုနေစဉ် ကျွန်ုပ်တို့အတွက် တိဘက်မိသားစုက ထမင်းဟင်းချက်ပြုတ်နေသဖြင့် ဟင်းနံ့ကလေး သင်းကြိုင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ထိုနေ့က ညနေစာထမင်းကို တိဘက်ရှာဒ္ဒ စားခဲ့ရသည်။ 'ယက်'ခေါ် တိဘက်နွားသားခြောက်ကိုဖုတ်ပြီး ဆီဆမ်းထားသည်။ နောက်တွင် ဒိန်ခဲများနှင့် ချက်ထားသည့် ဟင်းလျာများအဖြစ် သိုးသားဟင်းက ပါသေးသည်။ ခရီးပန်းလာ၍လားမသိ။ လွန်စွာ ထမင်းမြိန်ခဲ့သည်။

ညအချိန်သို့ရောက်သည်နှင့် အအေးဓာတ်က ရစ်သိုင်းခြုံလာသဖြင့် လွန်စွာအေးချမ်းလှပေသည်။ ထောပတ်ဆီဖြင့် ဆီမီးထွန်းထားပြီး တိဘက်လုပ် သိုးမွေးစောင်ကြီးကိုခြုံကာ ကျွန်ုပ်တို့ဝိုင်းဖွဲ့စကားပြောနေခဲ့သည်။

ထိုရွာလူကြီးမှာ ကျွန်ုပ်တို့ကဲ့သို့ လူအုပ်စုနည်းနည်းဖြင့် ရေခဲတောင်သို့ ခရီးသွားသက်သက် လာရောက်ခြင်းအတွက် လွန်စွာစိတ်ဝင်စားသလို အံ့သြခြင်းလည်း ဖြစ်ခဲ့သည်။

'အဲဒီကနေဆက်သွားရင် ရေခဲဖုံးနေတဲ့ တောင်တန်းတွေဆီကို ရောက်ပြီ'

'ဒါနဲ့ မြန်မာပြည်က အမြင့်ဆုံးတောင်ဖြစ်တဲ့ 'ခါကာဘိုရာဇီ'တောင်ကြီးနဲ့ ဘယ်လောက်ဝေးသေးလဲ'

'အဝေးကြီးပေါ့၊ အဲဒီတောင်ကို 'အထန်းဘွမ်း'တောင်လို့ခေါ်တယ်၊ ဒီတောင်ကြီးဟာ အောက်တိုဘာ နိုဝင်ဘာလောက်ကစပြီး ဆီးနှင်းတွေကျစပြုနေပြီ၊ ဒီဇင်ဘာဆိုရင် လမ်းတွေပိတ်သွားအောင် နှင်းခဲတွေ ကျလာတော့တာပဲ၊ ဒီလို နှင်းတွေကျရင်





တောင်ကြီးကို မြူနှင်းတွေဖုံးသွားလို့ မမြင်ရတော့ဘူး၊ အခုလိုနွေဘက်ဆိုရင် ရေခဲတောင်က ရေခဲတွေ အရည်ပျော်ပြီး ရေခဲတုံးတွေရော ကျောက်တုံးတွေပါ တဝုန်းဝုန်းနဲ့ လိမ့်ဆင်းလာတတ်တယ်၊ အန္တရာယ်ကြီးတယ်၊ သတိမထားရင် တောင်တက်တဲ့လူတွေကို အဲဒီကျောက်တုံးတွေနဲ့ ထိမှန်ပြီး တောင်အောက်ကျသွားရင် အရိုးအသား ရှာမတွေ့တော့ဘူး'

'ဒါဆို အန္တရာယ်များတာပေါ့'

'ဟုတ်တယ်၊ ဒီနယ်မြေမှာရှိတဲ့ ရေခဲတောင်တွေတက်ရတာ အန္တရာယ်များတယ်၊ ဒါပေမဲ့ မုဆိုးတွေကတော့ တက်ကြတာပဲ၊ ရေခဲတောင်ရှိရင် မုဆိုးရှိတယ်၊ ရေခဲတောင်ပေါ်က သားကောင်အတော်များများဟာ မုဆိုးတွေရဲ့ လက်ချက်နဲ့ သေကြသလို ရေခဲတောင်ကြောင့်လည်း မုဆိုးတွေအများကြီး သေခဲ့ကြတယ်၊ ရေခဲတောင်က မာယာများတယ်၊ အခု ရေခဲနေပေမယ့် အပေါ်ယံက တင်းပြီး အောက်မှာ ရေတွေရှိတယ်၊ ရေခဲထဲကျွံကျပြီး ရေခဲအောက် ရောက်သွားတတ်တယ်'

'ဪ... ဟုတ်လား'

'ဒီရေခဲပြင်ထဲမှာ မုဆိုးတွေအများကြီး သေခဲ့တယ်၊ အဲဒီထဲမှာ မုဆိုးညီအစ်ကိုနှစ်ယောက်ရဲ့ ဇာတ်လမ်းက သနားဖို့ကောင်းတယ်၊ နှင်းခဲပျော်စတစ်နေ့မှာ ညီအစ်ကိုနှစ်ယောက်ဟာ ရေခဲတောင်မှာ ကတိုးကောင်ရှာရင်း လူချင်းကွဲသွားခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုက လိုက်ရှာပေမယ့် ညီလေးကို မတွေ့ရတော့ဘူး၊ ဘယ် တွေ့မလဲ ညီလေးဟာ ရေခဲပြင်ပေါ်က ကျွံကျသွားပြီး ရေခဲ ထဲ ရောက်သွားတာကိုး၊ နောက်မှ ရေခဲတွေ အရည်ပျော်ပြီး အဲဒီအလောင်းနဲ့အတူ ကျောက်တုံးတွေ ရေခဲတုံးဟာ အရှိန်နဲ့ စီး လာတယ်။ အစ်ကိုဟာ အဲဒီရေစီးထဲမှာ ညီလေးကိုတွေ့လို့ လှမ်း ဆွဲလိုက်တာ အရှိန်မထိန်းနိုင်ဘဲ တောင်အောက်ကျသွားခဲ့တယ်၊ နောက်မှ သူတို့ညီအစ်ကိုနှစ်ယောက် ဖက်ပြီး သေဆုံးနေတာ တွေ့ရတယ်၊ အဲဒီနေရာမှာ ခေါ်သံတွေ အော်သံတွေ ကြားရတယ် လို့ ပြောတယ်၊ အဲဒါကလည်း တောင်ကြိုတောင်ကြားမှာ လေ ခပ်ပြင်းပြင်းတိုက်ရင် ကလေးငိုသံလိုလို အော်သံတွေလိုလို ကြား တယ်၊ အဲဒီအသံတွေ ဘာကြောင့်ထွက်လာမှန်း ဘယ်သူမှ မပြော နိုင်ဘူး'

တိဘက်ရှာသူကြီးက သူ ကြားဖူးသည့် ရေခဲတောင် အကြောင်းကို ပြောပြခဲ့သည်။

ထိုညအဖို့ တိဘက်ရှာသူကြီးနှင့် ရောက်တတ်ရာရာ ပြောဆိုရင်း ကျွန်ုပ်ကလည်း လွှမ်းစွာသိချင်လှသည့် နှင်းပွင့် မြို့တော်အကြောင်း မေးမြန်းစုံစမ်းလိုက်သည်။

'ဒါနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကျော်လောက်တုန်း က ဒီပတ်ဝန်းကျင်မှ နှင်းပွင့်မြို့တော်ဆိုတာ ရှိခဲ့ဖူးတယ်လို့ပြော တယ်၊ အဲဒါ ကြားဖူးသလား'





'အဲဒါကတော့ တိုင်းရင်းသားမျိုးနွယ်အသီးသီးမှာ သူတို့ ရဲ့ ကလေးတွေအတွက် အိပ်ရာဝင်ပုံပြင်တွေ ရှိခဲ့တယ်၊ အဲဒီပုံပြင် ထဲက တစ်ပုဒ်ပေါ့၊ ပုံပြင်တော့ ကြားဖူးပါတယ်၊ ဒါပေမဲ့ တကယ်ရှိမရှိဆိုတာတော့ မသိဘူး၊ နောက်ပြီး ရှိခဲ့ရင်လည်း နှစ်တွေကလည်းအတော်ကြာပြီ၊ ဒီနေရာက လူအရောက်အပေါက် နည်းတော့ ဒီအကြောင်းတွေကို စာနဲ့ရေးပြီး မှတ်ထားတဲ့လူ မရှိကြဘူး'

'ဟုတ်ပါတယ်'

တိဘက်ရှာသူကြီးဆိုလိုသည်မှာ ဤနေရာ ဤအကြောင်း ကို မှတ်တမ်းတင်မည့်သူ မရှိဟု ပြောခြင်းဖြစ်ပေသည်။

'နောက်ပြီး နှင်းခဲတွေက ဖုံးထားတော့ အစအနတောင် မတွေ့ရဘူး၊ နောက်တစ်ချက်က မိုးတွင်းဘက် ရေခဲတွေ အရည် ပျော်ရင် ရေစီးအင်မတန်သန်တဲ့ မြစ်ရေတွေတိုက်စားရင် အင်မတန် ကြီးတဲ့ သစ်ပင်ကြီးတွေ ကျောက်တုံးကြီးတွေတောင် တောင် အောက်ရောက်ကုန်တာ'

'ဟုတ်တာပေါ့'

တိဘက်ရှာသူကြီး ပြောသည့်စကားကား မှန်လှပေ သည်။ နှင်းတောင်တန်းကြီးကို လှမ်းကြည့်လိုက်သောအခါ ထင်းရှူးပင်အချို့နှင့် ရေခဲဖုံးနေသော တောင်တန်းကြီးများကိုသာ မြင်ရသည်။ နှင်းပွင့်နှင်းခဲများ ဖုံးလွှမ်းနေသဖြင့် မည်သည့်အရာ ကိုမျှ မမြင်ရချေ။



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံးမှာ နှင်းပွင့်နှင်းခဲများအောက်တွင် အားလုံး ပျောက်ကွယ်နေသည့် ကျွန်ုပ်သည် ဘဲဥ၏အစကို ရှာသူရှာနှင့် တူလှပေသည်။

မည်သည်ကအစ မည်သည်က အဆုံးဟု မသိနိုင်သည့် ကိစ္စတစ်ရပ်ကို ရှာဖွေခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်သည် နှင်းတောင်တန်းကြီးကို လှမ်းတွေ့လိုက်သည်နှင့်ပင် ကြည်နူးမှုများစွာ လှိုက်လှဲစွာ ခံစားခဲ့ရသည်။

ဤညအဖို့ ကျွန်ုပ် ကောင်းစွာအိပ်ပျော်ခဲ့ပါ။ အိပ်မက်ထဲက လူတွေအကြောင်း ကျွန်ုပ် စဉ်းစားနေမိသည်။

'သူတို့သာ တကယ်ပဲ သက်ရှိထင်ရှားရှိမယ်ဆိုရင် ငါလာတာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြမှာပဲ'

ဤသို့ ရူးသွပ်စွာခံစားရင်း ကျွန်ုပ် အိပ်ပျော်သွားခဲ့သည်။ ကျွန်ုပ်သည် မည်သည့်အချိန်က အိပ်ပျော်သွားသည်မသိ။ ကျွန်ုပ်နိုးချိန်တွင် မိုးစင်စင်လင်းနေပြီ။

တိဘက်ရွာလူကြီး၏ မိန်းမက ကျွန်ုပ်တို့အတွက် နွားနို့နှင့် လူးဆန်ကို ပြုတ်ပေးထားသဖြင့် နို့လူးဆန်ပြုတ်ပူပူကလေးကို သောက်ခဲ့ရသည်။ ထို့နောက် စောစောက ချမ်းစိမ့်နေခြင်းများ ပျောက်ကာ ရင်ထဲ၌ နွေးသွားခဲ့သည်။

ထို့နောက် ရွာသူကြီးမိသားစုကို နှုတ်ဆက်ကာ ဟိုးအဝေးတွင် တွေ့မြင်ရသည့် ရေခဲဖုံးနေသော နှင်းတောင်တန်းဆီသို့သွားရန် စတင်ခရီးထွက်ခဲ့သည်။





ကျွန်ုပ်တို့သည် အေးစိမ့်သော လေတဟူးဟူးတိုက်ခတ်နေသည့်ကြားမှ ထင်းရှူးပင်များနှင့် အုံ့ဆိုင်းနေသော တောင်ဆီသို့ အရောက်သွားခဲ့သည်။ ထိုတောင်မှာ သိပ်မမြင့်လှသဖြင့် နှင်းခဲများ အုပ်ဆိုင်းနေခြင်းမရှိပါ။ ကျွန်ုပ်တို့သည် ခြေလှမ်းသွက်သွက်ဖြင့် ထိုတောင်ကို စတင်တက်ခဲ့သည်။

ထင်းရှူးပင်များ များပြားစွာ ပေါက်နေသည့်အတွက် အချို့ မတ်စောက်သောနေရာများတွင် ထင်းရှူးပင်များကို အားပြု၍ တက်ခဲ့ရသည်။ အချို့နေရာများမှာ လမ်းမရှိဘဲ ချုံပုတ်ပင်များ၊ ဝါးပင်နုကလေး ပေါက်နေသည်ကို တွေ့ရှိရသည်။ လမ်းမရှိသည့်အတွက် လမ်းပြလုဖန်က ချုံပုတ်များကို ခုတ်ထွင်ကာ လမ်းထွင်ပေးခဲ့သည်။ ထိုသို့ လမ်းထွင်ပြီး တက်ရသဖြင့် ခရီးမတွင်လှချေ။

ကျွန်ုပ်မှာ နား၍ နား၍ တက်ခဲ့သည်။ ထို့အပြင် ဂျာရယ်မှာ မိန်းမသားဖြစ်နေသည့်အတွက် သူမကို စောင့်ပြီးတက်ရသဖြင့် ခရီးမှာ ပိုပြီးနှောင့်နှေးခဲ့သည်။ ထိုသို့ဖြင့် အားကြိုးမာန်တက် တက်ခဲ့ရာ နေ့လယ် ၁၂ နာရီတွင် ထင်းရှူးပင်များရှိသည့် တောင်ပေါ်သို့ ရောက်ခဲ့သည်။

ထိုတောင်မှာ တောင်ထွတ်မဟုတ်ဘဲ တောင်တန်းဖြစ်နေသည့်အတွက် ထိုတောင်တန်းမှ တစ်ဆစ်ချိုးသွားလျှင် ရေခဲပြင်များ ဖုံးလွှမ်းနေသည့် တောင်ခြေသို့ ရောက်ပေမည်။ ရေခဲတောင်၏ တောင်ခြေမှာ အမြင့်ပေ ငါးထောင်ကျော်လောက် ရှိပေမည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့အုပ်စုမှ တောင်တန်းကြီးတစ်ဆစ်ချိုးကွေ့ပြီး ရေခဲတောင်များရှိရာသို့ ဆက်တက်ခဲ့ရာ ညနေ ၄ နာရီအချိန်တွင် ရေခဲများဖုံးလွှမ်းနေသည့် တောင်ခြေသို့ ရောက်ရှိလာခဲ့သည်။

ဟော… ရောက်ပါပြီ။ ကျွန်ုပ် အနှစ်နှစ် အလလ ရောက်ချင်သည့် ရေခဲဖုံးလွှမ်းနေသည့် တောင်ခြေကလေး။ ဆီးနှင်းတွေကို မြင်တွေ့ရသည်နှင့် ကျွန်ုပ် လွှန်စွာပျော်ရွှင်သွားခဲ့သည်။ ရောက်မည်ဟုမထင်သော ဤနှင်းတောင်တန်းသို့ ကျွန်ုပ် ရောက်ရှိခဲ့ပြီ။ ကျွန်ုပ်သည် နှင်းပွင့်နှင်းခဲများပေါ်သို့ ဖြတ်ပြေးပြီး-

'နှင်းပွင့်တောင်တန်းကို ရောက်ပြီဟေ့'

ထိုသို့ အကျယ်ကြီးအော်ဟစ်လိုက်သည်။ သည်တွင် တောင်တန်းများ ဝန်းရံနေသည့်အတွက် ပဲ့တင်သံများ ပေါ်ထွက်လာသည်။ ကိုနိုင်ကြီးနှင့် ဂျာရယ်ကလည်း ဝမ်းသာရွှင်မြူးစွာဖြင့် ခုန်ပေါက်ပြီး…

'ဟေး… နှင်းတောင်တန်းကြီးရေ၊ ငါတို့ ရောက်ပြီဟေ့'

'ဟေး… ဟေး… ဟေး…'

လမ်းပြ လုဖန်က ကျွန်ုပ်တို့ ပျော်ရွှင်စွာ ခုန်ပေါက်နေသည်ကို တပြုံးပြုံးကလေးကြည့်ပြီး…

'ကျွန်တော်လည်း အရမ်းဝမ်းသာတယ်ဗျာ'

ထိုသို့ပြောပြီး နှင်းပွင့်များပေါ်တွင် ထိုင်ချလိုက်သည်။ ထို့နောက်…





'ဒူးကမ္ဘာ… တောင်ထိပ်ရောက်ဖို့ အဝေးကြီးလိုသေးတယ်၊ ဒီညတော့ ဒီမှာပဲ စခန်းချကြတာပေါ့'

'လုဖန်ရေ… မင်း ကောင်းသလိုသာ လုပ်ပါ၊ ငါတော့ နှင်းတောင်တန်းကြီးကို ရောက်တာနဲ့တင် အတော်ပျော်နေပြီ'

'ဟုတ်တယ် လုဖန်၊ ဂျာရယ်တို့လည်း အရမ်းပျော်သွားပြီ၊ ဆက်လည်း မတက်နိုင်တော့ဘူး၊ ဒီညတော့ ဒီမှာ စခန်းချတာပဲကောင်းတယ်'

သည်တွင် ကိုနိုင်ကြီးက…

'ကိုင်း… ပြောနေတာ ကြာတယ်၊ လုဖန်ကို ကူပြီး မှက်ဖျင်တဲထိုးဖို့ လုပ်ပေးလိုက်ဦးမယ်'

ကျွန်ုပ်တို့ လွှန်စွာပျော်ရွှင်ကြည်နူးခဲ့သည်။

သူတို့ အလုပ်ရှုပ်နေချိန်တွင် ကျွန်ုပ်မှာ ဆီးနှင်းပွင့်များ ဖုံးလွှမ်းနေသော သစ်ငုတ်တိုကို ဆီးနှင်းများဖယ်ရှားပြီး ကျွန်ုပ်ထိုင်လိုက်သည်။ နေရောင်မမြင်ရသော်လည်း အလင်းရောင်ကလေး ကျန်ရှိနေသော အနောက်ဘက်ကို ငေးမျှော်ကြည့်ရင်း အတွေးတွေ တန်းစီဝင်လာခဲ့သည်။

'သြော်… ဒီနေရာပတ်ဝန်းကျင်မှာ တစ်ခါက ကြီးကျယ်ခမ်းနားတဲ့ တိုင်းပြည်ကြီးတစ်ပြည် ရှိနေခဲ့မှာပဲ၊ အဲဒီမှာ ကေရီမပုရားရယ်၊ စစ်သူကြီးရယ်၊ သာမန်ပြည်သူ ကောင်မလေးရယ် သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကလေးလည်း ဖြစ်ပျက်ခဲ့ဖူးမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com

အဲဒီထဲက စစ်သူကြီးဟာ တစ်ခါက တစ်ဘဝက ငါပဲဖြစ်လေမလား၊ တကယ်လို့သာ ဖြစ်ခဲ့မယ်ဆိုရင် ဒီအကြောင်းအရာတွေနဲ့ တွေ့ပါရစေ'

ကျွန်ုပ်ကိုယ် ကျွန်ုပ် ရူးသွားပြီလား မဆိုနိုင်ပါ။ နှင်းပွင့်တောင်တန်းကြီးများကိုကြည့်ပြီး ကျွန်ုပ် ဖြစ်ချင်တာကို ပြောနေခဲ့သည်။ မည်မျှကြာအောင် ငေးနေသည် မသိ။ ကျွန်ုပ်အနားသို့ ဂျာရယ် ရောက်လာခဲ့သည်။

'ကိုကျော်စွာ တစ်ယောက်တည်းဘာတွေပြောနေတာလဲ'

'ဩော်… ဘာရယ်မဟုတ်ပါဘူး၊ နှင်းတောင်တန်းကြီးကိုကြည့်ပြီး သဘောကျလို့ တောင်တန်းကြီးနဲ့ စကားပြောနေတာပါ'

'ကိုကျော်စွာကတော့ လုပ်ပြီ၊ တောင်တန်းကြီးနဲ့ပဲ စကားပြောရတယ်လို့'

'ဟုတ်တယ်လေ၊ ဒီတောင်တန်းကြီးဆီကို ရောက်ဖူးချင်တာ ကြာပြီ၊ အခုလို ရောက်လာတော့ ကိုယ်ဟာ ဒီကို ဘယ်လောက်လာချင်တယ်ဆိုတာ ပြောရတာပေါ့'

'ကိုကျော်စွာရေ… လုဖန်နဲ့ ကိုနိုင်ကြီးကတော့ ညနေစာအတွက် ခေါက်ဆွဲခြောက်တွေ ပြုတ်နေလေရဲ့'

'ကိုယ်တော့ ဝမ်းသာလွန်းလို့ ဆာတောင်မဆာတော့ဘူး'

'ဟုတ်ပါရဲ့ ကိုကျော်စွာရယ်၊ ဂျာရယ်လည်း ကိုကျော်စွာ ပျော်တယ်ဆိုတော့ ဂျာရယ်လည်း ပျော်တာပေါ့'





ကျွန်ုပ်တို့နှစ်ယောက်မှာ ဤနှင်းပွင့်တောင်တန်းကြီးကိုကြည့်ပြီး အပြုံးတွေ ဝေစည်နေကြသည်။ ဂျာရယ်က ဟိုးအဝေးမှ နှင်းတောင်တန်းကြီးကိုကြည့်ပြီး…

'ကိုကျော်စွာ… မနက်ဖြန်ကျရင် ဂျာရယ်တို့ ဟောဟိုက နှင်းတောင်တန်းကြီးအထိ တက်ကြမယ်နော်'

'တက်မယ် ဂျာရယ်၊ အဲဒီတောင်တန်းပေါ်ကနေပြီး နှင်းပွင့်မြို့တော် ဘယ်နေရာမှာရှိမယ်ဆိုတာ စိတ်အမှန်းနဲ့ ကြည့်ရမယ်'

'ကိုကျော်စွာကတော့ လုပ်ပြီ၊ နှင်းပွင့်မြို့တော်ကို အတော်စိတ်ဝင်စားနေတယ်နဲ့ တူတယ်'

'ဟုတ်တာပေါ့၊ ဒီကိစ္စကို ဂျာရယ် အသိဆုံးပါပဲ'

'ကိုကျော်စွာရယ်… ဒီနေရာဟာ ရေခဲတောင်ရဲ့တောင်ခြေသာဆိုတယ် တော်တော်မြင့်တယ်နော်'

'ဟုတ်တယ်၊ ရိုးရိုးတောင်တွေရဲ့ တောင်ခါးပန်းပဲ၊ ဒီကနေ ငုံ့ကြည့်ရင် ချောက်ကမ္ဘားကြီးပဲ၊ အနည်းဆုံး ပေပေါင်းငါးထောင်ကျော်လောက်တော့ ရှိမှာပေါ့'

'ဟုတ်တယ်နော်၊ အောက်ကိုတောင် ငုံ့မကြည့်ရဲဘူး'

ထိုသို့ပြောနေစဉ် ကိုနိုင်ကြီးက ခေါက်ဆွဲပြုတ်ပြီးကြောင်း လှမ်းအော်သဖြင့် ကျွန်ုပ်တို့နှစ်ဦးမှာ ခေါက်ဆွဲပြုတ်ပူပူနွေးနွေးကလေးကို သောက်လိုက်ကြသည်။

ဤခေါက်ဆွဲခြောက်ပြုတ် ပူပူကလေးသည် ယနေ့ည



www.burmeseclassic.com

www.burmeseclassic.com



အတွက် ညစာဖြစ်ခဲ့သည်။ ဤနေရာလေးသည် ကျွန်ုပ်အတွက် စခန်းလေးဖြစ်ရာ ဤတစ်ညတာအတွက် စခန်းချခဲ့သည်။

နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ် မနိုးမီ လုဖန်က အနီးအနားရှိ ထင်းခြောက်များကောက်ကာ မီးဖိုပြီး ရေနွေးအိုး ကျိုပြီး ကော်ဖီဖျော်ထားသည်။ ထို့နောက် ခေါက်ဆွဲခြောက်ပြုတ်ကလည်း အဆင်သင့်။

ကျွန်ုပ်တို့အုပ်စုမှာ ဤနှင်းတောင်တန်းကြီးကို တက်ရတော့မည့်အတွက် အားပြည့်အောင် အစားအစာများကို စားထားကြသည်။ ထို့နောက် ကျွန်ုပ်သည် သိုးမွေးခေါင်းဆောင်း နေကာမျက်မှန်တပ်ပြီး အနွေးထည်နှင့် ဘောင်းဘီရှည်ကိုဝတ်ကာ တောင်တက်ခရီးကို စတင်ခဲ့သည်။

နှင်းခဲများကို နင်းရသည်မှာ မာကျောကျောမရှိဘဲ နှင်းခဲများထဲတွင် ခြေထောက်များ နစ်ဝင်သွားခဲ့သည်။ နှင်းခဲနည်းသည့်နေရာမှာ နစ်ဝင်ခြင်းနည်းနည်းရှိပြီး နှင်းခဲများသည့်နေရာတွင် နစ်ဝင်မှုများသည်။ တချို့နေရာများတွင် ပေါင်လယ်ခန့်အထိ နှင်းထဲတွင် နစ်ဝင်သွားသဖြင့် ခြေထောက်ကို မနည်းဆွဲထုတ်ပြီးမှ သွားရသည့်အတွက် ခရီးမတွင်လှပေ။

ထို့အပြင် ဤသို့သွားရခြင်းမှာ မြေပြန့်မဟုတ်ဘဲ အမြင့်ကို တက်ရသည့်အတွက် တစ်ခါတစ်ခါ၌ နှင်းခဲများထဲတွင် လျှောကျလာခဲ့သည်။





ဂျာရယ်မှာ ကျွန်ုပ်အား ကိုင်ထားရသဖြင့်…

'အမလေး…'

သူနှင့်အတူ ကျွန်ုပ်ပါ အောက်ဘက်သို့ လျှောကျသွားရာ သူမက အလန့်တကြား အော်လိုက်သည်တွင် လုဖန်က…

'ဒူးကမ္ဘာ… ဖြည်းဖြည်းတက်ပါ၊ တချို့နေရာမှာ နှင်းခဲတွေနည်းတယ်၊ တချို့နေရာမှာ နှင်းခဲတွေအများကြီးပဲ၊ ခြေထောက်လှမ်းကြည့်လို့ သိပ်ပြီးကျွံသွားရင် ခြေထောက်ကို ပြန်ပြီးဆွဲထုတ်လိုက်၊ နှင်းခဲနည်းတဲ့ဘက်ကလျှောက်ရင် သွားရတာပိုလွယ်တယ်'

'ကောင်းပြီ'

ထိုသို့ပြောပြီး ကျွန်ုပ်တို့က နောက်မှလိုက်ခဲ့သည်။ တဖြည်းဖြည်းတက်ရင်း တဖြည်းဖြည်း တောင်ခါးပန်းသို့ ရောက်ခဲ့သည်။

'တောင်ခါးပန်းတော့ ရောက်ပြီ၊ ဒီနေရာက နည်းနည်းကျယ်တယ်၊ ဒီမှာ ခဏနားကြစို့'

'အေး… အေး… ကောင်းတယ်'

လုဖန်၏ စကားကို ကျွန်ုပ်က ထောက်ခံပြောဆိုကာ နှင်းတောင်ခါးပန်းတွင် ခေတ္တနားလိုက်သည်။

ကိုနိုင်ကြီးက သယ်ပိုးလာသော အထုပ်များကို ပစ်ချရင်း ခြေဆင်းထိုင်လိုက်သည်။

'တောင်တက်ရတာ မောလိုက်တာကွာ၊ ကျော်စွာ ကြည့်ရတာတော့ မောပုံမရဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်ုပ်ကို လှမ်းစလိုက်သည်။

'မောတော့ မောတာပေါ့ ကိုနိုင်ကြီးရာ'

ကျွန်ုပ်က ဤသို့ပြန်ဖြေရင်း ခပ်လှမ်းလှမ်းရှိ တောင်ခါးပန်းအစွန်းတွင် ထိုင်လိုက်သည်။

'ကိုကျော်စွာ… ဒီဘက်ကို လာလေ၊ အစွန်းမှာမထိုင်နဲ့'

'ရပါတယ်ဗျာ၊ ဒီနေရာကမှ တခြားနှင်းတောင်တန်းတွေကို ပိုပြီးတွေ့ရတာ'

ထိုသို့ပြောရင်း ကြည့်မောမဆုံးနိုင်သော ရေခဲဖုံးနေသည့် တောင်တန်းကြီးများကို လှမ်းကြည့်လိုက်သည်။

'ဒီ ရေခဲဖုံးနေတဲ့ တောင်တန်းကြီးရဲ့ အောက်ဘက်တစ်နေရာရာမှာတော့ နှင်းပွင့်မြို့တော်ကြီး ရှိနေမလား'

ကျွန်ုပ်၏ အတွေးထဲတွင် နှင်းပွင့်မြို့တော်ကြီးရောက်ရောက်လာသည်။ ထိုသို့သော အတွေးဖြင့် ကျွန်ုပ် မည်မျှကြာအောင် ကြည့်နေသည် မသိပါ။ ကျွန်ုပ် ထိုင်နေသော ရေခဲပြင်အောက်မှ…

'ခရစ်… ခရစ်… ခရစ်…'

ဟူသော အသံများ ထွက်ပေါ်လာပြီး အပေါ်ယံတင်းနေသည့် ရေခဲပြင်မှာ အက်ကွဲပြီး အက်ကွဲကြောင်းတစ်လျှောက် ရေနှင့် ရေခဲတုံးများ ပန်းထွက်လာခဲ့သည်။

'ရေခဲတွေ အရည်ပျော်ကျလာပြီ'





လုဖန်က အကျယ်ကြီးအော်လိုက်ရာ ဂျာရယ်က…

'ကိုကျော်စွာ ဒီဘက်ကို အမြန်ဆုံးလာခဲ့ပါ'

စိုးရိမ်တကြီးနှင့် လှမ်းအော်လိုက်ပြန်သည်။

ကိုနိုင်ကြီးကလည်း…

'ကိုကျော်စွာ ရေခုန်ကူးလိုက်'

ထိုသို့ လှမ်းအော်လိုက်သဖြင့် ကျွန်ုပ်လည်း အစွန်းနေရာမှထကာ အတွင်းဘက်သို့ခုန်ကူးမည်ပြုစဉ်…

'အား…'

ရင်ကွဲနေသော ရေခဲမြစ်တစ်စင်းအလား။ ရေခဲရေများ ရေခဲတုံးများနှင့် ကျောက်တုံးများ ရောပြွမ်းနေသည့် ရေစီးကြောင်းတစ်ခုသည် ကျွန်ုပ်ထိုင်နေသည့်နေရာသို့ အရှိန်ပြင်းစွာ တိုက်ခတ်စီးဆင်းသွားရာ ထိုရေများနှင့်အတူ နှင်းတောင်တန်းတစ်လျှောက် မျောပါသွားခဲ့သည်။

'ကိုကျော်စွာ'

'ကျော်စွာရေ'

ဂျာရယ်နှင့် ကိုနိုင်ကြီးတို့၏ အော်သံကို ကျွန်ုပ် ကြားလိုက်ရသည်။ သို့သော်လည်း သူတို့ဆီသို့ ခုန်ကူးရန် ကျွန်ုပ်နောက်ကျသွားခဲ့ပြီ။ ရေစီးနှင့်အတူ ရေခဲတုံးများ၊ ကျောက်တုံးများကြားတွင် ဒလိမ့်ခေါက်ကွေး မျောပါသွားရာ ကျွန်ုပ်မှာ ရေခဲတုံးများ၊ ကျောက်တုံးများနှင့် ရိုက်မိပြီး ပြင်းထန်စွာ နာကျင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲရေကလည်း နိုက်နိုက်တုန်အောင် အေးစိမ့်သဖြင့် သတိရ တစ်ချက် မရတစ်ချက်ဖြစ်နေစဉ် ကျွန်ုပ်၏ နားထဲတွင်…

'မောင်မောင်ရေ… မောင်မောင်'

ဟူသော အိပ်မက်ရှင် ကောင်မလေး၏ အသံကို ကြား လိုက်ရသည်။

ကျွန်ုပ်၏ မျောပါမှုမှာ အဆုံးမသတ်သေးဘဲ တဝုန်းဝုန်း တဒိုင်းဒိုင်း အသံများနှင့်အတူ ဆက်လက်မျောပါသွားခဲ့သည်။ ကျွန်ုပ်မှာ ဤမျှ အအေးဒဏ်ကို မခံနိုင်တော့ဘဲ မျက်စိထဲတွင် အမှောင်ဖုံးကာ လောကကြီးနှင့် အဆက်အသွယ်ပြတ်သွားခဲ့သည်။

❑ ❑ ❑



## အခန်း(၁၂)
## နတ်ကျောက်ဂူမှ နတ်ဆရာကြီး လွမ်းချို

'အား… ကျွတ်… ကျွတ်…'

ကျွန်ုပ် စတင်သတိရချိန်တွင် တစ်ကိုယ်လုံးမှာ ကိုင်ရိုက် ထားသကဲ့သို့ နာကျင်ကိုက်ခဲနေသဖြင့် ဤသို့ ညည်းညူလိုက်မိ သည်။ ထို့နောက် ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ရာ ခပ်လှမ်း လှမ်းတွင် မီးပုံကြီးတစ်ပုံ ဖိုထားသည်ကို တွေ့လိုက်ရသည်။ ထိုမီးပုံကြီးအရှိန်ကြောင့် ပူနွေးနေသကဲ့သို့ ခံစားရသည်။

မီးပုံကြီးနှင့် ကျွန်ုပ်။ ကျွန်ုပ်နှင့် မီးပုံကြီး။ ကျွန်ုပ် ဘယ်နေရာသို့ ရောက်ရှိနေသနည်း။ ထိုသို့ စဉ်းစားမိပြီး…

'ငါ ဘယ်နေရာကို ရောက်နေပါလိမ့်'

ထိုသို့ အသံထွက်ပြောလိုက်စဉ် မီးပုံနားမှ အသက်ငါး ဆယ်ကျော်အရွယ် အဘိုးကြီးတစ်ဦးသည် ကျွန်တော့်ဆီသို့ လျှောက်လာပြီး…



www.burmeseclassic.com

www.burmeseclassic.com



'လူကလေး… သတိရပြီလား'

ထိုသို့ စတင်နှုတ်ဆက်လိုက်ရာ ကျွန်ုပ်လည်း ထိုအဘိုးကြီးကို မော့ကြည့်လိုက်သည်။ ထိုသူမှာ သိုးမွေးခေါင်းစွပ်ကို ဆောင်းထားပြီး ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားသဖြင့် သူ့ကို ကြည့်ရသည်မှာ ဆန်းပြားနေသလိုပင်။ ကျွန်ုပ်လည်း ထိုသူ့အား…

'ဟုတ်ကဲ့… သတိရပါပြီ အဘ၊ ဒါနဲ့ အခု ကျွန်တော် ဘယ်ရောက်နေတာလဲ'

'လူကလေးဟာ ကျောက်ဂူကြီးတစ်ခုထဲကို ရောက်နေတာကွယ့်'

'ဟုတ်လား အဘ၊ ကျွန်တော် ဘယ်လိုဖြစ်ပြီး ဒီကျောက်ဂူကြီးထဲ ရောက်လာတာလဲ'

'ညနေက ရေခဲတောင်ဟာ အရည်ပျော်ကျလာပြီး ရေခဲတုံးတွေ ကျောက်တုံးတွေနဲ့အတူ လူလေး မျောပါလာပုံရတယ်၊ ကွေ့နားမှာ တင်နေတာ တွေ့ရတယ်၊ အဘလည်း ဆေးရှက်ခူးလာရင်း မင်း သတိလစ်နေတာတွေ့လို့ အနီးဆုံးနေရာဖြစ်တဲ့ ဒီကျောက်ဂူကြီးထဲ ခေါ်လာခဲ့တယ်'

'အဘရယ်… ကျွန်တော့်တစ်ကိုယ်လုံး ရိုက်ထားသလို တအားနာနေတယ်'

'နာမှာပေါ့ လူလေးရယ်၊ မင်း တောင်ပေါ်က လိမ့်ကျတဲ့ဒဏ်ကြောင့် မင်းရဲ့ခြေထောက်တစ်ချောင်း ကျိုးသွားတယ်ကွယ့်'





'ဟင်… ဟုတ်လား အဘ'

'ဟုတ်တယ်ကွယ်၊ မင်း ခြေထောက်ကျိုးသွားမှန်းသိလို့ အဘ ဆေးစည်းပေးထားတယ်၊ နောက် မင်းတစ်ကိုယ်လုံးကို လည်း ဆေးလူးပေးထားတယ်၊ မင်း ချမ်းမှာစိုးလို့ မီးလည်းဖိုပေးထားတယ်ကွယ့်'

'ကျေးဇူးအထူးတင်ပါတယ် အဘရယ်'

'ရပါတယ် လူလေးရယ်၊ တကယ်လို့ အဘနဲ့သာ မတွေ့ရင် ဒီအအေးဒဏ်နဲ့ လူလေး သေမှာပဲ'

'ဟုတ်ပါတယ်၊ အဘဟာ ကျွန်တော့်ရဲ့ အသက်သခင် ကျေးဇူးရှင်ပါ၊ ကျွန်တော်ဟာ အဘရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး၊ တတ်နိုင်သလောက် ပြန်ဆပ်ပါ့မယ်'

'ကျေးဇူးဆပ်ဖို့ မလိုပါဘူးကွယ်၊ အဘကတော့ ကိုယ့်ရှေ့မှာ ဒုက္ခရောက်နေတဲ့သူကိုတွေ့ရင် ကယ်တင်မှာပဲ၊ ဒါနဲ့ လူလေးက ဒီနယ်သားဟုတ်ဟန်မတူဘူး၊ ဘယ်နယ်ကလာတာလဲ'

'ကျွန်တော်က ရန်ကုန်က လာတာပါ'

'ဒီနေရာကို ဘာကိစ္စနဲ့ လာတာလဲ'

ဤမေးခွန်းကို သူ၏ စူးရှသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ပြီး မေးလိုက်ရာ သူ၏အကြည့်မှာ ကျွန်ုပ်၏ရင်ထဲသို့ ထိုးဖောက်သွားသည့်အလား စိမ့်သွားသကဲ့သို့ ခံစားလိုက်ရသည်။ ကျွန်ုပ်၏ ဦးခေါင်းတစ်ခုလုံးမှာလည်း မူးဝေနောက်ကျိလာပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညို့ခံရသူတစ်ယောက်အလားဖြစ်ကာ မည်သို့မျှ မညာနိုင်တော့ဘဲ…

'ကျွန်တော်… ကျွန်တော် နှင်းပွင့်မြို့တော်ကို လာရှာတာပါ'

ထိုသို့သော အမှန်စကားကို လွှတ်ခနဲ ထွက်သွားခဲ့သည်။ ထိုစကားကို ပြောပြီးမှ ကျွန်ုပ်ကိုယ်ကျွန်ုပ် အဘယ်ကြောင့် သည်စကားကို ထွက်သွားမှန်းမသိအောင် ဖြစ်မိသည်။

'သော်… မင်းက နှင်းပွင့်မြို့တော်ကို လာရှာတဲ့သူကိုး'

ထိုအဘိုးအိုက ဤသို့ပြောလိုက်ရာ ကျွန်ုပ်မှာ အားတက်သွားပြီး…

'အဘ… အဘက နှင်းပွင့်မြို့တော်ရဲ့အကြောင်းကို သိသလား'

ထိုသို့ မေးမြန်းလိုက်သည်။ ထိုအခါ အဘိုးအိုက…

'နှင်းပွင့်မြို့တော်ရဲ့ အကြောင်းစုံကို အဘက သိတာပေါ့၊ အဘဟာ နက္ခတ်ဆရာတစ်ယောက်ပါ၊ အဘရဲ့နာမည်က နက္ခတ်ဆရာကြီး လွှမ်းချုံဖြစ်ပါတယ်'

'ဟုတ်လား အဘ၊ ဒါဆို နှင်းပွင့်မြို့တော်အကြောင်း ကျွန်တော့်ကို ပြောပြပါလား'

'အဘမပြောခင် မင်းကရော နှင်းပွင့်မြို့တော်အကြောင်းကို ဘယ်လိုလုပ်ပြီး သိတာလဲ'





'ကျွန်တော်ဟာ နှင်းပွင့်မြို့တော်အကြောင်းကို ခဏခဏ အိပ်မက်မက်တယ် အဘ'

ထိုသို့အစချီကာ ကျွန်ုပ်၏ အိပ်မက်မှအစ ယခုအခြေအနေအထိ အားလုံးပြောပြခဲ့ရာ အဘိုးအိုမှာ ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်နေခဲ့သည်။

ထို့နောက် သူက ကျွန်ုပ်အား ထူးခြားဆန်းကြယ်လှသည့် အကြောင်းများကို တစ်လုံးချင်း ပြောပြခဲ့သည်။

'နှင်းပွင့်မြို့တော်ကြီးဟာ တစ်ခါတုန်းက ဒီအနီးတစ်ဝိုက်မှာ ရှိခဲ့ဖူးတယ်၊ အကြောင်းတစ်ခုကြောင့် အဲဒီ နှင်းပွင့်မြို့တော်ကြီးဟာ ရေခဲတုံးတွေ ကျောက်တုံးတွေ သစ်လုံးကြီးတွေတိုက်စားပြီး လူပေါင်းထောင်ပေါင်းများစွာ သေကျေပျက်စီးခဲ့တယ်၊ တချို့လူတွေဟာ လူဝင်စားအဖြစ်နဲ့ အမြို့မြို့ အနယ်နယ်မှာ ပြန့်ဝင်စားခဲ့တယ်၊ ဒါပေမဲ့ လူအများစုရဲ့ ဝိညာဉ်တွေကတော့ မကျွတ်မလွတ်တဲ့ဘဝနဲ့ အဲဒီနေရာမှာ ရှိနေကြတယ်လို့ နက္ခတ်ဆရာအဆက်ဆက်က ယုံကြည်ကြတယ်'

'အဘက နက္ခတ်ဆရာဆိုတော့ ဒီလို ယုံကြည်သလား'

'မင်းကို နက္ခတ်ဆရာမျိုးရိုးအကြောင်း အရင်ပြောပြမှ မင်းမေးတဲ့ မေးခွန်းကို ဖြေလို့ရမယ်'

'ဟုတ်ကဲ့ ပြောပါ အဘ'

'နက္ခတ်ဆရာဆိုတာ ကိုယ်လုပ်ချင်တိုင်း လုပ်လို့ရတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ မျိုးရိုးအလိုက် လုပ်ရတာကွယ့်၊ အဘရဲ့ အဘိုး အဘေးတွေလက်ထက်တည်းက နတ်ဆရာလုပ်လာခဲ့တာ၊ အခု အဘတို့လက်ထက်အထိပေါ့၊ နတ်ဆရာရဲ့ ပထမဦးဆုံး မွေးတဲ့ သားကြီးဟာ နတ်ဆရာအဖြစ် အမွေဆက်ခံရတယ်၊ ဒါကြောင့် နတ်ဆရာတို့ တတ်အပ်တဲ့ ကြက်ဥနဲ့ ဗေဒင်အဟောပညာ တုတ်ချောင်းနဲ့ ဗေဒင်အဟောပညာနဲ့ နတ်တင်ပုံတင်နည်း ရိုးရာနတ်ဆရာတွေရဲ့ လုပ်ပုံလုပ်နည်းအမျိုးမျိုးကို တတ်ကျွမ်းရတယ်'

'တကယ်လို့ အဲဒီနတ်ဆရာမှာ သားဦးယောက်ျားလေး မမွေးရင်ရော'

'တကယ်တော့ သားဦးယောက်ျားလေး မဟုတ်ရင်တော့ သားထွေးပဲဖြစ်ဖြစ် ယောက်ျားလေးက နတ်ဆရာလုပ်ရတယ်၊ တကယ်လို့ သမီးပဲမွေးမယ်ဆိုရင် အဲဒီသမီးက နတ်ဆရာလုပ်ရတယ်၊ အဲဒီလို အစဉ်အဆက် နတ်ဆရာမျိုးရိုးက ဆင်းသက်လာခဲ့တာ၊ အဘဟာ အခုအထိ နတ်ဆရာဖြစ်နေခဲ့တယ်'

'သြော်...'

'ဒါနဲ့ နှင်းပွင့်တိုင်းပြည်နဲ့ပတ်သက်ပြီး စကားပုံတစ်ခု ရှိတယ်ကွယ့်'

'ပြောပါ အဘ'

'နှင်းပွင့်မြို့တော်မှာရှိတဲ့ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တွေကို ကယ်တင်ဖို့ လူဝင်စားတစ်ယောက် ပြန်လာလိမ့်မယ်၊





အဲဒီ စကားပုံကတော့ 'ခြေတစ်ချောင်းနဲ့ ကိုလူစိမ်း နှင်းပွင့်တွေနဲ့ အတူ မိုးပေါ်ကကျလာမယ့်လူ'တဲ့၊ အဓိပ္ပာယ်ကတော့ 'ဒီနယ်သားမဟုတ်တဲ့ အခြားနယ်သားတစ်ဦးဖြစ်ပြီး ခြေထောက်တစ်ချောင်းပဲပါတယ်၊ ဒါပေမဲ့ နှင်းပွင့်လေးတွေနဲ့အတူတူ မိုးပေါ်က ကျလာမယ်'လို့ ဆိုလိုတာပဲ'

'ဟင်... ဟုတ်လား အဘ'

ကျွန်ုပ်ကလည်း အဘပြောသည့် စကားကို နားထောင်ရင်း လွန်စွာအံ့သြသွားသည်။ ထို့နောက် အဘက ဤသို့ဆက်ပြောပြန်သည်။

'လူလေး... မင်းဆီက နှင်းပွင့်မြို့တော်ကို လာရှာတာပါလို့ ပြောလိုက်တဲ့ စကားကိုကြားတော့ အဘ အရမ်းလည်း အံ့သြမိတယ်၊ ဝမ်းလည်း သာမိတယ်'

'ဘာဖြစ်လို့လဲ အဘ'

'အဲဒီလို နှင်းပွင့်မြို့တော်ကို လာရှာမယ့် လူစိမ်းတစ်ယောက်ကို အဘတို့ စောင့်နေခဲ့တာ ကြာပြီ၊ အဘိုးအဘေးရဲ့ လက်ထက်ကတည်းကနေ အခုအထိပဲ'

'ဟင်... ဟုတ်လား အဘ'

အဘနှင့် ကျွန်ုပ်မှာ တစ်ဦးနှင့်တစ်ဦး တိုက်ဆိုင်မှုများကြောင့် အံ့သြသည့်အကြည့်ဖြင့် ကြည့်ရင်း စကားတွေအများကြီး ပြောဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီစကားပုံဟာ အဘတို့ရဲ့ ဆွေစဉ်မျိုးဆက်က ရှိခဲ့တဲ့ စကားပုံပါပဲ၊ အခု မင်းဟာ လူစိမ်းတစ်ဦးဖြစ်တယ်၊ ခြေထောက်တစ်ဖက် ကျိုးသွားတော့ ခြေတစ်ချောင်းပဲရှိတဲ့လူ ဖြစ်တယ်၊ နှင်းတောင်ပေါ်ကနေ နှင်းခဲတွေနဲ့အတူ တောင်အောက်ကို ကျလာတော့ မိုးပေါ်က ကျလာတဲ့လူလို့လည်း ပြောလို့ရတယ်၊ ဒီတော့ မင်းဟာ ဒီစကားပုံနဲ့ကိုက်ညီနေတော့ ငါ အရမ်းဝမ်းသာတယ်၊ ဒါပေမဲ့ မင်းကို စမ်းသပ်စရာတစ်ခု ရှိသေးတယ်'

'အဘက ကျွန်တော့်ကို စမ်းသပ်စရာရှိသေးဟယ် ဟုတ်လား'

'ဟုတ်တယ် လူလေး'

'အဘက ကျွန်တော့်ကို ဘယ်လိုစမ်းသပ်မှာလဲ'

'ခဏကြာရင် မင်း သိရလိမ့်မယ်'

ထိုသို့ပြောပြီးနောက် ဆေးမှုန့်ဖြူးထားသည့် ဒိန်ခဲကဲ့သို့ အစားအစာတစ်ခုကို ကျွေးလိုက်သည်။ ထို့နောက် ရေနွေးပူပူတစ်ခွက်ကို တိုက်လိုက်သည်။ စောစောက မီးဖိုထားသည့် မီးပုံပေါ်သို့ ဆေးမှုန့်အနည်းငယ် ဖြူးလိုက်ရာ မီးပုံမှာ အစိမ်းရောင်၊ ခရမ်းရောင်၊ နီဝါရောင်များ တောက်ပသွားပြီး နံ့သာဖြူအနံ့ကဲ့သို့ အလွန်မွှေးကြိုင်သည့် ရနံ့များ ပေါ်ထွက်လာခဲ့သည်။ ထို့နောက် မီးခိုးလုံးကြီးများ ပေါ်ထွက်လာပြီး ကျွန်ုပ်မှာ လွန်စွာအိပ်ချင်လာကာ မျက်တောင်ကလေး စင်းသွားပြီး မမက်တာ ကြာပြီဖြစ်သော





းတစ်ဝက် အိပ်မက်ကလေး ကျွန်ုပ်ဆီသို့ ရောက်ရှိလာခဲ့သည်။

ထိုအိပ်မက်ထဲတွင် ကျွန်ုပ်သည် လေယာဉ်ပျံစီးရင်း မှုံးခနဲ အိပ်ငိုက်သွားစဉ်က မြင်ကွင်းမျိုး ပြန်လည်ရောက်ရှိလာ သည်။ ကျွန်ုပ်သည် စစ်သူကြီးဝတ်စုံကို ဝတ်ဆင်လျက် လက်စွဲ တော်ဓားဖြင့် တိုက်ခိုက်နေသော အမျိုးသမီးတစ်ဦး။ သူမသည် န်သူများ၏ ဓားချက်ကြောင့် မြေပြင်တွင် လဲကျသွားစဉ် ကျွန်ုပ် ရန်သူများကို သုတ်သင်ချေမှုန်းကာ သူမကိုပွေ့၍ နန်းတော် သို့သွားနေသည်။

ထို့နောက် ရုပ်ရှင်ပြသည့်အလား နောက်တစ်ခန်း ပေါ် ပြန်သည်။ ဓားဒဏ်ရာများ ပြင်းထန်စွာရနေသည့် သွေး လိမ်းလိမ်းဖြင့် စစ်သူကြီးချစ်သော အညတြကောင်မလေး။ သူမသည် သွေးပွက်ပွက်ကျနေသည့်ကြားမှ အော်ဟစ်ပြောကြား နေသည်။ ထိုစဉ် ကောင်းကင်ပြင်၌ မိုးထစ်ချုန်းကာ လျှပ်ပန်း လျှပ်နွယ်များ ပေါ်လာပြီး ရေခဲတောင်မှ ရေခဲများ၊ ကျောက်တုံး များ၊ သစ်တုံးများ ပါလာသည့် ရေများ ပြိုဆင်းလာကာ နှင်းပွင့် မြို့တော်ကြီးတစ်ခုလုံးကို ဖုံးအုပ်ဝါးမျိုသွားခဲ့သည်။

မြို့တော်ရှိ နေအိမ်တိုက်တာများ၊ နန်းတော်များအားလုံး ရှိန်ပြင်းစွာ ကျဆင်းလာသည့် ရေအဟုန်က နင်းချေဖျက်ဆီး ခဲ့ပြီ။

အော်သူ အော်၊ ပြေးသူ ပြေးနှင့် ကမ္ဘာပျက်သည့်အလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝါးသည့် အနိဋ္ဌာရုံမြင်ကွင်းကြီးကို မြင်လိုက်ရသည်။ တချို့မှာ ရေခဲတုံးကြီးများ၊ သစ်တုံးကြီးများနှင့် တိုက်မိပြီး သွေးများပန်းထွက်ကာ သေကျေပျက်စီးသွားခဲ့ကြသည်။

တချို့မှာကား ကယ်ပါ၊ ယူပါ တစာစာဖြင့် ရေစီးအတိုင်း ဒရွတ်တိုက်မျောပါသွားပြီး ချောက်ကြီးထဲသို့ ကျသွားသည်။ ကျွန်ုပ်မှာ ဤမြင်ကွင်းများကို ပြက်ပြက်ထင်ထင် မြင်ရသဖြင့် သွေးပျက်လုခမန်း ခံစားရသည်။

'ဘုရား… ဘုရား… မြို့သူမြို့သားတွေရဲ့ ကံကြမ္မာဟာ ဒီလောက်တောင် ဆိုးလှချည်လား'

ကျွန်ုပ်သည် လွန်စွာစိတ်မကောင်းဖြစ်နေစဉ် အိပ်မက်မှ လန့်နိုးခဲ့သည်။

'လူကလေး မင်း နိုးလာပြီလား'

'ဟုတ်ကဲ့ပါ အဘ'

ကျွန်ုပ် နိုးလာသောအချိန်တွင် မိုးစင်စင်လင်းနေပြီ။

'ရော့… ဆန်ပြုတ် သောက်လိုက်ပါဦး၊ အဘ စောစောက တည်ထားတာ'

အဘက အငွေ့တထောင်းထောင်းထနေသော ဆန်ပြုတ်ကို မြေခွက်တွင်ထည့်ပြီး ကျွန်ုပ်အား တိုက်လိုက်သည်။ ကျွန်ုပ်က အံ့သြစွာနဲ့ ကြည့်လိုက်ရာ…

'အဘက ဆန်ပြုတ်တိုက်လို့ အံ့သြနေသလား၊ မအံ့သြပါ





နဲ့၊ ဒီကျောက်ဂူဟာ နတ်ဘုရားကျောက်ဂူပါ၊ နတ်ပွဲလုပ်ရင်လည်း ဒီဂူမှာပဲ လုပ်တာ၊ လူးဆန်တို့ အိုးခွက်တွေလည်း ဒီမှာ အပြည့်အစုံရှိတယ်၊ အဘလည်း ဆေးရွက်ခူးရင် ဒီမှာခဏတည်းတယ်'

'သြော်… ဒီလိုလား'

'ဒါနဲ့ လူလေ ညက ဘာထူးခြားမှုရှိသလဲ'

'အဘ… ကျွန်တော်ဟာ နှင်းပွင့်မြို့တော်အကြောင်း အိပ်မက်မက်တယ် အဘ'

'ပြောပြစမ်းပါဦး'

ထိုသို့မေးသဖြင့် ကျွန်ုပ်သည် နှင်းပွင့်မြို့တော်နှင့်ပတ်သက်ပြီး မက်သည့် အကြောင်းအလုံးစုံကို ပြောပြလိုက်သည်။

'ဟုတ်ပြီ၊ ဒါဆိုရင် အဘရဲ့ စမ်းသပ်ချက်ကို မင်း အောင်သွားပြီ'

'ဟုတ်လား အဘ'

'ညက မီးပုံပေါ်ကို အိပ်စေတဲ့ဆေးမှုန့်တွေ ဖြူးပြီး တိုင်တည်ဆုတောင်းလိုက်တယ်၊ ဝိညာဉ်တွေကို ကျွတ်ဖို့ရောက်လာတဲ့ နှင်းပွင့်မြို့တော်က လူဝင်စားဖြစ်ရိုးမှန်ရင် နှင်းပွင့်မြို့တော်အကြောင်း အိပ်မက်မက်ပါစေလို့၊ အခုတော့ နှင်းပွင့်မြို့တော်အကြောင်း မင်း အိပ်မက်မက်တယ်ဆိုတော့ ငါ့ရဲ့စမ်းသပ်ချက် အောင်သွားပြီ'

ကျွန်ုပ်မှာကား နှင်းပွင့်မြို့တော်အကြောင်း အကြိမ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



အခါခါ မက်ခဲ့သူဖြစ်သည်။ ကျွန်ုပ်အဖို့မှာ မထူးဆန်းသော အိပ်မက်ဖြစ်လင့်ကစား အဘအဖို့တွင် လွန်စွာအဖိုးမဖြတ်နိုင်သည့် ရွှေငွေ စိန်ကျောက်တုံးကြီးများကို ကောက်ရသည့်အလား လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်နေပါတော့သည်။

ကျွန်ုပ်တို့နှစ်ယောက်မှာ လွန်စွာအတိုင်အဖောက်ညီနေသည်။ သူကလည်း မိုးပေါ်က ကျလာမည့် ကယ်တင်ရှင်ကို မျှော်လင့်စောင့်စားနေသူ။ ကျွန်ုပ်ကလည်း နှင်းပွင့်မြို့တော် အကြောင်းကို အစဆွဲထုတ်ချင်သူ။ တစ်နည်းပြောရရင် နှင်းပွင့်မြို့တော်၏ သမိုင်းကြောင်းကို တူးဖော်လိုသူ၊ သိချင်သူနှင့် ပြောချင်သူတို့နှစ်ဦးအကြား စကားပြောရသည်မှာ လွန်စွာအခွင်ပြေလွန်းပေသည်။

ထိုသို့ စကားပြောနေစဉ် နတ်ဘုရား လိုက်ဂူကြီး၏ အဝမှ…

'အပါးရေ… အပါး…'

ဟူသော အသံကို ကြားလိုက်ရသဖြင့် နတ်ဆရာပြီးက…

'သမီး နမ့်မိုင်၊ အပါး ဒီမှာရှိတယ်၊ ဝင်ခဲ့ပါ'

ထိုသို့ အော်၍ပြောလိုက်ရာ မိန်းကလေးတစ်ဦး ဂူထဲသို့ ဝင်လာခဲ့သည်။ သူမ ဝင်လာစဉ်က အမှတ်တမဲ့နေသော်လည်း ကျွန်ုပ်၏အနီးသို့ သူမ ရောက်လာသောအခါ ကျွန်ုပ် လှမ်းကြည့်လိုက်စဉ်…





'ဟာ…'

အံ့ဩလွန်း၍ 'ဟာ' ဟူသော အာမေဍိတ်သံ ထွက်သွား…သည်။

သူမ။ သူမ၏ မျက်နှာကလေးမှာ ကျွန်ုပ်၏ အိပ်မက်ထဲ…တွင် ကျွန်ုပ် လွန်စွာချစ်မြတ်နိုးရသော အညတြ ကျောက်ထုသမ…လေး၏ မျက်နှာနှင့် တစ်ပုံစံအတိုင်း တူလှပေသည်။

သူမကို မြင်ပြီးနောက် ကျွန်ုပ်မှာ သူမ၏မျက်နှာကလေး…ကို ကြက်သေသေသည့်နှယ် ငြိမ်သက်စွာ ငေးမောနေမိသည်။

သူမကလည်း ကျွန်ုပ်ကို အံ့ဩသည့်အကြည့်နှင့် ပြန်…ကြည့်ပြီး…

'အပါး… သူက ဘယ်သူလဲ'

'မနေ့ညနေက တောင်ဖြိုကျပြီး ခြေကျိုးသွားလို့ အဘ…ဆေးကုပေးနေတာ'

'ဟာ… ဒါဆို အတော်ပဲ'

'ဘာ တော်တာလဲ'

'မနေ့ညက လုဖန် ရောက်လာတယ်၊ သူတို့ရဲ့ လူတစ်…ယောက် တောင်ပြိုပြီး ချောက်ထဲကျသွားလို့ အပါးဆီ နတ်လာမေး…တယ်၊ အဲဒါ အပါး ပြန်မရောက်သေးဘူးလို့ ပြောလိုက်ရတယ်'

နမ့်မိုင်ဆီမှ ထိုစကား ကြားသောအခါ ကျွန်ုပ်မှာ လွန်စွာ…အားတက်သွားပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ညီမရေ… လုဖန်ဟာ အစ်ကိုတို့အဖွဲ့ထဲက ရှု
အစ်ကို ပျောက်သွားလို့ နုတ်လာမေးတာ ဖြစ်မယ်'

'သမီးရေ… မင်း အမြန်သွားပြီး အဲဒီလူတွေ ခေါ်လာ'

'ဟုတ်ကဲ့ အပါး'

ထိုသို့ပြောပြီး နမ့်မိုင် အပြေးကလေးထွက်သွားခဲ့သည်
ကျွန်ုပ်လည်း နမ့်မိုင်အား တစ်ခဏ တွေ့လိုက်ရသည့်အချိ
ကလေးမှာပင် စိတ်အစဉ်မှာ အေးချမ်းကြည်မွေ့သွားပြီး နာကျ
သမျှ ကိုက်ခဲသမျှ ပြေပျောက်ကာ လန်းဆန်းသွားသည်ဟု ခံစာ
လိုက်ရပါသည်။

ကျွန်ုပ်၏ ရင်ထဲတွင် အပျော်ကလေးများ တလိမ့်လိမ့်နှ
တက်လာခဲ့သည်။ တစ်ခါမျှ ဤမျှ မပျော်စဖူး ဤအပျော်မျိုးကို
လည်း တစ်ခါမျှမခံစားစဖူး ကျွန်ုပ်မှာ ကြည်လင်အေးချမ်းနေစဉ်

'ကိုကျော်စွာရေ… ကိုကျော်စွာ'

ဟူသော ဂျာရယ်၏ အသံကလေးကို ကြားလိုက်ရသည်။
ထို့နောက် ဂျာရယ်၊ နမ့်မိုင်၊ ကိုနိုင်ကြီးနှင့် လုဖန်တို့ လေးဦးသည်
မောကြီးပန်းကြီးနှင့် ကျောက်ဂူကြီးထဲသို့ ရောက်လာခဲ့ကြသည်။

ဂျာရယ်သည် ကျွန်ုပ်ကို တွေ့သည်နှင့် အပြေးကလေး
လှမ်းဖက်ပြီး…

'ကိုကျော်စွာရယ်… ရှင် တကယ်ပဲ မသေဘူးနော်၊
ဂျာရယ်တော့ ရှင် သေသွားပြီလို့ထင်ပြီး တစ်ညလုံး ငိုလိုက်
ဆုတောင်းလိုက်နဲ့'





တုန်ယင်စွာ ပြောလိုက်သည်။

'ဂျာရယ်… ကိုကျော်စွာကို ဒီအဘက ကယ်ထားလို့
သေတာ၊ မနေ့ကညကသာ အဘနဲ့ မတွေ့ဘူးဆိုရင် ကိုကျော်စွာ
သပြီ'

ကျွန်ုပ်က ထိုသို့ပြောလိုက်ရာ ကိုနိုင်ကြီးက…

'ဟေ့ကောင်ရေ… မင်းသာ သေလို့ကတော့ ငါလည်း
လိုက်သေမယ်'

'ဘာဖြစ်လို့လဲ ကိုနိုင်ကြီး'

'ဒီအဖြစ်တွေကို မင်းမမနဲ့ မင်းမိဘတွေကို ငါ ဘယ်လို
ရှင်းပြရမလဲ၊ ဒီတော့ သေတာပဲကောင်းတယ်'

'မလုပ်ပါနဲ့ ကိုနိုင်ကြီးရယ်၊ အဖန်ငါးရာ ငါးကမ္ဘာတဲ့'

'ငါးကမ္ဘာက နောက်၊ နားငြီးမှာက အရင်'

'ဩော်… အခု ပြန်တွေ့ပြီပဲ ကိုနိုင်ကြီးရယ်၊ အဖန်
ငါးရာ မဖြစ်တော့ပါဘူး'

'မပြောချင်ပါဘူးကွာ၊ ညကတော့ ကမ္ဘာပျက်သလိုပဲ၊
မင်းတောင် အောက်ကျသွားကတည်းက ဂျာရယ်ကလည်း တငိုငို
လုဖန်ကလည်း စိတ်မကောင်းလွန်းလို့ တောက်တခေါက်ခေါက်
မင်းသာသေရင် လုဖန်ကလည်း လမ်းပြအလုပ်ကို လုပ်မစား
တော့ဘူးတဲ့'

'အေးကွာ… မင်းတို့ဟာ ငါ့ကိုချစ်လို့ ပူဆွေးဝမ်းနည်း
တယ်ဆိုတာ သိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေစဉ် နတ်ဆရာကြီးက…

'ကိုယ့်လူကို ပြန်တွေ့တော့ ဝမ်းလည်းသာပေါ့၊ ဒါပေ ဒီလူလေးဟာ တောင်ပေါ်ကကျပြီး ခြေထောက်တစ်ချောင်း က သွားတယ်'

'ဟင်… ဟုတ်လား'

'ဟုတ်တယ်၊ အဲဒါ သူ့ကို ရွာထဲခေါ်သွားဖို့ လိုတယ်'

'ဟုတ်ကဲ့ပါ ဆရာကြီး'

ထိုသို့ဖြင့် ကျွန်ုပ်အား နမ့်မိုင်တို့ရွာမှ ရွာသားများအ အညီဖြင့် နတ်ဆရာကြီးအိမ်သို့ ခေါ်ဆောင်လာခဲ့သည်။ ကျွန် လည်း တစ်ခါမျှ မမျှော်လင့်ခဲ့သော ဟူးနပ်ကော်ရွာကလေး နတ်ဆရာကြီးအိမ်၌ ဆေးကုခံရောဂါရှင်အဖြစ် ရောက်ရှိခဲ့သည် နတ်ဆရာကြီးက ဆေးမှုန့်များတိုက်ကျွေးပြီး ဆေးရွက်အချို့ ထောင်းကာ ကျိုးနေသည့်နေရာကို ကျပ်စည်းပေးခဲ့သည်။

ကျွန်ုပ်တို့အဖွဲ့ကလည်း ပါလာသည့် ခေါက်ဆွဲခြော များ၊ နို့ဆီဘူးများနှင့် ငါးသေတ္တာများ လက်ဆောင်ပေးရင် ဆေးကုသမှုကို ခံယူခဲ့သည်။ နမ့်မိုင်မှာ ကျွန်ုပ်တို့အုပ်စုကို သူ ခြံထွက်စားစရာများနှင့် ယက်ခေါ် နွားသားခြောက်ကို ဖုတ်က ကျွေးမွေးခဲ့သည်။

တစ်နေ့ တစ်နေ့ နမ့်မိုင်၏ မျက်နှာကလေးကို မြင်တွေ့ ရသည်နှင့် ကျွန်ုပ်၏စိတ်မှာ လန်းဆန်းပျော်ရွှင်နေမိသည်။ သူ





ချက်ကျွေးသည့် ဟင်းလျာများမှာ နတ်သုဒ္ဓါအလား လွန်စွာစား၍ ကောင်းလှပေသည်။

နမ့်မိုင်က ကျွန်ုပ်၏ ခြေထောက်ကို နေ့စဉ် ကျပ်စည်း ပေးခဲ့သည်။ ဂျာရယ်ကလည်း ကျွန်ုပ်အတွက် ပြောစရာမရှိအောင် ပြုစုပေးခဲ့သည်။ ကျွန်ုပ်သည် နှင်းပွင့်မြို့တော်အကြောင်း အိပ်မက် သည်မှအစ အားလုံးကို ဂျာရယ်အား ပြောပြခဲ့ဖူးသည်။ ယခု နမ့်မိုင်အကြောင်းကို ထိန်ချန်ထားပါမှ မတရားသည်ဟု ယူဆ သဖြင့်…

'ဂျာရယ်ကို ကိုကျော်စွာ ပြောစရာရှိတယ်'

'ဘာပြောစရာရှိသလဲ ကိုကျော်စွာ'

'ကိုယ့်ရဲ့ နှင်းပွင့်မြို့တော် အိပ်မက်ထဲက ကျောက်ထုတဲ့ ကောင်မလေးရဲ့ မျက်နှာဟာ နမ့်မိုင်ရဲ့မျက်နှာနဲ့ တစ်ပုံစံတည်းပဲ'

'ဟင်… ဟုတ်လား'

'ဒါ့အပြင် ကိုယ်ဟာ နတ်ဘုရား ကျောက်ဂူထဲရောက် တုန်းက…'

ထိုသို့အစချီကာ အားလုံးကို မခြွင်းမချန် ပြောပြလိုက် ရာ ဂျာရယ်က…

'ကိုကျော်စွာရယ်… ဂျာရယ်ဖြစ်စေချင်တာ တစ်ခု တည်းပဲ ရှိပါတယ်'

'အဲဒါ ဘာလဲ ဂျာရယ်'



www.burmeseclassic.com

www.burmeseclassic.com

'ကိုကျော်စွာ စိတ်ချမ်းသာမှုနဲ့ပဲ တွေ့ရပါစေ၊ ကိုကျော်စွာ စိတ်ချမ်းသာမယ်ဆိုရင် ဂျာရယ် ဘာပဲဖြစ်ဖြစ် ပျော်ပါတယ်'

ဂျာရယ်မှာလည်း သူ့ခံစားချက်နှင့်သူ။

နမ့်မိုင်း ၌ ကျွန်ုပ်၏ အိပ်မက်ပုံရိပ်ထဲမှ ချစ်သူနှင့် တူသည်ဟုဆိုသဖြင့် သူမ၏ မျက်နှာမကောင်းမှန်း ကျွန်ုပ် သိလိုက်သည်။

သူမ၏ ရင်တွင်းခံစားချက်ကို ကျွန်ုပ် မသိ၍မဟုတ်။ သိပါသည်။ သို့သော် ဤအဖြစ်အပျက်များသည် ကျွန်ုပ်၏ ဘဝ စာမျက်နှာများထဲမှ အပိုင်းအစများဖြစ်သည်ဟု ခံယူထားရာ အရင်းနီးဆုံးမိတ်ဆွေ ဂျာရယ်၊ အခင်မင်ဆုံးမိတ်ဆွေ ကိုနိုင်ကြီး တို့အပေါ် ဖုံးကွယ်ထားရန် ဆန္ဒမရှိခဲ့ပေ။

❑ ❑ ❑



## အခန်း(၁၃)

## အင်ဆန်းမိုင် (သို့မဟုတ်) နှင်းပွင့်မြို့တော်

ကျွန်ုပ်သည် ဤရွာကလေးသို့ရောက်ပြီး သုံးရက်မြောက် သည့်နေ့တွင် နတ်ဆရာကြီးသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာပြီး…

'လူလေး သက်သာရဲ့လား'

'ဟုတ်ကဲ့… တော်တော်သက်သာပါတယ် အဘ'

'လူလေးကို အဘ စကားပြောစရာရှိတယ်'

'ပြောပါ အဘ'

'လူလေးဟာ ပညာတတ်လည်းဖြစ်တယ်၊ အတွေးအခေါ် လည်း ရှိသူဖြစ်မှန်း သိပါတယ်၊ ဒါပေမဲ့ အဘရဲ့ အမြင်ကို ပြောရရင် နှင်းပွင့်မြို့တော်က လူဝင်စားတစ်ဦးလို့ ထင်မိတယ်၊ နောက်ပြီး အဘတို့ ဘိုးဘေးအစဉ်အဆက် ထားခဲ့တဲ့ 'ကယ်တင် ရှင်'ဆိုတဲ့ စာပိုဒ်နဲ့ ကိုက်ညီနေတယ်၊ ဒီတော့ အဘအဘိုး ရေးခဲ့ တဲ့ နှင်းပွင့်မြို့တော်အကြောင်းကို ဖတ်ကြည့်ပါ၊ ဖတ်ပြီးရင် အဘကို တစ်ခုကူညီပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ် ကျွန်တော် ကူညီပါ့မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော် အခုလို အသက်ရှင်နေတာ အဘပေးတဲ့ အသက်ပဲ ရှိပါတယ်၊ နောက်ဆုံး ကျွန်တော့်ရဲ့အသက်ကို ပေးရ မယ်ဆိုရင်တောင် ကျွန်တော် ကြည်ကြည်ဖြူဖြူနဲ့ ကူညီပါမယ်'

'လူလေးရယ်... ကိုယ်ကယ်တင်ထားတဲ့လူတစ်ယောက် ဆီက အသက်ကိုတော့ ပြန်မတောင်းပါဘူးကွယ်၊ ဒါပေမဲ့ အဘ တို့ ရိုးရာအစွဲအလမ်းတစ်ခု ရှိခဲ့တယ်၊ အဲဒီအကြောင်းတွေကို ဒီစာအုပ်ထဲမှာ ရေးထားတယ်။ လူလေး ဖတ်ကြည့်ပါ၊ ပြီးရင် တစ်ခုခုကူညီပါ'

'ကောင်းပါပြီ၊ ကျွန်တော် ဖတ်ကြည့်ပါ့မယ်'

ထိုသို့ဖြင့် နတ်ဆရာကြီးပေးသည့် စာအုပ်ကလေးကို လှမ်းယူလိုက်သည်။ ထိုစာအုပ်ကလေးမှာ နှစ်ပေါင်းမည်မျှ ကြာမြင့်သည် မသိချေ။ လွန်စွာဟောင်းနွမ်းပြီး စာရွက်များမှာ ဝါကျင့်ကျင့်ဖြစ်ကာ စာရွက်များမှာ ကြွေလုလု။ ရေးထားသည့် စာက 'ကချင်စာ'ဖြစ်သည်။ ဤစာကို ဂျာရယ်က ဘာသာပြန် ပေးသဖြင့် ပြည့်စုံစွာ ဖတ်ရှုရသည်။ ဤစာအုပ်တွင် သူ၏အဘိုး ရေးထားသည့်အကြောင်းအရာမှာ နှင်းပွင့်မြို့တော်အကြောင်းပင် ဖြစ်သည်။ ရေးထားသည့်စာမှာ အမြီးအမောက် မတည့်လှပေ။

ကျွန်ုပ်သည် ဤစာကိုဖတ်ပြီး အဆင်ပြေစေရန် အစီ အစဉ်တကျ ပြန်လည်ရေးဖွဲ့ထားပါသည်။ စာအုပ်၏ ပထမ





စာမျက်နှာကို လှန်လိုက်ရာ 'ကယ်တင်ရှင်'ဟူသော ခေါင်းစဉ် ကို ရေးထားသည်။

**'ကယ်တင်ရှင်'**

*ကျွန်ုပ်တို့၏နှင်းပွင့်မြို့တော်တွင် ရှိနေသေးသည့် မကျွတ် မလွတ်သော ဝိညာဉ်များအတွက် ကယ်တင်ရှင် ပေါ်လာပေမည်။ ထိုသူကား...*

*'ခြေတစ်ချောင်းနှင့် ကိုလူစိမ်း*
*နှင်းပွင့်တွေနဲ့အတူ*
*မိုးပေါ်က ကျလာမယ့်လူ'*

*ထိုစာပိုဒ်ကလေးကို ရေးထားခဲ့သည်။*

ထို့နောက် ကျွန်ုပ်တို့သည် နောက်စာမျက်နှာကို လှန်ကာ ဖတ်ခဲ့ကြသည်။ သူတို့ဘာသာစကားနှင့် ရိုးရှင်းစွာရေးထားသော 'နှင်းပွင့်မြို့တော်အကြောင်း'ပင် ဖြစ်သည်။

## နှင်းပွင့်မြို့တော် (သို့မဟုတ်) အင်ဆန်းမိုင်

နှင်းပွင့်မြို့တော်ကား နှင်းပွင့်တောင်တန်းကြီး၏ အရှေ့ ဘက်တွင် တည်ရှိသည်။ ဤမြို့တော်သည် ဆန်စပါး၊ လူး၊ ဆတ်၊ ဂျုံ စသည့် အဓိက အသက်သွေးကြော အစားအစာများ ထွက်သကဲ့သို့ မြစ်ချောင်းပေါများခြင်းကြောင့် ငါး စသည့် ရေသတ္တဝါများလည်း ပေါများသည်။ တောတောင်များရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် တာကင်ကောင်၊ ကတိုးကောင်များ ပေါများသကဲ့သို့ ယက်ခေါ် နွားများ မွေးမြူထားသဖြင့် ဟင်းလျာအတွက်လည်း မပူပင်ရချေ။

ထို့အပြင် ရွှေ၊ ငွေ၊ ကြေး၊ သံ စသည့် တွင်းထွက် သယံဇာတလည်း ပေါများစွာထွက်ရှိပြီး ပန်းထိမ်လုပ်ငန်း၊ ပန်းပဲ လုပ်ငန်းများ တွင်ကျယ်စွာ လုပ်ဆောင်နိုင်ခဲ့သည်။

သည့်အပြင် အဝတ်အထည် ရက်လုပ်ခြင်းလုပ်ငန်း၊ အိုးခွက်ပန်းကန် ပြုလုပ်ခြင်းလုပ်ငန်းများလည်း လှိုင်လှိုင်လုပ်နိုင် သဖြင့် အခြားတိုင်းပြည်များက ကုန်သွယ်ကာ လာရောက်ဝယ်ယူ ကြသည့်အတွက် အလွန်စည်ကားသည့် မြို့တော်တစ်ခုဖြစ်ခဲ့ သည်။ နှင်းပွင့်မြို့တော်ကား နာမည်နှင့်လိုက်အောင် တောင်စခန်း မြို့ကလေးဖြစ်ပြီး သာယာလှပေသည်။ ထိုတိုင်းပြည်တွင် ဘုရင် ကြီးနှင့် မိဖုရားကြီးတို့မှာ တာရှည်စွာ နန်းစံနေသော်လည်း သား ထောက်သမီးခံ တစ်ဦးတစ်ယောက်မျှ မရှိရကား နန်းညွှန့်နန်းလျာ အတွက် စိတ်မအေးဘဲ စိတ်လေးနေခဲ့ကြသည်။

သူတို့ဟာ အသက်လေးဆယ်ကျော်သည့်တိုင် သားသမီး မရသည့်အတွက် မလီဖလန်း ဟုခေါ်သည့် တောင်နတ်ကို ကန်တော့ဆုတောင်းခဲ့သည်။ ကလေး မရခဲ့ပေ။ ထို့နောက် လခါး ဖလန်းဟုခေါ်သည့် တောင်နတ်ကို ကန်တော့ပြီး ဆုတောင်းပြန် သည်။ သို့သော် ကလေးမရခဲ့ပေ။ နောက်ဆုံးတွင် 'မစန်ဖလန်' ဟုခေါ်သော နတ်ဘုရင်ကို ကန်တော့ပြီး ဆုတောင်းခဲ့သည်။





ထိုသို့ ဆုတောင်းပွဲတွင် နတ်ဆရာက ဤသို့ အဟော ထွက်ခဲ့သည်။ 'မစန်ဖလန်ဆိုတဲ့ နတ်ဘုရင်ကြီးဟာ သူ့ကို ပူဇော် ပသသည့်အတွက် နှင်းပွင့်မြိုင်တိုင်းပြည်မှ မင်းကြီးနှင့် မိဖုရား ကြီးထံသို့ ပို့ဆောင်ပေးမည်။ သမီးတော်သာ မွေးဖွားလိမ့်မည်။ သူမမှာ နတ်ဘုရင်၏ သမီးတော်ဖြစ်၍ မွေးကင်းစအရွယ်မှာပင် ဘုရင်မအဖြစ် တင်မြှောက်ရပေမည်။ ထိုအခါ မင်းကြီးက လည်း 'ကောင်းပါပြီ'ဟု ကတိပေးလိုက်သည်။

ထိုသို့ဖြင့် မကြာမီအချိန်တွင် မိဖုရားကြီး၏ ပဋိသန္ဓေ နှုတ်ငုံတွင် သန္ဓေခဲ့သည်။ ကိုးလလွယ် ဆယ်လဖွားဆိုသကဲ့သို့ အချိန်စေ့သော် ချောမောလှပသည့် သမီးကညာ ဖွားမြင်ခဲ့သည်။ ကိုယ်ဝန်မရှိခင်ကပင် သမီးတော်ကလေး မွေးဖွားမည်ဟု ဟော သည့်အတိုင်း မှန်ကန်သဖြင့် မင်းကြီးလည်း သူ၏ကတိအတိုင်း သုံးလပြည့်သည့်နေ့တွင် နန်းညွှန့်နန်းလျာ မင်းသမီးကလေးကို ရင်ခွင်ပိုက်ဘုရင်မအဖြစ် အခမ်းအနားဖြင့် တင်မြှောက်ပေးခဲ့ သည်။ ထိုအခမ်းအနား၌ နှင်းမိုးများရွာပြီး တောင်ဟီးသံ ကြားခဲ့ ရသည်။ နှင်းပွင့်တိုင်းပြည်မှ မင်းကြီး မိဖုရားကြီးနှင့် တိုင်းသူ ပြည်သားများက ဤသို့ဖြစ်ခြင်းမှာ နတ်ဘုရင်ကြီး၏ ကျေနပ် သည့် တုံ့ပြန်သံဟူ၍ မှတ်ယူခဲ့ကြသည်။

ဘုရင်မလေး၏ အမည်ကို နန်မစန်ဖလန်ဟု ခေါ်ဒို



www.burmeseclassic.com

www.burmeseclassic.com



သည်။ နန်မှာ အကြီးဆုံးသမီးဖြစ်ပြီး မစန်ဖလန်မှာ နတ်ဘုရင်ဟူ၍ အဓိပ္ပာယ်ရသဖြင့် နန်မစန်ဖလန်မှာ နတ်ဘုရင်၏သမီးတော်ဟူသည့် အဓိပ္ပာယ်ကို ဖော်ဆောင်ပါသည်။ သို့သော် သူမအား အားလုံးက 'ကောရီနန်' ဟူ၍ အတိုကောက်ခေါ်ခဲ့ကြသည်။

ကောရီနန်နှင့် ကစားဖော်မှာ စစ်သေနာပတိချုပ်ကြီး၏သား 'ဖုန်' ပင် ဖြစ်သည်။ ဖုန်သည် နန်ထက် အသက် သုံး၊ လေးနှစ်ခန့် ငယ်သည်။ စစ်သေနာပတိချုပ်ကြီးအား ကောရီနန်ကို စစ်ပညာသင်ပေးရန် မင်းကြီးက တာဝန်ပေးခဲ့ရာ သူ၏သား ဖုန်နှင့်အတူ ကောရီနန်အား ဓားရေး၊ လှံရေး၊ မြင်းစီး၊ စစ်ချီစစ်တက် စသည့် စစ်ပညာများကို သင်ကြားပေးခဲ့သည်။ ကောရီနန်မှာ မာနကြီးပြီး အနိုင်အထက်ဆက်ဆံသဖြင့် ဖုန်မှာ သူမကို မခင်ခဲ့ပေ။

ဖုန် လွန်စွာခင်မင်သော သူငယ်ချင်းတစ်ယောက်ရှိသည်။ သူမမှာ 'ကျင်' ဖြစ်သည်။ သူမသည် သာမန်ပြည်သူများက မွေးဖွားသည့်သူဖြစ်ပြီး စိတ်သဘော နူးညံ့သိမ်မွေ့သည်။ ဖုန်ကိုလည်း လွန်စွာချစ်ခင်သူဖြစ်သည်။ ဖုန်ကလည်း အားလပ်သည့်အချိန်တွင် နန်းမြို့တော်မြို့ရိုးမှထွက်လာကာ နန်းတော်၏အနောက်ဘက်ရှိ နှင်းတောင်တန်းကြီးတွင် 'ကျင်' နှင့်အတူ လာရောက်ကစားလေ့ရှိသည်။

သူတို့နှစ်ဦးမှာ နှင်းတောင်တန်းကြီးပေါ်တွင် ပျော်ရွှင်





စွာ ကစားနေစဉ် ကောရီရောက်လာပြီး ကျင်အား နှင်တံဖြင့်ရိုက်ကာ ဖုန်နှင့် နောက်ထပ် မခေါ်မပြောရန် ဆူပူကြိမ်းမောင်းပြောဆိုခဲ့သည်။ ကျင်သည် အရိုက်ခံရသည့်ဒဏ်နှင့် ဖုန်နှင့် ကစားခြင်းမပြုရန် ကြိမ်းမောင်းခံရသည့်အတွက် ပထမဦးစွာ အမျက်ထွက်ခဲ့သည်။

ကောရီနန်နှင့် ဖုန်တို့ အရွယ်ရောက်လာပြီး စစ်ပညာကိုလည်း ကောင်းစွာတတ်ကျွမ်းလာခဲ့သည်။ ထိုအချိန်တွင် သယံဇာတပေါများပြီး ကုန်သွယ်မှုများနှင့် စည်ကားသိုက်မြိုက်လှသည့် နှင်းပွင့်တိုင်းပြည်ကို အခြားသောတိုင်းပြည်မှ လာရောက်တိုက်ခိုက်သဖြင့် ရန်သူတပ်များ မရှုမလှကျရှုံးခဲ့သည်။ ရန်သူတိုင်းပြည်များက သူတို့သည် အင်အားကြီးပါလျက် ဤသို့ အင်အားငယ်သည့် နှင်းပွင့်မြို့တော်ကို တိုက်၍မရသည့်အတွက် မကျေမနပ်ဖြစ်ကာ အင်အားအမြောက်အမြားနှင့် ထပ်မံတိုက်ရန် အင်အားစုဆောင်းခဲ့ကြသည်။

ရန်သူတပ်သားများသည် အင်အားကြီးမားအောင် စစ်သည်လက်နက်များ ထပ်မံဖြည့်ဆည်းပြီး တစ်ဖန် လာရောက်တိုက်ခိုက်ရာ ဤစစ်ပွဲတွင် စစ်သေနာပတိချုပ်ကြီး ကျဆုံးခဲ့သည်။ စစ်သူကြီးဖုန်နှင့် ကောရီနန်တို့ ဦးဆောင်ပြီး ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်သဖြင့် ဤစစ်ပွဲတွင်လည်း ရန်သူများ အရှုံးနှင့်ရင်ဆိုင်ခဲ့ကြသည်။

ထိုစဉ် ဘုရင်ကြီး နတ်ရွာစံသွားသဖြင့် ကောရီနန်သည်



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ပိုက်မဟုတ်တော့ဘဲ ဘုရင်မနန် ဖြစ်လာခဲ့သည်။ တိုင်းပြည်ရေးရာအဖြာဖြာကို မှူးမတ်ကြီးများက အကြံပေးချက်အရ မြို့ရိုးမှာ နိမ့်နေသည့်အတွက် ရန်သူများ အလွယ်တကူ ဝင်ရောက်နိုင်သဖြင့် မြို့ရိုးကို ပိုမိုမြင့်မားစွာ ကာရံထားရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်။

ထို့ကြောင့် ထိုမြို့၏အနောက်ဘက်တွင်ရှိသော ကျောက်တောင်များကို ကျောက်တုံးများဖြင့် ထုခွဲပြီး ထိုကျောက်တုံးများနှင့် မြို့ရိုးမြှင့်ရန် ကျောက်တောင်တူးခွဲခြင်းလုပ်ငန်းကို ပြည်သူများအား လုပ်ဆောင်ရန် တာဝန်ပေးခဲ့သည်။ ဤကျောက်ခွဲခြင်းလုပ်ငန်း၏ ခေါင်းဆောင်မှာ ကျွန်ုပ်၏အဖေ ဖြစ်သည်။ ကျင်တို့အုပ်စုသည် ကျောက်တောင်များကို ထုခွဲနေစဉ် စစ်သူကြီးဖုန်သည် ဤလုပ်ငန်းကို စစ်ဆေးရန် ရောက်ရှိခဲ့သည်။

နှင်းပွင့် နှင်းခဲများ ဖုံးနေသော တောင်ခြေတစ်နေရာတွင် ကျင်သည် သစ်ကိုင်းခြောက်များ၊ သစ်ရွက်ခြောက်များကို စုပုံကာ မီးမွှေးနေခဲ့သည်။ တဖြည်းဖြည်း မီးစွဲစပြုနေပြီ။ သူမသည် ကြီးမားလှသည့် ရေနွေးအိုးကြီးကိုတင်ကာ ရေနွေးကျိုခြင်းကို စတင်ပြုလုပ်ခဲ့သည်။ ထိုရေနွေးသည် ကျောက်ထုလုပ်သားများအား တိုက်ရန် ကျိုနေခြင်းဖြစ်သည်။

ထိုစဉ် စစ်သူကြီးဖုန်မှာ ငယ်စဉ်ကပင် ခင်မင်ရင်းနှီးသော ကျင်နှင့် နီးကပ်စွာနေရသဖြင့် ချစ်ခွင့်ပန်ရန် စိတ်ဆုံးဖြတ်





လိုက်သည်။ ထို့နောက် သူသည် အလွန်ဝေးလံသော နှင်းတောင်တန်း၌သာပေါက်သည့် နှင်းဂန္ဓာပန်းများကိုခူးကာ သူမကို ထိုပန်းနှင့် ချစ်ခွင့်ပန်ခဲ့သည်။ သူမကလည်း ငယ်စဉ်ကပင် သံယောဇဉ်ရှိထားသူဖြစ်၍ ဖုန်၏အချစ်ကို လက်ခံခဲ့ရာ သူတို့နှစ်ဦးမှာ ချစ်သူများဖြစ်လာခဲ့သည်။

စစ်သူကြီးဖုန်သည် နေ့စဉ် နှင်းဂန္ဓာမာပန်းစည်းကလေးများ လက်ဆောင်ပေး၍ ပျော်ရွှင်စွာနေစဉ် ထိုတစ်နေ့တွင် ထိုကျောက်ထုစခန်းသို့ ဘုရင်မနန် ရောက်ရှိလာခဲ့သည်။ ထိုအချိန်၌ ကျင်သည် ဖုန်ပေးသည့် နှင်းဂန္ဓာမာပန်းစည်းကလေးကို ကိုင်ထားပြီး ဘုရင်မအား ဒူးထောက်အရိုအသေပေးလိုက်သည်။

ဘုရင်မနန်သည် စစ်သူကြီးဖုန်နှင့် ကျင်တို့အကြောင်းကို အထောက်တော်များမှတစ်ဆင့် သိထားပြီးဖြစ်ရာ ဘုရင်မနန်က ကျင်အား...

'ဤပန်းမှာ ငါတို့မြို့နှင့် အလွန်ဝေးကွာသော ဧလိတောင်တန်း၌သာ ပေါက်သည့်ပန်းများပင် ဖြစ်သည်။ ဤပန်းကို မည်သို့ရရှိပါသနည်း'

ထိုအခါ ကျင်သည် ဖုန်ဘက်သို့ လက်ညှိုးထိုးပြပြီး...

'ဤပန်းကို သူ ယူဆောင်လာပြီး ငါ့အား ပေးပါသည်'

ဟု ပြန်ပြောလိုက်ရာ ဘုရင်မနန်သည် လွန်စွာစိတ်ဆိုးပြီး ထိုပန်းစည်းကို ဆွဲယူပြီး ခြေထောက်နှင့် နှင်းချေဖျက်ဆီးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်...

'ဤပန်းသည် အသင်နှင့်မတန်မရာ ဖြစ်သည်'

'သည်ပန်းမှာ ငါမှတစ်ပါး မည်သူမျှ ယူခွင့်မရှိပေ။ အသင်သည် သူပေးသောပန်းကို မည်သည့်အခါမျှ မယူရပေ၊ သည့်အပြင် အသင့်အား စစ်သူကြီးဖုန်နှင့် မပတ်သက်ရန် အမိန့် ပေးထားပြီဖြစ်သည်'

'မှန်ပါ၏'

'သို့အတွက် သင့်မှာ အပြစ်ရှိ၏၊ ဤပြစ်ဒဏ်ကို ငါ ပေးအံ့'

ထိုသို့ပြောဆိုပြီးနောက် ဘုရင်မနန်သည် သူမ၏အမိန့်ကို ဖီဆန်သည်ဟု သတ်မှတ်ကာ နှင်တံဖြင့် ပြင်းထန်စွာရိုက်ခဲ့သည်။

မိန်းကလေးကျင်သည် ဘုရင်မနန်၏ နှင်တံရိုက်ချက်များ ကို အံကြိတ်၍ခံခဲ့သည်။ နာလွန်းမက နာကျင်ရကား သူမ၏ ပါးပြင်ပေါ်သို့ မျက်ရည်များ တပေါက်ပေါက်ကျလာခဲ့သည်။

မိန်းကလေးကျင်သည် ချစ်သူနှင့် မပြောမဆိုရဟူသည့် ပြင်းထန်သည့် အမိန့်ကြောင့် ရင်နာသောဒဏ်နှင့် နှင်တံနှင့်ရိုက် သော အသားနာသည့်ဒဏ် နှစ်ခုပေါင်းကာ အသည်းဆတ်ဆတ် ခါမျှ နာကျင်ခဲ့သည်။

ဤသည်မှာ သူမ၏ ဒုတိယမြောက် အမျက်ထွက်ခဲ့ သည်။ မိန်းကလေးကျင်၏ ရင်ထဲတွင် ဘုရင်မနန်အား အငြိုး ထားခဲ့သည်။





ဘုရင်မနန်ဟာ အလွန်ချောမောလှပလွန်းတဲ့အတွက် အတိုင်းတိုင်း အပြည်ပြည်က မင်းညီမင်းသားများနှင့် မင်းများက ပါမကျန် မိဖုရားမြှောက်ဖို့ စာသဝဏ်ပါးခြင်းခံခဲ့ရသည်။ ဘုရင်မ နန်မှာ ဘုရင်မဖြစ်သည်နှင့်အညီ မည်သည့်မင်းညီမင်းသားကိုမျှ စိတ်မဝင်စားချေ။

သို့သော်လည်း ငယ်စဉ်ကတည်းက စစ်ပညာသင်ဖက် ဖြစ်သည်။ စစ်သူကြီးဖုန်အား တစ်ဖက်သတ် ကြိုက်နှစ်သက်ခဲ့ သည်။ သူမသည် မာနကြီးသူဖြစ်၍ ဤအကြောင်းကို မည်သူ့ကို မျှ ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပေ။

ကံကြမ္မာအလှည့်အပြောင်း ကြမ္မာဆိုးတို့နှင့် ကြုံကြိုက် သည့်နေ့တစ်နေ့ အခဲမကျေသည့် ရန်သူစစ်တပ်ကြီးသည် ဘုရင် ကြီးရော စစ်သေနာပတိချုပ်ကြီးပါ သေဆုံးသွားမှန်းသိသဖြင့် စစ်အတွေ့အကြုံနုနယ်သေးသည့် ဘုရင်မနန်၏ နှင်းပွင့်တိုင်းပြည် ကို ထပ်မံစစ်ချီလာခဲ့သည်။

စစ်သူကြီးဖုန်နှင့် ဘုရင်မနန်တို့ ခေါင်းဆောင်သည့် စစ်တပ်ကြီးမှာ အင်အားကြီးမားသော ရန်သူစစ်တပ်ကြီးကို အသေအလဲ ခုခံတိုက်ခိုက်ခဲ့ကြသည်။ သို့သော် ရန်သူစစ်သည် အင်အားမှာ များပြားလွန်းသဖြင့် တာရှည်စွာ တောင့်မခံနိုင်ဘဲ မြို့ရိုးမှာ ကျိုးပေါက်သွားခဲ့သည်။

ရန်သူများ မြို့တွင်းသို့ တရစပ်ဝင်ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရန်သူများနှင့် အနီးကပ်တိုက်ပွဲဖြစ်ကာ ဓားရေးတိုက်ပွဲဖြင့် ခုခံခဲ့ရသည်။

'ချွင်…' 'ချွင်…' 'ချွင်…'

အနီးကပ်တိုက်ပွဲကား ပြင်းထန်လှပေသည်။ စစ်သူကြီးဖုန်သည် ဓားရေးကျွမ်းကျင်သူဖြစ်၍ ကျူးကျော်ဝင်ရောက်လာသည့် ရန်သူများကို တိုက်ခိုက်ရာ စစ်သူကြီးဖုန်၏ ဓားချက်အောက်တွင် ရန်သူများ အတုံးအရုံးကျဆုံးခဲ့သည်။

ဘုရင်မနန်သည်လည်း မိန်းမသားတစ်ယောက်ပင်ဖြစ်လင့်ကစား ဓားရေးမှာ စစ်သူကြီးဖုန်လောက်နီးနီး ဓားရေးကျွမ်းကျင်လှသူဖြစ်ရာ အနီးကပ်တိုက်ခိုက်လာသည့် ရန်သူများကို ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ခဲ့သည်။ စစ်သူကြီးဖုန်မှာ အင်အားဗလနှင့် ပြည့်စုံသူဖြစ်၍ ဝင်လာသည့် ရန်သူများကို ဓားတစ်ချက် အသက်တစ်ချောင်းနှုန်းဖြင့် ချေမှုန်းနိုင်ခဲ့သည်။

ထိုအချိန်တွင် ရန်သူစစ်သူကြီးကလည်း နှင်းပွင့်တိုင်းပြည်မှ ရဲမက်များကို ရက်ရက်စက်စက် ချေမှုန်းတိုက်ခိုက်ခဲ့သည်။ ထိုသို့ တိုက်ရင်း တိုက်ပွဲတစ်နေရာတွင် ရန်သူတပ်သားများနှင့် တိုက်ခိုက်နေသော ဘုရင်မနန်ကို တွေ့လိုက်ရသည်။ ဘုရင်မနန်မှာ တိုက်ပွဲတွင် ကြာရှည်စွာ တိုက်ခိုက်ရသဖြင့် အင်အားပျော့လာခဲ့သည်။

ဤသည်ကို ရန်သူစစ်သူကြီးက ရိပ်မိသွားပြီး သူမရှိရာ





သို့အရောက်လာကာ ဘုရင်မနန်ကို ပြင်းထန်သောတိုက်ကွက်များဖြင့် တိုက်ခိုက်ခဲ့သည်။ ဘုရင်မနန်သည် သူ၏ ဓားချက်ကိုရှောင်တိမ်းကာ ခုခံကာကွယ်နေစဉ် ရန်သူစစ်သူကြီး၏ ပြင်းထန်သော ဓားချက်ကြောင့် သူမ၏ တစ်ကိုယ်လုံးမှာ ရှပ်ထိထားသည့် ဓားဒဏ်ရာများကြောင့် သွေးချင်းချင်းနီနေသည်။

'ချွင်…'

'ဒုတ်…'

ရန်သူစစ်သူကြီးက နတ်ဓားကို ခုတ်လိုက်ရာ အရှိန်ပြင်းလှသဖြင့် ဘုရင်မနန်၏ ဓားမှာ လက်မှလွတ်ကျသွားပြီး သူမလည်း မြေပြင်ပေါ်သို့ ပက်လက်အနေအထားဖြင့် လဲကျသွားခဲ့သည်။

စစ်သူကြီးဖုန်သည် အပြင်းအထန် တိုက်ခိုက်နေရင်း ဘုရင်မနန်အား သတိရ၍ ကြည့်လိုက်သောအခါ ဘုရင်မနန်မှာ မြေပြင်ပေါ်သို့ လဲကျနေပြီး ရန်သူစစ်သူကြီးမှာ သည်တစ်ချီတော့ ဘုရင်မနန်ကို အနိုင်တိုက်နိုင်တော့မည်ဟု စဉ်းစားကာ ဓားဖြင့် ရင်ညွန့်ကို ချိန်ရွယ်ကာ ထိုးမည်ပြုစဉ် စစ်သူကြီးဖုန်မှာ ထိုနေရာသို့ အပြေးရောက်လာပြီး ရန်သူစစ်သူကြီး၏ ဓားချက်ကို ပက်ဓားဖြင့် သူ၏ရင်ညွန့်ကို ဓားဖြင့် တအားကုန်ထိုးလိုက်ရာ ရန်သူစစ်သူကြီးမှာ နေရာတွင် ပွဲချင်းပြီးသေခဲ့သည်။

စစ်သူကြီးဖုန်သည် ဓားဒဏ်ရာများရပြီး သွေးအလိမ်းလိမ်းဖြစ်နေသော ဘုရင်မနန်ကို ပွေ့ယူကာ နန်းတော်အရောက်



www.burmeseclassic.com

www.burmeseclassic.com



ပို့ဆောင်ပေးခဲ့သည်။ ဘုရင်မနန်မှာ မိမိ၏အသက်ကို လက်မတင်ကလေး ကယ်ဆယ်ခဲ့သည့် ကျေးဇူးရှင်ဖြစ်ပြီး တစ်ဖက်သတ်ချစ်သူ၏ရင်ခွင်တွင် ခေတ္တနားခိုခိုက် အတွေ့အထိကြောင့် ပီတိစိတ်များဖြင့် စစ်သူကြီးဖုန်ကို စွဲလမ်းသွားခဲ့သည်။ သူမကို နန်းတွင်းဆေးဆရာကြီးများက အချိန်မီကုသပေးနိုင်သဖြင့် ဘုရင်မနန်မှာ အသက်ချမ်းသာရသွားခဲ့သည်။

ဘုရင်မနန်မှာ ကျန်းမာလာသော်လည်း စစ်သူကြီးဖုန်ကို မတွေ့ရလျှင် မနေနိုင်လောက်အောင် စွဲလမ်းနေခဲ့သည်။ သည့်အတွက် သူမ ငယ်စဉ်က ထိန်းကျောင်းခဲ့သည့် သက်တော်ရှည်အမတ်ကြီးဟာ ဤကိစ္စကို တိုင်ပင်ခဲ့သည်။

သက်တော်ရှည်အမတ်ကြီးသည် ဘုရင်မနန်အား ဤကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့သည်။ ထို့နောက် မှူးမတ်ကြီးများနှင့် တိုင်ပင်ပြီး ဘုရင်မနန်ဟာ စစ်ပွဲတွေများ ဦးဆောင်တိုက်ခဲ့ရသူဖြစ်တယ်။ အကယ်၍ စစ်ပွဲမှာ တိုက်ခိုက်လို့ တစ်စုံတစ်ခုဖြစ်ခဲ့ရင် ငါတို့အတွက် နန်းညွန့်နန်းလျာ မျိုးဆက်သစ် ပြတ်သွားလိမ့်မည်။ သည့်အတွက် သူရသတ္တိနှင့် ပြည့်စုံသည့် စစ်သူကြီးဖုန်နှင့် လက်ဆက်ပြီး နန်းထိုင်ကာ တရားစီရင်ရေးကိုသာလုပ်လျှင် နှင်းပွင့်တိုင်းပြည်ကြီး အခွန့်ရှည်စွာ စည်ပင်ဝပြောပေလိမ့်မည်ဟု ပြောကြားခဲ့သည်။ ကျန်မှူးမတ်များကလည်း ဤအဆိုကို နှစ်သက်ပြီး လက်ခံခဲ့ကြသည်။





သက်တော်ရှည်အမတ်ကြီးသည် စစ်သူကြီးဖုန်အား ခေါ်ပြောရာ စစ်သူကြီးဖုန်က ဘုရင်မအား လက်မထပ်နိုင်ကြောင်း ပြောလိုက်သည်။ သက်တော်ရှည်အမတ်ကြီးသည် စစ်သူကြီးဖုန်အား...

'စစ်သူကြီးဖုန် ဤကိစ္စကို ချက်ချင်းမဆုံးဖြတ်ပါနှင့်၊ ဘုရင်မနန်ကို လက်မထပ်ပါက မင်းပြစ်မင်းဒဏ်သင့်ကာ သေဒဏ်ချမှတ်ခြင်း ခံရလိမ့်မယ်'

ဤသို့ပြောလိုက်သဖြင့် စစ်သူကြီးဖုန်က...

'ကျွန်ုပ် စဉ်းစားပါမည်'

ဟုဆိုကာ မိန်းကလေးကျင်ထံသွား၍ ဤအကြောင်းကို ပြောခဲ့သည်။

'ဒါဆိုရင် ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ မောင်မောင်'

'ဒီ လေိတောင်တန်းကြီးကို ဖြတ်ကျော်ပြေးရင် လွတ်နိုင်တယ်'

'ဖြစ်ပါ့မလား မောင်မောင်'

'အချိန်အကြာကြီး စဉ်းစားမနေပါနဲ့၊ ခုချက်ချင်းသာ လိုက်ခဲ့ပေတော့'

ထိုသို့ဆုံးဖြတ်ချက်ချပြီးနောက် ချစ်သူနှစ်ဦးမှာ ချက်ချင်းပင် လေိတောင်တန်းကြီးသို့ ပြေးခဲ့ကြသည်။ အခြေအနေကိုစောင့်ကြည့်နေသော အထောက်တော်များက သက်တော်ရှည်အမတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထံ အကြောင်းကြားရာ ဘုရင်မနန်ဆီသို့ သတင်းပို့ခဲ့သည်။

ဘုရင်မနန်သည် ဤသတင်းကို ကြားသောအခါ ဒေါသအမျက် ခြောင်းခြောင်းထွက်၍ ဇလီတောင်တန်းဆီသို့ လေးသည်တော်၊ ဓားသည်တော်များနှင့်အတူ သူမကိုယ်တိုင် ဦးစီးကာ မြင်းစီး၍ အမြန်ဆုံးလိုက်လာခဲ့သည်။

တောင်ခြေကိုရောက်သည်နှင့် ရေခဲတောင်တစ်ဝက်လောက်သို့ ရောက်နေသော ဖုန်နှင့် ကျင်ထံသို့ လှမ်းကြည့်ပြီး မြင်းပေါ်မှ ဆင်းလိုက်သည်။ မြင်းများမှာ ရေခဲတောင်ပေါ်သို့ မတက်နိုင်သဖြင့် သူတို့မှာ ခြေကျင်ဖြင့် အပြေးတက်ခဲ့သည်။

ဖုန်နှင့် ကျင်တို့နှစ်ဦးမှာ ရန်သူများ လိုက်လာမှန်းသိသည့်အတွက် အလွန်လျင်မြန်စွာ ပြေးခဲ့ကြသည်။ သို့သော် နှင်းများထဲတွင် ခြေကျွံပြီး နစ်သွားသဖြင့် ခရီးမတွင်ပေ။ သူတို့နှစ်ဦးမှာ အားသွန်ခွန်စိုက် ပြေးခဲ့ရာ ဤမှ အေးစိမ့်နေသည့် ရာသီဥတုမှာပင် ချွေးသီးချွေးပေါက်များ တပေါက်ပေါက်ကျလာခဲ့သည်။ ဤချွေးပေါက်များ ရေခဲပြင်ပေါ်သို့ ကျသွားသည့်နေရာတွင် ရေခဲပြင်များမှာ အစိမ်းရောင်သို့ ပြောင်းလဲသွားခဲ့သည်။

ထို့နောက် ဘုရင်မနန်နှင့် စစ်သားများ လိုက်လာရာ နီးသထက်နီးလာရာ ကျင်မှာ ကြောက်လန့်ပြီး စိုးရိမ်စိတ်ဖြစ်ပေါ်ကာ ချက်ရည်များ တပေါက်ပေါက်ကျလာခဲ့သည်။ ထိုနေရာရှိ ရေခဲပြင်မှာ အပြာရောင်သို့ ပြောင်းလဲသွားခဲ့သည်။





ဘုရင်မနန်နှင့် သူတို့နှစ်ဦးမှာ မြားတစ်ပစ်အကွာအဝေးခန့်သာ ရှိတော့သည်။ ကျင်လည်း လှည့်ကြည့် လှည့်ကြည့်နှင့် ပြေးရာ ဘုရင်မနန်က မြားဖြင့်လှမ်းအပစ် သူမကလည်း လှည့်အကြည့်တွင် ကြုံကြိုက်သွားပြီး ကျင်၏ရင်ဘတ်တည့်တည့်သို့ မြားချက်ထိမှန်သွားတော့သည်။ သူမဆက်ပြေးသောအခါ ဘုရင်မနန်က ဆက်၍ မြားနှင့်ပစ်ပြန်ရာ လက်မောင်း၊ ကျောကုန်းစသည့် ခန္ဓာကိုယ်အနောက်ပိုင်းတွင် မြားထိမှန်ပြီး မြေပြင်ပေါ်သို့ လဲကျသွားသည်။ မြားချက်ကြောင့် သွေးများ တစက်စက်ကျလာခဲ့သည်။ ထိုသွေးများသည် ရေခဲပြင်ပေါ်သို့ ကျသွားသောအခါ အနီရောင်ရေခဲပြင်များ ဖြစ်သွားခဲ့သည်။

'ကျင်… သတိထားပါ'

စစ်သူကြီးဖုန်သည် မြေပြင်ပေါ်တွင် လဲကျနေသော ကျင်အား ရင်ခွင်တွင် ပွေ့ထားပြီးနောက်…

'ကျင်… အားတင်းထားပါ၊ မောင်မောင်တစ်ယောက်လုံး ရှိတယ်'

'မောင်မောင်… ကျင် မနေရတော့ဘူး၊ သေရတော့မယ်'

'ကျင် မသေရဘူး၊ အားတင်းထားပါ'

ထိုသို့ပြောနေစဉ် ဘုရင်မနန်သည် အနီးသို့ရောက်လာပြီး…

'အသည်တြ ကျောက်ထုသမ၊ သင့်အား စစ်သူကြီးဖုန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မပတ်သက်ရန် အကြိမ်ကြိမ်သတိပေးထားပါလျက် အသင်သည် ငါ ဘုရင်မ၏ အမိန့်ကို မနာခံဘဲ ဖောက်ဖျက်ကျူးလွန်သူဖြစ်၍ ပြစ်ဒဏ်ခတ်ရပေမည်'

ဘုရင်မက ထိုသို့ပြောလိုက်ရာ ကျင်သည် ဖုန်၏ ရင်ခွင်မှ အားယူပြီး ရှန်းထွက်ကာ မြေပြင်တွင် ဒူးထောက်လိုက်သည်။ ထို့နောက် ကောင်းကင်သို့ လက်နှစ်ဖက်ဆန့်တန်းပြီး ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့်...

'ဘုရင်မ အသင်သည် ကျွန်ုပ်အပေါ် ငယ်စဉ်ကပင် အငြိုးထားခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်၊ ယခုလည်း အသင်၏လက်ချက်ဖြင့် ကျွန်ုပ်သည် သေအံ့မူးမူးအချိန်သို့ ရောက်နေပေသည်၊ ဤမျှ အငြိုးကြီးသော ဘုရင်မအား ဤနှင်းပွင့်တောင်တန်းကြီးကို သက်သေထား၍ ကျွန်ုပ် ကျိန်ဆိုအံ့။

'ကျွန်ုပ်နှင့် စစ်သူကြီးဖုန်မှာ မေတ္တာစစ်နှင့် ချစ်ခဲ့ကြသည့် ချစ်သူများဖြစ်သည်။ ဘုရင်မသည် ကျွန်ုပ်တို့ချစ်သူနှစ်ဦးကို သေခြင်းဖြင့် သင် ခွဲခွာစေခဲ့သည်။ သည်အတွက် အသင်ချစ်သော နှင်းပွင့်တိုင်းပြည်ကြီးနှင့်လည်း သေကွဲကွဲပါစေသတည်း'

ထိုသို့ စူးရှသောအသံဖြင့် အော်ဟစ်ကျိန်ဆိုလိုက်သည်။

အညတြ ကျောက်ထုသမကလေးတစ်ဦးက ဘုရင်မအား ဤသို့ပြန်ပြောမည်မထင်သဖြင့် အားလုံး အံ့အားသင့်ခဲ့ကြသည်။

သည်တွင်...





'ဂျိမ်း... တလိမ်း... လိမ်း... ဂျိမ်း...'

ဟူသည့် ကျယ်လောင်သော မိုးကြိုးထစ်ချုန်းသံကြီးကို ကြားလိုက်ရသည်။

အားလုံးမှာ မှင်တက်မိသကဲ့သို့ မလှုပ်ရှားနိုင်မီ...

'ဝုန်း...'

'ဝုန်း...'

'ဝုန်း...'

ဟူ၍ ကျောက်တုံး ကျောက်ခဲများ၊ ရေခဲတုံးများ အရည်ပျော်ကျလာပြီး အားလုံးကို တိုက်စားသွားခဲ့သည်။ ထိုရေစီးနှင့်အတူ အငြိုးကြီးလှသော ဘုရင်မ၊ စစ်သူကြီးဖုန်၊ အညတြကျောက်ထုသမလေးကျင် အပါအဝင် အားလုံးမှာ အရှိန်ပြင်းသော ရေစီးနှင့်အတူ မျောပါသွားခဲ့သည်။

ထို့နောက် မြစ်ကြီးတမျှ ကျယ်လှသော ရေစီးသည် အနိမ့်ပိုင်းတွင်ရှိနေသော နှင်းပွင့်တိုင်းပြည်ကြီးသို့ အရှိန်အဟုန်ပြင်းစွာ ရိုက်ပုတ်စီးဆင်းလေရာ မြို့တော်ရှိ တိုက်တာအိမ်ခြေများ ပျက်စီးကာ ရေစီးနှင့် မျောပါသွားခဲ့သည်။

ထိုမှဆက်၍ နှင်းပွင့်မြို့တော်၏ ဘေးပတ်လည်ရှိ ရွာသိမ်ရွာငယ် ဇနပုဒ်ပါမကျန် ရေများတိုက်စားကာ အလွန်စည်ကားလှသော နှင်းပွင့်တိုင်းပြည်ကြီး ပျက်စီးခဲ့လေသည်။

ထိုသို့ဖြင့် နှစ်ပေါင်းများစွာကြာသော် ယခုလက်ရှိနတ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး၏ အဘိုးဖြစ်သူ ဆရာကြီးသည် ကျွန်ုပ်၏ ခြေကျိုးစဉ် က ရောက်ရှိခဲ့သော နတ်လိုဏ်ဂူတွင် နတ်ပွဲကျင်းပနေစဉ် တစ်ည တွင် အိပ်မက်မက်ခဲ့သည်။ အိပ်မက်ထဲတွင် နှင်းပွင့်မြို့တော်မှ သက်တော်ရှည်အမတ်ကြီးနှင့် တွေ့ဆုံကာ အမတ်ကြီးက နတ် ဆရာကြီးအား…

'ငါတို့နှင်းပွင့်တိုင်းပြည် ပျက်သုဉ်းသွားပြီးနောက် ငါတို့ရဲ့ မြို့သူမြို့သား နယ်သူနယ်သားများ အပါအဝင် အချို့သောသူတို့ မှာ မကျွတ်မလွတ်သောဘဝဖြင့် နေကြရသည်။ ငါတို့၏ဝိညာဉ် များအတွက် ကယ်တင်ရှင် ပေါ်လာပေတော့မည်။ ထိုသူကား….

'ခြေတစ်ချောင်းနှင့် ကိုလူစိမ်း
နှင်းပွင့်တွေနှင့်အတူ
မိုးပေါ်က ကျလာမယ့်လူ'
ဟူ၍ ပြောကြားခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်သည် နောင်လူနောက်သားများ သိစိမ့် သောငှာ ဤမှတ်တမ်းကို ရေးခဲ့သည်။

*နတ်ဆရာကြီး ဆက်ချို*

ကျွန်ုပ်သည် ဂျာရယ်၏အကူအညီဖြင့် ဤမှတ်တမ်းကြီး ကို ဖတ်ရှုခဲ့ရသည်။ ကျွန်ုပ် လွန်စွာသိချင်လှသော နှင်းပွင့်တိုင်း ပြည်၏ သမိုင်းကြောင်း၏ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ ကို ပြည့်ပြည့်စုံစုံ ဖတ်ရှုရသည်။ ထိုသမိုင်းကြောင်းများမှာ ကျွန်ုပ်





၏ အိပ်မက်ပုံရိပ်နှင့် ဟိုတစ်ကွက် သည်တစ်ကွက် တိုက်တိုက် ဆိုင်ဆိုင် တူနေသည်ကို အံ့သြဖွယ် သိရှိခဲ့ရသည်။

ကျွန်ုပ်သည် အင်ဆန်းမိုင်ခေါ် နှင်းပွင့်မြို့တော်အကြောင်း ဖတ်ရှုပြီးသောအခါ စစ်သူကြီးဖုန်၊ ဘုရင်မနန်နှင့် အညတြ ကျောက်ထုသမလေး ကျင်တို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း ကလေးမှာ ရင်ထဲသို့ တိုးဝှေ့ဝင်ရောက်လာခဲ့သည်။ ကျွန်ုပ်၏ တစ်ပိုင်းတစ်စ အိပ်မက်များအရ ကျွန်ုပ်သည် စစ်သူကြီးဖုန် ဝင်စားသူပင် ဖြစ်မည်လောဟု သံသယရှိလာခဲ့သည်။

ထို့အပြင် ဖြစ်တောင့်ဖြစ်ခဲ အိပ်မက်ထဲမှ မိန်းကလေး နှင့် နတ်ဆရာကြီးသမီးဖြစ်သူ နမ့်မိုင်မှာ တစ်ပုံတည်းတူနေသည်။ ထို့ကြောင့် သူမသည် တစ်ခါက ဘဝက အညတြကျောက်ထု သမလေး ကျင်၏နေရာတွင် သူ့ကို အစားထိုးခံစားခဲ့မိသည်။

ကျွန်ုပ်သည် နမ့်မိုင်အား ဤအကြောင်းနှင့် ပတ်သက်ပြီး မေးကြည့်ခဲ့သည်။

'နမ့်မိုင်… နှင်းပွင့်တိုင်းပြည်နဲ့ ပတ်သက်ပြီး အိပ်မက် တွေဘာတွေ မက်ဖူးလား'

'ငယ်ငယ်ကတည်းက အဘိုးတို့ အပါးတို့ ခဏခဏ ပြောပြနေတော့ အဲဒီ နှင်းပွင့်တိုင်းပြည်အကြောင်း ခဏခဏ အိပ်မက်မက်တယ်၊ နောက်ပြီး အမားက ပြောတယ်။ ကျောက်ထု တဲ့ ကောင်မလေး ဝင်စားတာတဲ့၊ အဲဒီကောင်မလေးက သွေးသံ



www.burmeseclassic.com

www.burmeseclassic.com

ရဲရဲနဲ့ အမားဆီပြေးလာပြီး နင်တို့နဲ့ ငါ အတူနေပါရစေလို့ ပြောတယ်တဲ့၊ အမားကလည်း နေပါလို့ ပြောလိုက်တယ်၊ နောက်တော့ နမ့်မိုင်ကို ကိုယ်ဝန်ရှိတာပဲတဲ့'

'တကယ်လို့ ကိုယ်သာ စစ်သူကြီးဖုန် ဝင်စားတဲ့သူဖြစ်ရင် မင်း ငါ့ကို ချစ်နိုင်မလား'

'နမ့်မိုင် စိတ်ထဲမှာရှိတာ ဖြေမယ်နော်၊ အစ်ကိုက အရမ်းချောတယ်၊ အစ်ကို့လောက်ချောတဲ့သူကို နမ့်မိုင် တစ်ခါမှမမြင်ဖူးဘူး၊ ဒါကြောင့် အစ်ကို့ကို စတွေ့ကတည်းက ချစ်တယ်၊ ဒါပေမဲ့ အစ်ကို့မှာ ရည်းစားပါလာတယ် မဟုတ်လား'

'ဩော်… ဂျာရယ်ကိုပြောတာလား၊ ဂျာရယ်က ရည်းစားမဟုတ်ပါဘူး၊ သူငယ်ချင်းပါ၊ အစ်ကို့ကို ဒီကိုလိုက်ပို့တာပါ'

'ဩော်… ဩော်…'

နမ့်မိုင်က အရိုးခံအတိုင်း ကျွန်ုပ်ကို သူမချစ်ကြောင်း ဖွင့်ပြောခဲ့သည်။

သူနှင့် ကျွန်ုပ်မှာ ပျော်ရွှင်ဖွယ်ကောင်းသည့် ဘဝကို ပိုင်ဆိုင်ထားသည့် ချစ်သူများဖြစ်လာကြသည်။

နမ့်မိုင်နှင့် ကျွန်ုပ်မှာ တောင်စောင်းကလေးတွင် ထိုင်ရင်း ချစ်စကားများ ဖောင်ဖွဲ့မဆုံးအောင် ပြောခဲ့ကြသည်။ ဂျာရယ်နှင့် ကိုနိုင်ကြီးမှာ ကျွန်ုပ်တို့နှစ်ဦး၏ အခြေအနေကို ခပ်လှမ်းလှမ်းမှနေ၍ အကဲခတ်နေခဲ့သည်။





ဂျာရယ်၏ မျက်နှာမှာ ယခင်ကလို ရွှင်ရွှင်ပျပျမရှိဘဲ ခပ်တည်တည်ဖြစ်နေသည်။ နှင်းပွင့်တိုင်းပြည်အကြောင်း အစအဆုံးဖတ်သူမှာ ဂျာရယ်ဖြစ်၍ သူကိုယ်တိုင်ကလည်း နမ့်မိုင်ကို ကျင်ဝင်စားသူဟူ၍ မှတ်ထင်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်နှင့် နမ့်မိုင် တတွဲတွဲဖြစ်နေသည်ကို ဘာမျှမပြောဘဲ လျစ်လျူရှုထားခဲ့သည်။ ထိုသို့ဖြင့် ဆယ်ရက်ခန့်ကြာသော် ကျွန်ုပ်၏ ခြေထောက်မှာ အတော်ပင် ကောင်းမွန်စပြုလာခဲ့ပြီ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)
## ဝိညာဉ်များ၏ ကယ်တင်ရှင်

'လူလေး··· သန်ဘက်ခါဟာ ငါတို့ရဲ့ နတ်တင်တဲ့ရက် ဖြစ်တယ်၊ ဒီရွာက လူတွေနဲ့ ငါတို့ နတ်ကျောက်ဂူကိုသွားပြီး နတ်တင်မယ်'

'ဟုတ်ကဲ့ပါ'

'မနက်ဖြန်ညနေမှာ ငါတို့အုပ်စု အရင်သွားပြီး နတ်ကျောက်ဂူမှာ တစ်ညအိပ်ပြီး နတ်တင်ဖို့အတွက် ပြင်ဆင်မယ်၊ လူလေးတို့အုပ်စုလည်း လိုက်ရမယ်'

'ဟုတ်ကဲ့ပါ'

'နတ်တင်ပြီးရင် အဘက ဝိညာဉ်တွေ ကျွတ်လွတ်ဖို့ ဆုတောင်းပေးမယ်၊ လူလေးက လိုက်ဆိုပေးပါ'

'ကောင်းပါပြီ'

နတ်ဆရာကြီးသည် လွန်စွာစိတ်ထားကောင်းသူဖြစ်ပြီး ရွာသူရွာသားများကို ဆေးကုပေးခြင်း၊ ဆုတောင်းပေးခြင်းတို့





ပြုလုပ်ပေးသည့်အတွက် ရွာသူရွာသားများ၏ ချစ်ခင်မှုကို အထူး ခံယူရသူဖြစ်သည်။

ကျွန်ုပ်တို့အုပ်စုသည် နတ်တင်သည့် အစားအစာများနှင့် ပစ္စည်းမျိုးစုံယူ၍ နတ်ကျောက်ဂူသို့ သွားခဲ့ကြသည်။ ရွာသားများက စောင်ပခက်ပြုလုပ်ကာ ကျွန်ုပ်ကို ထမ်းလာခဲ့ရာ ညနေချမ်း အချိန်တွင် နတ်ဆရာကြီး နမ့်မိုင်နှင့် ရွာသားသုံးဦးအပါအဝင် ကျွန်ုပ်တို့အုပ်စုမှာ နတ်ကျောက်ဂူသို့ ရောက်ခဲ့ကြသည်။

ထို့နောက် နတ်ဆရာကြီးသည် ကျွန်ုပ်အား တောင်ခြား တစ်ခုသို့ ခေါ်သွားပြီး···

'လူလေး··· ဟိုးအဝေးက တောင်တန်းကြီးကို လှမ်း ကြည့်ပြီး အဘ ပြောသလို ပြောပါ'

'ဟုတ်ကဲ့ပါ အဘ'

'ဝေး··· ဝေး··· ဝေး···'

နတ်ဆရာကြီးသည် သူ၏နှုတ်ခမ်းရှေ့တွင် လက်နှစ်ဖက် ကို ကတော့သဏ္ဍာန်ပြုလုပ်ပြီး သူ၏အသံကို အဝေးသို့ရောက် အောင် 'ဝေး'ဆိုသည့် အသံကျယ်ကြီးဖြင့် အော်ဟစ်လိုက်သည်။

ထို့နောက်···

'နှင်းပွင့်တိုင်းပြည်မှ မကျွတ်မလွတ်တဲ ကြွင်းကျန်နေ သော ဝိညာဉ်များတို့··· အသင်တို့အား ကယ်တင်မည့် ခြေ တစ်ချောင်းနှင့် လူစိမ်းသည် မိုးပေါ်မှကျကာ ယခု ဤနေရာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိနေပြီ၊ မနက်ဖြန်နံနက်တွင် နတ်တင်ပြီးနောက် အသင်တို့အတွက် ကျွတ်လွတ်စေရန် ဆုတောင်းပေးမည်ဖြစ်ကြောင်း အသင်တို့အား ကြိုတင်အသိပေးခြင်းဖြစ်ပေသည်'

ထိုသို့ အော်ဟစ်ပြောကြားလိုက်သည့်အတွက် ကျွန်ုပ်ကလည်း နတ်ဆရာကြီး ပြောကြားသကဲ့သို့ အော်ဟစ်ပြောကြားလိုက်သည်။ ထိုနေ့ညက နတ်ကျောက်ဂူတွင် အိပ်စက်ခဲ့သည်။

ဟိုးတစ်ညကလိုပင် မီးပုံကြီး ဖိုထားသည်။ ကျွန်ုပ်တို့အုပ်စုမှာ နတ်တင်ရန်အတွက် ကူလုပ်ပေးပြီး ရောက်တတ်ရာရာ စကားများ ပြောခဲ့ကြသည်။ ထိုညက အိပ်မပျော်ပေ။ ကျွန်ုပ်၏ မျက်စိထဲတွင် နှင်းပွင့်တိုင်းပြည်၏ ပုံရိပ်များ တစ်ခုပြီးတစ်ခု ပေါ်လာခဲ့သည်။

နောက်တစ်နေ့ မနက်စောစောတွင် ရွာသူရွာသားများ ရောက်ရှိလာပြီး ဗုံတီးသူ တီး၊ ပလွေကဲ့သို့ တူရိယာကို မှုတ်သည့်လူက မှုတ်နှင့် စည်ကားသိုက်မြိုက်စွာ နတ်တင်ပွဲကြီး ကျင်းပခဲ့သည်။ ထို့နောက် နတ်တင်ထားသည့် အစားအစာများကို လူအုပ်ထဲသို့ စွန့်ပစ်ရာ ရွာသူရွာသားများ လုစားနေသည်မှာ ပျော်စရာကောင်းလှပေသည်။

နတ်တင်ခြင်းအခမ်းအနားမှာ နံနက်စောစောမှ နေ့ခင်းတိုင်အောင် ကျင်းပနေသည်။ ညနေသုံးနာရီလောက်တွင် နတ်တင်ခြင်းအခမ်းအနား ပြီးဆုံးသွားခဲ့သည်။ နတ်ဆရာကြီးသည် စွန့်မည့်





အစားအစာဗန်းကို နမ့်မိုင်အား ကိုင်စေပြီး ကျွန်ုပ်နှင့်အတူ မနေ့က သွားခဲ့သည့် တောင်စောင်းသို့ သွားခဲ့ကြသည်။ ထို့နောက်…

'လူလေး အဘဆိုသလို လိုက်ဆိုပါ'

'ဟုတ်ကဲ့ အဘ'

ထိုသို့ပြောပြီးနောက်…

'ဝေး… ဝေး… ဝေး…'

ဟူသော အသံကျယ်ကြီးဖြင့်အော်ရာ ကျွန်ုပ်ရော နမ့်မိုင်ပါ ကူပြီးအော်ခဲ့ကြသည်။ ထိုအသံမှာ ကျယ်လွန်းသဖြင့်…

'ဝေး… ဝေး… ဝေး…'

ဟူသော ပဲ့တင်သံများကို ကြားရသည်။

နတ်ဆရာကြီးမှာ ဝမ်းသာအားရဖြင့်…

'လူလေးရေ… သူတို့ဆီက အသံတွေ ပြန်ကြားရပြီ'

ဤသို့ လှမ်းပြောလိုက်သည်။

ထို့နောက် နတ်ဆရာကြီး တိုင်ပေးသည့် စကားအတိုင်း ကျွန်ုပ် လိုက်ဆိုခဲ့သည်။

'နှင်းပွင့်တိုင်းပြည်မှ မကျွတ်မလွတ်ဘဲ ကြွင်းကျန်နေသော ဝိညာဉ်များတို့ အသင်တို့အား ကျွတ်လွတ်အောင် ကယ်တင်မည့် ခြေတစ်ချောင်းနှင့် မိုးပေါ်ကကျသည့် ကျွန်ုပ်လူစိမ်း ရောက်ရှိလာပြီ၊ အသင်တို့အား နတ်များပင့်၍ နတ်တင်ခြင်းပြုပြီး ကျွတ်လွတ်ရန် ဆုတောင်းပေးခဲ့သည်။ ယခု နတ်စွန့်သည့်အစား [illegible]



www.burmeseclassic.com

www.burmeseclassic.com



များကို ကျွန်ုပ်တို့စွန့်ပြီး အသင်တို့ ဝိညာဉ်ဘဝမှ ကျွတ်လွတ်ပါစေဟု ကျွန်ုပ် ဆုတောင်းပေးပါသည်'

ထိုသို့ပြောပြီး နမ့်မိုင် ကိုင်ထားသည့် နတ်စွန့်အစားအစာများကို အဝေးဆီသို့ စွန့်ပစ်လိုက်သည်။ ကျွန်ုပ်တို့သုံးဦးသည်...

'နှင်းပွင့်တိုင်းပြည်မှ ကြွင်းကျန်သော မကျွတ်မလွတ်သေးသည့် ဝိညာဉ်များအား ဒါနပြု၍ ဆုတောင်းလိုက်သည်၊ အသင်ဝိညာဉ်များ ကျွတ်လွတ်ပါစေ'

'အသင်ဝိညာဉ်များ ကျွတ်လွတ်ပါစေ'

'အသင်ဝိညာဉ်များ ကျွတ်လွတ်ပါစေ'

ထိုသို့ သုံးကြိမ်သုံးခါတိုင်တိုင် အော်ဟစ်ဆုတောင်းခဲ့ကြပါသည်။ ထိုခဏတွင် ခပ်လှမ်းလှမ်းရှိ နှင်းတောင်ကြီးမှာ...

'ခရစ်...'

'ခရစ်...'

'ခရစ်...'

ဟူသော ပွဲတင်သံနှင့်အတူ နှင်းပွင့်များ ပြိုဆင်းသွားပါတော့သည်။ နတ်ဆရာကြီးမှာ ခေါင်းကို တဆတ်ဆတ်ညိတ်နေစဉ် ရေခဲပြင်ထဲတွင်နေထိုင်သည့် နှင်းငှက်ကလေးများစွာမှာ ကောင်းကင်သို့ ဝေါခနဲပျံသန်းသွားခဲ့သည်။

နတ်ဆရာကြီးက သူ့အယူအဆနှင့်သူ နှင်းငှက်ကလေးများကိုကြည့်ပြီး နိမိတ်ကောက်လိုက်သည်။





'နှင်းပွင့်တိုင်းပြည်က သူတို့ရဲ့ ဝိညာဉ်တွေ လွတ်လပ်သွားပြီ၊ ကောင်းတယ်၊ ကောင်းတယ်'

ဟူ၍ ပြောကာ အပြုံးတွေ ဝေနေခဲ့သည်။ ကျွန်ုပ်လည်း နှင်းပွင့်များ ပြိုကျသွားသော နေရာသို့ လှမ်းကြည့်ပြီး...

'ဪ...တစ်ခါတုန်းက ဒီနေရာဟာ နှင်းပွင့်တိုင်းပြည်ရဲ့ ဝိညာဉ်တွေ နှင်းခဲတွေနဲ့ ပိနေတဲ့နေရာပဲ ဖြစ်လိမ့်မယ်'

ထိုသို့စဉ်းစားရင်း ထိုနေရာတွင် အကြာကြီး မတ်တတ်ရပ်ကာ ကြည့်နေခဲ့သည်။

နတ်တင်ခြင်းပြီးဆုံးပြီဖြစ်၍ ထိုနေ့ညနေတွင် ရွာသို့ပြန်ခဲ့ကြသည်။

'ဟင်... မမ'

မမကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်မှာ လွန်စွာအံ့ဩသွားခဲ့သည်။

'ဟော့ကောင် ကျော်စွာ'

'ဟာ... ဆန်နီနဲ့ ဝင်းဆွေတို့ပါလား၊ မင်းတို့ ဘယ်လိုဖြစ်ပြီး ဒီရောက်လာတာလဲ'

'ငါတို့ မမနဲ့အတူ လိုက်လာတာ'

'ဟုတ်တယ်ကွယ့်၊ ကိုကျော်စွာ သွားလိုက်တာ တစ်လကျော်သွားပြီ၊ နောက်ပြီး ဘာမှလည်း အဆက်အသွယ်မလုပ်လို့ ဂျာရယ့်အဖေဆီကို ဖုန်းဆက်ပြီး လိုက်လာခဲ့တာ၊ ဂျာရယ်အဖေက လမ်းပြငှားပေးလိုက်တယ်'



www.burmeseclassic.com

'ဩော်… မမရယ်၊ ဒီလောက် ခရီးကြမ်းကြီးကို လာရတယ်လို့၊ တကယ်ဆို ကျွန်တော် ပြန်လာခဲ့မှာပေါ့ မမရယ်'

'မင်းက သိပ်လည်း နေမကောင်းတော့ မင်းအဖေနဲ့ မင်းအမေတို့ကပါ အရမ်းစိတ်ပူနေတာ'

'ဟုတ်တယ် မမရေ၊ ကျွန်တော်လည်း တောင်ပေါ်က လိမ့်ကျပြီး ခြေထောက်တစ်ချောင်းကျိုးသွားလို့ ဆေးကုနေရတာ၊ ဒါကြောင့် ချက်ချင်းမပြန်နိုင်ဘူး'

'ဒါဆိုလည်း အကျိုးအကြောင်းတော့ ပြောမှပေါ့'

'အကျိုးအကြောင်းပြောရင် ပိုပြီး အမေတို့ စိတ်ပူမှာပေါ့၊ ကဲပါလေ… မမလည်း ရောက်တုန်း နားနားနေနေ နေပါ'

ညီမွှာ ဂုဏ်ရယ်ကပါ မမအား…

'ဟုတ်ပါတယ် … ဒီလောက်ခရီးရှည်ကြီးကို လာခဲ့တာ၊ ဒီမှာ နားပါဦး'

ဤသို့ပြောလိုက်ရာ မမက…

'အေးကွယ် ကိုကျော်စွာကို ညီမက စောင့်ရှောက်ပေးတဲ့အတွက် မမ ကျေးဇူးတင်ပါတယ်'

ဤသို့ ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။

'မမရယ်… တကယ်ကျေးဇူးတင်ရမှာက နမ့်မိုင်တို့သားအဖပါ၊ သူတို့ဟာ ကိုကျော်စွာရဲ့ အသက်သခင်ပါ၊ ကိုကျော်စွာကို ချောက်ထဲက ကယ်တင်ပြီး ဆေးပါကုပေးခဲ့တာ'





'အို… ဟုတ်လား၊ နမ့်မိုင်တို့သားအဖကို အရမ်းကျေးဇူးတင်ပါတယ်ကွယ်'

ဒေါက်တာလပဝါကို အားလုံးကဝိုင်းပြီး အကျိုးအကြောင်း ပြောပြခဲ့ကြသည်။

ဒေါက်တာလပဝါကို ကိုကျော်စွာက နှင်းပွင့်တိုင်းပြည် အကြောင်းနှင့်အတူ ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များကို ရှင်းပြခဲ့သည်။

သူမမှာ ထိုအကြောင်းများကို ခေါင်းတဆတ်ဆတ်နှင့် နားထောင်ခဲ့သည်။

'ကိုကျော်စွာရယ်… မမ ကြားရတဲ့အကြောင်းတွေဟာ ထူးဆန်းလွန်းလို့ ကြားရတာတောင် မယုံနိုင်စရာပဲ'

'ဟုတ်တယ် မမရယ်'

'မမတော့ နောက်သုံးရက်လောက်နေပြီးရင် ပြန်မယ်၊ ကိုကျော်စွာ တစ်ခါတည်းလိုက်ခဲ့မှာ မဟုတ်လား'

'မမ ကျွန်တော် စဉ်းစားဦးမယ်'

ကျွန်ုပ်မှာ နမ့်မိုင်အပေါ် လွန်စွာသံယောဇဉ်ငြိတွယ်မိခဲ့သည်။ မမက ကျွန်ုပ်ကို လာခေါ်နေပြီ။

ကျွန်ုပ် မည်သို့ဆုံးဖြတ်ရမည်နည်း။

အိပ်မက်မက်စဉ်ကပင် အိပ်မက်ရှင် မိန်းကလေးကို ကျွန်ုပ် ရှာခဲ့သည်။ ယခု သူမကို ကျွန်ုပ် တွေ့ခဲ့ပြီ။ ကျွန်ုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



သူမကို သူမတူအောင် နှစ်နှစ်ကာကာချစ်ခဲ့မိသည်။ ကျွန်ုပ်၏စိတ်တွင် ဘဝအဆ ဆက်က ချစ်ခဲ့ဖူးသည့် ချစ်သူဟု ထင်မိသည်။

ကျွန်ုပ်မှာ နဂိုကပင် မမကို မချစ်ခဲ့ပေ။ မိဘများ သဘောတူထားသည့်အတွက်သာ ကျွန်ုပ် လက်ခံခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်၏ ကျေးဇူးရှင်လည်းဖြစ်၊ ချစ်သူလည်းဖြစ်သည့် နမ့်မိုင်အား မည်သို့လုပ်ရမည်နည်း။

ထိုနေ့ညက မမက…

'ကိုကျော်စွာ… မမဟာ နှင်းပွင့်တိုင်းပြည်ရဲ့ သမိုင်းကြောင်းနဲ့တကွ နမ့်မိုင်တို့အကြောင်းကိုပါ အားလုံးသိပြီးပါပြီ၊ ဒါကြောင့် မမနဲ့ စေ့စပ်ထားတဲ့ကိစ္စကို မေ့လိုက်ပါ၊ ကိုကျော်စွာ စိတ်ချမ်းသာမယ့် ဆုံးဖြတ်ချက်တစ်ခုကိုသာ ချပါ၊ မမ ဘာမှ မကန့်ကွက်ပါဘူး'

'မမရယ်… ကျွန်တော် တစ်ခုခုဆုံးဖြတ်ရင် ခွင့်လွှတ်ပေးပါတော့'

'ရပါတယ် ကိုကျော်စွာရယ်'

ကျွန်ုပ် ဆုံးဖြတ်ချက်တစ်ခုကို ချရပေမည်။ သည်ပြဿနာကို ရင်ဆိုင်တွေ့မည်ဟု နဂိုကပင် သိနှင့်နေသည်။ သည်တစ်ညလုံး ကျွန်ုပ် မအိပ်နိုင်ပါ။ တလူးလူး တလိမ့်လိမ့်နှင့် စဉ်းစားခဲ့သည်။ နောက်ဆုံးတွင် နမ့်မိုင်အား လက်ထပ်ရန် ကျွန်ုပ် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်က နမ့်မိုင်နှင့် စကားပြောခဲ့သည်။



BURMESE CLASSIC .com



'အစ်ကို နမ့်မိုင်ကို တအားချစ်တာ သိတယ်နော်'

'သိပါတယ် အစ်ကို'

'အစ်ကို မမနဲ့ ပြန်လိုက်မသွားတော့ဘူး၊ နမ့်မိုင်နဲ့ လက်ထပ်ပြီး ဒီမှာပဲနေခဲ့မယ်'

'အို… မဖြစ်ပါဘူး'

'ဖြစ်ပါတယ် နမ့်မိုင်ရယ်၊ မင်း အစ်ကို့ကို ချစ်တယ်ဆို'

'ချစ်တာပေါ့ အစ်ကိုရယ်'

'ဒါဆိုရင် အစ်ကို့ကို လက်ထပ်ပါ'

'အပါးကို ပြောကြည့်ပါ အစ်ကို'

'ကောင်းပြီ'

ထိုစဉ် နတ်ဆရာကြီးမှာ ကျွန်ုပ်တို့အနားသို့ ရောက်လာပြီး…

'လူလေး အိမ်ပေါ်ကိုတက်ခဲ့ပါကွယ်၊ အဘ ပြောစရာရှိတယ်'

'ဟုတ်ကဲ့ အဘ'

ထိုသို့ပြောပြီး နမ့်မိုင်နှင့်အတူ အိမ်ပေါ်သို့တက်ခဲ့သည်။

'ကဲ… ထိုင်ပါ လူလေး'

'ဟုတ်ကဲ့ အဘ'

'အဘနဲ့ လူလေး ရှင်းရှင်းပဲပြောကြစို့ကွာ၊ လူလေးနဲ့ နမ့်မိုင် မေတ္တာရှိနေတာကို အဘကို နမ့်မိုင်က အစောကြီးကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ဖွင့်ပြောလို့ အဘ သိပြီးပါပြီ၊ လူလေးနဲ့ စေ့စပ်ထားတဲ့ အမျိုးသမီး မရောက်လာခင်အထိ အဘက ဘာမှမပြောခဲ့ဘူး၊ ဒါပေမဲ့ လူလေးရော နမ့်မိုင်ပါ တစ်ခါတည်း ပြောလိုက်မယ်၊ နမ့်မိုင်ဟာ နတ်ဆရာဖြစ်တဲ့ အဘရဲ့ တစ်ဦးတည်းသော မျိုးဆက်သစ်ပဲ၊ ဒါကြောင့် သူဟာ အိမ်ထောင်ပြုခွင့်မရှိတဲ့ နတ်ဆရာမဘဝနဲ့ တစ်သက်လုံး ဒီတောင်တန်းမှာ နေသွားရမယ်'

'ရှင်…'

'ဗျာ…'

ကျွန်ုပ်တို့နှစ်ဦးစလုံး လွန်စွာအံ့အားသင့်သွားခဲ့သည်။

ကျွန်ုပ် မည်သို့မျှ မမျှော်လင့်သော စကားလုံးမှာ နတ်ဆရာကြီးထံမှ ထွက်ပေါ်လာခဲ့သည်။ ဤစကားသည် ကျွန်ုပ်၏ ရင်ကို တိုက်ရိုက်ထိမှန်စေသည်။ လွန်စွာနာကျင်ဖွယ်သော မြားချက်ထက် ဆိုးဝါးလှပေသည်။

ကျွန်ုပ်နှင့် နမ့်မိုင်တို့နှစ်ဦး၏ ရည်မှန်းချက်တောင်ကြီး ပြိုခဲ့ပြီ။ နမ့်မိုင်မှာ မျက်ရည်အသွယ်သွယ်ကျရင်း…

'အစ်ကို… နမ့်မိုင်ကို မမျှော်လင့်ပါနဲ့တော့၊ အပါးရဲ့ စကားအတိုင်း နတ်ဆရာမလုပ်ပြီး ဒီတောင်တန်းကလူတွေကို စောင့်ရှောက်နေတော့မယ်'

သူမထံမှ ဤသို့သောစကားကို ကြားရသောအခါ ကျွန်ုပ်၏ အသည်းနှလုံးတို့ ကြေကျသွားသကဲ့သို့ ခံစားလိုက်ရသည်။





နမ့်မိုင်နှင့် မဆုံစည်းနိုင်သော နတ်ဆရာမ ဟူသည့် တံတိုင်းကြီး ခြားခဲ့ပြီ။ နမ့်မိုင်နှင့် လက်မထပ်ဖြစ်မှတော့ ကျွန်ုပ်သည် ဤဒေသ၌ မည်သို့ဆက်၍နေရမည်နည်း။ သူမနှင့် မကြာခင်တွင် ခွဲခွာသွားရပေတော့မည်။

ရင်ဘတ်တစ်ခုလုံး တဆတ်ဆတ်တုန်ယင်နေပြီး နာကျင်စွာ ခံစားခဲ့ရသည်။ နမ့်မိုင်မှ လက်မခံမှတော့ ကျွန်ုပ် ပြန်ရုံသာ ရှိသည်။

'မမ… မမနဲ့အတူ ကျွန်တော် ပြန်လိုက်ခဲ့တော့မယ်'

'ကိုကျော်စွာ… တကယ်ပဲ ဆုံးဖြတ်ပြီးပြီလား၊ ပြန်ဖို့ နှစ်ရက်ကျန်သေးတယ်၊ ကိုကျော်စွာ စိတ်ပြောင်းသွားရင်လည်း ရသေးတယ်'

'မမ… ကျွန်တော် မမနဲ့လိုက်ဖို့ စိတ်ဆုံးဖြတ်ပြီးပါပြီ'

နာကျင်ခြင်းများ ရောပြွမ်းနေသည့် ဝေဒနာနှင့်အတူ သည်စကားကို ကျွန်ုပ် ပြောလိုက်သည်။

ကျွန်ုပ် သည်လို အမှန်တကယ်ပင် ဆုံးဖြတ်လိုက်ပါပြီ။ ကျွန်ုပ် လွန်စွာရောက်ဖူးချင်သည့် နှင်းတောင်တန်းတွင်ရှိသော နှင်းပွင့်မြို့တော်သို့ ရောက်ခဲ့ရပြီ။ သည့်နောက် နှင်းပွင့်မြို့တော်ကို နှုတ်ဆက်ကာ ကျွန်ုပ် ပြန်ရပေတော့မည်။

နောက်တစ်နေ့ညနေတွင် နမ့်မိုင်ထံသို့ နှုတ်ဆက်စကားပြောရန် အိမ်ပေါ်ထပ်သို့တက်ခဲ့ရာ နမ့်မိုင်နှင့် နတ်ဆရာကြီး၏



www.burmeseclassic.com

www.burmeseclassic.com



စကားပြောသံများကို ကြားသဖြင့် လှေကားဝမှ ရပ်၍နားထောင်ခဲ့ရာ နမ့်မိုင်မှာ ရှိုက်ကြီးတငင် ငိုကြွေးနေပြီး…

'အပါးရယ်… သမီးရဲ့ အသည်းနှလုံးတွေ ကြေကျသလို ခံစားရတယ်'

'သမီး ဘယ်လိုခံစားနေရတယ်ဆိုတာ အပါး နားလည်ပါတယ်၊ ဒါပေမဲ့ ဟိုးဘဝတုန်းကလည်း ဘယ်လောက်ချစ်ချစ် မပေါင်းခဲ့ရဘူး၊ ဒီဘဝမှာလည်း သူ့မှာ စေ့စပ်ထားတဲ့သူရှိတယ်၊ အခုတောင် အဲဒီအမျိုးသမီး လိုက်လာပြီ၊ အပါးတို့လို ရိုးသားတဲ့ လူတွေဟာ သူများကို ဒုက္ခမပေးရဘူး၊ သူတစ်ပါးကို ကယ်တင်တဲ့ နတ်ဆရာမလုပ်ပြီး ဆေးကုပေးပါ သမီးရယ်'

'အဟင့်… ဟင့်… အပါးရဲ့စကားကို သမီး နားထောင်ပါ့မယ်'

နမ့်မိုင်သည် ကျွန်ုပ်အပေါ် မည်မျှချစ်သည်ကို ကျွန်ုပ်ကောင်းစွာသိသည်။ ကျွန်ုပ်နှင့် ဝေးကွာရမည့်အတွက် သူမသည် မည်မျှခံစားနေရမည်ကို ပို၍သိပါသည်။

လောကကြီးမှာ လုပ်ချင်တာထက် လုပ်သင့်တာကို ဦးစားပေးလုပ်ဆောင်ရပေမည်။ ချစ်ခြင်း၊ မုန်းခြင်း၊ နာကျင်ကြေကွဲခြင်းများနှင့်အတူ ကျွန်ုပ်၏ နှလုံးသားကို စတေးခဲ့ရပေတော့မည်။ သူတို့သားအဖနှစ်ဦး၏ ကြေကွဲဝမ်းနည်းမှုကို အနှောင့်အယှက်မပြုလို၍ ကျွန်ုပ် အိမ်အောက်သို့ ပြန်ဆင်းလာခဲ့သည်။





သည့်တွင် ဂျာရယ်နှင့် ကျွန်ုပ် တွေ့ဆုံခဲ့သည်။ သူမနှင့်အတူ တောင်စောင်းဘက်သို့ လမ်းလျှောက်ရင်း စကားပြောဖြစ်ခဲ့သည်။

'ကိုကျော်စွာ… ဂျာရယ်တို့ မနက်ဖြန်မနက် ပြန်ကြရတော့မှာနော်'

'ဟုတ်ပါတယ်'

'ကိုကျော်စွာဟာ နမ့်မိုင်ကို ဘယ်လောက်ချစ်သလဲဆိုတာ ဂျာရယ် သိတယ်၊ အခုလို ခွဲခွာရမယ်ဆိုတော့ ကိုကျော်စွာတို့ နှစ်ယောက်စလုံး ဘယ်လောက်ဝမ်းနည်းနေမလဲဆိုတာ ဂျာရယ် သိပါတယ်၊ ဂျာရယ်လည်း စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ကိုကျော်စွာကို ဂျာရယ် တစ်ခုပြောပြမယ်၊ ဂျာရယ်နဲ့ ကိုကျော်စွာလည်း ပူတာအိုရောက်ရင် ခွဲရမှာပါ၊ တကယ်တော့ ဂျာရယ်ဟာ ကိုကျော်စွာကို နှင်းပွင့်တိုင်းပြည်ရောက်အောင် ပို့ဆောင်ပေးရတဲ့ နှင်းပွင့်တိုင်းပြည်က အညတြမိန်းကလေးတစ်ဦး ဝင်စားတဲ့သူများ ဖြစ်နေသလား မသိဘူး၊ ဇာတ်လမ်းတစ်ခုမှာ မင်းသား မင်းသမီးတွေ ချစ်ကြ ကွဲကြ ညားကြတာကို လူတွေက ခံစားနားလည်ပြီး သနားကြတယ်၊ ဇာတ်ပို့တစ်ယောက်ရဲ့မျက်ရည်ကိုတော့ ဘယ်သူမှ နားမလည်ကြပါဘူး ကိုကျော်စွာ'

'ဂျာရယ်… မင်းရဲ့ခံစားချက်ကို ကိုကျော်စွာ နားလည်ပါတယ်၊ အချစ်တွေအားလုံးကို နမ့်မိုင်ကို ပေးထားပြီးပြီ၊ ကိုကျော်စွာကိုလည်း နားလည်ပေးပါ ဂျာရယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဂျာရယ်ကိုနားလည်ပေးတဲ့အတွက် ကိုကျော်စွာ ကျေးဇူးတင်ပါတယ်'

ဂျာရယ်၏ အချစ်ကို ရင်ဖွင့်မပြသော်လည်း သူမသည်လည်း ကျွန်ုပ်အပေါ် မည်မျှချစ်သည်ကို ကျွန်ုပ် သိခဲ့သည်။

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်တို့အုပ်စုသည် နမ့်မိုင်တို့သားအဖကို နှုတ်ဆက်လိုက်သည်။ သည်တွင် နတ်ဆရာအဘက မမလပဝါအား...

'ဆရာမ... လူလေးကို ကျုပ်တို့ဆီက အစွမ်းထက်တဲ့ ဆေးဝါးတွေ တိုက်ထားပါတယ်၊ ခြေထောက်လည်း မကြာခင် ကောင်းသွားမှာပါ၊ နောက်ပြီး ဦးခေါင်းနဲ့ပတ်သက်တဲ့ ရောဂါတွေလည်း ပျောက်သွားမှာပါ၊ ကျုပ် ကောင်းကောင်းဆေးကုပေးလိုက်ပါတယ်'

'အဘတို့ သားအဖနှစ်ဦးကို အလွန်ပဲ ကျေးဇူးတင်ပါတယ်'

မမက ဤသို့ ကျေးဇူးတင်စကားပြောပြီးနောက် ကျွန်ုပ်သည် အဘအား ကန်တော့လိုက်သည်။

'အဘနဲ့ နမ့်မိုင်ရဲ့ ကျေးဇူးကို ကျွန်တော့်တစ်သက်မှာ မမေ့ပါဘူး၊ အမြဲတမ်း အောက်မေ့သတိရနေပါ့မယ်'

'လူလေးရယ်... မင်းကိုလည်း ကျုပ်တို့သားအဖက အမြဲ သတိရနေမှာပါ'





ထိုစဉ် နမ့်မိုင်က မချိပြုံးကလေး ပြုံးကာ...

'နမ့်မိုင်ကတော့ အပါးရဲ့အမွေကို ဆက်ခံပြီး နှင်းပွင့်တောင်တန်းကနေ အစ်ကို့ကို လွမ်းနေမှာ'

'ကဲ... အားလုံးကို နှုတ်ဆက်ပါတယ်၊ ကျွန်တော်တို့ သွားတော့မယ်'

မမအပါအဝင် ကိုနိုင်ကြီးတို့အုပ်စုကပါ နတ်ဆရာကြီးသားအဖနှင့် ရွာသူရွာသားများအား နှုတ်ဆက်ပြီး လာရာလမ်းသို့ ပြန်ခဲ့ကြသည်။ အပြန်ခရီးတွင် အသည်းနှလုံးတို့ ကျန်ရစ်ခဲ့သည့်အလား ခံစားရကာ ခပ်လှမ်းလှမ်းတွင် ကျန်ရစ်ခဲ့သော နှင်းပွင့်တောင်တန်းကြီးကို သမင်လည်ပြန်ကြည့်ရင်း နှင်းပွင့်တိုင်းပြည်ကြီးအကြောင်း တရေးရေးပေါ်လာခဲ့သည်။

ဤဇာတ်လမ်းတွင် ဘုရင်မနန်းမှာ မမလပဝါပင်ဖြစ်လေမလား။ အညတြ ကျောက်ထုသမလေး ကျင်မှာ နမ့်မိုင်လော။ ရဝမ်မလေး ဂျာရယ်မှာ နှင်းပွင့်တိုင်းပြည်မှ အညတြမိန်းကလေး တစ်ဦးဖြစ်ပြီး ဤနေရာသို့ရောက်အောင် ပို့ပေးဖို့ ရောက်လာခဲ့သည့် လူဝင်စားတစ်ဦးပေလော။ ယခုလည်း နမ့်မိုင်နှင့် ဂျာရယ်မှာ လူမျိုးတူများဖြစ်၍ မျက်နှာပေါက်ချင်း ဆင်တူလှပေသည်။

သို့သော် နမ့်မိုင်သည် မျက်နှာဖူးဖူးကလေးနှင့် တောက်ပသည့် မျက်ဝန်းအစုံက ဂျာရယ်ထက် အဆပေါင်းများစွာ လှပေသည်။ နတ်ဆရာကြီးကမူ ကျွန်ုပ်ကို စစ်သူကြီးဖုန် ဝင်စားသည့်



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်များ၏ ကယ်တင်ရှင်ဟု ယူဆခဲ့သည်။ ထိုအကြောင်းအရာ အရ ဆက်စပ်တွေးခေါ်ပါမူ ကျွန်ုပ်သည် နှင်းပွင့်တိုင်းပြည်မှ မကျွတ်မလွတ်သေးသည့် ဝိညာဉ်များကို ကယ်တင်ရန်အတွက် ရှေးဘဝကအကြောင်းများကို အိပ်မက်အဖြစ် မြင်မက်ကာ ထို နေရာသို့ မသွားရမနေနိုင်ပေါင်ဆိုသည့်အဖြစ်သို့ ရောက်ရှိခဲ့ေ သလား။ ဗုဒ္ဓဘာသာတရားတော်အလိုအရ နိဗ္ဗာန်သို့မရောက်မချ လူသားတို့သေဆုံးပြီးလျှင် သုံးဆယ့်တစ်ဘုံတွင် ကျင်လည်ကျ သံသရာဝဲဩဃကြီးတွင် အဖန်ဖန်လည်ကြကုန်၏ဟုဆိုပါသည

သံသရာတွင် ကျင်လည်ရင်း ချစ်ခြင်း၊ မုန်းခြင်းတို့ဖ ရစ်ပတ်နှောင်ဖွဲ့မှုကြောင့် ပူဆွေးဝမ်းနည်းဖွယ် ဖြစ်ရပ်မျ ကြည်နူးပျော်ရွှင်ဖွယ် ဖြစ်ရပ်များနှင့်အတူ တစ်ခါက တစ်ဘ တွင် နှင်းပွင့်တိုင်းပြည်၌ ဝင်စားခဲ့လေသလောဟူ၍ ခက်ခဲသေ ပုစ္ဆာတစ်ရပ်ကို စဉ်းစားရင်း ကျွန်ုပ်တို့အုပ်စုမှာ နှင်းတောင်တန် ကြီးကို လွမ်းမောစွာကြည့်ရင်း...

'နှုတ်ဆက်ခဲ့ပြီ နှင်းတိုင်းပြည်'ဟူသော စကားလ ကလေးဖြင့် အလွမ်းကို ရင်မှာပိုက်ကာ လက်ပြနှုတ်ဆက်လို ရပါတော့သည်။

ရိရီငွေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

